
မြောင်းမြမြို့
ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်
ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီး
ဟောကြားတော်မူအပ်သော

# ဝေဠုဝတီဝိပဿနာ
## တရားတော်များ

(ဓမ္မစကြာ၊ ပဋိစ္စသမုပ္ပါဒ်၊ မဟာသတိပဋ္ဌာန်၊)
တရားအားထုတ်နည်း ဝိပဿနာဟောစဉ်များ

တရားတိတ်ခွေမှကူးယူတင်ပြသူ
ဦးသိန်းပေါင် မြောင်းမြမြို့။



မြောင်းမြမြို့ ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်
ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီး

မြောင်းမြမြို့

ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်

ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီး

ဟောကြားတော်မူအပ်သော

# ဝေဠုဝတီ ဝိပဿနာ
# တရားတော်များ

တရားတိတ်ခွေမှကူးယူတင်ပြသူ

ဦးသိန်းပေါင် မြောင်းမြမြို့

ပထမအကြိမ်
အုပ်ရေ ၃၀၀၀
၁၉၇၄-ခု၊ ဇူလိုင်လ
အဖုံးရိုက် အေးအေး

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် (၆၅၃၁)

**ပုံနှိပ်သူ။** ။ဦးမောင်နီ (မြဲ-၀၄၈၁)
မဟာသုတ ပုံနှိပ်တိုက်
၂၉၊ ဘိုကလေးဈေးလမ်း ရန်ကုန်မြို့။

**ထုတ်ဝေသူ။** ။ဦးသိန်းမောင် ကင်းလွတ်ခွင့် (၀၂၁၂၃)
အမှတ် ၃၆၊ သင်္ဂဟလမ်း ကျောက်မြောင်း
ရန်ကုန်မြို့။

# မာတိကာ


| အမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၅ |
| ၂။ | ကျမ်းဦး ပဏာမ (ရှဲဘုန်း၊ မဟာဗောဓိကျောင်း သုံးခု၊) | ၇ |
| ၃။ | ပတိရူပ ဒေသဝါသ မင်္ဂလာ၊ ပုဗ္ဗေကတပုညတာ မင်္ဂလာ၊ အတ္တသမ္မာ ပဏိဓိမင်္ဂလာနှင့် ဥဘတောစဉ် တရားတော် | ၉ |
| ၄။ | မဟာ သတိပဋ္ဌာနသုတ်၊ ဝေဒနာ နုပဿနာ တရားတော် | ၃၈ |
| ၅။ | ခန္ဓာ ငါးပါးနှင့် သတိပဋ္ဌာန် လေးပါး ဆက်စပ်ပုံ ဝိပဿနာတရားတော် | ၆၁ |
| ၆။ | ဓမ္မစကြာ မြတ်သစ္စာ၏ ဒုက္ခအပိုင်းအခန်း တရားတော် | ၈၂ |
| ၇။ | ဓမ္မစကြာ အကျင့် သုံးမျိုးပြ သစ္စာလေးပါး တရားတော် | ၁၁၀ |

## မာတိကာ


| အမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | ပဋိစ္စသမုပ္ပါဒ် တရားဓာတ်မှ ဝိညာဏပစ္စယာ နာမရူပံ အပိုင်းအခန်း တရားတော် | ၁၄၇ |
| ၉။ | ဥပပတ္တိဘဝ ပြတ်ပုံနှင့် ဆက်ပုံ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် တရားတော် | ၁၇၅ |
| ၁၀။ | ဝိပဿနာတရား အားထုတ်နည်း အကျဉ်းချုပ် | ၂၁၂ |
| ၁၁။ | နိဂုံး-- ဝေဠုဝတီ ဆရာတော်ဘုရားကြီး၏ မေတ္တာပို့ ဘာဝနာ | ၂၂၅ |

# နိဒါန်း

မြောင်းမြမြို့၊ ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက် ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည် သက်တော် ၇၄-နှစ်၊ သိက္ခာတော် ၅၅ ဝါရှိနေပြီဖြစ်ရာ၊ ဆရာတော်ဘုရားကြီး သည် မြောင်းမြမြို့သို့ ကြွရောက်တော်မူလာသည့် ၁၃၀၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့မှစ၍ ဝိပဿနာတရားကို တပည့် ယောဂီ အပေါင်းတို့အား နားမလည် နားလည်အောင်၊ တပည့်စာသင်သား တို့ကို စာချပေးသကဲ့သို့ပင် အပင်အပန်းခံ၍ ကြီးမားသော စေတနာဖြင့် အထပ်ထပ် အခါခါ ဟောကြားဆုံးမတော်မူသော တရားတော်များ၏ အဆီအနှစ်၊ မှန်မြတ်သော ကိုယ်တွေ့တရားတော်စစ်တို့ကို ကျွန်တော်ကိုယ်တိုင် တိတ်ခွေဖြင့် အသံဖမ်းယူပြီး၊ တဖန်ဉာဏ်မီသမျှ စာဖြင့်ရေးသား ကူးယူ၍ မြို့ပေါ်ရှိ တပည့် ယောဂီကြီးငယ် အသွယ်သွယ်တို့နှင့် ဝေးနီး အရပ်ရပ်မှ ယောဂီများတို့သည် အလွယ်တကူ ဤတရားစာအုပ်ကို ဘတ်ရှု၍ အကျိုးများပါစေခြင်းအလို့ငှါ၊ ကြိုးစား၍စာအုပ်အဖြစ် ပြုလုပ်စီရင် တင်ပြခြင်း ဖြစ်ပါသည်။

အကယ်၍ ဤစာအုပ်တွင် ချွတ်ယွင်းချက် ပါခဲ့လျှင်၊ ကျွန်တော်၏တာဝန်၊ ကျွန်တော်၏ အမှား-ဟုသာ ယူဆကြ စေလိုပါသည်။ ဆရာတော်ဘုရားကြီး နှင့် လုံးဝမပတ်သက်ပါကြောင်း ဝန်ခံချက်ရေးသား ဖေါ်ပြအပ်ပါသည်။

# နိဒါန်း

ဤ ဝိပဿနာစာအုပ်ကို ပြုစုရေးသားရာတွင် လက်ရေးမူကို ပြန်လည်စိစစ်ပြီး လက်နှိပ်စက်စာရေးဖြင့် ကူညီရိုက်နှိပ်ပေးသော၊ ရန်ကုန်မြို့ စာပေဗိမာန်၊ စာတည်းဦးကျော်ခင် နှင့် မြောင်းမြမြို့ လယ်ယာမြေ နိုင်ငံပိုင်ရုံး စာရေးကြီး ဦးကျင်ညွန့် တို့အား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဤကဲ့သို့ ပြုစုရေးသားအပ်သော ကောင်းမှုကုသိုလ်ကို ရှေးဦးစွာ မိမိအား အပါယ်ဘေးမှ ကင်းဝေးအောင် ဆုံးမ ဟောကြားတော်မူသော ဝေဠုဝတီမဟာထေရ် အရှင်မြတ်ကြီးအား လည်းကောင်း၊ ကွယ်လွန်လေပြီး ကုန်သော ကျေးဇူးရှင် အဘိုး အဖွား၊ အမိအဘ ဆရာ တို့နှင့် ယောဂီအပေါင်းတို့အား လည်းကောင်း အမျှ ပေးဝေပါ၏....။

**ဦးသိန်းမောင်**
အငြိမ်းစားပညာအုပ်
မြောင်းမြမြို့။

၁၃၃၃-ခု
သီတင်းကျွတ်လပြည့်ကျော် (၃) ရက်
မြောင်းမြမြို့။

# " ကျမ်းဦး ပဏာမ "

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဝေဠုဝတီထေရ ဝန္ဒနာ၊
သီလဝံ စိတိမံ ထေရံ၊ ပညဝံ ဓမ္မ မာလယံ။
ဝေဠုဝတိ နမဿာမ၊ သာသနဿ သိရိန္ဓရံ။

ဘန္တေ၊ ကျေးဇူးတော်သခင်အရှင်မြတ်ကြီးဘုရား (၃)။

သီလဝံ၊ လေးဖြာသီလ၊ အာစာရ၌ ပြည့်ဝသောက်လုံ အဓိသီလဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေထသော။ စိတိမံ၊ စတ္တာလီသ၊ လေးဆယ်မျှသော သမထကိုကိုင်၊ စိတ်ဓါတ်ပိုင်စွဲ ယိုင်မလဲသည့်၊ ခိုင်မြဲဖွဲ့စွာ၊ ဥပစာ သမာဓိ၊ ရရှိဖုံဖုံ၊ အဓိစိတ္တဂုဏ်နှင့်လည်း ပြည့်စုံ တော်မူပေထသော။ ပညဝံ၊ ဓမ္မ ရုပ်နာမ်၊ ပိုင်းခြား ဟန်ကို၊ ရွှေဉာဏ်တည့်တည့် မြင်နိုင်ဘိသဖြင့်၊ ဒိဋ္ဌိအတ္တ ကင်းစင်ပသည့်၊ ဉာဏလွှမ်းခြုံ၊ အဓိပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေထသော။ ဓမ္မမာလယံ၊ လောကဓမ္မ နှစ်ဝကောင်းမှု တရားစု၏၊ ပွားပြုပေါင်းစည်းရာလည်း ဖြစ်တော်မူပေထသော။ သာသနဿ၊ ရှင်တော်ဘုရား တည်ထားမိန့်မှာ ရောင်ဝါထိန်ငြိး သာသနာတော်မြတ်ကြီး၏။ သိရိန္ဓရံ၊ လောကုတ် လောကီ နှစ်လီ အကျိုး၊ သည့်

ပိုး နိုင်အောင်၊ လက်ဇော့ပြောင်သည့်၊ ကြက်သရေ ဆောင်လည်း ဖြစ်တော်မူပေထသော။ ဝေဠုဝတီ မဟာ ထေရ်၊ ဝေဠုဝတီ အမည်ထင်ရှား ထေရ်မြတ်ဘုရား ကြီးကို။ မယ်၊ ယောဂီကြီးငယ်၊ သွယ်သွယ်ရှိကြောင်း၊ တပည့်အပေါင်း တည်းဟူသော တပည့်တော်တို့သည်။ နမဿာမ၊ လက်အုပ် ဦးတင်၊ အထူးရှင်လျက်၊ ဖူးမြင် ကန်တော့ကြပါကုန်၏ အရှင်ဘုရား။

ရဲဘုန်း
မဟာဗောဓိကျောင်း
သုံးခွမြို့။

မြောင်းမြမြို့-ဝေဠုဝတီကမ္ဘဋ္ဌာန်းတိုက်- ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည်၊ အငြိမ်းစား စာရေးကြီး- ဦးဘသောင်း လျှောက်ထားသဖြင့် ၁၃၂၆-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက်နေ့တွင် တပည့်တို့အား ဟောကြားဆုံးမတော်မူအပ်သော ပတိရူပ ဒေသဝါသ မင်္ဂလာ၊ ပုဗ္ဗေကတပုညတာ မင်္ဂလာ၊ အတ္တသမ္မာပဏိဓိ မင်္ဂလာ တရားတော်နှင့် ဥဒါဏ်စဉ်တရားတော်။

## ပတိရူပဒေသဝါသ မင်္ဂလာ-
## ပုဗ္ဗေကတပုညတာ မင်္ဂလာ-
## အတ္တသမ္မာပဏိဓိ မင်္ဂလာ

ဥဒယလောကေ ဟိတသုခဝဟနတော မင်္ဂလန္တိ ဝုစ္စတိ၊

ဥဒယလောကေ၊ တမလွန်ပစ္စုပ္ပန် နှစ်တန်သောလောက၌။ ဟိတသုခဝဟနတော၊ စီးပွါးချမ်းသာကိုဆောင်တတ်သောကြောင့်။ မင်္ဂလန္တိ၊ မင်္ဂလာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ စီးပွားချမ်းသာကို ဆောင်တတ်သောကြောင့် မင်္ဂလာ၊ ဥဒယ မည်သော ယခုပစ္စုပ္ပန်လောက နောင်တမလွန်လောကဘို့၌ သတ္တဝါတို့၏ စီးပွားချမ်းသာကို ဆောင်တတ်သောကြောင့် မင်္ဂလာ။

သင့်လျော် လျောက်ပတ် ကောင်းမြတ်သော အရပ်ကို ပတိရူပဒေသဟု ခေါ်သည်။

ပတိရူပဒေသ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်သောအရပ်၌။ ဝါသော၊ နေရခြင်း။ ပတိရူပ ဒေသဝါ

သ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်သောအရပ်၌ နေရခြင်း။ ပတိရူပဒေသဝါသ မင်္ဂလာ ဟာ ဘာကြောင့် မင်္ဂလာလဲ၊ တမလွန် ပစ္စုပ္ပန် နှစ်တန်သော လောက၏ စီးပွါးချမ်းသာကို ဆောင်တတ်သောကြောင့် မင်္ဂလာ၊ ဟုတ်ရဲ့လား၊ (မှန်ပါ့ဘုရား၊) ပတိရူပ ဒေသဝါသဆိုတာ မြတ်စွာဘုရား၏ သာသနာ ထွန်းကားရာ အရပ်မှာ နေကြရတဲ့ ပုဂ္ဂိုလ်တွေမှာ ပတိရူပ ဒေသဝါသ မင်္ဂလာနဲ့ ပြည့်စုံတယ်၊ ဒို့လူစုဟာ ပတိရူပဒေသဝါသ မင်္ဂလာနဲ့ မပြည့်စုံကြဘူးလား ဟေ့၊ (ပြည့်စုံပါသည်ဘုရား၊) အေး ပြည့်စုံတယ်၊ ပုဗ္ဗေ၊ ရှေးရှေးဘဝ၊ ရှေးရှေးကမ္ဘာ၊ ရှေးရှေး ဘုရားလက်ထက်က၊ ကတပုညတာ၊ ပြုခဲ့ဘူးသော ကောင်းမှုရှိသော ပုဂ္ဂိုလ်အဖြစ်၊ ရှေးရှေးသော ဘုရားရှင်တို့လက်ထက်က ကုသိုလ်ကောင်းမှု မပြုခဲ့ကြဘူးလား မပြုခဲ့ကြရင်– ဘုရားသာသနာနဲ့ လာကြုံနိုင်ကြပါမလား၊ ဒီတော့ ဒီပုဂ္ဂိုလ်တွေဟာ၊ ပုဗ္ဗေကတပုညတာ မင်္ဂလာနဲ့ ကော မပြည့်စုံကြဘူးလား၊ (ပြည့်စုံပါတယ် ဘုရား၊) အေး ပြည့်စုံပါတယ်။

(၁) ပတိရူပ ဒေသဝါသ မင်္ဂလာ၊

(၂) ပုဗ္ဗေကတပုညတာ မင်္ဂလာ လို့ မင်္ဂလာ– နှစ်ပါး နေ၁်၊ ပြီးတော့မှ အတ္တသမ္မာပဏိဓိ မင်္ဂလာ၊ စိတ္တံ အတ္တာတိ ဝုစ္စတိ၊ စိတ္တံ၊ စိတ်ကို။ အတ္တာတိ၊ အတ္တ ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ သမ္မာ၊ ကောင်းစွာ။ ပဏိဓိက ဆုံးဖြတ်ချက်ချရမယ်၊ အဲဒါ ယခုပြုလုပ်မှ ဖြစ်ကြမယ်၊

ကိုယ့်စိတ်ကိုကိုယ် ငါသည် ယနေ့ကစ၍ မကောင်းတာ မလုပ်တော့ဘူးဟု ဆုံးဖြတ်ချက် ချလိုက်ရင် အတ္တသမ္မာ ပဏိဓိ မင်္ဂလာ၊ ငါသည် ယနေ့ကစ၍ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့အလုပ်ကိုသာ လုပ်တော့မယ်လို့ ဆုံးဖြတ်ချက် ချလိုက်ရင် အတ္တသမ္မာပဏိဓိ မင်္ဂလာ၊ ငါသည် ယနေ့ ကစ၍ နှမြောဝန်တိုသောစိတ်ကိုပယ်၍ ပေးကမ်းစွန့်ကြဲ ခြင်းနှင့်သာမွေ့လျော်တော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက် ရင်၊ အတ္တသမ္မာပဏိဓိမင်္ဂလာ ဖြစ်တယ်၊ စိတ်ကိုဆုံးဖြတ် ချက်ချဘို့ အရေးကြီးတယ်၊ ကိုယ့်စိတ်ကို ကိုယ်ဆုံးဖြတ် ချက်မချနိုင်ကြဘူး၊ ကိုယ်လုပ်နေကျ အလုပ်ကိုသာအယူ သန်နေကြတယ်၊စိတ်ကိုဆုံးဖြတ်ချက်ချဘို့အရေးကြီးတယ် အရေးမကြီးဘူးလား၊ အရွယ်တွေလဲ ကြီးလာကြပြီ၊ သေ လဲ သေခါနီးနေပြီ၊ ကနေ့တောင်မှ ကိုယ့်စိတ်ကိုကောင်း တဲ့ဘက်ကို ဆုံးဖြတ်ချက်မချနိုင်ရင်၊ဒီဘဝမှာတော့သွားပြီ၊ အတ္တသမ္မာပဏိဓိတဲ့လေ၊ ဒီတော့–အတ္တသမ္မာပဏိဓိ စက်၊ ပုဗ္ဗေကတပုညတာ စက်၊ ပတိရူပဒေသဝါသ စက်၊ ကိုယ့် ကိုယ်ကို စက်သဌေးကြီးတွေ ဖြစ်နေလို့ ဖြစ်မှန်းမသိ ကြဘူး၊ မင်းတို့ဟာ-စက်သုံးလုံးပိုင်နေကြတယ်၊ စက်ပိုင် နေတော့ ဒီစက်ကြီးကို လုလ္လစိရိယနဲ့ အုပ်ချုပ်ပြီး လုပ် ကိုင်ရင်၊ ဒီစက်၏အကျိုးစီးပွါး ခံစားရမယ် မဟုတ်လား၊ စက်ပိုင်ဖြစ်ပြီးတော့ မေ့လျော့နေရင် ဒီစက်ဟာ ကိုယ့် ပြန်ဝါးလိမ့်မယ်။

စက်ဆိုတာ လည်ရင် လည်နိုင်မှ မလည်နိုင်ရင်ကိုယ့် ပြန်ဝါးတဲ့အမျိုး၊ ခုတရားနာနေကြတဲ့ ပရိသတ်ကြီးဟာ

စက်သုံးလုံး ပိုင်ရှင်တွေဘဲ၊ လက်ညှိုးထိုးပြီး ပြလို့ ရတဲ့ ခေါင်းတိုင်ကြီးနဲ့ မီးခိုးတလူလူနဲ့ စက်မှ စက်ထင်နေကြတာကို-မဟုတ်ဘူးကွ၊ ဟိုစက်ထက် ဒီစက်က ပိုအရေးကြီးတယ်၊ ဘာစက်တဲ့- အေး ပတိရူပဒေသဝါသ စက်၊ ပုဗ္ဗေကတပုညတာ စက်၊ အတ္တသမ္မာပဏိဓိ စက်၊ အဲဒီ စက်သုံးလုံးပိုင်ကြတဲ့ ပိုင်ရှင်ကြီးတွေပါကွယ်၊ ညွှံတဲ့သူတွေမဟုတ်ကြပါဘူး၊ ကိုယ့်အကြောင်းကိုလဲ သိကြစမ်းပါ၊ စက်သုံးလုံးပိုင်တာ အကြောင်းပြု၍၊ အလှ-အလိမ္မာ ပဂေး- ဓမ္မဒိန္နာ ကလေး၊ ဓမ္မဒိန္နာ ဘိက္ခုနီမ အကြောင်းကို ဟောခဲ့တာ မပြီးမပြတ်ဖြစ်နေလို့ ယနေ့တော့ ပြီးအောင်ဘဲ ဟောရမှာဘဲနော်။

မြတ်စွာဘုရား ရာဇဂြိုဟ် ဝေဠုဝန်ကျောင်း သီတင်းသုံးနေတော်မူစဉ်အခါက၊ ဝိသာခ အမည်ရှိသောသဌေးတယောက်သည်၊ ဓမ္မဒိန္နာ အမည်ရှိသော ဘိက္ခုနီမထံသွားပြီးတော့ အမေးပုစ္ဆာ ပြဿနာ မေး သတဲ့ကွယ်၊ ရဟန်း ယောကျ်ားတော့ ဘိက္ခု၊ ရဟန်းမိန်းမတော့ ဘိက္ခုနီ၊ ရဟန်းမိန်းမတွေကို ရဲမေလို့ခေါ်ရင် လွဲများလွဲမလား၊ အဲဒီ ဓမ္မဒိန္နာ အမည်ရှိသော ဘိက္ခုနီ ရဲမေထံမှာ ဝိသာခ အမည်ရှိသော သဌေးက သွားပြီးတော့ အမေးပုစ္ဆာမေးသတဲ့၊ ဝိသာခ သဌေးက အနာဂါမ်၊ ဓမ္မဒိန္နာ ဘိက္ခုနီမက ရဟန္တာ၊ ရှေးလူဖြစ်သည့်အခါတုန်းက ဝိသာခသဌေးက သူ၏လင်ယောကျ်ား၊ ဓမ္မဒိန္နာထေရီမက သဌေးကတော်၊ လူတုန်းက အကြင်လင်မယားဖြစ်ခဲ့တယ်။

ယခုတော့ အဆင့်အတန်း အင်မတန်ကွာတယ် မဟုတ်လား၊ ဝိသာခ သဌေးသည် ဓမ္မဒိန္နာထေရီ ထံသို့ သွား၍ ရိုသေစွာ သေသေချာချာ ဦးချပြီးလျှင် အယျေ-အရှင်မ-မွန်မြတ်တဲ့ ပုဂ္ဂိုလ်ကို နာမည်မခေါ်ကောင်းဘူး၊ လောကကြောင်းမှာလဲ သဌေး၊ လောကုတ္တရာကြောင်း မှာလဲ အနာဂါမ်ဖြစ်နေတယ်၊ ဒီတော့ အသုံးအစွဲ အပြော အဆိုလိမ္မာတယ်၊ နာမည်ထည့်ပြီးမခေါ်ဘူး၊ စိတ်ထဲကတော့ ခေါ်များ ခေါ်ချင်မလားမသိဘူး...။

အယျေ၊ အရှင်မ။ သက္ကာယော သက္ကာယောတိ၊ သက္ကာယ၊သက္ကာယ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကတမော၊ အဘယ်တရားမျိုးကို။ သက္ကာယော၊ သက္ကာယ ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တော၊ ဟောတော်မူအပ်ပါသနည်း။ အရှင်မ၊ သက္ကာယ- သက္ကာယဟု ခေါ်ပါတယ်။ အဲဒီ သက္ကာယဆိုတာ အဘယ် တရားမျိုးကို သက္ကာယဟု မြတ်စွာဘုရားကခေါ်ပါသလဲတဲ့၊ သူတို့အမေး အဖြေဟာ ကိုယ်တွေ့ဒိဋ္ဌကို မေးနေကြတာ၊ စာအုပ်ထဲကဟာတွေကို မေးနေကြတာ မဟုတ်ဘူး၊ ဝိသာခက လဲ အနာဂါမ်ဖြစ်တော့ သက္ကာယအကြောင်း သူမသိဘူးလား၊ ဓမ္မဒိန္နာကလဲ ရဟန္တာဖြစ်တော့ သက္ကာယ အကြောင်း သူမသိဘူးလား၊ ကိုယ်တွေ့ သိတဲ့တရား မေးနေတာ၊ ယခုခေတ် အမေး အဖြေနဲ့ သိသိကလေး မကွာဘူးလား၊ ဒီတော့ ဓမ္မဒိန္နာက အာဝုသော၊ ဒကာ ဝိသာခ။ ကိုယ့်အောက်ကလူ ဖြစ်တဲ့အတွက် သူကတော့ နာမည်ခေါ်တယ်၊ ပဥ္စုပါဒါနက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ

ငါးပါးတို့ကို။ သက္ကာယော သက္ကာယောတိ၊-သက္ကာယ၊ သက္ကာယဟူ၍။ ဘဂဝတာ ဝုတ္တော၊ မြတ်စွာဘုရားဟော ကြားတော်မူအပ်သည်။

ဥပါဒါနက္ခန္ဓာ ငါးပါးကို သက္ကာယဟု ဟောတယ်၊ ရုပ်၊ ဝေဒနာ၊ သညာ၊သင်္ခါရ၊ ဝိညာဏ်။အဲဒီ ရုပ်၊ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ တရား ငါးပါးကို၊ လောဘ ဒိဋ္ဌိဆိုတဲ့ ဥပါဒါန်တရား နှစ်ပါးက စွဲလမ်းတယ်တဲ့။ ဥပါဒါန်တရားက လေးပါး၊ (၁) ကာမုပါဒါန်၊ (၂) ဒိဋ္ဌုပါဒါန်၊ (၃) သီလဗ္ဗတုပါဒါန်၊ (၄) အတ္တဝါဒုပါဒါန်ဟူ၍ လေးပါးပြားသော်လဲ တရားကိုယ်ကောက်လိုက်တော့ လောဘနဲ့ ဒိဋ္ဌိဘဲ၊ ဒီတော့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ဆိုတဲ့တရား ငါးပါးဟာ ဥပါဒါနက္ခန္ဓာ၊ လောဘ- ဒိဋ္ဌိဟူသော ဥပါဒါန်၏ စွဲလမ်းရာ တရားငါးပါး လို့ ဆိုလိုတယ်၊ ဒါဖြင့် အရှင်မရယ် ဥပါဒါနက္ခန္ဓာ ဆိုတာ ဘာကိုခေါ်သလဲဟု တဆင့်မေးလိုက်တော့- ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ဝိညာဏ် အဲဒီ ငါးပါးကိုဘဲ ဥပါဒါနက္ခန္ဓာ ငါးပါးခေါ်တယ်၊ ဒကာ ဝိသာခ ဟုဖြေတယ်။ အယျေ၊ အရှင်မ။ သာဓု၊ ကောင်းလိုက်ထာ။ ဣတိ၊ ဤသို့ အလွန်နှစ်သက်သဘောကျ၍ ရှေ့ဆက်ပြီး မေးပါရစေအုံးဟုဆိုပြီး၊ သက္ကာယသမုဒယော တိ၊ သက္ကာယသမုဒယောဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကတမော၊ အဘယ်တရားကို။ သက္ကာယသမုဒယော၊ သက္ကာယ ဖြစ်ကြောင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါသနည်း။ သက္ကာယတော့ သိပါပြီ အရှင်မ၊ သက္ကာယ၏ ဖြစ်ကြောင်း

ဖြစ်တဲ့ သမုဒယ တရား ကို၊ ဘာရယ်လို့ မြတ်စွာဘုရား သည် ဟောတော်မူပါသနည်း ဟု တဆင့်မေးပြန်တယ်၊ အာဝုသော ဝိသာခ၊ ဒကာဝိသာခ။ ယာယံတဏှာ၊ အကြင်တဏှာသည်။ ပေါနောဗ္ဘဝိကာ၊ သံသရာစက်ကိုဖြစ်စေတတ်၏။ နန္ဒီရာဂသဟဂတာ၊ နှစ်သက်ခြင်း တပ်မက်ခြင်းနှင့်တကွဖြစ်၏။ တတြာတတြာဘိနန္ဒိနီ၊ ထိုထိုအာရုံ၌ အလွန်တပ်မက်၏။ အယံ တဏှာ၊ ဤတဏှာသည်။ ကတမာ၊ အဘယ်နည်းဟု မေးတော့၊ ကာမ တဏှာ၊ ဘဝတဏှာ။ ဝိဘဝတဏှာ၊ ဟုတ်လား၊ ငါးဖြာအာရုံ ကာမဂုဏ်၌ တပ်နှစ်သက်သော တဏှာကို ကာမတဏှာ။ မိမိဘဝကို မိမိတပ်နှစ်သက်တဲ့ တဏှာကို ဘဝတဏှာ။ ဘဝ ၏ ကင်းငြိမ်းရာကို နှစ်သက်တဲ့ တဏှာကို ဝိဘဝတဏှာ၊ အဲဒီ ဝိဘဝတဏှာ ကတော့ ယောင်လည် လည်ဖြစ်နေကြမယ်နော်။ လူဘဝ–နတ်ဘဝ၊ ကင်းငြိမ်းခြင်းကို အလိုရှိတာ ဝိဘဝတဏှာ ခေါ်တယ်၊ ဘာဖြစ်လို့လဲ၊ လူဘဝ-နတ်ဘဝ ဆိုတာ၊ လူနတ်မှမရှိဘဲ၊ လူဘဝ နတ်ဘဝ ရှိပါ့အုံးမလား၊ ပညတ်နယ်ကလေ၊ အဲဒီ လူဘဝ နတ်ဘဝ မရှိတဲ့ဟာကို ကင်းလွတ်ချင်တာကို၊ ဝိဘဝ တဏှာ ခေါ်တာ။ ကင်းလွတ်ချင်ရင် လူအနေနဲ့၊ နတ်အနေနဲ့ အာရုံမပြုရဘူး၊ ရုပ်နာမ်ခန္ဓာ အနေနဲ့ အာရုံ ပြုရတယ်၊ အဲဒီလို ရုပ် နာမ် ခန္ဓာ ကင်းလွတ်ချင်တော့မှ နိဗ္ဗာန်။ လူဘဝ တန်းလန်းကြီး၊ နတ်ဘဝ တန်းလန်းကြီး ကင်းလွတ်ချင်ရင် ဝိဘဝတဏှာ ခေါ်တယ် နော်၊ ယခု မင်းတို့တတွေ နိဗ္ဗာန်လိုချင်တယ်ဆိုတာ ဝိဘဝတဏှာ

ဖြစ်နေတယ်၊ သေသေ ချာချာလဲ သတိထားကြ၊ အဲဒီ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ၊ ဆိုတဲ့ တဏှာ သုံးပါးကို သတ္တာယ၏ အကြောင်းဖြစ်တဲ့ သမုဒယလို့ မြတ်စွာဘုရား ဟောတော်မူတယ်၊ ဒကာဝိသာခ ရေ တဲ့၊ ဘယ်သူကမေးတယ်၊ ဓမ္မဒိန္နာက ဖြေတယ်၊ ဒီတော့ ရှေ့ တက်မေးပြန်တယ်၊ ကောင်းလိုက်တာ အရှင်မရယ်၊ ရှေ့ ဆက်မေးပါရစေအုံးတဲ့။

သတ္တာယ၏ ချုပ်ရာ နိရောဓ ဆိုတာ၊ ဘယ်တရားလို့ မြတ်စွာဘုရား ဟောတော်မူပါသလဲ။ တဿာယေဝ တဏှာယ၊ ထို တဏှာသုံးပါး၏ သာလျှင်။ ယောအသေ သဝိရာဂ နိရောဓော၊ အကြွင်းမဲ့ဖြင့် အကြွင်းမဲ့ ချုပ်ရာ ဖြစ်သောနိဗ္ဗာန်သည်။ ယောစာဂေါ၊ အကြွင်းစွန့်ရာဖြစ် သော နိဗ္ဗာန်သည်။ ယောပဋိနိဿဂ္ဂေါ၊ အကြွင်းတဖန် စွန့်လွှတ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယာမုတ္တိ၊ အကြွင်း လွှတ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော အနာလယော၊ အကြွင် တွယ်တာခြင်း ကင်းရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤတဏှာ သုံးပါး၏ ကင်းရာဖြစ်တဲ့ တရားကို။ သတ္တာယ နိရောဓောတိ၊ သတ္တာယ ချုပ်ရာ တရားဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တော၊ ဟောတော်မူအပ် လေသတည်း။ ဟုတ်လား၊ ဒီတော့ သက္ကာယ နိရောဓ လဲသိပြီမဟုတ်လား၊ ဘာလဲ တဏှာ သုံးပါးမှကင်းလွတ်ရာ တရား၊ တဏှာသုံးပါးမှ ကင်း လွတ်ရာ သတ္တာယ နိရောဓသို့ ရောက်ကြောင်း ဖြစ်တဲ့ တရားကိုကော မြတ်စွာဘုရား က ဘာလို့ ဟောပါ

သလဲဆိုတော့၊ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ အရိယော၊ မြင့်မြတ်သော။ မဂ္ဂေါ၊ အင်္ဂါရှစ်ပါးရှိသောမဂ်၊ အင်္ဂါရှစ်ပါးရှိသော မဂ်ဆိုတာဘာလဲ အရှင်မဆိုတော့၊ သမ္မာဒိဋ္ဌိ၊ အမှန်မြင်ခြင်း၊ သမ္မာသင်္ကပ္ပေါ၊ အမှန်ကြံခြင်း။ သမ္မာဝါစာ၊ အမှန်ပြောခြင်း။ သမ္မာကမ္မန္တာ၊ အမှန်ပြုလုပ်ခြင်း။ သမ္မာအာဇီဝ၊ မှန်သော အသက်မွေးခြင်း။ သမ္မာဝါယာမ၊ အမှန်အားထုတ်ခြင်း။ သမ္မာသတိ၊ အမှန်ကိုအောက်မေ့ခြင်း။ သမ္မာသမာဓိ၊ မှန်သော အာရုံ၌တည်ကြည်ခြင်း။ အဲဒီ တရားရှစ်ပါးကို နိရောဓသို့ ဆိုက်ရောက်ကြောင်းဖြစ်တဲ့ အကျင့်တရားလို့ မြတ်စွာဘုရား ဟောတော်မူတယ်လို့၊ တခါ ဘယ်သူကဖြေပြန်တယ်၊ ဓမ္မဒိန္နာ က ဖြေတယ်၊ ဒီတော့ သက္ကာယ ဆိုတာက ဒုက္ခသစ္စာ၊ သက္ကာယ သမုဒယ ဆိုတာက သမုဒယသစ္စာ၊ သက္ကာယ နိရောဓ ဆိုတာက နိရောဓသစ္စာ၊ သက္ကာယ နိရောဓ ဂါမိနီ ပဋိပဒါ ဆိုတာက မဂ္ဂသစ္စာ၊ သစ္စာ လေးပါး ကုန်မသွားဘူးလား။

သစ္စာ လေးပါး ကုန်သွားပြီးမှ သက္ကာယနဲ့ ဥပါဒါန် ဆိုတာ အတူတူလား၊ တခြားစီလားလို့ မေးပြန်တယ်၊ ဒီတော့၊ သက္ကာယနဲ့ ဥပါဒါန်နဲ့ တခြားစီ၊ သို့ပေမဲ့ သက္ကာယ မှ ကင်းပြီးတော့ ဥပါဒါန်မဖြစ်နိုင်ဘူး၊ လောဘ ဒိဋ္ဌိဆိုတဲ့ ဥပါဒါန်တရားဟာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဆိုတဲ့ သက္ကာယကို စွဲပြီးတော့ ဖြစ်ရတယ်၊ သက္ကာယကို ဥပါဒါန်၊ ဥပါဒါန်ကို သက္ကာယလို့ ဒီလို မမှတ်လိုက်ပါနဲ့၊ သက္ကာယ တခြား ဥပါဒါန် တ

ခြား ပါတဲ့၊ ဒီလိုမဖြေဘူးလား၊ ဒီတော့၊ သောတာ ပန်၊ သကဒါဂါမိ တို့ သိထိုက်တဲ့တရား သိသင့်တဲ့ တရား ကို သူကလဲ အနာဂါမိ ဖြစ်နေတော့ သိပြီးသား၊ ဓမ္မ ဒိန္နာ ထေရီမကလည်း ရဟန္တာဖြစ်နေတော့ ဒီတရား သိပြီးသား၊ ဒီတော့ ကိုယ်တွေ့တရားကို မေးနေတာ၊ စာတရားကို မေးနေတာလား၊ (ကိုယ်တွေ့တရားကို မေးနေကြတာပါဘုရား၊) စာ, အမေး အဖြေလား၊ တရား အမေး အဖြေလား၊ တရားအမေး အဖြေ၊ အလွန် ကောင်းတယ်၊ ဒီတော့ ဘာဆက်ပြီး မေးပြန်သလဲ ဆို တော့၊ အရှင်မ သက္ကာယ ဒိဋ္ဌိဆိုတာ ဘယ်လိုဖြစ်ပါ သလဲတဲ့၊ ဝိသာခ က ဆက်ပြီးမေးပြန်တယ်၊ ဘယ်သူက မေးတယ်၊ ဝိသာခ ကမေးတယ်၊ ဓမ္မဒိန္နာက ဘယ်လိုဖြေ တယ်၊ အာဝုသော ဝိသာခ၊ ဒကာဝိသာခ။ အသုတဝါ၊ အကြား အမြင်မရှိသော။ အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့ ကို၊ အဒဿာဝီ၊ မသိမမြင်တဲ့။ အရိယဓမ္မဿ၊ အရိယာတို့ ၏တရား၌။ အကောဝိဒေါ၊ မသိမလိမ္မာသော။ အရိယ ဓမ္မေ၊ အရိယာတို့၏ တရား၌။ အဝိနီတော၊ အဆုံးအမ ကင်းသော အရိယာကို မမြင်ဘူးတဲ့၊ အရိယာတရား၌ မလိမ္မာ၊ အရိယာတို့၏တရား၌ အဆုံးအမကင်းသော သူတော်ကောင်းတို့ကို မသိမမြင်ဘူးတဲ့၊ သူတော်ကောင်း တရား၌ မလိမ္မာဘူးတဲ့- သူတော်ကောင်းတရား၌ အ ဆုံး အမကင်းတဲ့ အဲဒီပုဂ္ဂိုလ်ဟာ- ပုထုဇဉ် ပုဂ္ဂိုလ်လို့ ခေါ်တယ်။ အသုတဝါ၊ အကြားအမြင်မရှိသော။ ပုထုဇ္ဇ နော၊ ပညာမျက်စိ မစွမ်း မသန် အန္ဓပုထုဇဉ် ပုဂ္ဂိုလ်

သည် အနုပုထုဇဉ်လေ၊ ဘယ်လိုယူမလဲဆိုတော့၊ ရုပ်ကို အတ္တ၊ ရုပ်ရှိသော အတ္တ၊ အတ္တ၌ ရုပ်တည်သည်၊ ရုပ်၌ အတ္တတည်သည်လို့ ရုပ်ကို အစွဲပြု၍ လေးမျိုး ဖြစ်တယ်တဲ့၊ ရုပ်ကိုအစွဲပြုလို့ ဘယ်နှစ်မျိုးဖြစ်တယ်၊ (လေးမျိုးဖြစ်ပါသည်ဘုရား၊) ပြီးတော့မှ၊ ဝေဒနာ သည် အတ္တ၊ ဝေဒနာ ရှိသော အတ္တ၊ အတ္တ၌တည်သော ဝေဒနာ၊ ဝေဒနာ၌ တည်သော အတ္တလို့ ဝေဒနာကို အစွဲပြု၍လေးပါး။ သညာသည် အတ္တ၊ သညာရှိသော အတ္တ၊ အတ္တ၌ တည်သော သညာ၊ သညာ၌တည်သော အတ္တလို့ သညာ ကို အစွဲပြု၍ လေးမျိုး၊ သင်္ခါရကို အတ္တ၊ သင်္ခါရ ရှိသော အတ္တ၊ အတ္တ၌ တည်သော သင်္ခါရ၊ သင်္ခါရ၌ တည်သော အတ္တ လို့ သင်္ခါရကိုအစွဲပြု၍ လေးမျိုး။ ဝိညာဏ်သည် အတ္တ၊ ဝိညာဏ်ရှိသော အတ္တ၊ အတ္တ၌ တည်သော ဝိညာဏ်၊ ဝိညာဏ်၌တည်သော အတ္တလို့၊ ဝိညာဏ်ကို အစွဲပြု၍ လေးပါး၊ ဒီတော့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဆိုတဲ့ တရား ငါးပါးကို အစွဲပြု၍၊ တပါး တပါး လျှင် လေးပါးစီ ပြားသောကြောင့် ၄×၅ လီ ၂၀ ဖြစ်တယ်၊ ဒကာဝိသာခ ရေလို့- ဘယ်သူက ဖြေတယ်၊ ဓမ္မဒိန္နာက ဖြေတယ်၊ သက္ကာယဒိဋ္ဌိ ၂၀- ကို ဖြေပြီးမှ၊ သက္ကာယဒိဋ္ဌိ ဘယ်လိုများ မဖြစ်ပါသလဲ၊ ဘယ်လိုအခါကျမှ သက္ကာယဒိဋ္ဌိ ကင်းပါသလဲလို့ တခါ ထပ်မေးပြန်တယ်တဲ့ ၊ မေးတော့- သုတဝါ၊ အကြား အမြင်လည်း ရှိသော။ အရိယဓမ္မဿ၊ အရိယာပုဂ္ဂိုလ်၏ တရား၌။ ကောဝိဒေါ၊ လိမ္မာသော။ အရိယဓမ္မေ၊ အရိယာပုဂ္ဂိုလ်

တို့၏တရားဦ။ ဝိနီတော၊ ကောင်းစွာဆုံးမအပ်ပြီးသော၊ သူတော်ကောင်းတို့ကို မြင်တတ်သော၊ သူတော်ကောင်း တရားဦ လိမ္မာသော၊ သူတော်ကောင်းတရားဦ ဆုံးမအပ် ပြီးသော။ အရိယာ သာဝကော၊ အရိယာ သာဝက ပုဂ္ဂိုလ်သည်။ ရုပ်ကို အတ္တ၊ ရုပ်ရှိသော အတ္တ၊ အတ္တဦ တည်သောရုပ်၊ ရုပ်ဦ တည်သော အတ္တ ဟူ၍ မစွဲလမ်း၊ ဟုတ်လား၊ ထိုနည်းတူစွာ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဆိုတဲ့ တရားတို့မှာလည်း အစွဲအလမ်း ကင်း တယ်၊ အဲဒီပုဂ္ဂိုလ်ကို၊ သက္ကာယဒိဋ္ဌိ မဖြစ်တဲ့ပုဂ္ဂိုလ်လို့ ခေါ်တယ် လို့၊ ဘယ်သူကဖြေတယ်၊ ဓမ္မဒိန္နာထေရီမက ဖြေတယ်၊ သူ့ဘိုဉာဏ်ထဲမှာတော့ ရှင်းနေမှာပေါ့၊ အတ္တ ဒိဋ္ဌိဖြစ်တယ်ဆိုတာ ဘယ်ပုဂ္ဂိုလ်မှာဖြစ်တယ်၊ အတ္တဒိဋ္ဌိ ကင်းတယ်ဆိုတာ ဘယ်ပုဂ္ဂိုလ်မှာကင်းတယ်၊ မရှင်းဘူး လား။ (ရှင်းပါတယ်ဘုရား။)

သက္ကာယနဲ့ ဒိဋ္ဌိ ကွဲသွားတယ်၊ ခန္ဓာ ငါးပါး ကို သက္ကာယလို့ခေါ်တယ်၊ ဟုတ်လား၊ အတ္တကို ဒိဋ္ဌိခေါ် တယ်၊ သက္ကာယဆိုတဲ့ ခန္ဓာငါးပါးနဲ့၊ အတ္တ ဆိုတဲ့ ဒိဋ္ဌိ နဲ့ ပေါင်းဆုံသောကြောင့် သက္ကာယ ဒိဋ္ဌိ၊ ဒီလို မဟုတ် လား၊ တကယ် အဟုတ်အမှန်ဆိုတဲ့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ကို တကယ် အဟုတ်အမှန်မရှိတဲ့၊ သူ ကောင် ငါကောင် သတ္တဝါကောင်နဲ့ လွဲမှားပြီးတော့ ထင်နေကြတာကို သက္ကာယဒိဋ္ဌိခေါ်တယ်၊ သက္ကာယဒိဋ္ဌိ ဟာ ပုထုဇဉ်ပုဂ္ဂိုလ်မှာရှိတယ်၊ အရိယာပုဂ္ဂိုလ်ကျတော့ သက္ကာယဒိဋ္ဌိ ရှိသေး သလား၊ (မရှိပါဘုရား၊) သက္ကာယ

ဒိဋ္ဌိ ရှိ မရှိကို မေးပြီးတော့၊ ဘာမေးသလဲ ဆိုတော့၊ မဂ္ဂင် ရှစ်ပါး နိဗ္ဗာန်ရောက်ကြောင်းတရားကို မေးပြန်တယ်၊ ခုတင်က ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဆိုတဲ့ သစ္စာ လေးပါးကို မေးပြီးမှ၊ မဂ္ဂင်ရှစ်ပါးကို ပြန်ကောက်ပြန်တယ်၊ မဂ္ဂသစ္စာဆိုတာ ဘာခေါ်သလဲလို့ မေးပြန်တယ်၊ အင်္ဂါရှစ်ပါးရှိတဲ့ မဂ်ကို မဂ္ဂသစ္စာ ခေါ်တယ် ဝိသာခ ရေတဲ့၊ အင်္ဂါရှစ်ပါးရှိတဲ့ မဂ်ကို မဂ္ဂသစ္စာ လို့ တခါပြန်ပြောတယ်၊ ဒါဖြင့် တခါ ဆက်လိုက်ပြန်တော့ ဒီအင်္ဂါ ရှစ်ပါးရှိတဲ့ မဂ္ဂသစ္စာဟာ သင်္ခတ တရားလား အသင်္ခတ တရားလားလို့ မေးပြန်တယ်၊ ဘာဖြစ်လို့လဲ၊ မဂ္ဂင်ရှစ်ပါးဟာ လောကီလား လောကုတ္တရာလား ဆိုတော့၊ လောကုတ္တရာမဟုတ်လား၊ လောကုတ္တရာဆိုတာ နိဗ္ဗာန်နဲ့ဆက်နေတော့၊ အသင်္ခတ တရားများ ဖြစ်နေမလားလို့ ယောင်နေမှာစိုးလို့၊ မဂ္ဂင် ရှစ်ပါးဟာ သင်္ခတလား အသင်္ခတလားလို့ ဆက်မေးပြန်တယ်၊ ဆက်မေးတော့၊ မဂ္ဂင်ရှစ်ပါးဟာ သင်္ခတ တရားတဲ့၊ နိဗ္ဗာန်မှ တပါး သင်္ခတချည်း ပေါ့၊ နိဗ္ဗာန်က ဘာတရား၊ ( အသင်္ခတ တရားပါဘုရား၊ ) ကျန်တာက သင်္ခတ တရားဆိုရင် နိဗ္ဗာန်ကလွဲရင် သင်္ခတ တရားချည်း ပေါ့၊ ဒါကြောင့် မဂ္ဂင်ရှစ်ပါးဟာ သင်္ခတ တရားပါလို့ ပြောတယ် နော်၊ မဂ္ဂင်ရှစ်ပါး သင်္ခတ တရားလို့ ပြောပြီးတော့မှ၊ သောတာပန်၊ သကဒါဂါမိတို့ရဲ့ အရာ အမေးမှုကုန်သွားပြီ၊ တခါ အနာဂါမိတို့၏ သမာဓိစခန်း တက်ပြီးတော့ မေးပြန်တယ်၊ အနာဂါမိတို့ရဲ့ အရာဖြစ်



ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
တမှုဒေအ။

တဲ့ သမာဓိစခန်းတက်ပြီး မေးတော့၊ အရှင်မ သမာဓိ ဆိုတာ ဘာကိုခေါ်ပါသလဲ၊ သမာဓိ နိမိတ္တ၊ သမာဓိ ရဲ့ အကြောင်းဆိုတာ ဘာလို့ ခေါ်ပါသလဲ၊ သမာဓိပရိက္ခာ ရ၊ သမာဓိ၏ အခြံအရံဆိုတာဘာလဲ၊ သမာဓိဘာဝနာ၊ သမာဓိကို ပွါးအောင် ဘယ်တရားနဲ့ လုပ်ရပါသလဲ၊ သမာဓိစခန်း တက်လှမ်းမေးတယ်၊ **သမာဓိစခန်းဆိုတာ** သကဒါဂါမိရဲ့အရာမဟုတ်၊ **အနာဂါမ်ကျမှ သမာဓိစခန်း** မြဲတယ် နော်၊ အနာဂါမ် မရောက်မခြင်း၊ သမာဓိ မမြဲ နိုင်ဘူး၊ ဒါကြောင့် သမာဓိစခန်း တက်လှမ်းမေးတော့ အာဝုသော ဝိသာခ၊ ဒကာ ဝိသာခ။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတာ၊ တခုတည်းသော အာရုံကို ယူသောအဖြစ် သည်။ သမာဓိ၊ သမာဓိမည်၏။ သမာဓိဆိုတာ ဧကဂ္ဂ တာ ကို ခေါ်ပါတယ် ဝိသာခ ရေတဲ့၊ ဟုတ်လား၊ (မှန် ပါဘုရား။) စိတ်၏တခုတည်းသောအာရုံကိုယူတာ သမာ ဓိ၊ သမာဓိ နိမိတ္တဆိုတာ၊ သတိပဋ္ဌာန် လေးပါးကိုခေါ် တယ်၊ ဟော့- သမာဓိပရိက္ခာရ ဆိုတာ၊ သမ္မပ္ပဓါန် လေးပါးကို ခေါ်သတဲ့ကွယ်၊ သမ္မပ္ပဓါန် လေးပါးဟာ သမာဓိရဲ့ အခြံအရံဖြစ်တယ်၊ သမာဓိဘာဝနာ ဆိုတာက သတိပဋ္ဌာန် သမ္မပ္ပဓါန် တရားတို့ကို ပွါးများခြင်းကိုခေါ် တယ်၊ သမာဓိနဲ့ ပတ်သက်လို့ ကြာရှက်ကို ဓါးနဲ့ တိတိ ကျကျကြီးဖြတ်သလို မဖြေဘူးလား၊ အင်မတန်ထက်သန် သောဉာဏ်နော်၊ အင်း မိန်းမပင်ဖြစ်သော်လည်း ဒီမိန်းမ မျိုးဟာ ရဲမေ မခေါ်ထိုက်ဘူးလား၊ ဒီမိန်းမမျိုးမှရဲမေ ခေါ်ထိုက်တာ၊ ဟုတ်လား။ အဲဒီလို သမာဓိအကြောင်း

မေးပြီးတော့မှ၊ နောက်တခါ ဘာမေးပြန်သလဲဆိုတော့၊ အရှင်မ-သင်္ခါရတရား ဘယ်နှစ်ပါး ရှိပါသလဲလို့ မေး ပြန်တယ်၊မေးတော့မှ ကာယ သင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တ သင်္ခါရ၊ တရားသုံးပါးရှိကြောင်း ဖြေတယ် ဟုတ်လား။ (မှန်ပါဘုရား။) စချီကတဲ့ကသိတယ်၊ ဘာ ရည်ရွယ်လို့ မေးတယ်ဆိုတာ၊ ရှေ့ နိရောဓသမာပတ် ဝင်စားပုံကို မေးချင်လို့၊ ဒါကိုချီတာ၊ လူပါး လူပါးချင်းတော့ ရိပ်မိတာပေါ့၊ ဒါဖြင့် ကာယသင်္ခါရ ဆိုတာ ဘာကို ခေါ်ပါသလဲ၊ အဿာသ၊ ပဿာသ၊ ကာယသင်္ခါရ။ ထွက်လေ ဝင်လေကို ကာယသင်္ခါရ လို့ ခေါ်တယ် ဝိသာခ ရေ တဲ့၊ ဝစီသင်္ခါရ ဆိုတာ ဘာခေါ်သလဲ၊ ဝိတက္က ဝိစာရာ ဝစီသင်္ခါရာ၊ ဝစီသင်္ခါရ ဆိုတာ ဝိတက် ဝိစာရကို ခေါ်တယ်၊ ဝေဒနာ၊ သညာ စိတ္တ သင်္ခါရာ၊ ဝေဒနာ၊ သညာ နှစ်ပါးကို စိတ္တသင်္ခါရခေါ်တယ်၊ ထွက်လေ ဝင်လေကို ဘာကြောင့် ကာယသင်္ခါရလို့ ခေါ်သလဲ မေးတော့၊ ထွက်လေ ဝင်လေဟာ ကိုယ်၌ ဖြစ်တယ်၊ ကိုယ်နှင့် စပ်တယ်၊ ဒါကြောင့် ထွက်လေ ဝင်လေကို ကာယသင်္ခါရ ဟုတ်လား၊ ပထမစိတ်က စိတ်ကူးကြံစည်ပြီးမှ နှုတ်ကထွက်ပြီး စကားပြောရတယ်၊ စိတ်ကူးတာ ဝိတက်၊ ကြံစည်တာ ဝိစာရ၊ အဲဒီဝိတက် ဝိစာရ နှစ်ပါး အရင်းခံပြီးတော့မှ စကားပြောရသည် ဖြစ်သောကြောင့်၊ ဝိတက် ဝိစာရကို ဝစီသင်္ခါရလို့ခေါ် တယ်၊ ဝေဒနာ သညာ စိတ္တသင်္ခါရ၊ ဝေဒနာ သညာ ဆို တဲ့တရားဟာ စိတ်၌တည်တယ်၊ စိတ်နှင့်စပ်တယ်၊ အေး

ဒါကြောင့် ဝေဒနာ သညာ နှစ်ပါးကို စိတ္တသင်္ခါရ ခေါ်တယ်နော်၊ ဒီတော့ ကာယသင်္ခါရလဲ နားလည်ပြီ၊ ဝစီသင်္ခါရလဲ နားလည်ပြီ၊ စိတ္တသင်္ခါရလဲ နားလည်ပြီ၊ သုံးပါးစလုံး နားလည်ပြီ၊ သူတို့နှစ်ယောက် အမေး အဖြေ လုပ်ကြတာ၊ ဒီတော့ ဝေဒနာ သညာ ချုပ်ငြိမ်းရာဖြစ်တဲ့ နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်၏စိတ်မှာ ဘယ်လိုမျိုးဖြစ်ပါသလဲ၊ နိရောဓသမာပတ် ဝင်စားတာကို မေးချင်လို့ဆက်တာ၊ ဒကာဝိသာခ ရေ၊ နိရောဓသမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်က၊ ငါ နိရောဓသမာပတ် ဝင်စားအံ့မယ်၊ ငါ နိရောဓသမာပတ် ဝင်စားနေတယ်၊ ငါ နိရောဓသမာပတ် ဝင်စားပြီးပြီလို့၊ နိရောဓသမာပတ်ဝင်စားနေတဲ့ ပုဂ္ဂိုလ်က ဒီလိုစိတ်မရှိဘူး၊ ဘယ်လိုသိသလဲဆိုတော့၊ နိရောဓသမာပတ် မဝင်စားမီ ရှေ့အဘို့က နိရောဓသမာပတ် ဝင်စားဘို့ရာ စိတ်ကိုဆောက်တည်ရတယ်၊ နိရောဓသမာပတ် ဝင်စားနေတဲ့ အတောအတွင်းမှာ အဲဒီလိုစိတ်တွေ မဖြစ်စကောင်းဘူးတဲ့၊နိရောဓသမာပတ်ဟာ၊ အနာဂါမ် ရဟန္တာတို့နဲ့ ပတ်သက်လို့သူတို့ နှစ်ဦးစလုံးနှင့်ဆိုင်သော အမေး၊ ဒါဖြင့် ဟုတ်ပါပြီ အရှင်မ၊ နိရောဓသမာပတ် ဝင်စားတဲ့ ပုဂ္ဂိုလ်မှာ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရဆိုတဲ့ တရားသုံးပါးဟာ၊ ဘယ်သူက အရင်ချုပ်ပါသလဲတဲ့၊ တခါဆက်ပြီးမေးပြန်တယ်။ မေးပြန်တော့၊ နိရောဓသမာပတ် ဝင်စားတဲ့ ပုဂ္ဂိုလ်က၊ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်စသည်ဖြင့်၊ ဈာန် အစဉ်အတိုင်း

ဝင်စားပြီးမှ၊ နိရောဓသမာပတ် ဝင်စားလို့ ရတာကို၊ ဒီတော့ ဒုတိယစျာန်ကတဲ့က ဝိတက် ဝိစာရချုပ်သွားပြီ၊ စတုတ္ထစျာန်ကျတော့၊ ထွက်လေ ဝင်လေ ချုပ်ပြီ ဒီတော့ ဝစီသင်္ခါရက စချုပ်တယ် ဒကာ ဝိသာခ ရေတဲ့၊ ဝစီသင်္ခါရချုပ်ပြီးတော့မှ၊ ထွက်လေ ဝင်လေဆိုတဲ့ ကာယသင်္ခါရ ချုပ်တယ်။ နောက်ဆုံးပိတ်မှ ဝေဒနာ သညာ ဆိုတဲ့ စိတ္တသင်္ခါရ ချုပ်တယ်တဲ့ ဟုတ်လား၊ ဒီတော့ ကောင်းလိုက်တာ အရှင်မရယ်၊ သိပါပြီ၊ ရှေ့ကို နိရောဓသမာပတ်မှ ထတဲ့ ပုဂ္ဂိုလ်များ ဘယ်လို ဖြစ်ပါသလဲ တခါမေးပြန်တယ်၊ နိရောဓ သမာပတ်မှ ထတဲ့ ပုဂ္ဂိုလ်မှာ၊ ငါ နိရောဓသမာပတ်မှ ထ,တော့မယ်၊ ငါ နိရောဓသမာပတ်မှ ထပြီ၊ ငါ နိရောဓသမာပတ်မှ ထပြီးပြီလို့ ဒီလိုစိတ်မရှိဘူးတဲ့၊ မဝင်စားမီ ရှေ့အဘို့ကတော့ ဝင်စားမယ်၊ ဘယ်တော့ ထမယ်လို့ စိတ်ကို ဆုံးဖြတ်ခြင်း ရှိတယ်တဲ့၊ ဆုံးဖြတ်ပြီးသားဖြစ်နေတော့ ဝင်စားတဲ့ အခါမှာ၊ ဒီစိတ်တွေ မဖြစ်စကောင်းပါဘူးတဲ့။ ဒါဖြင့် ဟုတ်ပါပြီ အရှင်မ၊ နိရောဓသမာပတ်မှ ထတဲ့ ပုဂ္ဂိုလ်မှာ သင်္ခါရ သုံးပါးတို့တွင် ဘယ် သင်္ခါရက ရှေးဦးစွာ ဖြစ်ပါသလဲတဲ့၊ ချုပ်တုန်းကတော့ ဝစီသင်္ခါရက ချုပ်တယ်၊ ပြီးတော့ ကာယသင်္ခါရက ချုပ်တယ်၊ ပြီးတော့ စိတ္တသင်္ခါရက ချုပ်တယ်ဆိုတာ အစဉ်အတိုင်း မှတ်မိပါပြီ တဲ့၊ ထ,တဲ့ပုဂ္ဂိုလ်မှာ ဘယ်သင်္ခါရက စပြီးဖြစ်ပါသလဲ လို့ မေးပြန်တယ်။ ထ,တဲ့ အခါ ကျတော့၊ ဝေဒနာ သညာ ဆိုတဲ့ စိတ္တသင်္ခါရက စ၍ဖြစ်တယ်၊ စိတ္တသင်္ခါရ'

ဖြစ်ပြီးတဲ့ နောက်မှ ထွက်လေ ဝင်လေ ဆိုတဲ့ ကာယ သင်္ခါရ ဖြစ်တယ်၊ ထွက်လေ ဝင်လေဆိုတဲ့ ကာယသင်္ခါရ ဖြစ်ပြီးတဲ့နောက်မှ၊ ဝိတက် ဝိစာရဆိုတဲ့ ဝစီသင်္ခါရဖြစ် တယ်၊ ဒီတော့ ဝင်စားတဲ့အခါမှာ အစဉ်အတိုင်းချုပ် ပုံ၊ ထတဲ့အခါမှာ အစဉ်အတိုင်းထပုံ၊ ဒီသင်္ခါရ သုံးပါး ချုပ်ပုံ၊ ထပုံကိုမေးချင်လို့ သင်္ခါရဘယ်နှစ်ပါး ရှိသလဲ လို့ချီတာ၊ ဒီလိုမဟုတ်လား၊ (ဟုတ်ပါသည်ဘုရား။)လက် တွေ့ ပုဂ္ဂိုလ်ချင်း မေးကြတာနော်၊ နောက် နိရောဓ သ မာပတ်က ထတဲ့ ပုဂ္ဂိုလ်မှာ ဖဿ ဘယ်နှစ်ပါး ဖြစ်ပါသ လဲ လို့ ဆက်မေးပြန်တော့၊ သုညတဖဿ၊ အနိမိတ္တ ဖဿ၊ အပဏိဟိတဖဿ ဆိုတဲ့ ဖဿ သုံးမျိုးနဲ့ တွေ့တယ် တဲ့၊ ဒါဖြင့် နိရောဓသမာပတ်မှ ထသောပုဂ္ဂိုလ်ရဲ့ စိတ် သည် ဘယ်သို့ ညွှတ်တယ်၊ ဘယ်သို့ ကိုင်းတယ်၊ ဘယ်သို့ ရှိုင်းတယ်လို့ ဆိုရပါမလဲ၊ နိရောဓသမာပတ်မှ ထတဲ့ ပုဂ္ဂိုလ်၏စိတ်သည် နိရုပဓိ ဖြစ်တဲ့ နိဗ္ဗာန်သို့ညွှတ်တယ်၊ နိဗ္ဗာန်သို့ကိုင်းတယ်၊ နိဗ္ဗာန်သို့ ရှိုင်းတယ်၊ နိရောဓ သ မာပတ်မှထသော ပုဂ္ဂိုလ်၏စိတ်သည် နိဗ္ဗာန်ကို အာရုံပြု ပြီး ထတယ်တဲ့ ဟုတ်လား။ အဲဒီတော့ အနာဂါမ်ပုဂ္ဂိုလ် အဖြစ်နဲ့ ဆိုင်တဲ့ အမေးအဖြေ ပြီးသွားပြီ။ ပြီးတော့မှ ရဟန္တာအဖြစ်နဲ့ ဆိုင်တဲ့ မေးခွန်းကို မေးချင်လို့၊ တ ခါ ဘယ်ကစပြန်သလဲ ဆိုတော့၊ ဝေဒနာက စပြန်တယ်၊ အရှင်မ–ဝေဒနာ ဘယ်နှစ်ပါးရှိပါသလဲတဲ့ ဟုတ်လား။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာ လို့၊ ဝေဒနာ သုံးပါးရှိတယ်၊ ဒကာဝိသာခ ရေတဲ့။ ဝေဒနာ

သုံးပါး တွေ့သိပါပြီ အရှင်မ၊ သုခ ဝေဒနာသည် အဘယ်ကဲ့သို့သော ချမ်းသာ ဆင်းရဲ၊ ဒုက္ခဝေဒနာသည် အဘယ်ကဲ့သို့သော ချမ်းသာ ဆင်းရဲ၊ အဒုက္ခမသုခဝေဒနာသည် အဘယ်ကဲ့သို့သော ချမ်းသာ ဆင်းရဲ ရှိပါသလဲလို့ တခါဆက်ပြီး မေးပြန်တယ်။ ဒကာ ဝိသာခရေ၊ သုခဝေဒနာမှာ ဌိတိသုခ၊ ဝိပရိဏာမ ဒုက္ခရှိတယ်၊ သုခဝေဒနာ ဆိုတာ တည်နေတုန်း ချမ်းသာတယ်၊ ပျက်စီးသွားရင် ဆင်းရဲတယ်၊ ဒုက္ခဝေဒနာကော၊ အဘယ်ချမ်းသာ အဘယ်ဆင်းရဲရှိပါသလဲ မေးတော့ ဌိတိဒုက္ခ၊ ဝိပရိဏာမ သုခ ရှိတယ်၊ ဒုက္ခဝေဒနာသည် တည်နေတုန်း ဆင်းရဲတယ်၊ ပျက်သွားတော့ ချမ်းသာတယ်။ ဒီတော့ သုခဝေဒနာနဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်များက သတိထားကြဘို့ပေါ့၊ ခုနေတော့ ချမ်းသာနေတာဘဲနော်၊ ဒီ သုခဝေဒနာဟာ တနေ့ကျတော့၊ ဧကန္တ ပျက်စီးမယ်၊ ပျက်တော့ ချမ်းသာပါ့အုံးမလား၊ ချွေးရှူးကိုက်ခံရမဲ့လူဟာ၊ အသိသာကြီး၊ ယောင်ကလေး ငုတ်စိငုတ်စိဆိုတာလိုဘဲ၊ ဆင်းရဲတွေ့ချင်တဲ့လူဟာ ချမ်းသာတာက စတယ်နော်၊ အဲဒါသတိထားကြပါ။ ဒီချမ်းသာကြီးဟာ ဘယ်တော့မှ မပျောက်မပျက်နိုင်တော့ဘူးလို့ စိတ်မှာ စွဲမနေကြပါနဲ့၊ ဒီလိုမဟုတ်လား၊ အေးဒါဖြင့်၊ ဒုက္ခတွေ့နေတဲ့လူကလဲ၊ ဒုက္ခတွေ့နေတာဟာ သုခတွေ့ဘို့ဘဲလို့ အားတက်စမ်းပါ၊ အားမတက်ထိုက်ကြဘူးလား၊ အေး ဒါဖြင့်၊ အဒုက္ခမသုခ ခေါ်တဲ့ ဥပေက္ခာဝေဒနာက၊ အဘယ် ချမ်းသာ၊ အဘယ်ဆင်းရဲရှိပါသလဲလို့ မေးတော့၊ အညာဏ ဒုက္ခ၊

ဉာဏသုခ၊ ဥပေက္ခာဝေဒနာဟာ၊ မသိရင် ဆင်းရဲ၊ သိရင် ချမ်းသာတယ်၊ ဒီလိုမဟုတ်လား။

အဲဒီတော့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခ ဝေဒနာ ဟူသော ဝေဒနာ၏ ချမ်းသာဆင်းရဲကို ဘယ်သူကဖြေတယ်၊ ဓမ္မဒိန္နာထေရီမက ဖြေတယ်၊ အေး ဓမ္မဒိန္နာ ထေရီမက ဖြေတယ်နော်၊ ကောင်းလိုက်တာ အရှင်မရယ် ရှေ့ဆက်ပြီး မေးစမ်းပါရစေအုံးတဲ့၊ (ကြံသကာ ဘသောင်း များ ဖြစ် နေသ လား၊ မသိဘူး။) ဝိသာခ သဌေးက အင်မတန် လျှာရှည်တာ၊ ရှေ့ဆက်ပြီး တက်တက်မေးပြန်တယ်၊ ဘာလဲဆိုတော့၊ သုခဝေဒနာမှာ အဘယ် အနုသယကိန်းပါသလဲ၊ ဒုက္ခဝေဒနာမှာ အဘယ် အနုသယကိန်းပါသလဲ။ အဒုက္ခမသုခဝေဒနာမှာ အဘယ် အနုသယကိန်းပါသလဲ၊ အနုသယ ကိန်းပုံကို ဆက်မေးပြန်တယ်၊ ဒကာ ဝိသာခရေ၊ သုခဝေဒနာမှာ ရာဂါနုသယကိန်း သကွဲ့၊ ဒုက္ခ ဝေဒနာမှာ ပဋိဃာနုသယကိန်းသကွဲ့၊ အဒုက္ခမသုခ ဝေဒနာမှာ အဝိဇ္ဇာနုသယကိန်း သကွဲ့လို့ ဘယ်သူက ဖြေတယ်၊ ဓမ္မဒိန္နာထေရီမကဖြေတယ်၊ ဒါဖြင့် အလုံးစုံသော သုခဝေဒနာ၊ အလုံးစုံသော ဒုက္ခဝေဒနာ၊ အလုံးစုံသော အဒုက္ခမသုခ ဝေဒနာ တိုင်းမှာ၊ ရာဂါနုသယ၊ ပဋိဃာနုသယ၊ အဝိဇ္ဇာနုသယ ကိန်းပါသလားလို့ ဆက်မေးပြန်တယ်၊ အလုံးစုံတော့ မကိန်းပါဘူးဟေ့၊ သုခဝေဒနာတိုင်း ရာဂါနုသယ၊ ဒုက္ခဝေဒနာတိုင်း ပဋိဃာနုသယ၊ အဒုက္ခမသုခ ဝေဒနာတိုင်း အဝိဇ္ဇာနုသယ မကိန်းပါဘူးတဲ့ နော်။

ပြီးတော့ ရှေ့ဆက်ပြီး မေးပြန်တာက၊ သုခဝေဒနာမှာ ဘာကို ပယ်ရမှာလဲ၊ သုခကို ပယ်ရမှာလား၊ ကိန်းတဲ့ အနုသယကို ပယ်ရမှာလား၊ ဒုက္ခဝေဒနာမှာ ဘာကို ပယ်ရမှာလဲ၊ ဒုက္ခကို ပယ်ရမှာလား၊ ကိန်းတဲ့အနုသယကို ပယ်ရမှာလားလို့ မေးပြန်တယ်၊ မေးပြန်တော့ ဘယ့်နှယ် ဖြေတယ်၊ သုခကို သိအောင် လုပ်၍ သုခမှာကိန်းတဲ့ အနုသသကို ပယ်ရမယ်၊ သုခမှာ အနုသယကိန်းတော့၊ ဒီသုခကိုမသိဘဲနဲ့ ကိန်းတဲ့ အနုသယကို ပယ်နိုင်ပါမလား၊ ဒီတော့ သုခကိုသိအောင်လုပ်၍-သုခမှာကိန်းတဲ့ ရာဂါနုသယကို ပယ်ရမယ်၊ (မှန်ပါဘုရား။) ဒုက္ခကိုသိအောင်လုပ်၍၊ ဒုက္ခမှာကိန်းတဲ့ ပဋိဃာနုသယကို ပယ်ပါတဲ့၊ (မှန်ပါ ဘုရား။) အဒုက္ခမသုခ ဝေဒနာ၊ ဥပေက္ခာကို သိအောင်လုပ်၍ ဥပေက္ခာမှာ ကိန်းတဲ့ အဝိဇ္ဇာနုသယကို ပယ်ပါလို့၊ ဒီလိုဖြေတယ်မဟုတ်လား၊ ဘယ်လောက် ကောင်းသလဲ၊ အားကြီး ကောင်းလိုက်တာ။ ကိုယ့်တရား ကိုယ်သိပ်ကောင်းနေတာဘဲ၊ သူများတော့ ကောင်းလား မကောင်းလား မသိဘူး၊ ဒါဖြင့် အရှင်မ အသုံးစုံသော သုခဝေဒနာမှာ ကိန်းတဲ့ ရာဂါနုသယကိုပယ်ရမှာလား၊ အလုံးစုံသော ဒုက္ခဝေဒနာမှာ ကိန်းတဲ့ ပဋိဃာနုသယ ကို ပယ်ရမှာလား၊ အလုံးစုံသော အဒုက္ခမသုခ ဝေဒနာမှာ ကိန်းတဲ့ အဝိဇ္ဇာနုသယကိုပယ်ရမှာလားလို့ တဆင့်တက်မေးပြန်တော့၊

အာဝုသော ဝိသာခ၊ ဒကာ ဝိသာခ။ သဝိတက္ကံ၊ ဝိတက်နှင့် တကွလည်းဖြစ်သော။ သဝိစာရံ၊ ဝိစာရ

နှင့် တကွလည်း ဖြစ်သော။ ဝိဝေကဇံ၊ နီဝရဏ တို့၏ ကင်းခြင်းကြောင့် ဖြစ်သော။ ပီတိသုခံ၊ ပီတိသုခ နှင့် ပြည့်စုံသော။ ပထမဈာနံ၊ ပထမဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဘိက္ခု၊ ရဟန်း တပါးသည်။ ဝိဟရတိ၊ နေ၏။ ရဟန်းတပါးသည် ပထမဈာန် ဝင်စားနေတယ် ဆိုပါတော့၊ အဲဒီ ပထမဈာန်နဲ့ ရာဂကို ပယ်ထားတယ်၊ ထိုပထမဈာန်၌ ရာဂါနုသယ ကိန်းခွင့်မရဘူး၊ ဒီပထမဈာန်မှာ ပီတိသုခ တော့ ရှိတယ်၊ သို့ပေမယ်လို့၊ ဒီပထမဈာန်ဝင်စားနေတဲ့ ပုဂ္ဂိုလ်မှာ ရာဂါနုသယ မကိန်းဘူး လို့မှတ်လိုက်ပါတဲ့နော်၊ (မှန်ပါဘုရား။) ဒါဖြင့် တပါးသောရဟန်းသည်၊ အရိယာပုဂ္ဂိုလ်များ၊ နိဗ္ဗာန် ဟူသော အာရုံကို ချဉ်းကပ်၍ နေတော်မူနိုင်ကြတယ်၊ ငါသည် အဘယ်အခါကျမှ နိဗ္ဗာန်တည်းဟူသော အာရုံကို အာရုံပြု၍ နေနိုင်ပါမလဲလို့၊ နိဗ္ဗာန်ကိုအာရုံပြုနေချင်တဲ့ ဆန္ဒအားကြီးတယ်၊ အနုတ္တရဝိမောက္ခ၊ လောကုတ္တရာဖြစ်တဲ့ တရားတို့၌၊ အလွန်လိုချင်ခြင်းကြီးနေတယ်၊ မဂ်လေးပါး ဖိုလ်လေးပါး၊ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာကို လိုချင်တဲ့ စိတ်ဓါတ်ပြင်းထန်နေတယ်၊ (မှန်ပါဘုရား။) ပြင်းထန်နေတော့၊ ဒီပုဂ္ဂိုလ်ဟာ စိတ်မချမ်းသာဘူးတဲ့၊ မရနိုင်ဘူးဟေ့၊ စိတ်ညစ်လိုက်ထာ၊ တရားကလဲမရ၊ တရားကလဲ လိုချင်လှပေါ့၊ အဲဒါလို အနုတ္တရ ဝိမောက္ခ ဖြစ်သော တရားကို အကြောင်းပြု၍ စိတ်မချမ်းသာမှု ဖြစ်နေတဲ့ ပုဂ္ဂိုလ်သည် အဲဒီစိတ်မချမ်းသာမှုနှင့် ပဋိဃ ကို ပယ်၍ ထားတယ်။ စိတ်မချမ်းသာမှု ဖြစ်နေပေမယ်လို့ ဘယ်သူ့

ကိုမှ ထိခိုက်စေခြင်းမဖြစ်ဘူး။ အဲဒါကြောင့် လောကုတ္တ ရာ တရားကို လိုချင်တဲ့ စိတ်မချမ်းသာမှုဟာ၊ ပဋိဃာနုသ ယ ကို ပယ်ထားပါတယ်တဲ့၊ အဲဒီ စိတ်မချမ်းသာမှုမှာ ပဋိဃာနုသယ ကိန်းခွင့်မရပါဘူး၊ ဒီတော့ ဒုက္ခတိုင်းလဲ ပဋိဃာနုသယ မကိန်းပါဘူးတဲ့၊ အဒုက္ခမသုခ၊ ဟုတ် လား။ သုခဿ စ၊ သုခကိုလည်း။ ပဟာနာ၊ ပယ်ခြင်း ကြောင့်။ ဒုက္ခဿ စ၊ ဒုက္ခကိုလည်း။ ပဟာနာ၊ ပယ်ခြင်း ကြောင့်။ အဒုက္ခမသုခံ၊ ဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော။ ဥပေက္ခာသတိ ပါရိသုဒ္ဓိံ၊ ဥပေက္ခာ သည် ဖြစ်စေအပ်သော သတိ၏ စင်ကြယ်ခြင်းရှိသော။ စတုတ္ထ ဈာနံ၊ စတုတ္ထဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။ ရဟန်း တပါးသည်။ ဝိဟရတိ၊ နေ၏။ ရဟန်းတပါးဟာ စတုတ္ထဈာန်ဝင်စားနေတယ် ဒကာရဲ့၊ အဲဒီ စတုတ္ထဈာန် ဝင်စားနေတော့၊ စတုတ္ထဈာန်က ဘာ ဝေဒနာလဲ ဆို တော့။ အဒုက္ခမသုခဝေဒနာ ဟုတ်လား၊ အဲဒီစတုတ္ထ ဈာန်နဲ့ အဝိဇ္ဇာကိုပယ်ထားတယ်၊ ဒီစတုတ္ထဈာန်ဝင်စား နေခိုက်မှာ၊ အဝိဇ္ဇာနုသယ ကိန်းခွင့် မရဘူးတဲ့။ ဒါ ကြောင့် သုခတိုင်း ရာဂါနုသယကိန်းတယ်။ ဒုက္ခ တိုင်း ပဋိဃာနုသယကိန်းတယ်။ အဒုက္ခမသုခ တိုင်း အဝိဇ္ဇာ နုသယ ကိန်းတယ်လို့ ဒီလိုမယူပါနဲ့တဲ့၊ (မှန်ပါဘုရား။) ရှေ့ဆက်ပြီး မေးပါရစေအုံးတဲ့၊ ဘယ်လို မေးသလဲ၊ သုခဝေဒနာသည် အဘယ်အဘို့ ရှိပါသနည်း။ ဒုက္ခဝေ ဒနာသည် အဘယ်အဘို့ ရှိပါသနည်း။ အဒုက္ခမသုခ ဝေဒနာသည် အဘယ်အဘို့ရှိပါသနည်းလို့ တခါဆက်

ပြီးတော့ မေးတယ်၊ ဒီတော့ သုခဝေဒနာသည် ဒုက္ခအဘို့ရှိ၏၊ သုခမှာ ဒုက္ခဘဲလမ်းဆုံးရှိတယ်။ ဒုက္ခဝေဒနာသည် သုခအဘို့ရှိ၏၊ ဒုက္ခမှာ သုခဘဲ လမ်းဆုံးရှိတယ်။ အဒုက္ခမသုခ ဝေဒနာသည် အဝိဇ္ဇာလမ်းဆုံးရှိ၏။ အဒုက္ခမသုခဝေဒနာမှာ အဝိဇ္ဇာအဘို့ရှိတယ်၊ ဒါဖြင့် အဝိဇ္ဇာက ကော ဘာအဘို့ရှိပါသလဲ အရှင်မဆိုတော့၊ အဝိဇ္ဇာက ဝိဇ္ဇာဉာဏ်ဖြစ်ခြင်း၏အကြောင်းဖြစ်တယ်၊ ဝိဇ္ဇာ အဘို့ရှိတယ်။ ဒါဖြင့် ဒီဝိဇ္ဇာဟာ ဘာအဘို့ ရှိပါသလဲ အရှင်မဆိုတော့၊ အဲဒီ ဝိဇ္ဇာဟာ ဝိမုတ္တိ၊ ကိလေသာမှ ကင်းလွတ်ခြင်း အဘို့ရှိတယ်။ ဝိမုတ္တိ ဟုတ်လား၊ အဲဒီ ဝိမုတ္တိက ဘာအဘို့ရှိသလဲလို့ မေးတော့၊ ဝိမုတ္တိက နိဗ္ဗာန်အဘို့ရှိတယ်လို့ ဆိုလိုက်တော့၊ နိဗ္ဗာန်ကကော ဘာအဘို့ရှိသလဲလို့ ဆက်မေးလိုက်တယ်။ အစ္စယာသိ အာဝုသော ဝိသာခ ပဉှံ၊ အာဝုသော ဝိသာခ၊ ဒကာဝိသာခ။ တွံ၊ သင်သည်။ ပဉှံ၊ မေးသင့်သော အမေးပုစ္ဆာကို။ အစ္စယာ၊ လွန်၍ သွားသည်။ အသိ၊ ဖြစ်၏။ သင်သိသလောက် မဟုတ်တော့ဘူး၊ ဗဟုသုတနဲ့ မေးနေတော့တာ၊ ဒါသင့်အရာမဟုတ်တော့ဘူး ဟုတ်လား၊ (မှန်ပါဘုရား။)ကိုယ်သိသလောက်ကိုမေးပါတဲ့၊ ဒီဗဟုသုတတွေနဲ့ လျှောက်မေးနေလို့ ဘယ်တော့ ကိစ္စဆုံးမှာလဲတဲ့၊ စင်စစ်အကျဉ်းချုပ်မှတ်ဘို့က၊ ဗြဟ္မစရိယ သာသနာတော်အကျင့်ဆိုတာ နိဗ္ဗာန်ဓါတ်သို့ အကျုံးဝင်သည်ဟု မှတ်ပါတဲ့။

နိဗ္ဗာန ပရာယနံ၊ နိဗ္ဗာန်သည်ပင်လည်းလျှောင်းရာရှိ

သည်ဟုမှတ်ပါ၊ နိဗ္ဗာန ပရိယောသာနံ၊ နိဗ္ဗာန်သာလျှင် အဆုံးရှိသည်ဟုမှတ်ပါတဲ့။ ဟုတ်လား၊ ငါဖြေတာတွေကို မကြေနပ်သေးရင် ဘုန်းတော်ကြီးသောမြတ်စွာဘုရားထံသို့သွား၍ မေးလျှောက်ပါ၊ မြတ်စွာဘုရားဖြေတော်မူသည့်အတိုင်း သင်ဒကာ မှတ်ပါလေ။ အဲဒီလို ဓမ္မဒိန္နာထေရီမက ပြောလိုက်တော့မှ ဓမ္မဒိန္နာထေရီမကို ရှိသေစွာ သေသေချာချာရှိခိုးပြီး ထသွားပြီးနောက် မြတ်စွာဘုရားကျောင်းတော်သို့ တခါထဲသွားတယ်၊ ဒီအခါ မြတ်စွာဘုရားက အဘယ်မှာလဲ၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေတဲ့အခိုက်၊ ဝိသာခသဌေးဟာ ဘယ်သွားတယ်၊ မြတ်စွာဘုရား သီတင်းသုံးနေတော်မူတဲ့၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသွားသတဲ့၊ သွားလို့ မြတ်စွာဘုရားအနား ရောက်တဲ့အခါကျတော့၊ တပည့်တော်သည် ဓမ္မဒိန္နာထေရီမနဲ့ အမေးအဖြေလုပ်ခဲ့ပါတယ်ဘုရား၊ တပည့်တော်က ဒီလိုမေးပါတယ်ဘုရား၊ ဓမ္မဒိန္နာထေရီမက ဒီလိုဖြေပါတယ်ဘုရားလို့၊ အဲဒီလို မြတ်စွာဘုရားကို လျှောက်တော့။ ဝိသာခ၊ ဝိသာခ။ ဓမ္မဒိန္နာ၊ ဓမ္မဒိန္နာ အမည်ရှိသော ချစ်သမီးသည်။ ပဏ္ဍိတာ၊ ပညာရှိပါပေ၏။ ငါ၏ ချစ်သမီးသည် ပညာရှိ၏၊ ငါ၏ချစ်သမီးသည် အလွန်ပညာကြီးမားပေ၏၊ အကယ်၍ ငါ့ကို ဒီပုစ္ဆာမေးခဲ့သော် ယခု ဓမ္မဒိန္နာဖြေတဲ့အတိုင်း ငါလဲ ဖြေရမှာဘဲတဲ့၊ အထူး ငါမပြောလိုတော့ဘူး၊ ဓမ္မဒိန္နာ ဖြေတဲ့အတိုင်းသာ ဒကာဝိသာခ မှတ်ပေတော့လို့ မြတ်စွာဘုရား မိန့်တော်မူလိုက်သတဲ့၊

အဲဒီ ပုစ္ဆာ ပြဿနာ အမေးနဲ့ အဖြေကို ရူဠဝေဒလ္လ သုတ်လို့ ခေါ်တယ်၊ အဲဒီ ရူဠဝေဒလ္လ သုတ်ကို အကြောင်းပြု၍ နောက်အခါ ဘိက္ခုနီမတွေ တေဒဂ် အစဉ် အတိုင်း ထားတဲ့အခါ၊ ခေမာကို ပညာအရာမှာ တေဒဂ်ထားတယ်၊ ဥပ္ပလဝဏ်ကို တန်ခိုးအရာမှာ တေဒဂ် ထားတယ်၊ ပဋာစာရီကို ဝိနည်း အရာမှာ တေဒဂ် ထားတယ်၊ ဓမ္မဒိန္နာကို ဓမ္မကထိက အရာမှာ တေဒဂ် ထားသတဲ့ ဟုတ်လား၊ ဝိသာခ သဌေးနဲ့၊ ဓမ္မဒိန္နာ အမေးအဖြေ လုပ်ကြတဲ့၊ ရူဠဝေဒလ္လ သုတ်ကို အကြောင်းပြု၍ ဘုရားကိုယ်တော်မြတ်က ဘာကိုတေဒဂ် ထားတော်မူသတဲ့၊ ဓမ္မဒိန္နာကို ဓမ္မကထိက အရာမှာ တေဒဂ် ထားတော်မူသတဲ့ ဟုတ်လား၊

ဓမ္မဒိန္နာထေရီမသည် ဝိသာခသဌေး အနာဂါမ်ဖြစ်စဉ် အခါက ငါတော့ အိမ်ကိစ္စကို မကြည့်လိုတော့ဘူး၊ ရှိသမျှ အိမ်ကိစ္စကို မင်းဘဲ အုပ်စိုးပြီးတော့ ကြည့်ရှုပြီး မင်းအလိုရှိသလို စီမံပါတော့လို့၊ ဝိသာခသဌေးက ခွင့်မပြုဘူးလား၊ ခွင့်ပြုလိုက်တဲ့အခါကျတော့ သူဟာ သာမညမိန်းမဆိုရင် စံနံဘီးကြီးလုပ်ပြီးစိုက်မယ်၊ စိန်နားကပ်ကြီးဝင်းဝင်းတောက်အောင်ပန်မယ် ဟုတ်လား၊ စိန်လက်ကောက်တွေဝယ်မယ်၊ ရွှေသံကြိုးကြီးနဲ့ ဆွဲပြားကြီးဝတ်မယ်၊ ငါ့အရွယ်လဲ ငယ်သေးတယ်၊ ရွှေခြေချင်းကြီးကို ဖနောင့်ခွင်ကျဝတ်မယ်၊ မော်မယ် ကြွားမယ်လို့ စိတ်ကူးတွေဖြစ်မနေနိုင်ဘူးလား၊ အဲဒီလို မော်ကြွားပြီးတဲ့အခါ၊ ငါ့အလိုရှိတဲ့ ယောကျ်ားတယောက် ခေါင်းခေါက် ယူမယ်၊

ဒီလိုသဘော မဖြစ်နိုင်ဘူးလား၊ (ဖြစ်နိုင်ပါတယ်ဘုရား။) ဒီစိတ်တွေမဖြစ်စေဘဲနဲ့၊ ငါသည် လောကီအာရုံ- ကာမဂုဏ်တို့ကို မလိုက်တော့ဘူး၊ သာသနာ့ဝန်ထမ်း ရဟန်းမိန်းမ ပြုတော့မယ်ဟဲ့ဆိုပြီးတော့၊ စိတ်နှလုံးကို ဒုန်းဒုန်းချပြီး ဆုံးဖြတ်လိုက်တယ်၊ ဒါ အတ္တသမ္မာပဏိဓိစက်မဟုတ်လား **နော်**၊ လောကဘက်ကို ငါ မလိုက်စားတော့ဘူး၊ **သာမညမိန်းမဆိုရင် လွဲသွားမှာပေါ့၊** နည်းတဲ့ပစ္စည်းမှ မဟုတ်ဘဲနဲ့ ဟုတ်လား (မှန်ပါဘုရား။) အိမ်ထောင်မပြုတောင်မှ မော်မော် ကြွားကြွား ဝတ်စားနေမှာပေါ့၊ အရာရာမှာ သူ့ပါချင်မှာပေါ့၊ စိန်နားကပ်ကြီးတပြောင်ပြောင်နဲ့။ အဲဒီအထဲမှာ ငါမတိုးလိုတော့ဘူး၊ ရဟန်းမိန်းမ ပြုတော့မယ်လို့ဆိုပြီးတော့ ကိုယ့်စိတ်နှလုံးကို ဒုန်းဒုန်းချ ဆုံးဖြတ်လိုက်ခြင်းသည်၊ ဘာစက်၊ (အတ္တသမ္မာပဏိဓိ စက်ပါ ဘုရား၊)

ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်မှာ- ကတာဓိကာရ ပဒုမုတ္တရ မြတ်စွာဘုရား၏ လက်ဝဲတော်ရံဖြစ်တဲ့ အရှင် သုဇာတ မထေရ်ထံမှာ၊ ကုသိုလ်ကောင်းမှု အကြီး အကျယ် ပြုပြီးတော့၊ ဓမ္မကထိကရာထူးကို ဆုတောင်းခဲ့တယ်၊ (မှန်ပါဘုရား။) နောက် ၉၁ ကမ္ဘာထက်က၊ ဖုဿမြတ်စွာဘုရား ပွင့်တော်မူတော့ကာ၊ တခုတောင်းရင် နှစ်ခုပေးတယ်၊ နှစ်ခုတောင်းရင် လေးခုပေးတယ်၊ ဖုဿမြတ်စွာဘုရားလက်ထက်မှာ သဒ္ဓါတရား ကောင်းပုံ၊ ဒီလူက တခုပေးပါဆိုရင် နှစ်ခုပေးလိုက်တာဘဲ၊ နှစ်ခုပေးပါဆိုရင် လေးခုပေးလိုက်တာဘဲ၊

ဖုသမြတ်စွာဘုရား လက်ထက်မှာ လူဖြစ်တုန်းက သဒ္ဓါ တရား အလွန် မထက်မြက်ဘူးလား၊ (ထက်မြက်ပါတယ် ဘုရား။) ဒီတော့ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်က မြတ်စွာဘုရားကို ဖူးမျှော်ခဲ့ရတာ တကြိမ်၊ ဖုသမြတ်စွာ ဘုရားလက်ထက်က မြတ်စွာဘုရားကို ဖူးမျှော်ခဲ့ရတာ တကြိမ်၊ ဖူးရရုံမျှမကဘူး နော်၊ ကုသိုလ်ကောင်းမှုတို့ လဲ အလွန်အကဲ ပြုခဲ့ရတယ်။ ကဿပ မြတ်စွာဘုရား လက်ထက်ကျတော့ ကိကီ မင်းကြီး၏ သွီးတော် ခုနစ် ယောက်ဘို့တွင် ဓမ္မဒိန္နာ တယောက် အပါအဝင်ဖြစ် တယ်၊ သွီးတော် ခုနစ်ယောက်တို့က ကျောင်းတိုက်ကြီး တည်ပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို အနှစ် နှစ်သောင်းကာလတိုင်အောင် လုပ်ကျွေးခဲ့တယ်၊ ဒီအခါ တုန်းက အိမ်ထောင် မပြုခဲ့ကြဘူး၊ အပျိုကြီးတွေ၊ အဲဒီ တုန်းက ကုသိုလ်ကောင်းမှုတွေ အကြီးအကျယ်မလုပ်ခဲ့ဘူး လား။ ဒီတော့ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်က လုပ်ခဲ့တဲ့ ကတပုညတာ။ ဖုသမြတ်စွာဘုရား လက်ထက် က လုပ်ခဲ့တဲ့ ကတပုညတာ။ ကဿပမြတ်စွာဘုရားလက် ထက်ကလုပ်ခဲ့တဲ့ ကတပုညတာ။ အဲဒီတော့ ဓမ္မဒိန္နာ ထေရီမဟာ၊ ပုဗ္ဗေကတပုညတာ မင်္ဂလာ နဲ့ ပြည့်စုံတဲ့ မိန်းမ မဟုတ်လား။ အတ္တသမ္မာပဏိဓိ မင်္ဂလာနဲ့ လဲပြည့် စုံတယ်၊ ပြီးတော့ သူနေတဲ့အရပ်က မြတ်စွာဘုရား သီ တင်းသုံးရာ ရာဇဂြိုဟ်ပြည်ကြီးမှာ နေတယ်၊ ပတိရူပ ဒေ သဝါသမင်္ဂလာ နဲ့ ကော မပြည့်စုံဘူးလား၊ (ပြည့်စုံပါ တယ်ဘုရား။) ဒီတော့ ဓမ္မဒိန္နာထေရီမ တယောက်နဲ့

ပဋိရူပ ဒေသဝါသမင်္ဂလာ၊ ပုဗ္ဗေကတပုညတာမင်္ဂလာ၊ အတ္တသမ္မာ ပဏိဓိ မင်္ဂလာ၊ မင်္ဂလာ နဲ့ ချည်း မပြည့်စုံ ဘူးလား၊ ( ပြည့်စုံပါတယ်ဘုရား။)

သူ့လောက် မပြည့်စုံသော်လဲ ဒို့လူစုတွေလဲ၊ အတ္တ သမ္မာပဏိဓိ၊ ယနေ့က စ၍ ငါသည် မကောင်းတာ မလုပ်တော့ဘူးလို့ ဆိုပြီး ဒီလို မိဋ္ဌာန်လိုက်ရင် အတ္တ သမ္မာပဏိဓိ စက် မပြည့်စုံနိုင်ဘူးလား၊ ( ပြည့်စုံနိုင်ပါ တယ် ဘုရား။) ယခု သာသနာတွင်းမှာ လူဖြစ်လာ လို့ တရားအားထုတ်နိုင်တာ၊ ပုဗ္ဗေကတပုညတာစက် မပါဘူးလို့ ဆိုနိုင်ပါမလား၊ (မဆိုနိုင်ပါဘူးဘုရား။) သာသနာထွန်းကားရာ မြောင်းမြမြို့ကြီးမှာနေကြရတော့၊ ပဋိရူပ ဒေသဝါသမင်္ဂလာ ကော မရှိဘူးလား၊ (ရှိပါ တယ်ဘုရား။) ဒါကြောင့်- တရားနာ ပရိသတ်တွေလဲ ပဋိရူပ ဒေသဝါသ မင်္ဂလာ၊ ပုဗ္ဗေကတပုညတာ မင်္ဂလာ၊ အတ္တမ္မသာပဏိဓိ မင်္ဂလာဆိုတဲ့ မင်္ဂလာ သုံးပါးနှင့် ပြည့် စုံနိုင်ကြပါစေသတည်း။....

သာဓု- သာဓု- သာဓုပါ ဘုရား။

၁၃၂၉-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်နေ့တွင်
မြောင်းမြမြို့ ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်၌ ကျေးဇူးရှင်
ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည် တပည့်တို့အား
ဟောကြား ဆုံးမတော်မူအပ်သော
မဟာသတိပဋ္ဌာနသုတ်

## ဝေဒနာ နုပဿနာ တရားတော်

ကာယဿ ဘေဒါ မဇ္ဈော၊
သဉ္ဈံ နောပေတိ ဝေဒဂူ။

မဇ္ဈော၊ နိဗ္ဗာန်၌ တည်သော ရဟန္တာပုဂ္ဂိုလ်သည်။ ဝေဒဂူ၊ အသိဉာဏ် လမ်းဆုံးသို့ ရောက်သော ရဟန္တာပုဂ္ဂိုလ်သည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်စီးရာမှ။ ပရံ၊ နောက်၌။ အနုပ္ပန္နတ္တာ၊ ဘယ်ဘုံဘယ်ဘဝမှ မရှိသောကြောင့်။ သဉ္ဈံ၊ လူ နတ် ဗြဟ္မာ သတ္တဝါဟူသော အရေအတွက်သို့။ နောပေတိ နဥပေတိ၊ မကပ်မရောက် ပေတော့သတည်း။

ယောဂီပုဂ္ဂိုလ်သည် ခံစားခြင်း ဝေဒနာတို့ကို ပိုင်းပိုင်း ခြားခြား သိခဲ့သည်ရှိသော်၊ ယခု ပစ္စက္ခမျက်မှောက်ဘဝမှာပင်လျှင် အာသဝေါ ကင်းသည်ဖြစ်၍ ရဟန္တာအဖြစ်သို့ ရောက်တယ်လို့ ဒီလိုဆိုတဲ့အဓိပ္ပါယ်ပါပဲ။

ဒီတော့ ဝေဒနာက အာရုံခံစားခြင်း၊ လက္ခဏာက အမှတ်အသား၊ ခံစားခြင်း လက္ခဏာ အားဖြင့် ဝေဒ

နာသည် တပါးတည်းသော လက္ခဏာရှိတယ်တဲ့၊ ဖဿက ဖုသနလက္ခဏာ၊ ဝေဒနာက ဝေဒယိတ လက္ခဏာ၊ သညာက သဉ္ဇာနန လက္ခဏာ၊ စေတနာက စေတယိတ လက္ခဏာ၊ အဲဒီလို စေတသိက် ၅၂-ပါးကို သူ့ လက္ခဏာနဲ့သူ ဒီလို ခေါ် ခေါ်သွားတော့၊ ဝေဒနာသည် ခံစားခြင်း ဝေဒယိတ လက္ခဏာအားဖြင့် တပါးတည်း ရှိသည်တဲ့၊ ဝေဒနာသည် ခံစားခြင်း ဝေဒယိတ လက္ခဏာ အားဖြင့် ဘယ်နှစ်ပါးရမယ်၊ ခံစားခြင်း ဝေဒယိတ လက္ခဏာအားဖြင့် တပါးတည်းသာရသည်၊ ခံစားခြင်း လက္ခဏာ အားဖြင့် တပါး တည်းသာ ရသော ဝေဒနာသည် ကိုယ်၌ဖြစ်သော ဝေဒနာ၊ စိတ်၌ဖြစ်သောဝေဒနာ လို့ အဲဒီလို ခွဲခြားလိုက်တော့ နှစ်ပါး ဖြစ်တယ်တဲ့၊ ကိုယ်၌ဖြစ်သောဝေဒနာက ကာယိကဝေဒနာ၊ စိတ်၌ဖြစ်သော ဝေဒနာက စေတသိက ဝေဒနာလို့ ဒီလို နှစ်မျိုး ပြားလာတယ်၊ ခံစားခြင်း လက္ခဏာအားဖြင့် တပါးတည်း ဖြစ်သော ဝေဒနာကို ပိုင်းပိုင်းခြားခြား သိတ္တိုရာ ဝေဒနာ အကြောင်းကို ပြောနေရတာ။

ပထမ ဝေဒယိတ ခံစားခြင်း လက္ခဏာရှိတဲ့ ဝေဒနာ တပါးတည်းပင်လျှင်၊ ကိုယ်၌ဖြစ်သော ဝေဒနာ၊ စိတ်၌ ဖြစ်သော ဝေဒနာ အားဖြင့် နှစ်ပါးဖြစ်လာသည်။ ၎င်း ကိုယ်၌ဖြစ်သော ဝေဒနာ၊ စိတ်၌ဖြစ်သော ဝေဒနာကလဲ ဘဲ၊ ခံစားပုံ အခြင်းအရာ၊ အနုဘဝန လက္ခဏာအားဖြင့် သုံးမျိုးလာပြန်တယ်တဲ့၊ ခံစားပုံအခြင်းအရာ အနုဘဝန လက္ခဏာအားဖြင့် ဘယ်နှစ်မျိုးလဲ၊ အဲဒီကျတော့ သုခဝေ

ဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာလို့ သုံးမျိုး၊ သုခဝေဒနာက ချမ်းသာ ခံစားခြင်း၊ ဒုက္ခဝေဒနာက ဆင်းရဲခံစားခြင်း၊ အဒုက္ခမသုခ ဝေဒနာက အလယ် အလပ် မဆင်းရဲ မချမ်းသာ ခံစားခြင်း၊ အဲဒါ ခံစားပုံ အခြင်းအရာ အနုဘဝန လက္ခဏာအားဖြင့် ဘယ်နှစ်ပါး လဲ-သုံးပါး၊ အေး ဒီတော့ ဝေဒနာ တပါး၊ ဝေဒနာ နှစ်ပါး၊ ဝေဒနာ သုံးပါး။

ခံစားခြင်း ဝေဒယိတ လက္ခဏာအားဖြင့် ဝေဒနာ တပါး၊ ကိုယ်၌ဖြစ်သော ဝေဒနာ၊ စိတ်၌ဖြစ်သော ဝေဒ နာအားဖြင့်နှစ်ပါး၊ ခံစားပုံအခြင်းအရာ၊ အနုဘဝနလက္ခ ဏာအားဖြင့် ချမ်းသာ ခံစားခြင်း၊ ဆင်းရဲ ခံစားခြင်း၊ မချမ်းသာ မဆင်းရဲ ခံစားခြင်းအားဖြင့် သုံးပါး၊ ပြီး တော့မှ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ ဒွါရခြောက်ပါး၊ အဲဒီ ဒွါရ ခြောက်ပါး မှာ မျက်စိ အတွေ့ကြောင့် ဖြစ်သောခံစားခြင်း တပါး၊ နားအတွေ့ ကြောင့်ဖြစ်သောခံစားခြင်း တပါး၊ နှာခေါင်း အတွေ့ ကြောင့်ဖြစ်သောခံစားခြင်း တပါး၊ လျှာအတွေ့ကြောင့် ဖြစ်သောခံစားခြင်း တပါး၊ ကိုယ်အတွေ့ကြောင့် ဖြစ် သောခံစားခြင်း တပါး၊ စိတ် အတွေ့ကြောင့်ဖြစ်သော ခံစားခြင်း တပါး။ အဲဒီလို ဒွါရ၏ အစွမ်း အားဖြင့် ဝေဒနာခြောက်ပါး ဖြစ်ပြန်သတဲ့၊ စက္ခုသံဖဿဇာ ဝေ ဒနာ၊ သောတသံဖဿဇာ ဝေဒနာ၊ ဃာန သံဖဿဇာ ဝေဒနာ၊ ဇိဝှါသံဖဿဇာ ဝေဒနာ၊ ကာယ သံဖဿဇာ ဝေဒနာ၊ မနော သံဖဿဇာ ဝေဒနာ၊ ဒီလို သုံးတယ်၊

တကယ်သိဘို့ကျတော့၊ မျက်စိ အတွေ့ကြောင့်ဖြစ်သော ခံစားခြင်း၊ နားအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း၊ နှာခေါင်း အတွေ့ကြောင့်ဖြစ်သော ခံစားခြင်း၊ လျှာ အတွေ့ကြောင့်ဖြစ်သော ခံစားခြင်း၊ ကိုယ် အတွေ့ကြောင့်ဖြစ်သော ခံစားခြင်း၊ စိတ် အတွေ့ကြောင့် ဖြစ်သော ခံစားခြင်း၊ အဲဒီ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန ဆိုတဲ့ ဒွါရ ခြောက်ပါးနဲ့ ခွဲခေါ်လိုက်ပြန်တော့၊ ဝေဒနာ ဘယ်နှစ်ပါးဖြစ်တယ်၊ ဝေဒနာ ခြောက်ပါး၊ အဲဒီ မျက်စိအတွေ့ ဝေဒနာ၊ နားအတွေ့ ဝေဒနာ၊ နှာခေါင်း အတွေ့ ဝေဒနာ၊ လျှာ အတွေ့ ဝေဒနာ၊ ကိုယ်အတွေ့ ဝေဒနာ၊ စိတ်အတွေ့ ဝေဒနာ ဆိုတဲ့ ခြောက်မျိုးကို တမျိုး တမျိုးလျှင် ခံစားပုံအခြင်းအရာ သုံးမျိုး သုံးမျိုး နဲ့ မြှောက်ပွါးလိုက်တော့၊ မျက်စိ အတွေ့ကြောင့် ဖြစ်သော ဝေဒနာက လဲဘဲ၊ ချမ်းသာခံစားခြင်း၊ ဆင်းရဲခံစားခြင်း၊ မချမ်းသာ မဆင်းရဲခံစားခြင်း၊ ဘယ်နှစ်မျိုး၊ သုံးမျိုး၊ နား အတွေ့ကြောင့် ဖြစ်သော ဝေဒနာ ကလဲ သုံးမျိုး၊ နှာခေါင်း အတွေ့ကြောင့် ဖြစ်သော ဝေဒနာ ကလဲ သုံးမျိုး၊ လျှာ အတွေ့ကြောင့်ဖြစ်သော ဝေဒနာ ကလဲ သုံးမျိုး၊ ကိုယ် အတွေ့ကြောင့် ဖြစ်သော ဝေဒနာ ကလဲ သုံးမျိုး၊ စိတ် အတွေ့ကြောင့် ဖြစ်သော ဝေဒနာ ကလဲ သုံးမျိုး၊ ဒီတော့ သုံးခြောက်လီ- ၁၈၊ အဲဒီ ဝေဒနာ ၁၈-ပါး ဖြစ်ပြန်တယ်တဲ့၊ ဒွါရ၏ အစွမ်း အားဖြင့် ဖြစ်သော ဝေဒနာ ခြောက်ပါး ကို ခံစားခြင်း အနုဘဝန လက္ခဏာ သုံးပါးဖြင့် မြှောက်ပွါးတော့ ဝေ

ဒနာ ဘယ်လောက်ရတယ်၊ ဝေဒနာ ၁၀၈-ပါး ရတယ်၊ အဲဒီ ၁၀၈-ပါးကို၊ ကာမဂုဏ်နှင့်စပ်သော သာမိသဝေဒနာ ၁၀၈-ပါး၊ ကာမဂုဏ်နှင့် မစပ်သော နိရာမိသဝေဒနာ ၁၀၈-ပါးလို့၊ ၁၀၈ ပါး နှစ်လီ၊ ဘယ်လောက် ရှိတယ်၊ ၃၆-ပါး၊ အေး အဲဒါ သာမိသ၊ နိရာမိသဝေဒနာ၊ ကာမဂုဏ်နှင့်စပ်သော ဝေဒနာ ၁၀၈-ပါး၊ ကာမဂုဏ်နှင့် မစပ်သော ဝေဒနာ ၁၀၈- ပါးလို့၊ အဲဒီလို သာမိသ၊ နိရာမိသ နှစ်ပါးနှင့် မြှောက်ပွါးပြန်တော့ ၁၀၈-ပါး ဟာ၊ ဝေဒနာ ၃၆-ပါး ဖြစ်ရပြန်တယ်။

အေး အဲဒီ ၃၆-ပါးဟာ၊ အတိတ်ကဖြစ်ခဲ့တဲ့ ဝေဒနာ ၃၆-ပါး၊ ယခုပစ္စုပ္ပန် လောကေဿဆယ်မှာ ဖြစ်နေတဲ့ ၃၆-ပါး၊ နောင်အနာဂတ်မှာဖြစ်ရမဲ့ ၃၆ ပါးလို့၊ ကာလနဲ့ဝေဘန်လိုက်ပြန်တော့ ၃၆-ပါး သုံးလီ ၁၀၈-ပါး၊ အေး အဲဒါ ဝေဒနာသံယုတ်၌ ခွဲတဲ့ ဝေဒနာ အကွဲအပြားတွေ၊ ဝေဒနာ တပါး၊ ဝေဒနာ နှစ်ပါး၊ ဝေဒနား သုံးပါး၊ ဝေဒနာ ခြောက်ပါး၊ ဝေဒနာ ၁၀-ပါး၊ ဝေဒနာ ၃၆ ပါး၊ ဝေဒနာ ၁၀၈-ပါးလို့၊ အဲဒီလို ဝေဒနာသံယုတ်မှာ ဝေဒနာ အမျိုးမျိုးကို မြတ်စွာဘုရား ဟောတော်မူတယ်။

အဲဒီ ဝေဒနာသံယုတ်မှာဘဲ၊ ရဟောဂတ သုတ်ဆို တာပါတယ်၊ ရဟောဂတ သုတ်ဆိုတာက၊ ရဟန်းတပါး သည် ဆိပ်ငြိမ်ရာအရပ်၌ တယောက်ထီးတည်း ကိန်း အောင်းနေစဉ်အခါမှာ၊ မြတ်စွာဘုရားသည် ဝေဒနာ အမျိုးမျိုးကိုခွဲခြား၍လဲဟောတော်မူတယ်၊ ခံစားခြင်းမှန်

သမျှဟာ ဒုက္ခချည်းဘဲလို့၊ ဒီလို ကိုယ်တော်မြတ် ဟောတော်မူပြန်တယ်၊ ချမ်းသာ ခံစားခြင်း၊ ဆင်းရဲ ခံစားခြင်း၊ မချမ်းသာမဆင်းရဲ ခံစားခြင်းလို့၊ အဲဒီလို ခံစားခြင်း သုံးပါး ခွဲခြားပြီး ဟောပါလျက်နဲ့၊

ယံကိဉ္စိ ဝေဒယိတံ တံ ဒုက္ခသ္မိံ ဝဒါမိ၊ ခံစားခြင်းမှန်သမျှ ဒုက္ခချည်းဘဲဟဲ့လို့၊ ဒီလိုလဲ ကိုယ်တော်မြတ် ဟောတော်မူပြန်တယ်၊ ဒီတော့ ဝေဒနာကို အမျိုးမျိုး ခွဲခြားဟောပြီးမှ ဝေဒနာမှန်သမျှ ဒုက္ခချည်းဘဲလို့ ကိုယ်တော်မြတ် ဟောတော်မူတာဟာ ဘယ်လိုများရည်ရွယ်ချက်နဲ့ ဟောတော်မူပါလိမ့်မလဲလို့ အကြံအစည် ဖြစ်တယ်တဲ့၊ တယောက်ထီးတည်း အဲဒီလိုကြံစည်ပြီးတော့မှ မိမိကြံစည်စိတ်ကူးမိတာကို မြတ်စွာဘုရားထံ သွားလျှောက်တယ်၊ မြတ်စွာဘုရားတဲ့-ဆင်းရဲခံစားခြင်း၊ ချမ်းသာခံစားခြင်း၊ မဆင်းရဲ မချမ်းသာ ခံစားခြင်းလို့ ဝေဒနာ သုံးပါး၊ အနုဘဝန လက္ခဏာ အားဖြင့်လဲ အရှင်ဘုရား ဟောတော်မူပါတယ်၊ ယံကိဉ္စိ ဝေဒယိတံ တံ ဒုက္ခသ္မိံ လို့ ခံစားခြင်းမှန်သမျှသည် ဒုက္ခချည်းဘဲလို့လဲ မြတ်စွာဘုရား ဟောတော်မူပါတယ်၊ ဒီလို နှစ်မျိုး ဟောတော်မူတာဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ဟောတော်မူပါသလဲလို့ တယောက်ထီးတည်း ကိန်းအောင်းရာ အရပ်မှ အကြံအစည်ဖြစ်သော ရဟန်းတပါးက မြတ်စွာဘုရားထံ သွားပြီး လျှောက်ထားသတဲ့။ ဒီတော့မှ မြတ်စွာဘုရားက၊ သာဓု သာဓု ဘိက္ခု၊ ဘိက္ခု၊ ရဟန်း။ သာဓု သာဓု၊ ကောင်းလေစွ ကောင်းလေစွတဲ့။ သင်အကြံ ဖြစ်ခြင်း

ဟာ အင်မတန် ကောင်းတဲ့အကြံဘဲတဲ့။

ယင်းရဲ့ ခံစားခြင်း၊ ချမ်းသာခံစားခြင်း၊ မဆင်းရဲ မချမ်းသာ ခံစားခြင်းဆိုတာက ပရိယာယ်အားဖြင့် ဟောတော်မူတာ၊ ယံကိဉ္စိ ဝေဒယိတံ တံ ဒုက္ခသ္မိံ လို့ ခံစားခြင်းမှန်သမျှ ဒုက္ခချည်းဘဲ ဟောလို့ ဒီလိုဟောတော်မူတာက၊ သင်္ခါရကိုအစွဲပြု၍ ဟောတော်မူတာ၊ ခံစားခြင်းမှန်သမျှ ဒုက္ခလို့ ဟောတော်မူတာ၊ ဘာကိုအစွဲပြု၍ဟောတယ်၊ (သင်္ခါရကိုအစွဲပြု၍ ဟောတာပါဘုရား၊) အေး သင်္ခါရကိုအစွဲပြု၍ ဟောတော်မူတယ်။

သင်္ခါရဆိုတာ ဘာလဲ၊ သင်္ခါရဆိုတာ ကံ စိတ် ဥတု အာဟာရ အကြောင်းတရားတွေ စီမံလို့ ဖြစ်ပေါ်နေတဲ့ ရုပ်တွေနာမ်တွေကို သင်္ခါရခေါ်တယ်၊ အဲဒီ ဝေဒနာဆိုတဲ့ တရားကလဲဘဲ၊ သင်္ခါရထဲမှာ အပါအဝင် ဖြစ်တယ်၊ သင်္ခါရမှာ အပါအဝင်ဖြစ်တော့ကာ ဝေဒနာ ရယ်လို့ ပေါ်မလာနဲ့၊ ပေါ်လာရင် ဇရာ မရဏ ညှဉ်းဆဲမှု ခံရလိမ့်မယ်၊ ဒါဖြင့် ပေါ်လာတဲ့ ဝေဒနာဟာ ဇရာ မရဏ အညှဉ်းဆဲခံရတော့ကာ၊ ချမ်းသာ ပါအုံးမလား လို့၊ ပုဂ္ဂိုလ်အလိုနဲ့ပြောတာမဟုတ်ဘူး နော်၊ သဘာဝ ဓမ္မအနေနဲ့ ပြောတာ၊ အဲဒီ သင်္ခါရဖြစ်တဲ့ ဝေဒနာ တရားသည် ဖြစ်ပေါ်လာတဲ့အခါ ဇရာ မရဏ အနှိပ်စက်ခံရလိမ့်မယ်တဲ့။ ဒီတော့ ဇရာ မရဏတရား အနှိပ်စက်ခံရတဲ့ ဝေဒနာတရားဟာ မချမ်းသာတဲ့ တရားဘဲတဲ့၊ ချမ်းသာခံစားရင်လဲ ဇရာ မရဏ အနှိပ်စက် ခံရမယ်၊ ဆင်းရဲခံစားရင်လဲ ဇရာ မရဏ အနှိပ်စက် ခံရမယ်၊

မချမ်းသာ မဆင်းရဲ ခံစားရင်လဲဘဲ ဇရာ မရဏ အနှိပ်စက်ခံရမယ်၊ သင်္ခါရတရား မှန်သမျှ ဇရာ မရဏနယ်ထဲက မလွန်နိုင်ဘူးတဲ့၊ ဒါကြောင့် ခံစားခြင်း ဟူသ၍ဟာ ဘယ်လိုဘဲခံစား ခံစား ဒုက္ခချည်းဘဲလို့ ငါဘုရား ဟော တာ၊ ဒီလို သင်္ခါရ အစွဲပြုပြီးဟောတာ၊ ဝေဒနာ သံယုတ်ရဟောဂတ သုတ်ကျပြန်တော့ အားလုံးကုန် သုခ ဒုက္ခ အဒုက္ခ မသုခ ရယ်လို့၊ မူလ ဝေဒနာသုံးပါးအရင်းတည် ပြီးတော့မှ၊ ယံကိဉ္စိ ဝေဒယိတံ တံ ဒုက္ခသ္မိံ လို့ ဒုက္ခ တမျိုးတည်းသာ ဟောတော်မူတယ်၊ ပြီးတော့မှ၊ သာမိသ သုခ ဒုက္ခ အဒုက္ခမသုခ၊ နိရာမိသ သုခ ဒုက္ခ အဒုက္ခမသုခကို အနုဘဝန လက္ခဏာ အားဖြင့် မြွက်ပွါးလိုက်တော့ မူလဝေဒနာက သုံးပါး၊ သာမိသနဲ့ ဝေဒနာ သုံးပါး၊ နိရာမိသနဲ့ ဝေဒနာ သုံးပါး လို့၊ သတိပဋ္ဌာန်မှာတော့ အဲဒီလို မြတ်စွာဘုရား ဝေဒနာကို ကိုးပါး ဟောတော်မူတယ်၊ ချမ်းသာ ဆင်းရဲ မချမ်းသာ မဆင်းရဲ၊ ကာမဂုဏ်နဲ့စပ်သော ခံစားခြင်း ချမ်းသာ၊ ကာမဂုဏ်နှင့်စပ်သော ခံစားခြင်းဆင်းရဲ၊ ကာမဂုဏ်နှင့် စပ်သော ခံစားခြင်း မချမ်းသာ မဆင်းရဲလို့ သုံးပါး၊ ကာမဂုဏ်နှင့်မစပ်သော ခံစားခြင်းချမ်းသာ၊ ကာမဂုဏ် နှင့် မစပ်သော ခံစားခြင်း ဆင်းရဲ၊ ကာမဂုဏ်နှင့် မစပ် သော ခံစားခြင်း မချမ်းသာ မဆင်းရဲလို့ သုံးပါး၊ သာမိသနှင့်စပ်ပြီး သုံးပါး၊ နိရာမိသနှင့်စပ်ပြီး သုံးပါး၊ မူလဝေဒနာက သုံးပါး၊ ပေါင်း ကိုးပါးဟောတယ်။

သတ္တပဉ္စာ ယုတ်မှာတော့၊ သောမနဿ ဝေဒနာ

နှစ်ပါး၊ ဒေါမနဿ ဝေဒနာ နှစ်ပါး၊ ဥပေက္ခာဝေဒနာ နှစ်ပါးလို့ ဝေဒနာ ခြောက်ပါးဘဲ ဟောတော်မူတယ်။

သေဝိတဗ္ဗ သောမနဿ၊ အသေဝိတဗ္ဗ သောမနဿ၊ မှီဝဲအပ်သော ဝမ်းမြောက်ခြင်း၊ မမှီဝဲအပ်သော ဝမ်းမြောက်ခြင်း၊ သေဝိတဗ္ဗက မှီဝဲအပ်တာ၊ အသေဝိတဗ္ဗက မမှီဝဲအပ်တာ၊ ဒီတော့ မှီဝဲအပ်တဲ့ ဝမ်းမြောက်ခြင်း၊ မမှီဝဲအပ်တဲ့ ဝမ်းမြောက်ခြင်းလို့ သောမနဿဝေဒနာ နှစ်မျိုး၊ ဒေါမနဿကလဲ ထိုနည်းတူစွာ သေဝိတဗ္ဗဒေါမနဿ၊ အသေဝိတဗ္ဗ ဒေါမနဿလို့ မဟောဘူးလား၊ ဒါဖြင့် မှီဝဲအပ်တဲ့ ဒေါမနဿ၊ မမှီဝဲအပ်တဲ့ ဒေါမနဿ နှစ်မျိုး မရှိဘူးလား၊ မှီဝဲအပ်တဲ့ ဒေါမနဿ၊ မမှီဝဲအပ်တဲ့ ဒေါမနဿ နှစ်မျိုး ရှိရာမှာ၊ မှီဝဲအပ်တဲ့ ဒေါမနဿဆိုတာ အသိမခက်ဘူးလား၊ စိတ်နှလုံးမချမ်းသာခြင်းလဲ ဖြစ်တယ်၊ ဒီစိတ်နှလုံး မချမ်းသာခြင်းကို မှီဝဲရတယ်တဲ့၊ ဒါဘယ်လို မချမ်းသာခြင်းလဲဆိုတော့၊ တရားအားထုတ်တဲ့ ယောဂီများမှာ၊ တရားမရနိုင်လို့ စိတ်မချမ်း မသာဖြစ်တယ်တဲ့၊ တရားအားထုတ်တဲ့ ယောဂီဟာ တရားမရနိုင်တော့ စိတ်မချမ်းမသာ မဖြစ်ဘူးလား၊ အဲဒီလို စိတ်မချမ်း မသာဖြစ်တာက မှီဝဲရမဲ့ ဒေါမနဿမျိုးတဲ့၊ ရှင်မဟာသိဝ ဝတ္ထုနဲ့ ထုတ်ပြီး အဋ္ဌကထာပြတယ်၊ ရှင်မဟာသိဝ ဆိုတဲ့ မထေရ်ကြီးဟာ ပိဋကတ် သုံးပုံ နှုတ်ငုံဆောင် မထေရ်ကြီးတပါးဖြစ်တယ်၊ သူတရားပြလို့ တရားရတဲ့ ရဟန္တာပေါင်း တပည့် သုံးသောင်းရှိတယ်၊ သူကိုယ်တိုင်က ပိဋကတ် သုံးပုံ နှုတ်ငုံဆောင် သူကိုယ်တိုင်က

ကမ္မဋ္ဌာန်းဆရာကြီးဖြစ်၍၊ သူ့ထံမှာ တရားအားထုတ်လို့ တရားရသော ရန္တာပေါင်း သုံးသောင်း၊ အဲဒီ လောက် အရည်အချင်းနဲ့ ပြည့်စုံတဲ့ ကိုယ်တော်ကြီးကို တပည့်တပါးက၊ ဩော် ရှင်မဟာသိဝ မထေရ်ကြီးကို အကြောင်းပြုပြီးတော့ ငါ့မှာ ချမ်းသာခွင့်ရပြီ၊ ငါ၏ ဆရာကြီး ရန္တာမှ ဟုတ်ပါလေရဲ့လားလို့၊ အဘိညာဏ်နှင့် ကြည့်တဲ့အခါကျတော့၊ ဟာ- ကိုယ်ကျိုး နဲ့ပြီ၊ ဒို့ဆရာကြီး ရဟန်းကိစ္စ မပြီးသေးပါကလား၊ ပုထု ဇဉ်အဖြစ်နဲ့ပဲ ရှိပါသေးကလားလို့ နှလုံးသွေးကို အ ဘိညာဏ်နှင့် ကြည့်လိုက်တော့ ပုထုဇဉ်မှန်းသိ၊ ပုထုဇဉ် မှန်းသိတော့မှ ကတိုက်ကရိုက်နဲ့ ဆရာကြီးထံသွားရောက် တဲ့အခါ၊ ဆရာကြီးက မင်းဘာကိစ္စလာပါသလဲလို့ မေး တယ်၊ မေးတော့ သူကဘယ်လိုပြောတယ်၊ အနုမောဒနာ တရား သင်ကြားချင်လို့ လာပါတယ်၊ မင်းအနုမောဒနာ တရား သင်ကြားချင်တာကတော့ ဟုတ်ပါတယ်ကွာတဲ့၊ ငါ့မှာ အချိန်အားမရှိဘူး၊ ဟိုကိုယ်တော်ကလာသျှောက်၊ ဒီကိုယ်တော်က လာသျှောက်၊ အချင်းခပ်သိမ်း ဟော ကြားဖြေဆိုပြီး နေရတာဘဲ၊ တခါမှ ငါ့မှာ အားလပ်တဲ့ အချိန်မရှိဘူးတဲ့၊ အရှင်ဘုရား ဆွမ်းခံသွားခါနီး သင်္ကန်း ပြင်ဝတ်တဲ့ အချိန်ကလေး သျှောက်ထားပါရစေ၊ အဲဒီ အချိန်ကလေးလဲ သျှောက်မဲ့သူရှိတယ်ကွ၊ မအားဘူး၊ ဒါဖြင့် သပိတ်အိပ်ထဲ သပိတ်ထည့်တဲ့ အချိန်ကလေး သျှောက်ပါရစေ၊ ဟာ- ဒီအခါလဲမအားဘူးဟ၊ ဟာ- ရှောက်ပြီး သျှောက်လိုက်ထာတွေ၊ မျက်နှာသစ်တဲ့အချိန်

ကလေးလျှောက်ပါရစေဆိုလဲ မအားဘူး၊ ဘယ်အခါမှ သူ့မှာအားတာ တကွက်မှမရှိဘူး၊ ဒီတော့မှ အရှင်ဘုရား နေရာနွေးရုံကလေး တအောင့်လောက်ထိုင်ပြီး တရားနှလုံးသွင်းဘို့ အချိန်ကလေးတောင် ရပါသေးရဲ့လား၊ နေရာနွေးရုံလောက် တအောင့်လောက်ထိုင်ပြီး တရားနှလုံးသွင်းဘို့ အချိန်ကလေးတောင် ရပါသေးရဲ့လား၊ နေရာနွေးရုံလောက် တအောင့်လောက်ထိုင်ပြီး တရား နှလုံးသွင်းလောက်တဲ့ အချိန်ကလေးတောင် ငါ့မှာမရဘူး တပည့်ရေဆိုတော့၊ ဒါဖြင့် အရှင်ဘုရား သေဘို့အခွင့်လဲ ရမယ်မဟုတ်တော့ဘူး၊ ဒါလောက်မအားနေတာ ဘယ်အချိန်သေမလဲတဲ့၊ မအားတာနဲ့ ကိုယ်တော် သေရဘို့မရှိဘူးတဲ့၊ ဒါလောက် မအားလို့ ဒါလောက်ကိစ္စများတဲ့ ကိုယ်တော်ရဲ့ အနုမောဒနာတရားကိုလဲ တပည့်တော် မလိုချင်တော့ပါဘူးလို့ ပြောဆိုပြီး သူ့ရှေ့တွင် ကောင်းကင် ပျံတက်သွားတော့မှ သတိရတယ်၊

ဩော်– ဒီရဟန်းဟာ စင်စစ် အနုမောဒနာတရားလိုချင်လို့လာတာမဟုတ်၊ ငါ့ကိုသူ့ချိတ်နဲ့ချိတ်ဆွဲတာဘဲ၊ ငါ့ကို တရားအားထုတ်စေချင်တဲ့ ဆန္ဒနဲ့လာပြီး တရားဟောပြောတာ ငါလဲ မနေတော့ဘူး ဆိုပြီး၊ သ[illegible]တ်သက်နှ်းကလေး အနားမှာထား၊ နက်ဖြန်မနက် နောက်ဆုံး စာတက်လာတဲ့ ကိုယ်တော်နောက် မယောင်မလည်လိုက်သွားပြီးတောထွက်၊ မယောင်မလည်လိုက်သွားပြီး တောထွက်တော့၊ ရွာ၏အနီး လိုဏ်ဂူကြီးတခုရှိတယ်တဲ့၊

အဲဒီ လိုက်ဂူကြီးထဲမှာ တရားအားထုတ်ဖို့ သွားတာ ဝါဆိုလဆန်း ၁၃ ရက်နေ့ကသွားတယ်၊ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်၊ သုံးရက်လောက် အားထုတ်လိုက် ရရင်.... ငါကဲ့သို့သောပုဂ္ဂိုလ် ပိဋကတ် သုံးပုံလဲငါဆောင် ထားတယ်၊ ကမ္မဋ္ဌာန်းဆရာကြီးတဦးလဲ ဖြစ်တယ်၊ ငါလို ပုဂ္ဂိုလ် အားထုတ်လိုက်ရရင်....နှစ်ရက်၊ သုံးရက်နဲ့ ရမှာ ဘဲဆိုပြီး၊ ဝါဆိုလဆန်း ၁၃ ရက်နေ့ကထွက်သွား၊ ဝါဆို လဆုတ် ၁ ရက်နေ့ကျောင်းပြန်သွားပြီး ဝါဆိုမလို့၊ သူ့ ရည်ရွယ်ချက်ကတော့၊ အဲဒီ ဝါဆိုလဆန်း ၁၃ ရက် နေ့ကထွက်ပြီး တရားအားထုတ်လိုက်တာ လပြည့်သာ သွားရော တရားက တစ်မှ မရဘူး၊ ဩော် နှစ်ရက် သုံးရက်နဲ့ ရလိမ့်မယ် ထင်ပြီးတော့ ငါထွက်လာခဲ့တယ်၊ ယခု တရားလဲမရဘူး၊ ကိုင်း မရရှိစေအုံးတော့၊ ဒီတဝါ တွင်းတော့ ငါ အားထုတ်လိုက်မယ်၊ သီတင်းကျွတ် လ ပြည့် ပဝါရဏာနေ့ကျမှ ငါရဟန္တာဖြစ်ပြီး ဝိသုဒ္ဓိပဝါ ရဏာ ပြုမယ်လို့ တဝါတွင်းလုံးဆက်ပြီး အားထုတ်ပြန် တော့လဲမရ၊ မရတော့မှ အဲဒီ သီတင်းကျွတ် လပြည့် ပဝါရဏာနေ့ကျတော့ သမဂ္ဂ သီတင်းသုံးဘော်တွေနဲ့၊ ဝိသုဒ္ဓိ ပဝါရဏာ မပြုရလေခြင်း ဆိုပြီး မျက်ရည်တွေ တုတ်တုတ်ကျတယ်တဲ့၊ အဲဒီတော့ ရှင်မဟာသိဝမထေရ် ကြီးဟာ၊ တရားမရနိုင်တဲ့ အတွက် မျက်ရည် မကျဘူး လား။

ဒို့ ယောဂီတွေက ဒီလို မျက်ရည်ကျလောက်အောင် တရားလိုချင်ကြဘူးရဲ့လား၊ သီသီကလေး ကွာမနေဘူး

လား ဒီတော့ ဒါလောက်တရားအားထုတ်လို့ မရလို့ရှိရင် ငါ သည် တရားမရမခြင်း တုံးလုံးမလှဲတော့ဘူး ခြေလဲမဆေးတော့ဘူး ဆိုပြီး ညောင်စောင်းကို ဘေးနံရံထောင်ထားပြီး အားထုတ်တယ်၊ နောက်တဝါတွင်းပဝါရဏာနေ့ကျတော့လဲတခါငို နောက်တဝါ တွင်းပဝါရဏာနေ့ကျတော့လဲတခါငို တရားကိုမရဘူးတဲ့၊ ဘယ် လောက်ကြာသွားသလဲဆို အနှစ်သုံးဆယ်ကြာသွားတယ်၊ သူ့ခြေ ထောက်ကြီးတွေကလဲ မဆေးဘဲထားတော့ ခြေထောက်တွေက ကွဲ လို့ ကလေးတွေက လာလာပြီးတော့ ခြေထောက်အကွဲကြီးတွေကို ဆူးနဲ့ထိုးပေးသတဲ့၊ အဲဒါ အနှစ် သုံးဆယ်တောင် ကြာသတဲ့၊ အနှစ်သုံးဆယ်ကြာတော့ နောက်ဆုံးပိတ်ပဝါရဏာနေ့မှာ ဝိသုဒ္ဓိ ပဝါရဏာမပြုရတော့ပါဘူးဆိုပြီး တခါငိုပြန်သတဲ့၊ ငိုပြန်တော့ နတ်သမီးတယောက်က သူ့အနားလာပြီးငိုသတဲ့၊ ဟဲ့ ဒီအနားလာ ပြီးငိုနေတာဘယ်သူလဲ တပည့်တော်မပါဘုရား နင်ဘာလုပ်ငိုနေရ သလဲ ဩြော်....ငိုလို့ရှိရင် တရားများရမလားဆိုပြီး လာငိုနေပါ တယ်ဘုရားလို့ လျှောက်တော့ ဩြော် မဟာသိဝ သင့်ကိုနတ်တွေ ကတောင် လှောင်ပြောင်နေပါပေါ့လား၊ နတ်တွေရဲ့အလှောင်အ ပြောင်ခံနေရတဲ့အဖြစ် နင်ရောက်နေပါပေါ့လားဆိုပြီး ဒီတော့မှ ရဟန္တာဖြစ်သွားတယ်တဲ့၊

တောထဲမှာ အနှစ်သုံးဆယ်ကြာအောင် အားထုတ်တာမရနိုင် လွန်းလို့ ရှင်မဟာသိဝကိုယ်တော်ကြီးတရားမရလို့ မျက်ရည်အ ကြိမ် ၃၀ကျရသတဲ့၊ ဦးမောင်က ဘယ်နှစ်ခါကျဘူးသလဲ တခါမှ မကျဘူးပါဘူးဘုရား ဒါဖြင့်နီးပြီရတော့မယ်၊ ဒါလောက်တောင် တရားကလိုချင်တာကို ဟုတ်လား အဲဒီလို တရားမရလို့စိတ်မချမ်း

သာတာက သေဝိတဗ္ဗဒေါမနဿ မှီဝဲအပ်သော စိတ်မချမ်းသာမှု စိတ်မချမ်းသာမှုတိုင်း မမှီဝဲအပ်ဘူးလို့ မအောက်မေ့ပါနဲ့ တရားမရလို့ စိတ်မချမ်းသာမှုမျိုးကိုတော့ မှီဝဲအပ်ပါတယ်။

အဲဒီရဟန္တာဖြစ်တဲ့နေ့မှာ တပည့်ပေါင်း သုံးသောင်း သူတို့ဆရာကြီးရဲ့ အရိပ်ကိုကြည့်နေကြတာကိုး၊ ဒို့ ဆရာကြီးတော့ တရားအားထုတ်နေပြီ ဘယ်တော့ ရဟန္တာဖြစ်မလဲလို့ အရိပ်အကဲကြည့်နေကြတာ အဘိညာဏ်ရတဲ့ ပုဂ္ဂိုလ်တွေဖြစ်တော့ သူတို့ဆရာကြီး တရားရတဲ့နေ့မှာ သူတို့အကုန်လုံးသိကြတယ် ဆရာကြီးကလဲ ရေအိုးကလေးဆွဲပြီးတော့ ငါတော့ ယနေ့ ခြေဆေးတော့မယ်ဆိုပြီး တော့ ခြေဆေးရေခပ်ပြီး ခြေဆေးကျောက်ဖျာပေါ်မှာ ငါခြေဆေးမယ်ဆိုပြီး ထိုင်လိုက်တော့ ရဟန်းတွေကလဲ တပါးပြီးတပါး တပါးပြီးတပါး ဦးအောင်ဆရာကြီးကို ငါခြေဆေးပေးမယ်လို့ လာလိုက်ကြတာ တပည့်ပေါင်း သုံးသောင်းတဲ့၊ ရှင်မဟာသိဝကြီး ခြေဆေးမဲ့အနားမှာလေ။

အဲဒီတော့မှ သိကြားမင်းက ရှင်မဟာသိဝ ယခုသူ့ခြေကို သူဆေးမလို့ တပည့်တွေ ဆေးမလို့ လာတာလဲ ခွင့်မပေးဘူး ဒီလိုဆိုရင် မတော်ဘူး ငါကိုယ်တိုင်သွားဆေးပေးမယ်၊ ငါကိုယ်တိုင်သွားဆေးပေးဘို့ရာလဲ ရဟန္တာတပည့် သုံးသောင်းခြံရံနေတဲ့အထဲမှာ ငါတိုးဘို့လဲ မလွယ်ဘူးဟုတ်လား ဒီအခါကျတော့ သုဇာခေါ်မှတဲ သူ့ထက် သုဇာကစွမ်းတာကိုး၊ သုဇာလိုက်ခဲ့ဟေ့ဆိုပြီး ရှင်မဟာသိဝကြီးခြေထောက်ဆေးပေးဘို့ရာ သုဇာနဲ့ လာခဲ့ကြတော့ သုဇာက ဘယ်လိုစွမ်းသလဲ အရှင်ဘုရားတို့ ဒကာမပါဘုရားလို့ ဆိုလိုက်ရင်း ဘုန်းကြီးတွေကရှဲပေးလိုက်ရင်း အရှင်ဘုရားတို့

ဒကာမပါဘုရားလို့ ဆိုလိုက်ရင်းရှဲပေးလိုက်ရင်း သူဇာစွမ်းတာက ဒီလိုကိုး အဲဒါနဲ့ဝင်သွားလို့ ရှင်မဟာသိဝ၏ မျက်မှောက်ရောက်တော့ သင်ဘယ်သူလဲ၊ တပည့်တော် သိကြားပါဘုရား၊ ဟာ ဘာကိစ္စလာသလဲ အရှင်ဘုရားရဲ့ ခြေထောက်ဆေးပေးဘို့လာပါတယ်၊ သိကြားနတ်တို့မည်သည် လူတို့၏အနံ့ကို ယူဇနာတရာက ခွေးသေကောင်ပုပ် လည်ပင်းဆွဲထားသလို နံဆိုပါလားသိကြားရယ်၊ ဒီတော့ ငါ့ခြေငါဆေးပါမယ်၊ မင်းမဆေးပါနဲ့၊ နံတယ်ဆိုပေမဲ့ လူတိုင်းရဲ့ အနံ့မနံပါဘူးဘုရားတဲ့၊ အရှင်ဘုရားတို့အနံ့ကျတော့ တာဝတိံသာနတ်ပြည်က မွှေးလို့ယခုလာခဲ့ရပါတယ်၊ တပည့်တော် ဆေးပါရစေဆိုပြီး ဘယ်ဘက်လက်ဖြင့် ခြေထောက်ကိုကိုင်ပြီး ညာဘက်လက်နှင့် ပွတ်လိုက်တာ ပကတိ ကလေးငယ်၏ ခြေကဲ့သို့ နူးနူးညံ့ညံ့ဖြစ်သွားတယ်တဲ့၊ သိကြားမင်းလာပြီး ခြေဆေးတာလေ။

အဲဒီ ရှင်မဟာသိဝ ဝတ္ထုကို အဋ္ဌကထာထုတ်ပြခြင်းဟာ ဘာလို့ရင်းလဲ တရားမရလို့ စိတ်မချမ်းသာဖြစ်တဲ့ ဒေါမနဿမျိုးတော့မှီဝဲသင့်ပါတယ်လို့ဆိုတာကို ထုတ်ပြတာ။

ဒီတော့ မှီဝဲအပ်တဲ့ ဒေါမနဿဟုတ်ဘူးလား၊ ဆန်စျေးကြီးလို့ စိတ်မချမ်းသာခြင်းကျတော့ သေဝိတဗ္ဗထဲထည့်မလား၊ ထည့်လို့ဘာတော်မလဲ ဆန်စျေးကြီးတဲ့ဒေါမနဿလဲ အသေဝိတဗ္ဗဘဲဟုတ်လား ကိုယ့်ရင်ကို စိုက်ပြီးအသာသာ နေ သူ့ဟာသူကြီးချင်ကြီး မကြီးချင်နေ ဘယ်တတ်နိုင်မလဲ၊အများနဲ့ဘဲပေါ့ဟာ တရားမရတာ ဒေါမနဿဖြစ်ချင်ဖြစ်၊ ဆန်စျေးကြီးတာ ဒေါမနဿမဖြစ်နဲ့နော်၊ ပြီးတော့ သေဝိတဗ္ဗဥပေက္ခာ အသေဝိတဗ္ဗဥပေက္ခာ

သေဝိတဗ္ဗဆိုတာဟာမှီဝဲအပ်တာ အသေဝိဗ္ဗဆိုတာ မမှီဝဲအပ်တာ၊ အေးမှီဝဲအပ်တာ မမှီဝဲအပ်တာနဲ့ သောမနဿ နှစ်ပါး ဒေါမနဿ နှစ်ပါး ဥပေက္ခာနှစ်ပါးလို့ ဟောတော်မူတယ်။

သက္ကပဉ္ဟသုတ်မှာတော့ ခြောက်ပါးဟောတယ်၊ သတိပဋ္ဌာန်သုတ်မှာတော့ ဝေဒနာ ကိုးပါးဟောတယ်၊ သက္ကပဉ္ဟသုတ်မှာ ဝေဒနာခြောက်ပါးဟောပြီးသည့်အဆုံးမှာ သိကြားမင်း ဘာဖြစ်သွားတယ်သောတာပန်၊ အေး.... မြတ်စွာဘုရားဟောတော်မူတာကွာ သောတာပန်ဖြစ်ရုံဟောတာမဟုတ်ဘူး ရဟန္တာအထိ ရည်ရွယ်ပြီးဟောတာ မြတ်စွာဘုရားဟောတော်မူတဲ့ ဝေဒနာခြောက်ပါးဟာ ရဟန္တာအထိ ဖြစ်နိုင်လောက်တဲ့ အစွမ်းသတ္တိရှိတယ်တဲ့၊ သို့ပေမယ်လို့ သူနဲ့တန်ရုံ သူရရှာတာတဲ့ သိကြားက သောတာပန်လောက်နဲ့တန်လို့ သောတာပန်တင်ဖြစ်တာ၊ တရားက သောတာပန်ဖြစ်လောက်ရုံဟောတဲ့ တရားမဟုတ်ဘူးတဲ့၊ အဲဒီဝေဒနာခြောက်ပါးဟာ ဘာထိအောင်ဖြစ်နိုင်ရမယ် ရဟန္တာထိအောင်ဖြစ်နိုင်ရမယ်၊

အဲဒီသောတာပန်ဖြစ်လိုလို့ သိကြားဟောင်းဘဝက သိကြားသစ်ဖြစ်လိုလို့ မြတ်စွာဘုရားထံလာပြီး ချဉ်းကပ်တာဟုတ်ပြီလား မောင်မာဃသိကြားမင်းဖြစ်ပြီးတော့ကာ နှစ်ပေါင်း သုံးကုဋေနဲ့ ခြောက်သန်းလူတို့အရေအတွက်နဲ့ တာဝတိံသာနတ်ပြည်မှာ သိကြားအဖြစ်နဲ့ စံစားနေတယ်မဟုတ်လား နှစ်ပေါင်း သုံးကုဋေနဲ့ ခြောက်သန်းစေ့တော့ သိကြားသက်ကုန်ရော၊ အဲဒီသိကြားသက်ကုန်တော့မှ ငါတော့ သေရတော့မယ်၊ သိကြားကမသိဘူးလား သေရတော့မယ်လို့ သိကြားကသိတော့ သေမှာ ဒီလောက်မ

ကြောက်ဘူးတဲ့၊ ခွဲရမှာ သိပ်ကြောက်ဆိုပါလား သေမှာ သိပ်မကြောက်ဘူး ခွဲရမှာ သိပ်ကြောက်သတဲ့၊ ကိုယ့်ကိုယ်လဲစဉ်းစားကြည့်ကြလေ သေမှာကြောက်သလား ခွဲရမှာကြောက်သလား ငါသေတာကတော့ အရေးမဟုတ်ပါဘူး၊ အိမ်ကဟာတွေ ထားပစ်ခဲ့ရမှာ ခက်သကို၊ ဘာမှလဲ မပြည့်မစုံနဲ့ ဟုတ်လား၊ ဒီတော့ ကိုယ်သေတာထက်ခွဲရမှာခက်လို့တဲ့၊ အဲဒီတော့ သူသိကြားသစ်ပြန်ဖြစ်ချင်သပေါ့နော်၊ သိကြားသစ်လဲ ပြန်ဖြစ်ရဘို့ သေတာပန်လဲဖြစ်ဘို့ ဒီတော့ သေတာပန်ဖြစ်ပြီး သိကြားသစ်ပြန်ဖြစ်ခဲ့လို့ရှိရင်ခွဲရအုံးမလား မခွဲရတော့ဘူး။

ဒါကြောင့် တာဝတိံသာက နတ်အားလုံးစတုမဟာရာဇ်နတ်ပြည်က နတ်အားလုံး နတ်ပြည်နှစ်ထပ်က နတ်တွေကို ခေါ်လာခဲ့ပြီးတော့ကာ ရာဇဂြိုဟ်ပြည် ဣန္ဒသာလလိုင်ဂူမှာ မြတ်စွာဘုရားသီတင်းသုံးစဉ်အခါမှာ တပည့်တော်သည် ပုစ္ဆာမေးလျှောက်ချင်လို့ပါဘုရားလို့ ခွင့်တောင်းပြီး ဘုရားထံ ပုစ္ဆာမေးလျှောက်တယ်တဲ့။

အရှင်ဘုရား သတ္တဝါမှန်သမျှ ဘေးရန်ခပ်သိမ်းကင်း ငြိမ်းချင်ကြပါတယ်၊ စိတ်သွားတိုင်း ကိုယ်ပါ လိုရာ ရောက်ချင်ကြပါတယ်၊ သတ္တဝါတွေ ဘေးရန်ခပ်သိမ်း မကင်းငြိမ်းကြတာစိတ်သွားတိုင်း ကိုယ်ပါ လိုရာမရောက်ကြတာ ဘာကြောင့် ပါလဲဘုရားလို့ ဒီလိုသိကြားက ပုစ္ဆာလျှောက်တယ်၊ စိတ်သွားတိုင်းကိုယ်ပါလိုရာမရ ဒုက္ခရောက်ကြရတာ တခြားမဟုတ်ဘူး သိကြားရေတဲ့ဣဿာမစ္ဆရိယကြောင့် ကိုယ်အလိုရှိတာ မပြည့်စုံကြတာတဲ့၊ အဲဒီမစ္ဆရိယကလဲဘဲ ကုလမစ္ဆရိယ လာဘမစ္ဆရိယ ဝဏ္ဏမစ္ဆရိယ အာဝါသ-

မစ္ဆရိယ ဓမ္မမစ္ဆရိယ မစ္ဆရိယငါးမျိုး အဲဒီကုလမစ္ဆရိယဆိုတာက မင်းမျိုးကို ခတ္တိယကုလ ပုဏ္ဏားမျိုးကို ဗြဟ္မဏကုလ ကုန်သည်မျိုးကို ဝေဿကုလ ဆင်းရဲသားလူတန်းစားမျိုးကို သုဒ္ဒကုလလို့ ကုလလေးမျိုး ရှိတယ်တဲ့၊ ဘယ်လူမျိုးမဆို ထီးနဲ့ နန်းနဲ့ နေကြတဲ့လူတွေမှာ ခတ္တိယကုလ ဗြဟ္မဏကုလ ဝေဿကုလ သုဒ္ဒကုလ ကုလလေးမျိုးရှိတယ်နော်၊ အဲဒီကုလလေးမျိုးစလုံး ရဟန်းတော်များထံမှာ ခတ္တိယကုလလဲ ချဉ်းကပ်ကိုးကွယ်တယ်၊ ဗြဟ္မဏကုလလဲ ချဉ်းကပ်ကိုးကွယ်တယ်၊ သုဒ္ဒကလဲ ချဉ်းကပ်ကိုးကွယ်တယ်၊ ဘယ်ကုလမျိုးမဆို ရဟန်းတော်များအား ချဉ်းကပ်ကိုးကွယ်ခြင်းမရှိကြဘူးလား၊

အဲဒီ ချဉ်းကပ်ကိုးကွယ်တဲ့ တကာ တကာမတွေကို ရဟန်းတို့က ဘာခေါ်တယ် ကုလ၊ အဲဒီ ကုလတွေပေါ်မှာ တွယ်တာ တပ်မက်ခြင်း မရှိဘူးလားလို့၊ သမဏစရိတဗ္ဗတရား ၁၆-ပါးမှာ(ကုလေသွနနုဂိဒ္ဓေါ)လို့ ဟောတော်မူသည်၊ ကုလေသု၊ တကာ တကာမဟူ ဆိုအပ်သော ကုလတို့၌၊ အနနုဂိဒ္ဓေါ၊ တပ်မက်ခြင်း မရှိသည်၊ အဿ ဖြစ်ရမယ်၊ ရဟန်းတို့မည်သည် ကုလခေါ်တဲ့ တကာ တကာမတွေပေါ်မှာ တပ်မက်ခြင်းမရှိရဘူးတဲ့၊ ဒါကြောင့် ဆွမ်းခံစားတာကို မြတ်စွာဘုရားက ချီးမွမ်းတာတဲ့၊ ဘာဖြစ်လို့လဲ၊ တအိမ်တလုပ် တအိမ်တလုပ် အိမ်ပေါက်စေ့ လျှောက်ပြီး ဆွမ်းခံစားတော့ကာ ဘယ်တကာ တကာမကိုမှ တွယ်တာစရာ မလိုတော့ဘူး ဟုတ်လား၊ အလှူခံစားတယ် ဆွမ်းပို့ ခံစားတယ်ဆိုတော့ ငါ့လှူဘော်ရတဲ့ တကာ တကာမဟာ၊ ငါ့ဆွမ်းပို့ဘော်ရတဲ့ တကာ တကာမဟန့် တွယ်တာတတ်တယ်၊ အဲဒီတွယ်တာမှုကင်းလို့ ဆွမ်းခံစားတာကို မြတ်စွာဘုရားက

ချီးမွမ်းတော်မူတာ၊ ယခုတော့ ခေတ်အားလျော်စွာ ဆွမ်းလဲ ခံမစားကြတော့ဘူး၊ လှူတာတန်းတာ ပို့တာကိုဘဲ စားနေကြတော့ ဘာဖြစ်လာတယ်၊ ဘုန်းကြီးလောဘဒရင်နဲ့အမျှ ကုလမှန်သမျှ ငါ့တကာ တကာမချည်း ဖြစ်စေရမယ်၊ သူများ တကာ တကာမ ဖြစ်တာ မခံနိုင်ဘူး၊ အဲဒါမျိုး (ကုလ မစ္ဆရိယ) ခေါ်တာ။

ကိုယ့် တကာ တကာမချည်း ဖြစ်စေချင်တယ်၊ သူတပါး တကာ တကာမဖြစ်တာ မခံနိုင်ဘူး၊ ကိုယ့်တကာ တကာမချည်း ဖြစ်စေချင်တော့ ဘယ်လို လုပ်ကြသတုံး၊ ငါလို ပုဂ္ဂိုလ်ကို ကိုးကွယ်ရတယ်၊ ဟိုတောက်တီးတောက်တဲ့တွေ သွားပြီး မကိုးကွယ်နဲ့၊ အင်း....ဒီလိုပြောကြတာကို။ အဲဒီလိုဆိုတော့ ဒီစကားဟာ ဘာကထွက်လာသလဲ၊ မစ္ဆရိယက ထွက်လာတာ၊ ငါ့လို ပုဂ္ဂိုလ်ကိုးကွယ်မှ သင်တို့ အကျိုးများမှာ၊ ဟိုတောက်တီးတောက်တဲ့ ကိုယ်တော်တွေ ကိုးကွယ်လို့ မင်းတို့ ငရဲကျကုန်လိမ့်မယ်၊ ဒီလို ပြောချင်လဲ ပြောမလား မသိဘူး၊ ပြောရင်တော့ဖြင့် ဒုက္ခတော့ များကုန်ကြတော့မှာဘဲ၊ အဲဒါမျိုးကို(ကုလမစ္ဆရိယ)ခေါ်တယ်၊ ရဟန်းတို့အနေနဲ့ တကာ တကာမကို ကုလခေါ်တယ်၊ ဘုန်းကြီး လုပ်ရတာ အဲ့ဒီတခု တော်တော်ဆိုးတယ်နော်။ လာဘမစ္ဆရိယ တဲ့ လတ်လာဘနော်၊ ကိုယ်လတ်လာဘ ပေါများတာလို ကိုယ်ကဲ့သို့ သူတပါးမှာ လတ်လာဘ မပေါများစေလိုဘူး၊ ကိုယ့်လှူမှ ကြိုက်တယ်၊ သူတပါး သွားလှူတာ မကြိုက်ဘူး၊ ဝဏ္ဏမစ္ဆရိယက လှူတာလဲ ကိုယ်လှူမှကြိုက်တယ်၊ သူများလှူတာ မနာလိုဘူးတဲ့၊ ဂုဏ်ရှိပြန်လဲ ကိုယ်ဂုဏ်ရှိမှ၊ သူများ ဂုဏ်ရှိပြန်လဲ မကျေနပ်နိုင်ဘူး၊ ဘယ်ပုဂ္ဂိုလ် ဘယ်လို တန်ခိုးကြီးသဟေ့လို့

လာပြောရင် လာပြောမနေပါနဲ့၊ ဒီလိုပုတ်သင် တုံးစင်တိုင်း ရှိပါတယ်၊ ဇီးကွက်လောက်တော့ ငှက်တိုင်းလှပါတယ်၊ ချီးမွမ်းတာ မခံနိုင်ဘဲကိုး၊ ဂုဏ်ပျက်အောင် ဖျက်ပစ်လိုက်တာလေ၊ အဲဒါ ကုလမစ္ဆရိယ၊ လာဘမစ္ဆရိယ၊ ဝဏ္ဏမစ္ဆရိယ ဟုတ်လား၊ အာဝါသမစ္ဆရိယက ကိုယ့်ကျောင်းအိပ်ရာ နေရာမှာ သူတပါး လာနေမယ်ဆိုရင် ဝန်တိုတယ်၊ မနေစေချင်ဘူး၊ ဒီလိုပုဂ္ဂိုလ် နေခြင်းကြောင့် အပြစ်ဖြစ်မှာစိုးလို့ လက်မခံတာတော့ မစ္ဆရိယ မဆိုဘူး၊ နေရာကို ဝန်တိုတဲ့အတွက်နဲ့ လက်မခံရင်သာ အာဝါသမစ္ဆရိယဆိုတော့ ဘုန်းကြီးတွေသာ မကဘူး၊ ယောဂီတွေပါ ပါသွားရော၊ ကိုယ်သာ တရားရချင်တယ်၊ သူများ တရားရတာ မကြိုက်နိုင်ဘူးနော်၊ အဲဒီလိုလဲ ဓမ္မမစ္ဆရိယ ဖြစ်နိုင်တယ်။

ဒီတော့ အချိန်ကလဲ သိပ်မရဘူး၊ ဘေးရန်ခပ်သိမ်း မကင်းငြိမ်းကြတာ၊ စိတ်သွားတိုင်း ကိုယ်ပါ လိုရာ မရောက်နိုင်ကြတာ၊ ဘာကြောင့် ဣဿာမစ္ဆရိယကြောင့်၊ အဲဒီ ဣဿာမစ္ဆရိယကလဲ ဘာကြောင့်ဖြစ်ပါသလဲဟု တဖန်လျှောက်ပြန်တော့ ပိယ အပိယ ချစ်ခြင်း မုန်းခြင်းကြောင့်၊ ချစ်ခြင်း မုန်းခြင်း ရှိလို့ မနာလို ဝန်တိုမှုဖြစ်တာ၊ ချစ်ခြင်း မုန်းခြင်း မရှိရင် မနာလိုမှု ဝန်တိုမှု ဖြစ်ဦးမလား၊ မဖြစ်ပါဘုရား။

ပိယ အပိယ ချစ်ခြင်း မုန်းခြင်းက ဘယ်သူ့ကြောင့် ဖြစ်တယ်၊ ဆန္ဒကြောင့် ဖြစ်တယ်၊ ဆန္ဒအမျိုးမျိုးကြောင့် ဟိုလို အလိုရှိတယ်၊ ဒီလို အလိုရှိတယ် ဟုတ်လား၊ အလိုရှိတော့ ကိုယ့်ဆန္ဒမပြည့်ဘူး၊ ကိုယ့်ဆန္ဒမပြည့်ရင် ချစ်ခြင်း မုန်းခြင်း ဖြစ်လာလိမ့်မယ်၊ ဆန္ဒပြည့်ရင် ပြည့်သလို ချစ်လာလိမ့်မယ်၊

ဆန္ဒမပြည့်လျှင် မပြည့်သလို မုန်းလာလိမ့်မယ်၊ ဟုတ်ဘူးလား၊ အလိုဆန္ဒမပြည့်ရင် ကိုယ့်သားမယား သားသမီးတောင်မှ ချစ်နိုင်ပါ့အုံးမလားလို့၊ ဒီတော့ ကိုယ့်သားသမီး ကိုယ့်သားမယား ချစ်တာမှာလဲ ကိုယ့်ဆန္ဒပြည့်လို့ချစ်တာ၊ အဲဒီတော့ ဆန္ဒကြောင့် ချစ်ခြင်း မုန်းခြင်းဖြစ်တယ်ဆိုတာ မထင်ရှားဘူးလား၊ ထင်ရှားပါသည်ဘုရား။

ဒါဖြင့် ဆန္ဒက ဘာကြောင့်ဖြစ်ရသလဲ၊ ကြံစည် စိတ်ကူးတဲ့ ဝိတက်ကြောင့်၊ အကြံသမား အစည်သမားတွေမှာ ဖြစ်တဲ့ ဆန္ဒ၊ ဒါဖြင့် ကြံစည်စိတ်ကူးခြင်းဝိတက်ကော ဘာကြောင့်ဖြစ်ရတယ်၊ တဏှာ မာန ဒိဋ္ဌိ ပပဉ္စတရားကြောင့်၊ ဒီတော့ တဏှာ မာန ဒိဋ္ဌိ ပပဉ္စတရားကြောင့် ဝိတက်ဖြစ်တယ်၊ ဝိတက်ကြောင့် ဆန္ဒဖြစ်တယ်၊ ဆန္ဒကြောင့် ချစ်ခြင်း မုန်းခြင်း ဖြစ်တယ်၊ ချစ်ခြင်း မုန်းခြင်းတို့ကြောင့် ဣဿာမစ္ဆရိယ ဖြစ်တယ်၊ ဣဿာမစ္ဆရိယကြောင့် ဘေးမကင်း ရန်မကင်းဖြစ်တယ်၊ ဒီအစဉ်ပါဘဲ။

ဒါဖြင့် တဏှာ မာန ဒိဋ္ဌိ ဆိုတဲ့ ပပဉ္စတရား ကင်းငြိမ်းအောင် ဘယ်လိုများ လုပ်ရပါ့မလဲလို့ လျှောက်ထားတော့ သောမနဿဝေဒနာ ဒေါမနဿ၊ ဥပေက္ခာ၊ အသေဝိတဗ္ဗ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာလို့ ဝေဒနာ ခြောက်မျိုးကို မြတ်စွာဘုရား ဟောတော်မူတယ်၊ အဲဒီလို ဟောလိုက်တော့ သိကြားမင်းသည် တရားနာရင်း ဘုရားရှေ့မှာ မီးဟာ ဖြုတ်ခနဲ သေသွားပြီး ပြန်တောက်သလို ဖြုတ်ခနဲ သေသွားပြီး ဖြုတ်ခနဲ ပြန်ဖြစ်တယ်၊ ပြန်လဲဖြစ်ရော သောတာပတ္တိမဂ်ကိုလဲ ရရော ဟုတ်လား၊ သိကြားမင်း သေပြီး အသစ် ပြန်ဖြစ်တာ

သောတာပန်ဖြစ်တာ သိကြားလဲ သူကိုယ်တိုင်သိတယ်၊ ဘုရားလဲ သိတယ်၊ ကျန်တဲ့နတ်တွေ ဘယ်သူမှမသိကြဘူး။

အဲဒီ သိကြားသည် ဘုံစဉ်စံ သိကြားဖြစ်တယ်၊ ယခု တာဝတိံသာ နတ်ပြည်မှာ သောတာပန်အဖြစ်နဲ့ သိကြားမင်းလုပ်နေတယ်၊ ဘုရားကို သူက လျှောက်ထားက ဘယ်လိုလျှောက်တယ်၊ တပည့်တော်သည် လူ့ပြည်ဆင်းပြီး လူမင်းဖြစ်ရပါအုံးမယ်၊ သကဒါဂါမ်ဖြစ်လာပါလိမ့်မယ်၊ အဲဒီ သကဒါဂါမ်ဖြစ်ပြီးတဲ့နောက် တပည့်တော် လူ့ပြည် ထပ်ပြီး မလာတော့ပါဘူး၊ သကဒါဂါမ် အဖြစ်နဲ့ သိကြား တခါပြန်ပြီး ဖြစ်ရပါအုံးမယ်။

ဒီတော့ သောတာပန် အဖြစ်နဲ့ သိကြား၊ သောတာပန်အဖြစ်နဲ့ လူမင်း ဟုတ်လား၊ လူမင်းဘဝကနေပြီး သကဒါဂါမ်အဖြစ်နဲ့ နတ်ပြည်ပြန်၊ သိကြားအဖြစ်နဲ့ သကဒါဂါမ် ဟုတ်လား၊ အဲဒီ သကဒါဂါမ် အဖြစ်က အနာဂါမ် ဖြစ်ပြီးတော့ အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌ ဆိုတဲ့ သုဒ္ဓါဝါသ ငါးဘုံမှာ ဘုံစဉ်စံရပါမယ်တဲ့၊ ဘုံစဉ်စံဆိုတာ အဲဒါပြောတာ၊ လူ့ပြည်တို့ နတ်ပြည် ခြောက်ထပ်တို့ အောက်ငရဲတွေမှာ စံနေတဲ့ ဘုံစဉ်စံမဟုတ်ဘူး၊ လူ့ပြည် နတ်ပြည်မှာ နေပြီးတော့မှ အနာဂါမ်ဖြစ်ပြီး သုဒ္ဓါဝါသ ငါးဘုံမှာ ဘုံစဉ်စံမှာ၊ သုဒ္ဓါဝါသ ငါးဘုံမှာ ဘယ်လောက်ကြာကြာဘုံစဉ်စံရမလဲ၊ အဝိဟာဘုံမှာ ကမ္ဘာ-၁၀၀၀ (တထောင်)၊ အတပ္ပါဘုံမှာ ကမ္ဘာ-၂၀၀၀(နှစ်ထောင်)၊ သုဒဿာဘုံမှာ ကမ္ဘာ-၄၀၀၀ (လေးထောင်)၊ သုဒဿီဘုံမှာ ကမ္ဘာ-၈၀၀၀ (ရှစ်ထောင်)၊ အကနိဋ္ဌဘုံမှာ ကမ္ဘာ-၁၆၀၀၀ (တသောင်း ခြောက်ထောင်)

အားလုံးကို ပေါင်းလိုက်တော့ ကမ္ဘာ သုံးသောင်းနဲ့ တထောင်၊ သုဒ္ဓါဝါသ ငါးဘုံမှာ ဘုံစဉ်စံရမယ်တဲ့၊ ဘုံစဉ်စံ သောတာပန် ထိုးစံဟာ အဲဒါဘဲ၊ ဝိသာခါလဲ အဲဒီအတိုင်းဘဲ၊ ဟို ဘုံစဉ်စံတဲ့ အခါ ကျတော့ အကနိဋ္ဌဂါမီ အနာဂါမ် လို့ ခေါ်တယ်။

အဲဒီတော့ သိကြားမင်းဟာ သူ့လက်ရှိစည်းစိမ်ကို မစွန့်ရပဲနဲ့ သိကြားသစ်လဲ ပြန်ဖြစ်တယ်၊ သောတာပန်လဲ တည်တယ် နော်၊ အဲဒါဘာဖြစ်လို့ပါလိမ့်၊ ဝေဒနာတရား ကြားနာရလို့၊ အဲဒီလို ဝေဒနာတရား ကြားနာရလို့ သောတာပန် တည်နိုင်ခဲ့ သော် ဝေဒနာတရားအားထုတ်ရင်ကော သောတာပန် မတည် နိုင်ဘူးလား။

အေး....ဝေဒနာတရား အားထုတ်ရင်လဲ သောတာပန် တည် နိုင်တယ်၊ ထူးတာက ဘာထူးတယ်၊ သေဝိတဗ္ဗ၊ အသေဝိတဗ္ဗ၊ မှီဝဲအပ်တဲ့ ဝေဒနာကို မှီဝဲ၊ မမှီဝဲအပ်တဲ့ ဝေဒနာကို မမှီဝဲနဲ့ လို့ ဟိုမှာ ဒီလိုဟောတယ်။

ဒီသတိပဋ္ဌာန်ကျတော့ သာမိသ ကာမဂုဏ်နဲ့စပ်တဲ့ ဝေ ဒနာပဲဖြစ်ဖြစ်၊ နိရာမိသ ကာမဂုဏ်နဲ့ မစပ်တဲ့ ဝေဒနာပဲ ဖြစ်ဖြစ် ဝေဒနာမှန်ရင် အကောင်း အဆိုး ရွေးမနေနဲ့၊ ဘာ ဝေဒနာပဲဖြစ်ဖြစ် လုပ်ဟေ့လို့ ဒီလိုဟောလိုတာ၊ ပစ္စာနာတိ သိအောင်လုပ်တဲ့ ဝေဒနာ ရွေးမနေနဲ့၊ ဒါက ကာမဂုဏ်နဲ့ စပ်တဲ့ ဝေဒနာ၊ ဒါက ကာမဂုဏ်နဲ့ ကင်းတဲ့ ဝေဒနာ၊ ဒီ ဝေဒနာမျိုးသာ အားထုတ်ရမယ်၊ ဟိုဝေဒနာမျိုးကို အား မထုတ်ရဘူးလို့ သတိပဋ္ဌာန်ကျတော့ဒီလိုမရှိဘူး၊ ဘာဝေဒနာ

ဖြစ်ဖြစ် အားထုတ်ရမှာပဲ၊ ဝေဒနာနုပဿနာကလေ။ တခါ စိတ္တာနုပဿနာကျပြန်တော့ကော သ ရာဂစိတ်၊ သ ဒေါသ စိတ်၊ သ မောဟစိတ် စသည်ဖြင့် ရင်ထဲနှလုံးထဲမှာ ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေ ဖြစ်နေတယ်၊ ရာဂစိတ်၊ ဒေါသ စိတ်၊ မောဟစိတ်တွေ ဖြစ်နေရင် တရား အားမထုတ်ရဘူးလား၊ အဲဒီ ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ်ကိုဘဲ သတိနဲ့ ပြန် အားထုတ်တဲ့။

ဒါကြောင့် သ ရာဂစိတ်၊ သ ဒေါသစိတ်၊ သ မောဟ စိတ်တဲ့၊ သတိပဋ္ဌာန်ကလေ။ မင်းတို့မှာ ကောင်းတဲ့စိတ်ရမှ တရားအားထုတ်ရမယ်ဆိုရင် ဒီဘဝတရား အားမထုတ်နဲ့တော့၊ မကောင်းတဲ့စိတ်လဲ အားထုတ်ရတယ် ဆိုတော့ မကောင်းတဲ့ စိတ်က အခြင်းခပ်သိမ်း မဖြစ်နိုင်ဘူးလား၊ မကောင်းတဲ့စိတ်တွေ မပေါ်ဘူးလား၊ အဲဒီတော့ မကောင်းတဲ့စိတ် ဖြစ်တိုင်း ဖြစ် တိုင်း သတိထား ဟုတ်လား၊ ဒေါသစိတ်ဖြစ်ရင်လဲ သိ သိ သိ၊ မောဟစိတ်ဖြစ်ရင်လဲ သိ သိ သိ၊ လောဘစိတ်ဖြစ်ရင်လဲ သိ သိ သိ၊ ဘာစိတ်ဖြစ်ဖြစ် သတိမလစ်စေနဲ့လို့ ဆိုလိုတယ်၊ အဲ ဒါပေါ့။

ဝေဒနာနုပဿနာကကော ဝေဒနာရွေးဘို့ လိုသေးသလား၊ စိတ္တာနုပဿနာကကော စိတ်ရွေးဘို့လိုသေးသလား၊ တခါ ဓမ္မာ နုပဿနာကျတော့ နီဝရဏပဗ္ဗ၊ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီ ဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ လို့ နီဝရဏ ငါးပါးလို့ ဟောတယ်၊ အဲဒီ နီဝရဏ ငါးပါး မှာလဲ ဘယ်နီဝရဏဘဲ ဖြစ်ဖြစ် နီဝရဏရယ်လို့ ဖြစ်လာရင် မလစ်စေနဲ့၊ ကာမဂုဏ်ကို အလိုရှိတဲ့ လောဘကာမစ္ဆန္ဒ၊ သူ

တပါးကို ပြစ်မှားတဲ့ ဒေါသဗျာပါဒ၊ အဲဒီ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏတွေ ရင်ထဲ နှလုံးထဲ ဖြစ်လာရင် ရင်ထဲ နှလုံးထဲမှာ မလစ်စေနဲ့၊ သိ သိ သိ သတိမပြတ်ထားလို့ ဆိုလိုတာ ဟုတ်လား၊ ယခုခေတ်လူထုနဲ့ သတိပဋ္ဌာန်တရားနဲ့ အလွန်သင့်လျော်တယ်၊ ဘာဖြစ်လို့တုံး၊ ယခုခေတ်လူထု၏ ရင်ထဲ နှလုံးထဲမှာ ဘယ်တော့မှ ကောင်းတာမဖြစ်ဘူး၊ မကောင်းတာချည်း ဖြစ်နေတာဘဲ၊ ဒီတော့ မကောင်းတာဖြစ်တာကို အားထုတ်ရမယ် ဆိုတော့ ယခုခေတ်လူထုနဲ့ သတိပဋ္ဌာန်နဲ့ မလျော်ဘူးလား၊ ကောင်းတာဖြစ်မှ တရားအားထုတ်ဆိုရင်တော့ ဒီလူတွေ တရားနဲ့ အဝေးကြီး၊ ဒို့တရားက မကောင်းတာ ဖြစ်ရင်လဲ အားထုတ်ရပါတယ် ဟုတ်လား၊ ဘယ်လိုမကောင်းတဲ့လူဖြစ်ဖြစ် အချိန်မရွေး လာခဲ့ကြပါ၊ အားထုတ်လှည့်ကြပါနော်။

အချိန်မရွေး လာ၍ အားထုတ်ကြ၍ တရားရနိုင်ကြပါစေသတည်း။

သာဓု....သာဓု....သာဓု ပါ ဘုရား။

× × × ×

ကျေးဇူးရှင်ဝေဠုဝတီဆရာတော်ဘုရားကြီးသည် သီတင်းနေ့များတွင် တပည့် ယောဂီ များအား ဟောကြားဆုံးမတော်မူသော ခန္ဓာငါးပါး နှင့် သတိပဋ္ဌာန် လေးပါး ဆက်စပ်ပုံ ဝိပဿနာ တရားတော်

## အားထုတ်နည်း အကျဉ်းချုပ်

အလုံး အခဲ သဏ္ဌာန်ဒြပ်ကယ်လို့ပေါ်လာရင် ပထဝီအမှုံ အမွှားတွေကို အာပေါ ဖွဲ့စည်းထားလို့ အလုံး အခဲ သဏ္ဌာန် ဒြပ်ဖြစ်တာ၊ ဒီလို မဟုတ်ဘူးလား၊ ဒါဖြင့် ပထဝီနဲ့ အာပေါ ကင်းတဲ့နေရာရှိပါ့မလား၊ မရှိပါဘုရား၊ အဲဒီပထဝီနဲ့ အာပေါ ဖွဲ့စည်းလို့ အလုံးအခဲသဏ္ဌာန် ဒြပ်ဖြစ်လာတဲ့ အခါကျတော့ ဒီ အလုံး အခဲမှာ စမ်းကြည့်လိုက်ရင် ပူမှု အေးမှု မရှိဘူးလား၊ ရှိပါသည်ဘုရား၊ အေး....အဲဒါ တေဇောမဟုတ်ဘူးလား၊ အဲဒီ အလုံးအခဲမှာ လျော့ရဲမှု တောင့်တင်းမှုက ဝါယော၊ ဓာတ်ကြီး လေးပါးနော်၊ ဒီတော့ ဘယ်ဝတ္ထုပစ္စည်းမဆို ဘယ်အကောင် အထည် သဏ္ဌာန်ဒြပ်မဆို ပထဝီ၊ အာပေါ၊ တေဇော၊ ဝါ ယော ဆိုတဲ့ ဓာတ်ကြီးလေးပါး အပေါင်းအစုကျမှ မျက်စိနဲ့ မြင်တာ အဆင်း ဝဏ္ဏ၊ နှာခေါင်းနဲ့ နံတာ အနံ့ ဂန္ဓ၊ လျှာ

နဲ့ တိုထိလို့ ပေါ်တဲ့ အချို အချဉ် အစပ် အငန် အဖန် အခါးက ရသ၊ အတက်အသက်က ဩဇာ၊ စားသောက်လိုက်တော့ တက်မှု သက်မှု ဖြစ်စေတဲ့ သတ္တိ မရှိဘူးလား၊ ရှိပါသည်ဘုရား၊ အဲဒါ ဩဇာ၊ ဒီတော့ ဘယ်ရုပ်မဆို ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ အနည်းဆုံး ရှစ်ပါးရှိရတယ်၊ အနည်းဆုံး ဘယ်နှစ်ပါးရှိရတယ်၊ ရှစ်ပါးရှိရပါသည်ဘုရား၊ အေး....ရှစ်ပါးရှိရတယ်။

အဲဒီရုပ်ကလာပ် ရှစ်ခု အပေါင်းအစုဖြစ်တဲ့ တခုတခုပမာဏဟာ ပရမာ အနုမြူလောက် ရှိတယ်တဲ့၊ ဘယ်လောက် ရှိတယ်၊ ပရမာအနုမြူလောက် ရှိပါသည်ဘုရား၊ အေး....ပရမာအနုမြူ နော်(ကေကပ္ပလာပါ ပရမာဏုပရိမာဏာ ဟောန္တိ)၊ ကေကပ္ပလာပါ၊ ကလပ် တခုတခုတို့သည်။ ပရမာဏုပရိမာဏာ၊ ပရမာဏုမြူ အတိုင်း အရှည်ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဏုမြူ ဆိုတာ နေရောင်နဲ့ တည့်တဲ့အခါ သွားလာနေတဲ့ မြူမှုန်ကလေးတွေ မမြင်ဘူးလား၊ မြင်ရပါသည် ဘုရား၊ အဲဒါ အဏုမြူ ခေါ်တယ်၊ အဲဒီ အဏုမြူကို ၃၆-စိတ် စိတ်တော့ တစိတ်ကို ပရမာအဏုမြူ၊ အဲဒီ ပရမာအဏုမြူကျတော့ နေရောင်နဲ့တည့်ပေမဲ့ မြင်သေးရဲ့လား၊ မမြင်ပါဘုရား၊ အဲဒီ မမြင်ရလောက်အောင် သေးငယ်တဲ့ ပရမာ အဏုမြူ အတိုင်းအရှည် ရှိတယ်တဲ့၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဆိုတဲ့ ရုပ်ကလပ် တခုဟာ ဘယ်လောက် ရှိတယ်၊ ပရမာအဏုမြူလောက် ရှိပါသည်ဘုရား။

ဒီတော့ ပထဝီဓာတ် ဆိုတာ ပထဝီဓာတ်သာ မဟုတ်ဘူး၊ အဲဒီရှစ်ပါးအပေါင်းဖြစ်တဲ့ ကလာပ်ကလေးတွေဟာ အကုန်လုံး

အမှုန့်ချည်းဘဲ၊ အဲဒီ ရုပ်ကလာပ်မှုန့်ကလေး တခုက မမြင်နိုင်လောက်အောင် သေးငယ်တယ်၊ ပရမာ အဏုမြူလောက် ရှိတယ်၊ အဲဒီ ပရမာအဏုမြူလောက်ရှိတဲ့ ကလာပ်မှုန့်ကလေးများမှာ မီး ၂၅-မီးလောင်တယ်၊ မှန်ပါဘုရား၊ ဒီတော့ ဒီကလပ်မှုန့်ကလေး အသက်ရှည်နိုင်ပါအုံးမလား၊ မရှည်နိုင်ပါ ဘုရား၊ မီး ၂၅-မီးလောင်တယ်နော်၊ မများဘူးလား၊ များပါသည်ဘုရား၊ ဇာတိမီး ကလာပ်မှုန့်ကလေးဟာ ဖြစ်မှုမရှိဘူးလား၊ ရှိပါသည်ဘုရား၊ အေး....အဲဒါ ဇာတိမီး ဟုတ်လား၊ ဇရာမီး၊ ဖြစ်ရင် ဖြစ်တဲ့အတိုင်း နေရဲ့လား၊ မနေပါဘုရား၊ ရင့်ရော် မလာဘူးလား၊ အဲဒါ ဇရာမီး ဟုတ်လား၊ ပျောက်ပျက်မသွားဘူးလား၊ ပျောက်ပျက်သွားပါသည်ဘုရား၊ အဲဒါ မရဏမီး ဘယ်နှစ်မီးရှိပြီလဲ၊ သုံးမီးပါဘုရား၊ သုံးမီးနော်၊ ဒီကလာပ်မှုန့်ကလေးမှာ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ ဖြစ်တာလဲမီး၊ တည်နေတာလဲမီး၊ ပျက်သွားတာလဲမီး ဟုတ်လား။

အဲဒီကလပ်မှုန့်ကလေးမှာ ဇာတိမီးရှိတယ်၊ ဇရာမီးရှိတယ်၊ မရဏမီးရှိတယ်၊ မီးခြစ်ဆံကလေးခြစ်လိုက်စမ်းပါ၊ ရှဲဆိုတောက်မလာဘူးလား၊ အဲဒီတောက်လာတာလဲမီး၊ အဲဒီဖြစ်လာတာလဲမီး၊ ဒီမီးခြစ်ဆံမကုန်ခင် ရှောက်လောင်နေတာလဲမီး၊ တည်နေတာလဲမီး၊ ငြိမ်းသွားတော့လဲ မီးပေါ့နော်၊ အဲဒီရုပ်ကလာပ်မှုန့်ကလေးဖြစ်လာတော့မီး ဟုတ်လား၊ ဖြစ်ပြီးတဲ့နောက် ဖြစ်တဲ့အတိုင်း မတည်မူ၍ ရင့်ရော်လာတော့မီး၊ ပျက်သွားတော့မီး ဟုတ်လား၊ ရုပ်ရှစ်ခု အပေါင်းဖြစ်တဲ့ မျက်စိနဲ့မမြင်ကောင်းအောင် သေးငယ်တဲ့ ပရမာအဏုမြူလောက် ရှိတဲ့ ကလာပ်ကလေးမှာ ဇာတိမီးလောင်တယ်၊ ဇရာမီးလောင်တယ်၊ မရဏမီးလောင်ပါ

တယ်၊ အဲဒီတော့ ရုပ်ရှစ်ခုဖြစ်တော့ကာ ပထဝီမှာလဲ သုံးမီး၊ အာပေါမှာလဲ သုံးမီး၊ တေဇောမှာလဲ သုံးမီး၊ ဝါယောမှာလဲ သုံးမီး၊ ဝဏ္ဏမှာလဲ သုံးမီး၊ ဂန္ဓမှာလဲ သုံးမီး၊ ရသမှာလဲ သုံးမီး၊ ဩဇာမှာလဲ သုံးမီး၊ ရုပ်ကလာပ်တခုမှာ ရုပ်ပေါင်းရှစ်ခု ရှိသောကြောင့် ရှစ်သုံးလီ ၂၄-မီး မဟုတ်လား။

အဲဒီ ၂၄-မီးထဲမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့ ဓာတ်ကြီး လေးပါးထဲမှာ တေဇောဓာတ် တခု မပါဘူးလား၊ ပါပါသည်ဘုရား၊ အဲဒီ တေဇောဓာတ်ဟာလဲမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီးက သုံးမီး၊ တေဇော မီးက တမီး ဟုတ်လား၊ ဘယ်လောက်ရှိသလဲ၊ ၂၅-မီးပါဘုရား၊ ဒီကလာပ်မှုန့် တာရှည် ခံပါအုံးမလား၊ မခံတော့ပါဘုရား၊ မင်းတို့ ကိုယ်ကောင်မှာ အဲဒီဖြစ်ဖြစ်ခြင်း ပျက်တဲ့ကလာပ်မှုန့်အပြင် ဘာများ ရှိသေးလဲ၊ ရှာကြည့်စမ်းပါ၊ တာရှည်ခံနေတဲ့ ခေါင်း ကိုယ် ခြေ လက် ဆိုတာက သဘာဝမဟုတ်ဘူး၊ အဲဒါပညတ်၊ စိတ်က ထင်နေတာနော်၊ မှန်ပါဘုရား၊ မီးစကိုကိုင်ပြီး ရမ်းစမ်း၊ မီးစကို ကိုင်ပြီး ရမ်းတော့ မီးဝိုင်းကြီး မထင်ဘူးလား၊ ထင်ပါသည် ဘုရား၊ ဘာဖြစ်လို့ ထင်သလဲ၊ မီးသွားသလောက် စိတ်က မှီအောင် မလိုက်နိုင်လို့၊ ပကတိ စိတ်က မီးသွားသလောက်မှီအောင်လိုက်နိုင်ရဲ့လား၊ မလိုက်နိုင်ပါဘုရား၊ မလိုက်နိုင်လို့ အဝိုင်းကြီးထင်ရတယ်နော်၊ အဲဒီမီးသွားတဲ့နောက်ကို စိတ်ကကပ်ပြီးတော့လိုက်သွားစမ်း၊ အဝိုင်းကြီးထင်နိုင်ပါအုံးမလား၊ မထင်နိုင်ပါဘုရား။

ဒီတော့ မီးစကိုင်ရမ်းလို့ အဝိုင်းကြီး ထင်ရတာ၊ ဘာဖြစ်လို့လဲ၊ မီးသွားသလောက် စိတ်က မြန်အောင် မလိုက်နိုင်လို့၊ ဟုတ်လား၊အဲဒီ မင်းတို့ခန္ဓာကိုယ်မှာလဲ ကလာပ်မှုန့်ကလေးတွေ

ပျက်တိုင်းပျက်တိုင်း စိတ်ကမှီအောင် မလိုက်နိုင်တော့ ခေါင်းနဲ့ ကိုယ်နဲ့ ခြေနဲ့ လက်နဲ့ သဏ္ဍာန်ကြီး ထင်နေတယ်၊ ဟုတ်ဘူးလား၊ မီးစက်ဝိုင်း ထင်ရာမှာ စိတ်က မှီအောင် မလိုက်နိုင်လို့ စက်ဝိုင်းထင်နေရသကဲ့သို့အဲဒီကလပ်မှုန့်ကလေးမီးလောင် လောင်ပြီး ပျက်ပျက်သွားတာကို စိတ်က မှီအောင် မလိုက်နိုင်လို့ ခေါင်း ကိုယ် ခြေ လက် သဏ္ဍာန်ဒြပ်ထင်နေရတာနော်၊ ဒီတော့ လူတို့၏ခန္ဓာကိုယ်မှာ ပစ္စည်းဝတ္ထုမှာ အကောင်အထည်သဏ္ဍာန် ဒြပ်အနေနဲ့ ခိုင်မြဲနေတယ်ဆိုတဲ့ မီးစအဝိုင်းဟာ အဲဒီဉာဏ်မရှိလို့၊ ဒါဖြင့် တကိုယ်လုံး တကောင်လုံး မီးရဲရဲ တောက်နေတဲ့ မီးကလာပ်မှုန့်တွေကို မသိကြတော့ ကောင်းတယ်ထင်နေတယ်၊ ခေါင်းနဲ့ ကိုယ်နဲ့ ခြေနဲ့ လက်နဲ့ ဘာနဲ့ ညာနဲ့ ဟန်ရ ပန်ရ ထင်မနေဘူးလား၊ ထင်နေပါသည်ဘုရား။

အမှန်က ဟိုမီးစက်ဝိုင်းလိုဘဲနော်၊ မီးစကို မှီအောင် မလိုက်နိုင်လို့ မီးစက်ဝိုင်း ထင်တာ၊ မီးက အမှန်လား၊ စက်ဝိုင်းက အမှန်လား၊ မီးက အမှန်ပါဘုရား၊ အေး....မီးက အမှန် ဟုတ်လား၊ သို့သော် ပကတိ စိတ်က မီးကို မှီအောင် မလိုက်နိုင်တော့ အဝိုင်းကြီးထင်ရတယ်၊ ဒီမှာလဲ ကလမ့်ပ်မှုန့်ကလေးတွေ မီးလောင်ပြီးတော့ ပျက်ပျက်သွားတာ၊ ပျက်ပြီးတော့ နေတာက အမှန်၊ စိတ်မှီအောင် မလိုက်နိုင်လို့ ခေါင်း ကိုယ် ခြေ လက် ထင်နေတာ၊ ဟုတ်ဘူးလား၊ ဒါဖြင့် တကိုယ်လုံး တကောင်လုံး မီးခဲကြီးဖြစ်မနေဘူးလား၊ ဖြစ်နေပါသည် ဘုရား၊ ဖြစ်နေပေမယ်လို့ ဒီမီးခဲကြီးဟာ ကြာသလားဆိုတော့ ခုဖြစ် ခုလောင်၊ ခုပျက် ခုဖြစ်၊ ခုလောင် ခုပျက်နော်၊ ပရွက်ဆိတ်ကလေးကို ပေပေါ် တင်ပြီး တူနဲ့ ထုလိုက်၊ သန်းကလေးကို

ကြမ်းပိုးကလေးကို အင်မတန်သေးငယ်တဲ့ အကောင်ကလေးကို ပေပေါ်တင်ပြီးတော့ အပေါ်ကနေပြီး တူနဲ့ ထုလိုက် ဟုတ်လား၊ ပေနားမလည်ရင် အောက်က ကျောက်ပြားပေါ်မှာ အပေါ်ကနေပြီး တူနဲ့ ထုလိုက် ဟုတ်လား၊ အဲဒီပရွက်ဆိတ်ကလေး တူနဲ့ထုလိုက်လို့ရှိရင် အစိုက္ခက်ကလေး ကျန်နေအုံးမယ်နော်၊ ဒီကောင်ကလေးကတော့ မှုန့်မှုန့်ညက်ညက် ကြေမသွားဘူးလား၊ ကြေသွားပါသည် ဘုရား၊ သို့ပေမဲ့ အစိုရာကလေးက ကျန်အုံးမယ် မဟုတ်လား၊ ပရွက်ဆိတ်ကလေးကို ကျောက်ပြားပေါ်တင်ပြီး တူနဲ့ ထုလိုက်တဲ့ ဒဏ်ဟာ ပြင်းထန်သလား မပြင်းထန်ဘူးလား၊ ပြင်းထန်ပါသည်ဘုရား၊ အင်မတန်မှ ပြင်းထန်ခြင်းကြောင့် အရိုးရော အသားရော ရှာမရအောင် ကြေသွားပြီး အစိုက္ခက်ကလေးသာ ကျန်နေသေးတယ်။

ရုပ်ရှစ်ပါးအပေါင်းဖြစ်တဲ့ ကလာပ်ကလေးတခုမှာ မီး ၂၅-မီးလောင်တာဟာ အစိုက္ခက်တောင် ကျန်နိုင်ရဲလား၊ မကျန်နိုင်ပါဘုရား၊ အဲဒီထက်ဒဏ်ပြင်းတယ်နော်၊ ပရွက်ဆိတ်ကလေးကို ပေပေါ်တင်ပြီး ထုတာထက် ဒဏ်ပြင်းတယ်၊ ကလာပ်စီး တခုမှာ မီး ၂၅-မီးလောင်တာမပြင်းဘူးလား၊ ပြင်းပါသည်ဘုရား၊ မိုးညှင်း ဆရာတော်ကြီးက ဘယ့်နှဲ့ ပြောသလဲ၊ ပရွက်ဆိတ်ခေါင်းမှာ တင်းတောင်းလောက် အနာကြီး ပေါက်တာနဲ့ တူသတဲ့ ဟုတ်လား၊ ဒီတော့ သတ္တဝါနဲ့ဒဏ်နဲ့ မျှတရဲ့လား၊ မမျှတပါဘုရား၊ သတ္တဝါနဲ့ဒဏ်နဲ့ မမျှတကြောင်း ပြောတာ၊ ပရွက်ဆိတ်ခေါင်းမှာ တင်းတောင်းလောက်အနာကြီးပေါက်ရင် ဒီပရွတ်ဆိတ် ခံနိုင်ပါအုံးမလား၊ မခံနိုင်ပါ ဘုရား၊ ဒီတော့

အကောင်သေးပြီးတော့ ဒဏ်က မပြင်းထန်ဘူးလား၊ ပြင်းထန်ပါသည် ဘုရား။

အေး....ထိုနည်းတူစွာ ကလာပ်မှုန့်ကလေးတခုမှာ မီး ၂၅-မီး လောင်တယ်ဆိုတာ ပရွက်ဆိတ်ခေါင်းမှာ တင်းတောင်းလောက် အနာကြီးပေါက်နေတာနဲ့ တူတယ်ကွတဲ့၊ မိုးညှင်းဆရာတော်ကြီး ပြောတာလေ၊ အဲဒီလောက် ဒဏ်ပြင်းတဲ့ ခုချက်ခြင်းဖြစ်၊ ခုချက်ခြင်း မီးလောင်၊ ခုချက်ခြင်းဖြစ်၊ ခုချက်ခြင်းမီးလောင်နေတဲ့ ကလာပ်မှုန့်ကလေးတွေ အပေါင်းအစုကို ဉာဏ်ကမမြင်နိုင်တော့ ခေါင်းဘဲ ကိုယ်ဘဲ ခြေဘဲ လက်ဘဲ အဆောက်အဦးဘဲလို့ ထင်မနေရဘူးလား၊ ထင်နေပါသည် ဘုရား၊ ထင်နေပေမဲ့ တကယ်အားဖြင့် မီးတုံးမီးခဲကြီးဘဲ၊ ကိုယ်ခန္ဓာလဲ မီးတုံးမီးခဲဘဲ၊ အဆောက်အဦးတွေလဲ မီးတုံးမီးခဲဘဲ၊ ဘာဖြစ်လို့လဲ၊ မီး ၂၅-မီး လောင်နေတဲ့ ကလာပ်မှုန့်ကလေးတွေဟာ ဘယ်မှာ အကောင်းရှိသလဲလို့၊ မရှိပါဘုရား။

အင်း....ဒါဖြင့် အဆောက်အဦးတွေလဲ မီးဘဲ၊ သတ္တဝါ၊ ကောင်တွေလဲ မီးဘဲ၊ အဲဒီ မီးကောင်တွေက မီးလောင်မှာကြောက်လို့ ခုဥပုတ်စောင့်မလာဘူးတဲ့၊ ဖြစ်ရပုံ၊ ဟုတ်လား၊ သူတို့ကိုယ် သူတို့ မီးလောင်နေတာ သူတို့ မသိဘူး၊ အေး....ဒီလောက် ဆိုးတာနော်၊ ဒီတော့ အဲဒီ ၂၅-မီး အလောင်ခံရတဲ့ ကလာပ်မှုန့်ကလေးတွေသည် ဘယ်နှစ်ခုလဲ၊ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ရုပ်ရှစ်ခုအပေါင်း မဟုတ်လား၊ အဲဒီ ရုပ်ရှစ်ခု အပေါင်းမှာ ပထဝီ အာပေါ တေဇော ဝါယော ဆိုတာ မဟာဘုတ်၊ မှန်ပါဘုရား၊ မဟာ

ဘုတ်ကြီး လေးပါးနော်၊ ပထဝီ အာပေါ တေဇော ဝါယော ဆိုတာက ဘာလဲ၊ မဟာဘုတ်ကြီး လေးပါးပါဘုရား။

အဲဒီ မဟာဘုတ်ကြီး လေးပါး စုမိတော့မှ ဒီမဟာဘုတ်ကြီး လေးပါးမှာ အဆင်းမပါဘူးလား ဝဏ္ဏ၊ အနံ့ မပါဘူးလား ဂန္ဓ၊ အရသာ မပါဘူးလား ရသ၊ အဆီသြဇာ မပါဘူးလား၊ ပါပါတယ်ဘုရား၊ အဲဒီ ဝဏ္ဏ ဂန္ဓ ရသ သြဇာ ဆိုတဲ့ ရုပ်က ဥပါဒါရုပ်၊ ဝဏ္ဏ ဂန္ဓ ရသ သြဇာ ဆိုတာက ဘာရုပ်၊ ဥပါဒါရုပ်ပါဘုရား၊ ပထဝီ အာပေါ တေဇော ဝါယောက မဟာဘုတ်ကြီး လေးပါး၊ အဲဒီမဟာဘုတ်ကြီးလေးပါးနဲ့ ဥပါဒါရုပ် လေးပါး ဒီရုပ်ရှစ်ပါးဟာ ဘယ်ဝတ္ထုမဆို လူကိုယ်မှာဖြစ်စေ၊ အဆောက်အဦးမှာဖြစ်စေ၊ ဒီရုပ်ရှစ်ပါးကင်းတာ ရှိရဲ့လား၊ မရှိပါဘုရား၊ အဲဒီရုပ် ရှစ်ပါးတွေ များစွာ ပေါင်းစုတဲ့ အစုကျတော့ ခန္ဓာ၊ ဒါကြောင့် ရုပ်ခန္ဓာလို့ ဆိုတာ။

**"မဟာဘူတာ၊ ဥပါဒါဟု၊ ပေါင်းစုရှိသာ၊ ရုပ်များစွာ၊ ရုပ်ခန္ဓာဟု မှတ်"**

ဆိုကြစမ်း။ အဲဒါမျိုးကျတော့ ရအောင်ကို မဆိုချင်ဘူး၊ ရပြန်တော့လဲ ကျောင်းအောက်ရောက်သွားရင် မေ့ကုန်ရော၊ ဘယ်လောက်များ ဆိုးဝါးတဲ့ဟာတွေလဲလို့။

**"မဟာဘူတာ၊ ဥပါဒါဟု၊ ပေါင်းစုရှိသာ၊ ရုပ်များစွာ၊ ရုပ်ခန္ဓာဟု မှတ်"**

ဟုတ်လား၊ အဲဒီ ရုပ်ခန္ဓာထဲက ဘယ်ရုပ်ကိုဘဲ ဖြစ်ဖြစ် သတိထားလိုက်ရင် ကာယာနုပဿနာသတိပဋ္ဌာန်၊ ဒီမှာလက်နှင့်

ကိုင်လိုက်လို့ မာမှု မတွေ့ဘူးလား၊ တွေ့ပါသည်ဘုရား၊ ဒါ ပထဝီရုပ်ပါသားလို့ သဘိထားလိုက် ဟုတ်လား၊ ပထဝီရုပ်ပါ လားလို့ သတိမထားဟောင်မှ လက်နဲ့ကိုင်လိုက်လို့ထိ၊ လက် နဲ့ ကိုင်လိုက်လို့သိ၊ ဘာသိသလဲ၊ မာမှု သိတယ်၊ သို့မဟုတ် ပူမှု အေးမှု သိတယ်၊ ကိုင်လိုက်ရင် တခုခုတော့ သိရမှာဘဲ၊ အဲဒီလိုသိတာ ကာယာနုပဿနာ သတိပဋ္ဌာန် ခေါ်တယ်နော်၊ သတိအလုပ်ကိုလုပ်ပါ၊ လက်ထောက်လိုက်တယ်၊ ကြမ်းနဲ့မာမှု မတွေ့ဘူးလား၊ တွေ့ပါတယ်ဘုရား၊ အဲဒါသဘိထားလိုက်၊ ဘာ ရုပ်၊ ပထဝီရုပ်၊ ပူမှု အေးမှု မတွေ့ဘူးလား၊ ဘာရုပ်၊ တေ ဇောရုပ်၊ ဒီတော့ လက်နဲ့တို့လိုက်လို့ရှိရင် တခုခုတော့တွေ့ရ တော့မှာဘဲ၊ ဘာလိုနေသလဲ၊ သတိ လိုနေတယ်၊ သတိထား လိုက်ရင် ဘာဖြစ်သွားသလဲ၊ ကာယာနုပဿနာ သတိပဋ္ဌာန်ဖြစ် သွားမယ်၊ ခန္ဓာငါးပါးနဲ့ သတိပဋ္ဌာန်ဟပ်နေတာ၊ ရုပ်ခန္ဓာ သိပြီလား။

"မဟာဘူတာ၊ ဥပါဒါဟု၊ ပေါင်းစုရှိသော၊ ရုပ်များစွာ၊ ရုပ်ခန္ဓာဟုမှတ်"။ သက်ရှိသက်မဲ့ ရှိရှိသမျှ ဒါတွေဟာ ဘာတွေ လဲ၊ ရုပ်ခန္ဓာချည်းဘဲ၊ ဘာတွေ စုပေါင်းထားတဲ့ ရုပ်ခန္ဓာလဲ၊ မဟာဘုတ် ဥပါဒါရုပ်တွေကို ပေါင်းစုထားတဲ့ ရုပ်ခန္ဓာတွေ ဟုတ်လား၊ သတ္တဝါမှာလဲ ခေါင်း ကိုယ် ခြေ လက် နော်၊ ဟိုမှာလဲ ပစ္စည်းဝတ္ထု မရှိဘူးလား၊ တလောကလုံး အဲဒီ ရှိရှိ သမျှ ရုပ်တွေဟာ ဘာနဲ့ဘာ ပေါင်းစုထားတဲ့ ရုပ်တွေလဲ၊ မဟာဘုတ် ဥပါဒါရုပ်မဟုတ်လား၊ မှန်ပါဘုရား၊ အဲဒီ ပထဝီ အာပေါ တေဇော ဝါယောတို့က အမာခံအဆည်ကိုယ်ရုပ်၊

ဝဏ္ဏ ဂန္ဓ ရသ ဩဇာတို့က အမှီရုပ်၊ အဲဒီ မဟာဘုတ် ဥပါဒါရုပ် ဆိုတဲ့ ရုပ်အပေါင်းအစုတွေကိုပင် ခေါင်း ကိုယ် ခြေ လက် စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ်သုံးစွဲမှတ်ထင်နေကြတာ ဟုတ်သလားဆိုတော့ မဟုတ်ဘူးနော်၊ ခုန မီးစကိုင်ရမ်းတော့ မီးစက်ဝိုင်းကြီး ထင်နေတယ်၊ ဘာလို့လဲ၊ စိတ်က မီးသွားသလောက် မှီအောင်မလိုက်နိုင်လို့၊ မီးသွားသလောက်မှီအောင် မလိုက်နိုင်တော့ မီးအဝိုင်းကြီး ထင်မနေဘူးလား၊ အေး....ထို နည်းတူစွာ အထည်ဝတ္ထုထင်နေတာတွေဟာ ရုပ်တွေကို ဉာဏ် မြင်မပေါက်လို့ အထည်ဝတ္ထုထင်နေတာ၊ ရုပ်တွေကိုဉာဏ်မြင် ပေါက်တဲ့ အခါ အထည်ဝတ္ထု ပျောက်သွားလိမ့်မယ် ဟုတ် ဘူးလား။

ရုပ်တွေကို ဉာဏ်မြင်ပေါက်တဲ့ အခါ ကျတော့ အထည် ဝတ္ထု ပျောက်မသွားဘူးလား၊ ပျောက်သွားပါသည် ဘုရား၊ အထည်ဝတ္ထုတခုကို ကိုင်တို့ကြည့်လိုက်စမ်း၊ ပူမှု အေးမှုမတွေ့ ဘူးလား၊ တွေ့ပါသည်ဘုရား၊ ပူမှု အေးမှုဟာ အကောင် အ ထည် သဏ္ဌာန် ဒြပ်ရှိသလား၊ မရှိပါဘုရား၊ အဲဒီ မာမှုကို ဒီ့ပြင် အာရုံတွေ အပိုမသိဘဲနဲ့ မာမှု တခုဘဲ သိလိုက်စမ်း၊ ဒီ့ပြင် အာရုံတွေ အပိုမသိဘဲနဲ့ ပူမှု အေးမှု တခုဘဲ သိလိုက်စမ်း၊ ဒီသိဆဲခဏမှာ အကောင်အထည် သဏ္ဌာန် ဒြပ်တွေ ပါမလား၊ မပါပါဘုရား၊ မာမှုကို မာမှုအတိုင်းဘဲ တွေ့မယ်၊ ပူမှုကို ပူမှု အတိုင်းဘဲ တွေ့မယ်၊ အကောင်အထည် သဏ္ဌာန်ဒြပ် တွေ့ပါ့ မလား၊ မတွေ့ပါဘုရား၊ ဒါဖြင့် အာရုံတိုင်းမှာ အာရုံစိုက်မိ လို့ စိတ်နဲ့ အာရုံနဲ့ ကပ်မိလို့ ရှိရင် အကောင်အထည် သဏ္ဌာန်

ဖြုပ်ဆိုတဲ့ အပိုအာရုံတွေ တွေ့အုံးမလား၊ အာရုံပြုတဲ့အာရုံဘဲ တွေ့မယ်မဟုတ်လား၊ အာရုံတိုင်း အာရုံတိုင်းမှာ အာရုံပြုတဲ့ အာရုံကိုသာ တွေ့တွေ့နေရင် ဒီအကောင်အထည် သဏ္ဍာန်ဖြုပ် တွေ့အုံးမလား။

ဒါကြောင့် အာရုံပြုရင် ပျဉ်ပြားနဲ့ လက်နဲ့ ထိတယ်လို့ အာရုံမပြုပါနဲ့၊ သိ-သိ-ကို ပြု၊ ဘာကို ပြုရမလဲ၊ သိမှုကို ပြုရမယ်(ပျဉ်ပြား လက်)၊ ပျဉ်ပြားက ပညတ်၊ လက်ကလဲ ပညတ်၊ အဲဒီ ပညတ်နှစ်ခုကို လွှတ်ထားနော်၊ အဲဒီ ပညတ်နှစ်ခု ဆုံမိတဲ့ အခါကျတော့ ထိတယ်ဆိုတဲ့ သိမှု မပေါ်ဘူးလား၊ အဲဒီ သိမှုကို လိုချင်လို့၊ စကြ်နှင်လျှောက်တဲ့အခါကော ခြေထောက်နဲ့ ကြမ်းနဲ့ မထိဘူးလား၊ ထိပါ ဘုရား၊ အောက်က ကြမ်းလဲ အာရုံမပြုနဲ့၊ ခြေထောက်လဲ အာရုံမပြုနဲ့၊ ဒါကလေးနှစ်ခုဆုံမိတော့ ခြေထောက်မှာပေါ်တဲ့ ထိမှုကို အာရုံပြု၊ ဒီထိမှုဟာ အကောင်အထည်သဏ္ဍာန်ဖြုပ် ရှိသလား၊ မရှိပါ ဘုရား၊ အဲဒီ အကောင်အထည်သဏ္ဍာန်ဖြုပ်မရှိတဲ့သဘာဝနဲ့ အသိနဲ့ ဒီလိုချည်းဘဲ သိသိပြီးတော့အသိချင်းစပ်သွားရင်အကောင်အထည်သဏ္ဍာန်ဖြုပ်ဟာ ကျန်မနေရစ်ဘူးလား၊ နေရစ်ခဲ့မယ်မဟုတ်လား၊ ဟာဒါဖြင့် အကောင်အထည်သဏ္ဍာန်ဖြုပ်ဟာ ဟုတ်လဲ မဟုတ်ဘဲနဲ့ ကိလေသာ လိမ်ထားတာဆိုတာကို မသိဘူးလား၊ သိပါတယ် ဘုရား၊ အော-မရှိတဲ့ဟာ လိမ်ထားတာကို အဟုတ်မှတ်ပြီး နေကြလို့ ဒုက္ခ များနေကြတာနော်၊ ကိလေသာအလိမ်ပြေအောင် သတိကို ကြိုးစားလုပ်ပါနော်။

ဒီမှာထိလိုက်ရင် မာမှုကိုရင်လဲ တွေ့မယ်၊ ကြမ်းမှုကိုရင်လဲ

တွေ့မယ်၊ နူမှုကိုရင်လဲ တွေ့မယ်၊ ပူမှုကိုရင်လဲ တွေ့မယ်၊ အေးမှုကိုရင်လဲ တွေ့မယ်၊ လှုပ်ရှားမှုကိုရင်လဲ တွေ့မယ်၊ တောင့်တင်းမှုကိုရင်လဲ တွေ့မယ်၊ တခုခုမတွေ့ဘူးလား၊ တွေ့ပါတယ်ဘုရား၊ အဆင်းကတော့ အကောင်အထည်သဏ္ဌာန်ဒြပ် ရှိသလား၊ နှာခေါင်းနဲ့ နမ်းကြည့်တော့ အနံ့မတွေ့ဘူးလား၊ ဒီအနံ့ကော အကောင်အထည် သဏ္ဌာန်ဒြပ် ရှိသလား၊ မရှိပါ ဘုရား၊ ပါးစပ်ထဲမှာ စားကြည့်လိုက်စမ်း၊ အချို အချဉ် အဖန် အစပ် အငန် အခါး အရသာ လျှာပေါ်မှာ မတွေ့ဘူးလား၊ တွေ့ပါသည် ဘုရား၊ အဲဒီ အချို အချဉ် အဖန် အစပ် အငန် အခါးကော အကောင်အထည်သဏ္ဌာန်ဒြပ် ရှိရဲ့လား၊ မရှိပါဘုရား၊ တက်မှု သက်မှု ဖြစ်စေတဲ့ ဩဇာဓာတ်ကကော အကောင် အထည်သဏ္ဌာန်ဒြပ် ရှိရဲ့လား၊ မရှိပါ ဘုရား၊ ဒါဖြင့် ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဆိုတဲ့ ရုပ်တွေဟာ အကောင်အထည် ရှိတဲ့ ရုပ်တွေလား၊ မဟုတ်ဘူးနော်၊ ဒါတွေ ဘာတွေတုံး၊ အကောင်အထည်သဏ္ဌာန်ဒြပ်မရှိတဲ့ သဘာဝတွေ၊ သဘာဝဆိုတာ ဖြစ်လဲဖြစ်တယ်၊ အကောင်အထည် သဏ္ဌာန်ဒြပ်လဲ မရှိဘူး၊ တာရှည်လဲမခံဘူး၊ အဲဒီ တာရှည် မခံဘဲနဲ့ ဖြစ်ဖြစ်နေတဲ့ အဖြစ်သဘာဝ တွေကို ဖြစ်တိုင်း ဖြစ်တိုင်း သတိထားရင်ကော မဖြစ်နိုင်ဘူးလား၊ ဖြစ်နိုင်ပါသည် ဘုရား။

အင်း....သဘာဝဖြစ်မှုကို ဖြစ်တိုင်း ဖြစ်တိုင်း သတိထားပါများလို့ သတိအထမြောက်လာရင် အကောင်အထည်သဏ္ဌာန်ဒြပ်မဟုတ်ကြောင်း ဘွားဘွားကြီး ပေါ်မလာဘူးလားလို့၊

ပေါ်လာပါတယ်ဘုရား၊ အဲဒါကြောင့် ပထဝီ အာပေါ တေဇော ဝါယော အစရှိသော သဘာဝဓမ္မတွေကို တွေ့တိုင်း တွေ့တိုင်း မြင်တိုင်း မြင်တိုင်း နံတိုင်း နံတိုင်း သတိထားသွားရင် ကာယာနုပဿနာသတိပဋ္ဌာန်ဖြစ်တယ်၊ ဘာဖြစ်လို့လဲ၊ ရုပ်မို့လို့ ဟုတ်လား၊ ရုပ်နဲ့ ပတ်သက်လို့ သတိထားရင် ဘာသတိပဋ္ဌာန်၊ ကာယာနုပဿနာ သတိပဋ္ဌာန်၊ အေး...."မဟာဘူတာ၊ ဥပါဒါပါဟု၊ ပေါင်းစုရှိသာ၊ ရုပ်များစွာ၊ ရုပ်ခန္ဓာဟု မှတ်"၊ ရလောက်ပြီနော်၊ ဒါမှမရသေးရင် သင်းချိုင်းပို့မယ်၊ သင်းချိုင်းပို့ရမယ်၊ အေး....ပို့ဘို့သာ ကောင်းတော့တယ် နော်။

**"ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏပါ၊ ဤလေးဖြာ၊ နာမ်ခန္ဓာဟု မှတ်"**

ကိုယ်ဆင်းရဲ ကိုယ်ချမ်းသာ ဝေဒနာမျိုးကို ကာယိကဝေဒနာ ခေါ်တယ်၊ စိတ်မှာ ဆင်းရဲ ချမ်းသာ ဝေဒနာကိုတော့ ဘာခေါ်သလဲ၊ စေတသိက ဝေဒနာနော်၊ ဒါဖြင့် လူမှာ ဝေဒနာရယ်လို့ ဆင်းရဲမှု ချမ်းသာမှု ဖြစ်လာရင် မသိနိုင်ဘူးလား၊ သိနိုင်ပါတယ်ဘုရား၊ သိနိုင်တယ် မဟုတ်လား၊ အဲဒီ ဆင်းရဲမှု ချမ်းသာမှု ဖြစ်တိုင်း ဖြစ်တိုင်း သတိထားနော်၊ ဆင်းရဲမှု ဖြစ်တိုင်း ဖြစ်တိုင်း ချမ်းသာမှု ဖြစ်တိုင်း ဖြစ်တိုင်း သတိထားတော့ ဆင်းရဲမှုနဲ့ ချမ်းသာမှုကို သွားပြီး သတိကပ်ရင် ဒီချမ်းသာမှု ဆင်းရဲမှုအတွက်နဲ့တော့ လောဘ ဒေါသ မဖြစ်တော့ဘူး၊ အမယ်လေး ဆင်းရဲလိုက်တာ၊ အမယ်လေး ကောင်းလိုက်တာလို့ ဖြစ်တာဟာ မသိတဲ့ပုဂ္ဂိုလ်တွေမှာဖြစ်ထာ၊ သတိ

ထားလို့ သိတဲ့ပုဂ္ဂိုလ်ဟာ ဒီဆင်းရဲကိုလဲ မကြောက်ဘူး၊ ဒီချမ်းသာကိုလဲ မနှစ်သက်ဘူး ဟုတ်လား၊ ဆင်းရဲတာ ကြောက်တယ်၊ ချမ်းသာတာ လိုချင်တယ် ဆိုတာ သတိ မရှိလို့နော်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဒီဆင်းရဲ ချမ်းသာတွေဟာ အကောင်အထည် သဏ္ဍာန် ဒြပ် ရှိသလား၊ မရှိပါဘူးရှး၊ သဘာဝတွေ မဟုတ်လား သဘာဝတွေ။

အဲဒီ အကောင်အထည်သဏ္ဍာန်ဒြပ်မရှိတဲ့ ဆင်းရဲ ချမ်းသာ သဘာဝတွေကို ငါလုပ်ပြီးတော့ အမယ်လေး ငါဆင်းရဲလှချည်ရဲ့ကို၊ အဲဒါ ဒုက္ခပေးနေတာ ဟုတ်ဘူးလား၊ အမယ်လေး ဆင်းရဲတာကြောက်လိုက်တာ၊ ချမ်းသာလိုချင်လိုက်တာ ဟုတ်လား၊ ဆင်းရဲမှု ချမ်းသာမှု ငါလုပ်နေတာ၊ ဆင်းရဲမှု ချမ်းသာမှုမှာ ငါရှိသလား၊ ဆင်းရဲတဲ့သဘာဝ ချမ်းသာတဲ့သဘာဝဖြစ်ခိုက် ဖြစ်ခိုက်ကို အာရုံစိုက်စမ်း၊ ဆင်းရဲမှုနဲ့ စိတ်နဲ့ သွားကပ်တဲ့အခါ ဒီဆင်းရဲမှုကြောင့် စိတ်မဆင်းရဲဘူး၊ ချမ်းသာမှုကြောင့် လောဘမဖြစ်ဘူးနော်၊ ဒါဖြင့် ဆင်းရဲမှု ချမ်းသာမှုကို အကြောင်းပြုပြီး လောဘ ဒေါသ ကိလေသာတွေ ထနေကြတာ၊ ဘာဖြစ်လို့လဲ၊ သတိမရှိလို့နော်။

ဒါကြောင့် ဝေဒနာဖြစ်တိုင်း ဖြစ်တိုင်း သတိထားကြစမ်းပါ၊ စိုက်လိုက်စမ်း၊ ဝေဒနာဖြစ်ရင် သိ သိ သိ နဲ့ ဝေဒနာစိုက်လို့ ဝေဒနာနဲ့ သတိနဲ့ ကပ်မိသည်နှင့် တပြိုင်နက်ထဲ သဘောပေါက်သွားရော၊ ဟာ ဘာရှိလို့လဲ၊ ဖြစ်ခြင်းသဘော သက်သက်ဘဲ၊ အကောင်အထည်သဏ္ဍာန်ဒြပ်လဲမဟုတ်ဘူး၊ ဘယ်မလဲ ငါနာတာ၊ နာစရာ ငါလဲ မရှိဘူးလို့ သဘောပေါက်မသွား

ဘူးလား၊ ပေါက်သွားရင် ဆင်းရဲမှု ချမ်းသာမှုအတွက်နဲ့ ဒီ ပုဂ္ဂိုလ်ဟာ ကိလေသာဖြစ်အုံးမလား၊ ခုဖြစ်နေကြတာ ဆင်းရဲမှု ချမ်းသာမှုအတွက်နဲ့ ဖြစ်နေကြတာ၊ ဆင်းရဲမှာကြောက်ပြီးတော့ ချမ်းသာတာ လိုချင်လွန်းလို့ လုပ်နေရတာ ဟုတ်ဘူးလား၊ ကင်းကော ကင်းကြရဲ့လား၊ ဆင်းရဲ မကင်းပါဘူး၊ ချမ်းသာကော ချမ်းသာရဲ့လား၊ အလကားဘဲ ဟုတ်လား၊ အပင်ပန်း အဖတ်တင်တာဘဲ၊ ဒီတော့ ဝေဒနာ ဖြစ်တိုင်း ဖြစ်တိုင်း ဝေဒနာကို သတိထားရင် ဝေဒနာနုပဿနာ သတိပဋ္ဌာန် ဖြစ်ဘယ် ဟုတ်လား၊ မာမှု ပူမှု အေးမှု စသည်တို့ကို တွေ့တိုင်း တွေ့တိုင်း သတိထားရင် ကာယာနုပဿနာ သတိပဋ္ဌာန် ဖြစ်တယ်။

ကာယာနုပဿနာ ဝေဒနာနုပဿနာ ပြီးတော့ စိတ္တာနုပဿနာ၊ မြင်စိတ် ကြားစိတ် နံစိတ် စားစိတ် ထိစိတ် သိစိတ် စိတ်ခြောက်မျိုးဘဲ ရှိတယ်၊ မြင်မှုအကြောင်းပြုပြီး ဖြစ်တဲ့စိတ် မြင်စိတ်၊ ကြားမှုအကြောင်းပြုပြီး ဖြစ်တဲ့စိတ် ကြားစိတ်၊ နံမှုအကြောင်းပြုပြီးဖြစ်တဲ့စိတ် နံစိတ်၊ စားမှုအကြောင်း ပြုပြီး ဖြစ်တဲ့စိတ် စားစိတ်၊ ထိမှုအကြောင်းပြုပြီး ဖြစ်တဲ့စိတ် ထိစိတ်၊ သိမှု အကြောင်းပြုပြီး ဖြစ်တဲ့စိတ် သိစိတ်၊ ဒါဖြင့် မြင်စိတ် ကြားစိတ် နံစိတ် စားစိတ် ထိစိတ် သိစိတ် လူ တကိုယ်လုံးမှာ စိတ်ဘယ်နှစ်မျိုးရှိသလဲ၊ ခြောက်မျိုး ရှိတယ် မဟုတ်လား၊ ဒီပြင် စိတ်တွေ ထားလိုက်ပါအုံး၊ ရင်ထဲ နှလုံးထဲမှာ ဖြစ်တဲ့ ပင်ရင်းစိတ်ကို ဖမ်းလိုက်စမ်းပါ၊ မြင်စိတ် ကြားစိတ် နံစိတ်ဘို့ကတော့ သူ့ခဏနဲ့သူဖြစ်တာကို ရင်ထဲကဖြစ်တဲ့

စိတ်ကတော့ အချင်းခပ်သိမ်း ဖြစ်တယ်နော်၊ မြင်လဲ ရင်ထဲ ရောက်မှာဘဲ၊ ကြားလဲ ရင်ထဲရောက်မှာဘဲ၊ နံလဲ ရောက်မှာဘဲ၊ စားလဲ ရောက်မှာဘဲ၊ ထိလဲ ရောက်မှာဘဲ၊ ရင်ထဲ မရောက်တဲ့ စိတ်ကယ်လို့ ရှိပါ့မလား၊ ဒါဖြင့် ရင်ထဲကနေပြီး စိတ် ဖြစ်တိုင်း ဖြစ်တိုင်း သတိထားစမ်း၊ သတိထားရင် ငါ့ရင်ထဲ ဘာဖြစ်တယ်ဆိုတာ မသိနိုင်ဘူးလား၊ အဲဒီလို စိတ်ဖြစ်တိုင်း ဖြစ်တိုင်း သတိထားရင် စိတ္တာနုပဿနာသတိပဋ္ဌာန်ဖြစ်တယ်။

ပြီးတော့မှ အဆင်းမှတ်၊ အသံမှတ်၊ အနံ့မှတ်၊ အရသာမှတ်၊ အတွေ့အထိမှတ်၊ သဘောမှတ် လို့ အမှတ်သညာခြောက်မျိုး။ မြင်တော့ ဒီအဆင်း မမှတ်ဘူးလား၊ မှတ်ပါတယ်ဘုရား၊ အဲဒါ သညာ ဟုတ်လား၊ ကြားတော့ အသံ မမှတ်ဘူးလား၊ မှတ်ပါတယ်ဘုရား၊ နံတော့ အနံ့မမှတ်ဘူးလား၊ မှတ်ပါတယ်ဘုရား၊ စားတော့ အရသာ မမှတ်ဘူးလား၊ မှတ်ပါတယ်ဘုရား၊ တွေ့တော့ အတွေ့အထိ အကြမ်း အပူ အအေး မမှတ်ဘူးလား၊ မှတ်ပါတယ်ဘုရား၊ သိတော့ သိတဲ့အာရုံမမှတ်ဘူးလား၊ မှတ်ပါတယ်ဘုရား၊ ဒါဖြင့် အမှတ်သညာကောဘယ်နှစ်မျိုး ရှိသလဲ၊ ခြောက်မျိုး၊ ရူပသညာ သဒ္ဒသညာ ဂန္ဓသညာ ရသသညာ ဖောဋ္ဌဗ္ဗသညာ ဓမ္မသညာ သညာခြောက်မျိုး ဟုတ်လား၊ အဲဒီ သညာခြောက်မျိုးကို ဖြစ်တိုင်း ဖြစ်တိုင်း မှတ်ကြည့်စမ်း၊ ဒါက ဓမ္မာနုပဿနာ သတိပဋ္ဌာန်ထဲ သွားတယ်နော်။

ဒါဖြင့် သင်္ခါရ၊ သင်္ခါရဆိုတာ တရားနဲ့ ပတ်သက်ရင် စေတနာ တခုထဲကောက်နော်၊ မင်းတို့စိတ်ထဲမှာ ဟိုဟာ လုပ်ချင်

တယ်၊ ဒီဟာလုပ်ချင်တယ်၊ ကြည့်ချင်တယ်၊ နားထောင်ချင်တယ်၊ စားချင်တယ်၊ သောက်ချင်တယ်၊ သွားချင်တယ်၊ လာချင်တယ် စသည်ဖြင့် ဒီစိတ်က အလိုမရှိဘူးလား၊ ရှိပါတယ်ဘုရား၊ အဲဒါ စေတနာစေ့ဆော်မှု။

## "စေ့ဆော်ကြောင့်ကြ၊ စိုက်သမျှ၊ သင်္ခါရဟုမှတ်"

စေ့ဆော်ကြောင့်ကြမှု မရှိဘူးလား၊ ရှိပါသည်ဘုရား၊ အဲဒီမှာလဲ ရူပသံစေတနာ၊ သဒ္ဒသံစေတနာ၊ ဂန္ဓသံစေတနာ၊ ရသသံ စေတနာ၊ ဖောဋ္ဌဗ္ဗသံစေတနာ၊ ဓမ္မသံစေတနာလို့ စေတနာခြောက်မျိုးဘဲ ဟုတ်လား၊ အဆင်းမြင်ရမှုအတွက် စေ့ဆော်တယ်၊ အသံ ကြားရမှုအတွက် စေ့ဆော်တယ်၊ အနံ့ နံရမှုအတွက် စေ့ဆော်တယ်၊ အရသာခံစားရမှုအတွက် စေ့ဆော်တယ်၊ အတွေ့အထိ တွေ့ထိရမှုအတွက် စေ့ဆော်တယ်၊ စိတ်ကူးကြံစည်၍ သိရမှုအတွက် စေ့ဆော်တယ် ဟုတ်လား၊ ဒီမှာတော့ စေ့ဆော်ခြင်းခြောက်မျိုးဟာ စေတနာခြောက်မျိုးဘဲ၊ ဒီစေတနာခြောက်မျိုးဟာ သင်္ခါရ ခြောက်မျိုး ဟုတ်လား၊ ဒီတော့ သင်္ခါရ ခြောက်မျိုး စေတနာ ခြောက်မျိုး ဖြစ်တိုင်း ဖြစ်တိုင်း သတိထားနိုင်ရင်ကော ဓမ္မာနုပဿနာ၊ ဝေဒနာက ဝေဒနာနုပဿနာ၊ စိတ်က စိတ္တာနုပဿနာ၊ သညာနဲ့ သင်္ခါရက ဓမ္မာနုပဿနာ ဟုတ်လား၊ ဒီတော့ ဝေဒနာရယ် သညာရယ် သင်္ခါရရယ် ဝိညာဏ်ရယ် ဒီလေးမျိုးဟာ ရုပ်မဟုတ်ဘူး၊ နာမ်ချည်းဘဲ၊ နာမ်ခန္ဓာ လေးမျိုးခေါ်တယ်နော်၊ နာမ်ခန္ဓာ လေးမျိုးမှာ ဝေဒနာက ဝေဒနာနုပဿနာသတိပဋ္ဌာန် ဟုတ်လား၊

ဝိညာဏ်က စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ သညာနဲ့ သင်္ခါရက ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဟုတ်ဘူးလား၊ ရုပ်က ကာယာနုပဿနာသတိပဋ္ဌာန်။

**"စေတနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏပါ၊ ဤလေးဖြာ၊ နာမ်ခန္ဓာဟု မှတ်"**

နာမ်ခန္ဓာ ဘယ်နှစ်ပါးလဲ၊ အဲဒီ လေးပါးမှာ ဝေဒနက္ခန္ဓာက ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ နောက်ဆုံးပိတ် ဝိညာနက္ခန္ဓာက စိတ္တာနုပဿနာ၊ သညက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာက ဓမ္မာနုပဿနာ၊ ခန္ဓာ ငါးပါးမှာ သတိပဋ္ဌာန်က လေးပါး မဖြစ်ဘူးလား၊ ဖြစ်ပါတယ်ဘုရား၊ အချိန်ကုန်အောင် ကြားဘူးနားဝ ဖြစ်အောင် ရှောက်ပြီးပြောနေတာကွနော်၊ အမှန်က ဘာလဲ၊ ခန္ဓာကိုယ်မှာဖြစ်လို့ ပကတိစိတ်မှာ ဖြစ်တိုင်း ဖြစ်တိုင်း သတိထား၊ စိတ်မှာဖြစ်လို့ သိတိုင်း သိတိုင်း သတိထား၊ ကိုယ့်ကိုယ်မှာဖြစ်တာ၊ ကိုယ့်စိတ်မှာ ဖြစ်တာ မသိဘူးလား၊ သိပါတယ် ဘုရား၊ သိရင် ဘာလုပ်ဖို့လိုသလဲ၊ သတိထားဘို့လိုတယ် မဟုတ်လားနော်၊ အဲဒီလို သတိထားပါများလို့ သတိစပ်လာတဲ့ အခါကျတော့ ကာယကံ အပြစ်ကင်း၊ ဝစီကံ အပြစ်ကင်း၊ မနောကံ အပြစ်ကင်းနော်၊ ကာယကံ ဝစီကံ မနောကံ အပြစ်ကင်းတဲ့အခါ မင်းတို့သီလဟာ သီလဝိသုဒ္ဓိဖြစ်မယ်၊ ကာယကံ ဝစီကံ မနောကံ အပြစ်ကင်းရင် သီလဝိသုဒ္ဓိနော်။

ဒါဖြင့် အပြစ်ကင်းတဲ့ စိတ်က သီလဝိသုဒ္ဓိ၊ ငြိမ်သက်သော

စိတ်က စိတ္တဝိသုဒ္ဓိ ဟုတ်လား၊ အမှန်သိသောစိတ်က ဒိဋ္ဌိဝိသုဒ္ဓိ၊ ဘာဖြစ်လို့လဲ၊ မင်းတို့ အခု အသိက အမှန်မသိဘူး၊ အမှားသိနေတော့ သက္ကာယဒိဋ္ဌိ ကပ်နေတယ်၊ အမှန်သိတဲ့အခါ သက္ကာယ ဒိဋ္ဌိ ကပ်ပါအုံးမလား၊ မကပ်တော့ဘူး၊ အမှန်သိသော စိတ်က ဒိဋ္ဌိဝိသုဒ္ဓိ၊ ငြိမ်သက်သောစိတ်က စိတ္တဝိသုဒ္ဓိ၊ ငြိမ်သက်သောစိတ်ကို ဘာလို့ စိတ္တဝိသုဒ္ဓိခေါ်သလဲ၊ ကာမစ္ဆန္ဒနီဝရဏဆိုတဲ့ စိတ် ကင်းသွားလို့၊ ငြိမ်သက်သောစိတ်က နီဝရဏစင်ကြယ်လို့ စိတ္တဝိသုဒ္ဓိ၊ ဒါဖြင့် သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ အမှန်က စိတ်ဘဲနော်၊ ဒါဖြင့် သီလ ဆိုတာလဲ အပြစ်ကင်းသောစိတ်၊ သမာဓိဆိုတာလဲ ငြိမ်သက်သောစိတ်၊ ပညာဆိုတာလဲ အမှန်သိသောစိတ်၊ စိတ်ချည်းဘဲ မဟုတ်လားနော်၊ ဒါဖြင့် အပြစ်ကင်းသောစိတ်ကိုရအောင်၊ငြိမ်သက်သောစိတ်ကိုရအောင်၊ အမှန်သိသောစိတ်ကိုရအောင် ဘာလိုသလဲ၊ အေး....သတိတရား ကြိုးစားအားထုတ်ဘို့လိုတယ်၊ သတိတရား ကြိုးစားအားထုတ်ဘို့ လိုသည်ဖြစ်သောကြောင့် သတိတရားကို ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု ပါ ဘုရား။

× × × ×

မြောင်းမြမြို့ ဝေဠုဝတီကမ္မဋ္ဌာန်းတိုက်
ကျောင်းဒူးရှင် ဝေဠုဝတီ ဆရာတော်ဘုရား
ကြီးသည် ၁၃၃၀-ခုနှစ်၊ တော်သလင်း
လပြည့်ကျော် (၈) ရက်နေ့တွင် ယောဂီ
တပည့်တို့အား ဟောကြား ဆုံးမတော်မူ
အပ်သော ဓမ္မစကြာမြတ်သစ္စာ၏

# ဒုက္ခအပိုင်းအခန်းတရားတော်

**စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ** ဆိုတဲ့ အဲဒီ ငါးမျိုးဟာ အကုန်လုံး ဉာဏ်ချည်းဘဲ၊ ဝေဝုတ်ပရိယာယ် စကားလှယ်တဲ့၊ ဝေဝစန ဆိုတာ စကားအလဲအလှယ်နဲ့ သုံးတယ်၊ အဓိပ္ပါယ်ကတော့ ဒီတခုထဲဘဲ၊ ဒီလို သုံးလိုက် ဟိုလို သုံးလိုက်၊ ဒီလိုပြောလိုက်၊ ဟိုလိုပြောလိုက်၊ ဒီလိုပြောမှ နားလည်မဲ့ သတ္တဝါ၊ ဟိုလိုပြောမှ နားလည်မဲ့ သတ္တဝါ၊ တချို့သတ္တဝါက စက္ခုံ ဥဒပါဒိ ဆိုရင် ရှင်းသွားတယ်၊ တချို့က မရှင်းသေးဘူး၊ ဉာဏံ ဥဒပါဒိ လို့ ဟောမှ တချို့က ရှင်းသွားတယ်၊ တချို့က ပညာ ဥဒပါဒိ၊ တချို့က ဝိဇ္ဇာ ဥဒပါဒိ၊ တချို့က အလောကော ဥဒပါဒိ လို့ ဟောမှ ရှင်းသွားကြတယ်၊ ဒါ

ကြောင့် ပည္စာတခုထဲကိုပင် ငါးမျိုး လှည့်ပြီး ဟောတော်မူတယ်၊ **ဝေဝစန**တဲ့၊ **ဝေဝစနကို** ဗမာလို **ဝေဝုတ်** ခေါ်တယ်၊ **ဝေဝုတ်** ဆိုတဲ့ စကားကို တခါ နားမလည်ပြန်တော့ **ပရိယာယ၊ ပရိယာယ်**တဲ့၊ **ပရိယတ္တံ အယတိ ဧတေနာတိ၊ ပရိယာယော၊** ဧတေန၊ ဤအမျိုးမျိုး ပြောဆိုခြင်းဖြင့်။ ပရိ **ယတ္တံ**၊ ထင်ထင်ရှားရှား၊ အယတိ ပဝတ္တတိ၊ ဖြစ်တတ်၏ **ဣတိ**၊ ဤသို့ ထင်ထင်ရှားရှား အသိဉာဏ်ဖြစ်ကြောင်း ဖြစ်သောကြောင့်။ ပရိယာယော၊ ပရိယာယ်မည်၏။

စကားကြွယ်တဲ့ ပုဂ္ဂိုလ်များမှာ ဒီတခုထဲကိုဘဲ အမျိုးမျိုး တန်ဆာဆင်ပြီး ပြောတယ်၊ ဘာလုပ်ပြောရသလဲ၊ ဒီလို ပြောလို့ နားလည်တာထက် ဟိုလို ပြောရင် ပိုပြီးတော့ နားလည်သွားလိမ့်မယ်လို့ တရားနာသော သတ္တဝါတို့၏ နားလည်မှုကို အာရုံပြုပြီးတော့ ဉာဏ်တခုထဲကို စက္ခုလို့လဲ သုံးတယ်၊ ဉာဏလို့လဲ သုံးတယ်၊ ပညာလို့လဲ သုံးတယ်၊ ဝိဇ္ဇာလို့လဲ သုံးတယ်၊ အာလောကလို့လဲ သုံးတယ်၊ သစ္စဉာဏ်မှာလဲ ဒီငါးချက်ဘဲ၊ **နိရောဓံ အရိယသစ္စန္တိ စက္ခုံ ဥဒပါဒိ။** ။နိရောဓံ၊ တဏှာကင်းလွတ် ဒုက္ခဝဋ်ချုပ်ရာ နိရောဓဆိုတဲ့ နိဗ္ဗာန်တရားသည်၊ အရိယသစ္စံ၊ အရိယာသစ္စာတရားပေတည်း၊ ဣတိ၊ ဤသို့၊ စက္ခုံ ဉာဏ်မျက်စိသည်၊ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်လာ၏။ **အော်....နိဗ္ဗာန်ဆိုတဲ့တရားဟာ အရိယာ ပုဂ္ဂိုလ်တို့ရဲ့ ဖူးစင် မြင့်မြတ်တဲ့ အမှန်တရားဘဲလို့ ငါဘုရား ယခုမှ သိတယ်တဲ့၊ ဘုရားမဖြစ်မီက ကြားတောင် မကြားဘူးဘူး၊ အိပ်မက်တောင် မမက်ဘူးဘူးတဲ့။**

ယခု ဘုရားဖြစ်တော့မှ တဏှာကင်းလွတ် ဒုက္ခဝဋ်ချုပ်တဲ့ နိဗ္ဗာန်တရားဟာ မြင့်မြတ်ဖြူစင်တဲ့ အမှန်တရားဆိုတာ ငါဘုရား ယခုသိတယ်တဲ့၊ အဲဒါ သစ္စဉာဏ်ကို ပြောတာ၊ နိရောဓံ အရိယသစ္စန္တိတွင် ဆုံးထားတယ်၊ နိရောဓံ၊ နိရောဓဆိုတဲ့ နိဗ္ဗာန် တရားသည်၊ အရိယသစ္စံ၊ အရိယာသစ္စာပေတည်း၊ ဣတိ၊ ဤသို့၊ စက္ခုံ ဉာဏ်မျက်စိသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်လာပြီ၊ နိဗ္ဗာန်ဆိုတဲ့တရားဟာ အရိယာ သစ္စာတရားလို့ ယခုမှသိတယ်၊ ဒါသစ္စဉာဏ်ကိုပြောတာ။

ကိစ္စဉာဏ်ကျတော့ နိရောဓံ သစ္ဆိကာတဗ္ဗန္တိ စက္ခုံ ဥဒပါဒိ။ ။နိရောဓံ၊ တဏှာကင်းလွတ် ဒုက္ခဝဋ်ချုပ်ရာ နိဗ္ဗာန် တရားကို၊ သစ္ဆိကာတဗ္ဗံ၊ ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက် ပြုအပ်၏၊ ဣတိ၊ ဤသို့။ စက္ခုံ၊ ဉာဏ်မျက်စိသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်လာ၏။ ။နိရောဓ ဆိုတဲ့ နိဗ္ဗာန် တရားဟာ ကိုယ်တိုင်ဒိဋ္ဌ မျက်မှောက်ပြုအပ်တဲ့ တရားဘဲလို့ နိရောဓမှာ ပြုလုပ်သင့်တဲ့ကိစ္စကို ငါဘုရား ခုမှဘဲ သိတယ်တဲ့၊ နိရောဓံ သစ္ဆိကာတဗ္ဗန္တိ ဆိုတာ ကိစ္စဉာဏ်ကို ပြတာတဲ့။

နောက်ဟာကျတော့ နိရောဓံ သစ္ဆိကတန္တိ စက္ခုံ ဥဒပါဒိ။ ။နိရောဓံ၊ တဏှာကင်းလွတ် ဒုက္ခဝဋ်ချုပ်ရာ၊ နိရောဓ သစ္စာ နိဗ္ဗာန်တရားကို၊ သစ္ဆိကတံ၊ ကိုယ်တိုင် ဆိုက်ရောက်၊ မျက်မှောက်ပြုအပ်ပြီးလေပြီ။ ။နိရောဓသစ္စာကို ငါကိုယ်တိုင် မျက်မှောက်ပြု၍ပြီးပြီဆိုတာက ကတဉာဏ်ကိုပြတာတဲ့။

နိဗ္ဗာန်ကို သစ္စာလို့သိတာက ဘာဉာဏ်လဲ၊ သစ္စဉာဏ်ပါ ဘုရား၊ နိဗ္ဗာန်မှာ ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက်ပြုအပ်

ထာလို့ သိတာက ဘာဉာဏ်လဲ၊ ကိစ္စဉာဏ်ပါဘုရား၊ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ပြီးပြီလို့ သိတာက ဘာဉာဏ်လဲ၊ ကတဉာဏ်ပါဘုရား၊ အေး....ဒါပါဘဲ၊ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်၊ အဲဒီ နိဗ္ဗာန်တရားကို မျက်မှောက်ပြုလိုက်ရလို့ရှိရင်တော့ တလောကလုံး ဘာမှကောင်းတာမရှိဘူးဆိုတာ သဘောပေါက်သွားကြတယ်တဲ့၊ အရိယာပုဂ္ဂိုလ်များဟာ။

အားလုံး ဘုံသုံးပါးမှာ ဖြစ်ပျက်ပြီးနေတဲ့ တရားက တမျိုး၊ ဖြစ်ပျက်ခြင်းကင်းပြီးတော့ အေးငြိမ်းချမ်းသာ တည်ငြိမ်နေတဲ့ တရားက တမျိုး၊ လောကကြီးတခုလုံးမှာ ဒီတရား နှစ်မျိုးဘဲရှိတယ်တဲ့၊ အဲဒီတရားနှစ်မျိုးဟာ ဘယ်အခါမဆိုရှိတယ်၊ ဘုရားပွင့်ပွင့် မပွင့်ပွင့် ဒီတရားနှစ်မျိုး အမြဲရှိနေတယ်၊ အမြဲရှိတော့ ရှိနေတာဘဲ၊ သို့ပေမဲ့ ဖြစ်ပျက်ဆိုတဲ့ရုပ်နာမ် သိသလားဆိုတော့ မသိဘူး၊ ဒါဘာတရားလဲ၊ ဖြစ်ပျက်ဆိုတဲ့ ရုပ်နာမ်တရားဟာ ဒုက္ခသစ္စာတရားတဲ့၊ ဖြစ်ပျက်ဆိုတဲ့ ရုပ်နာမ် တရားဟာ ဘာတရားလဲ၊ ဒုက္ခသစ္စာတရားပါ ဘုရား၊ အဲဒီ ဒုက္ခတရားဟာ တဖြစ်ထဲ ဖြစ်နေတယ်၊ တနာရီ တစက္ကန့်မှ မနားဘူး၊ ဒုက္ခမဖြစ်တဲ့အချိန်ရယ်လို့ မရှိဘူး၊ အဲဒီ ရုပ်နာမ်ဒုက္ခ အမြဲဖြစ်နေသလို အဖြစ်ငြိမ်းအေးတဲ့ သန္တိသုခ လက္ခဏာ ရှိသော နိဗ္ဗာန်ဓာတ်ကြီးကလဲ တလောကလုံးမှာ အမြဲရှိနေတာယ်တဲ့၊ ဘုရားပွင့်သည်ဖြစ်စေ မပွင့်သည်ဖြစ်စေ နိဗ္ဗာန်မရှိတဲ့အချိန်အခါ နိဗ္ဗာန်မရှိတဲ့ အရပ်ဌာန မရှိဘူးတဲ့၊ ဒီနှစ်ခုကို မှတ်ထား၊ ရုပ်နာမ်လဲဘဲ အမြဲရှိတယ်၊ နိဗ္ဗာန်လဲဘဲ အမြဲရှိတယ်၊ ရုပ်နာမ်က ဒုက္ခ၊ နိဗ္ဗာန်က သုခ၊ ဟုတ်ပြီလား။

အဲဒီ ရုပ်နာမ်ဒုက္ခ အမြဲရှိနေပြေးသော်လဲဘဲ သတ္တဝါတွေ ရုပ်နာမ်ဒုက္ခကို သိကြသလား၊ မသိကြဘူး၊ အဆင်မပြေလို့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်တဲ့အခါမှ အဲဒီဆင်းရဲကို ဒုက္ခထင် နေကြတာကိုး၊ ဒါဝေဒယိကဒုက္ခ ခံစားရတဲ့ဒုက္ခ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲက ဘာဒုက္ခ၊ ဝေဒယိတဒုက္ခပါဘုရား၊ အေး....ဝေဒ ယိတ ဒုက္ခ၊ ဝေဒယိတဒုက္ခမှာ ဝေဒယိတသုခရှိတယ်တဲ့၊ အပူ ရှိရင် အအေးရှိစမြဲဆိုတာလို ဒုက္ခရှိရင်လဲ သုခရှိစမြဲ၊ ကိုယ် ဆင်းရဲ စိတ်ဆင်းရဲဆိုတဲ့ ဝေဒယိတဒုက္ခရှိတော့ကာ ကိုယ်ချမ်း သာ စိတ်ချမ်းသာဆိုတဲ့ ဝေဒယိတ သုခလဲ ရှိပြန်တာဘဲ၊ အဲဒီ လိုရှိတော့ သတ္တဝါတွေက ဝေဒယိတဒုက္ခကိုလဲ ဒုက္ခထင်တယ်၊ ဝေဒယိတသုခကိုလဲ သုခထင်တယ်၊ သတ္တဝါတွေ ထင်နေကြ တာ၊ အဲဒီလိုထင်နေကြတော့ ဒုက္ခကင်းပြီးတော့ ချမ်းသာခြင်း နှင့် ပြည့်စုံအောင်ဟဲ့ ဆိုပြီး လုံးပမ်းနေကြတာ၊ လိမ်လိုက်ရ တာ၊ ခိုးလိုက်ရတာ မပြောပါနဲ့တော့၊ ဒါဘာဖြစ်လို့တုံး၊ ဒုက္ခကင်းပြီးတော့ ချမ်းသာခြင်းနှင့်ပြည့်စုံအောင်တဲ့၊ ဒုက္ခကင်း ပြီးတော့ ဘာနဲ့ပြည့်စုံအောင်၊ ချမ်းသာခြင်းနှင့် ပြည့်စုံအောင် ပါဘုရား၊ ချမ်းသာခြင်းနှင့်ပြည့်စုံအောင် လိမ်လိုက်ရတာ၊ ခိုး လိုက်ရတာ၊ တခါမှ အအားမနေရဘူး၊ ကိုယ်ရော နှုတ်ရော စိတ်ရော ဘယ်လောက်ဗျာများနေကြသလဲဆိုတာ၊ အဲဒါ ဝေဒ ယိတ ဒုက္ခကို ကြောက်ပြီးတော့ ဝေဒယိတသုခကို လိုချင်ကြ လွန်းလို့ ဒီလောက်ဒုက္ခတွေ ရှောက်ဖြစ်နေကြတာတဲ့၊ အဲဒါ ဘာဖြစ်လို့ပါလိမ့်၊ ဒုက္ခမှန် ဒုက္ခစစ်ကို မသိလို့။

ဝေဒယိတ ဒုက္ခက ခံစားအပ်တဲ့ ဒုက္ခ၊ ဝေဒယိတ သုခက

ခံစားအပ်တဲ့ သုခ၊ အဲဒီ ဒုက္ခ သုခ နှစ်ပါးစလုံး သင်္ခတ ဒုက္ခ ကျတော့ ဆင်းရဲတာလဲ ဒုက္ခ၊ ချမ်းသာတာလဲ ဒုက္ခချည်းဘဲ တဲ့၊ နှစ်မျိုးစလုံး ချမ်းသာတာရော ဆင်းရဲတာရော ဒုက္ခချည်း ဘဲ ခေါ်တာက သင်္ခတဒုက္ခတဲ့၊ အဲဒီ သင်္ခတဒုက္ခကျမှ ဒုက္ခ အစစ်၊ ရုပ်နာမ်ဖြစ်ပျက်ဆိုတာ သင်္ခတဒုက္ခကိုပြောတာ၊ အဲဒီ သင်္ခတဒုက္ခနဲ့ ပြန်လိုက်တော့ သင်္ခတဒုက္ခနဲ့ ဆန့်ကျင်ဘက်က အသင်္ခတသုခတဲ့၊ အသင်္ခတသုခဆိုတာက နိဗ္ဗာန်၊ သင်္ခတဒုက္ခ ဆိုတာက ရုပ်နာမ်၊ အသင်္ခတ မပြုပြင်ရတဲ့ သီတိသန္တိ လက္ခဏာရှိတဲ့ အင်မတန်ငြိမ်းအေးတဲ့ချမ်းသာကြီးကို လိုလားတောင့် တတဲ့ အမျိုးကောင်းသား-အမျိုးကောင်းသမီး ယောဂီပုဂ္ဂိုလ် များဟာ ဘာဒုက္ခသိအောင်လုပ်ရမယ်၊ သင်္ခတဒုက္ခကိုသိအောင် လုပ်ကြရပါမယ် ဘုရား၊ အေး....သင်္ခတဒုက္ခ သိအောင် လုပ် ရမယ်။

ဒုက္ခသစ္စာဆိုတာ ဒီသင်္ခတဒုက္ခကိုဘဲ ခေါ်တယ်၊ ဒုက္ခသစ္စာ ဆိုတာ ဘာကိုခေါ်တယ်၊ သင်္ခတဒုက္ခကို ခေါ်ပါတယ်ဘုရား၊ အေး....သင်္ခတဒုက္ခဟာ ဒုက္ခသစ္စာ၊ သင်္ခတဒုက္ခဟာ ဒုက္ခအမှန်၊ ဒုက္ခအစစ်၊ သတ္တဝါတွေထင်နေကြတဲ့ ဝေဒယိတဒုက္ခက ဒုက္ခ စစ် ဒုက္ခမှန် မဟုတ်သေးဘူး၊ ဒုက္ခစစ် ဒုက္ခမှန်မဟုတ်တဲ့ ဝေဒ ယိတ ဒုက္ခကို ဒုက္ခမှန်လို့ထင်နေကြတော့ကာ ဝေဒယိတ သုခ ကို သုခထင်နေကြတော့တာပေါ့၊ ဒီတော့ ဝေဒယိတသုခ က လဲ သုခမှန် သုခစစ် မဟုတ်သေးဘူး၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဟာလဲ ဒုက္ခစစ် ဒုက္ခမှန် မဟုတ်တော့ကာ ကိုယ်ချမ်းသာ စိတ် ချမ်းသာကကော သုခစစ်သုခမှန် ဟုတ်နိုင်ပါ့မလား၊ မဟုတ်ပါ

ဘုရား၊ အေး....မဟုတ်ဘူး၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲလဲ ဒုက္ခသစ္စာ၊ ဆင်းရဲအမှန်မဟုတ်၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာလဲဘဲ သုခအမှန်မဟုတ်၊ အဲဒီတော့ ဒုက္ခအမှန်ဖြစ်တဲ့ ဒုက္ခသစ္စာကို သိအောင်အားထုတ်ကြရမယ်။

**"ပဋိသန္ဓေ၊ အိုနာသေနှင့်၊ မုန်းသူယှဉ်တွဲ၊ ချစ်သူကွဲကွာ၊ လိုရာမရ၊ ခုနစ်ဝ၊ ဒုက္ခအမှန်သိ"**

အေး....အဲဒီဒုက္ခက အကြမ်းဖျင်း၊ သတ္တဝါတိုင်း သိပါစေလို့ ကိုယ်တော်မြတ်က အကြမ်းဖျင်းကို ဟောတော်မူတာ၊ ပဋိသန္ဓေနေရတဲ့ဒုက္ခ၊ နာရတဲ့ဒုက္ခ၊ သေရတဲ့ ဒုက္ခ၊ မုန်းသူနဲ့ ကွဲရတဲ့ဒုက္ခ၊ ချစ်သူနဲ့ ကွဲရတဲ့ဒုက္ခ၊ လိုတိုင်းတောင့်တမရတဲ့ဒုက္ခ၊ အဲဒီဒုက္ခဟာ အပေါ်ယံ ဒုက္ခ၊ ဝေဒယိတ ဒုက္ခ ခပ်ဆန်ဆန် မြတ်စွာဘုရားက ဟောတယ်၊ ဘာဖြစ်လို့လဲ၊ သတ္တဝါများ သင်္ခတဒုက္ခထိအောင် ပြုံးကနဲ သိနိုင်မယ်မဟုတ်သေးဘူး၊ သင်္ခတ ဒုက္ခထိအောင် ပြုံးကနဲသိနိုင်မယ်မဟုတ်သေးတော့ သတ္တဝါတွေ သိနိုင်လောက်တဲ့ ဒုက္ခကို ဖော်ပြီးတော့ ကိုယ်တော်မြတ်က ဒုက္ခသစ္စာအနေနဲ့ဟောတာ၊ စဉ်းစားလဲကြည့်ကြ၊ **ပဋိသန္ဓေနေရတဲ့ ဒုက္ခ၊ အိုရတဲ့ဒုက္ခ၊ နာရတဲ့ဒုက္ခ၊ သေရတဲ့ဒုက္ခ၊ မုန်းသူနဲ့ တွဲရတဲ့ဒုက္ခ၊ ချစ်သူနဲ့ ကွဲရတဲ့ဒုက္ခ၊ လိုတိုင်းတောင့်တမရတဲ့ဒုက္ခ** တွေဟာ ရုပ်နာမ်သင်္ခတဒုက္ခမရှိရင် ဘယ်ကမှမလာနိုင်ဘူး၊ ရုပ်နာမ် သင်္ခတဒုက္ခပေါ်မှာတည်ပြီးတော့ဖြစ်ရတယ်၊ ရုပ်နာမ်ခန္ဓာ ဆိုတဲ့ သင်္ခတဒုက္ခရှိနေလို့ ပဋိသန္ဓေနေခြင်း နာခြင်း သေခြင်း အစရှိတဲ့ ဒုက္ခတွေ ပေါ်လာရတာ၊ ဒီတော့ ပဋိသန္ဓေနေရတဲ့

ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတွေဟာ ဒုက္ခမှန် ဒုက္ခစစ်သို့ မရောက်သေးပါဘူး၊ အဲဒီဒုက္ခတွေ၏ အရင်းခံ ဖြစ်တဲ့ ရုပ်နာမ်ခန္ဓာ သင်္ခတဒုက္ခသာလျှင် ဒုက္ခစစ်ဒုက္ခမှန်ဖြစ်တယ်၊ ရုပ်နာမ်ခန္ဓာဆိုတဲ့ သင်္ခတ ဒုက္ခစစ်ဒုက္ခမှန်၊ ဒုက္ခသစ္စာတရားမှာ ပီဠန နှိပ်စက်အပ်တဲ့ဒုက္ခ၊ သင်္ခတ ပြုပြင်အပ်တဲ့ဒုက္ခ၊ သန္တာပ ပူပင်ခြင်းမကင်းတဲ့ ဒုက္ခ၊ ဝိပရိဏာမ ဖောက်ပြန်ပျက်စီးတဲ့ ဒုက္ခ၊ သင်္ခတဒုက္ခမှာ သဘောလေးမျိုးရှိတယ်တဲ့၊ ပီဠန နှိပ်စက်အပ်တဲ့ သဘော၊ သင်္ခတ ပြုပြင်အပ်တဲ့သဘော၊ သန္တာပ ပူပင်ခြင်း မကင်းတဲ့ သဘော၊ ဝိပရိဏာမ ဖောက်ပြန်ခြင်းသဘော၊ အဲဒီ သဘောလေးမျိုးရှိတဲ့တရားဟာ ဒုက္ခသစ္စာ အမှန်ပါဘဲတဲ့၊ ဒုက္ခ သစ္စာ မှန် မမှန်ကို ဒီသဘောလေးမျိုးနဲ့ ကိုက်ကြည့်၊ ဒုက္ခသစ္စာ မှန်ရင် ဒီသဘော လေးမျိုးရှိတယ်၊ ရုပ်နာမ်သင်္ခတဒုက္ခ မှန်ရင် ယန္တရားစက်ဖြင့် ကြည့်သကဲ့သို့ နှိပ်စက်အပ်သောသဘောရှိတယ်၊ ယန္တရားစက်ဖြင့် အကြိတ်ခံရသော ဝတ္ထုပစ္စည်းဟာ မှုန့်မှုန့်ညက် ညက် ကြေမသွားဘူးလား ဦးမောင်သာရဲ့၊ ယန္တရားစက်ဖြင့် အ ကြိတ်ခံရတဲ့ ဝတ္ထုပစ္စည်းဟာ မှုန့်မှုန့်ညက်ညက် ကြေသွားပေလိမ့် မယ်၊ ဒါဖြင့် ယန္တရားစက်ဖြင့် အကြိတ်ခံရ၍ မှုန့်မှုန့်ညက်ညက် ကြေသွားတဲ့ဝတ္ထုပစ္စည်းဟာ ဒုက္ခခေါ်မလား သုခခေါ်မလား၊ ဒုက္ခခေါ်ပါတယ်ဘုရား၊ အေး....ယန္တရားစက်ဖြင့် အကြိတ်ခံရတဲ့ သဘောဟာ သုခသဘောမဟုတ်ဘူး၊ ဒုက္ခသဘော၊ ဘာသဘော၊ ဒုက္ခသဘောပါဘုရား။

ဒါဖြင့် ယန္တရားစက်ဖြင့် ကြိတ်သကဲ့သို့ နှိပ်စက်အပ်သော သဘော ဘယ်သူ့မှာရှိသလဲ၊ ရုပ်နာမ်ခန္ဓာမှာ ရှိပါတယ်ဘုရား၊

အဲဒီ ရုပ်နာမ်ခန္ဓာဆိုတဲ့ နှိပ်စက်အပ်တဲ့ သဘောကို ဘယ်သူက နှိပ်စက်နေသလဲ၊ နှိပ်စက်အပ် နှိပ်စက်တတ် နှစ်မျိုးခွဲသိ၊ ရုပ်နာမ်ခန္ဓာက နှိပ်စက်အပ်၊ နှိပ်စက်အပ်ဆိုတာ အနှိပ်စက်ခံရတာကို ပြောတာ၊ ရုပ်နာမ်ခန္ဓာဆိုတဲ့ တရားက အနှိပ်စက်ခံရတဲ့ သဘောရှိတယ်၊ နှိပ်စက်အပ်တဲ့ သဘောရှိတယ်၊ ဒီတော့ ဖြစ်ပျက် ဖြစ်ပျက်ဆိုတာ ဘာကိုပြောသလဲ၊ ဖြစ်ပျက် ဖြစ်ပျက် ဆိုတာ ဥပါဒ်စွန်း ဘင်စွန်း အစအဆုံးကို ပြောတာ၊ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ဆဲဥပါဒ်စွန်း၊ ရုပ်နာမ်ခန္ဓာတို့၏ ဝယစွန်း၊ အဆုံးကို ပြောတာ၊ ရုပ်နာမ်ဓမ္မတို့၏ အစနဲ့အဆုံး၊ ဒါဖြင့် ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်အပျက် ဆိုတာ ဘာပြောသလဲ ဆိုရင် အစနဲ့ အဆုံးကို ပြောတာ ဟုတ်လား၊ သေသေချာချာလဲ စဉ်းစားနော်၊ အစနဲ့အဆုံး သိဘို့မလွယ်ဘူး၊ လွယ်ရဲ့လား၊ မလွယ်ပါဘုရား။

လူတယောက်သေနေတာ အနားက ထိုင်ကြည့်စမ်း၊ မပြောကောင်း မဆိုကောင်း လူတယောက်သေနေတာ အနားက ထိုင်ကြည့်နေတော့ သေသွားပြီ၊ ဘာဖြစ်လို့ သေသွားမှန်း သိသလဲ ဆိုတော့ အသက်မရှူလို့၊ ဖြုတ်ခနဲချုပ်တဲ့ ဝိညာဏ်ချုပ်လိုက်တာကလေး သိလိုက်သလား၊ မသိလိုက်ပါဘုရား၊ အေး....ဖြုတ်ခနဲ ချုပ်လိုက်တဲ့ ဝိညာဏ် ချုပ်လိုက်ထာ မသိလိုက်ဘူး၊ အပျက်ကို ကိုယ်တွေ့ဒိဋ္ဌ မသိတာ ပြောတာ၊ အသက်မရှိတော့မှ ပျက်သွားလို့ မရှိတာကိုလို့၊ ပျက်သွားလို့ သေတာကိုလို့၊ သေပြီးမှ သိတာ အပျက်သိမခေါ်သေးဘူး၊ ဒါဖြင့် ပဋိသန္ဓေနေဆဲခဏကကော ဒီထက်အသိမခက်ဘူးလား၊ ခက်ပါသည် ဘုရား၊

နောက်ဆုံးပိတ် သေဆဲခဏအပျက်ကကော၊ ခက်ပါသည်ဘုရား၊ ဒီတော့ ဖြစ်ဆဲခဏ ပျက်ဆဲခဏကလေးကို စိတ်နဲ့ မသိနိုင်ဘူးလား၊ ဉာဏ်နဲ့ သိနိုင်သလား၊ ဉာဏ်နဲ့မှ သိနိုင်ပါသည်ဘုရား၊ အေး....ပျက်ဆုံးကို ဘင်စွန်းလို့ခေါ်တယ်၊ ဖြစ်စကို ဥပါဒ်စွန်းလို့ ခေါ်တယ်၊ ဘယ်ရုပ် ဘယ်နာမ်ဘဲဖြစ်ဖြစ် ဖြစ်မှု ပျက်မှု နှစ်ခုကြားထဲမှာ ရှိရမယ်။

ဒါဖြင့် အပူတခုဖြစ်လာပြီ အအေးတခုဖြစ်လာပြီ၊ ဒါရုပ်ဖြစ်တာနော် ဟုတ်လား၊ မှန်ပါ့ဘုရား၊ မာမှုတခု ဖြစ်လာပြီ ပျော့မှုတခုဖြစ်လာပြီ ဘာဖြစ်ထာလဲ၊ ရုပ်ဖြစ်ထာ၊ နာမှု ကျင်မှု ကိုက်မှု ခဲမှု ဖြစ်လာပြီ ဘာဖြစ်တာလဲ၊ နာမ်ဖြစ်တာ၊ သိမှုဖြစ်လာပြီ နာမ်ဖြစ်တာ၊ ဟုတ်ပြီလား၊ မှန်ပါဘုရား၊ အဲဒီတော့ ဖြစ်တာကို သိတာမဟုတ်ဘူး၊ ပေါ်နေမှသိတာ၊ အော်-မာမှုပေါ်နေမှ ဖြစ်လို့ပေါ်နေတာကို၊ ပူမှုပေါ်နေမှ ဖြစ်လို့ပူတာကို၊ နာမှုပေါ်နေမှ ဖြစ်လို့နာတာကို၊ ဒီလို မဟုတ်ဘူးလား၊ မှန်ပါဘုရား၊ စိတ်ချမ်းသာမှုပေါ်နေမှ ဖြစ်လို့ စိတ်ချမ်းသာမှုပေါ်နေတာကို၊ ဆင်းရဲမှုဖြစ်လို့ ဆင်းရဲမှုပေါ်နေတာကိုလို့၊ ဒီလိုဖြစ်ပြီးလို့ ပေါ်နေတဲ့အချိန်အခါကျမှသိတာ၊ ဖြစ်ဆဲခဏ သိတာ မဟုတ်ဘူး၊ ဒီလို မဟုတ်ဘူးလား၊ မှန်ပါဘုရား၊ ဒီတော့ ဖြစ်ဆဲခဏ ပျက်ဆဲ ခဏဟာ အသိမခက်ဘူးလား၊ ဖြစ်ဆဲခဏနဲ့ ပျက်ဆဲခဏဟာ ဉာဏ်မှီမှ သိစကောင်းတယ်နော်၊ စိတ်နဲ့ ဖြစ်ဆဲခဏ ပျက်ဆဲခဏကို မသိစကောင်းဘူး၊ ဒါဖြင့် ဘယ်လိုသိသလဲ၊ အနုမာနနဲ့ဆသိတယ်၊ ပေါ်နေတာတွေတော့မှ အော်-ဒါဖြစ်လာတာကိုး၊ ပျက်သွားတာ တွေ့

တော့မှ ဒါပျက်သွားတာလို့ ဖြစ်လာတာကို၊ ပေါ်နေမှ တွေ့တယ်၊ ပျက်သွားတာကို မရှိတော့မှတွေ့တယ်နော်၊ ဒီအသိမျိုးဟာ ဖြစ်ဆဲခဏ ပျက်ဆဲခဏ သိနိုင်တာ ဟုတ်နိုင်ပါ့မလား၊ မဟုတ်နိုင်ပါဘူးရား၊ မဟုတ်နိုင်ဘူးနော်။

ဥဒယဘာယဆိုတာ အဖြစ်အပျက်၊ ဖြစ်ဆဲခဏ ပျက်ဆဲခဏကို ဒိဋ္ဌပစ္စက္ခဉာဏ်နဲ့ သိရမယ်နော်၊ ခုသိကြတာက အနုမာနနဲ့ ဆသိကြတာ၊ ပေါ်လာတာ တွေ့တော့ ဖြစ်လို့၊ ပျောက်သွားတာ တွေ့တော့ ပျက်လို့၊ ဒါဘာလဲ၊ အနုမာနဆသိတာနော်၊ ဖြစ်ဆဲ ပျက်ဆဲကို ဒိဋ္ဌပစ္စက္ခဉာဏ်နဲ့ တကယ် မြင်နိုင်ပါ့မလား၊ မမြင်နိုင်ပါဘူးရား၊ အေး....မမြင်နိုင်ဘူး၊ အဖြစ်အပျက်ဟာမလွယ်ဘူးနော်၊ ကိုင်း....ဒါပြောလိုရင်းမဟုတ်ဘူး၊ ရုပ်ဖြစ်တယ် ဝေဒနာဖြစ်တယ် သညာဖြစ်တယ် သင်္ခါရဖြစ်တယ် ဝိညာဏ်ဖြစ်တယ်၊ ခန္ဓာ ငါးပါးမဖြစ်ဘူးလား၊ ဖြစ်ပါတယ်ဘုရား။

ခန္ဓာက ငါးပါးရှိလို့ အဖြစ် စကားလုံးက ငါးမျိုးပါနေတယ်၊ ရုပ်ဖြစ်တယ် ဝေဒနာဖြစ်တယ် သညာဖြစ်တယ် သင်္ခါရဖြစ်တယ် ဝိညာဏ်ဖြစ်တယ် ဟုတ်လား၊ ဒီက ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်လို့ စကားလုံးဟာ ငါးမျိုးမနေလား၊ ငါးမျိုးရှိနေပါတယ်ဘုရား၊ ဟိုက ဖြစ်တယ်ဆိုတဲ့အလုံးက ငါးမျိုး ကွဲရဲ့လား၊ မကွဲပါဘုရား၊ ရုပ်ဖြစ် ဝေဒနာလဲဖြစ် သညာလဲဖြစ် သင်္ခါရလဲဖြစ် ဝိညာဏ်လဲဖြစ်၊ ဒါဖြင့် ဖြစ်က တခုထဲ၊ **ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်** က ငါးမျိုးရှိတယ်၊ ရုပ်ပျက်တယ် ဝေဒနာပျက်တယ် သညာပျက်တယ် သင်္ခါရပျက်တယ် ဝိညာဏ်ပျက်တယ်၊ ရုပ် ဝေဒနာ သညာ သင်္ခါရ

ဝိညာဏ်ကသာ ငါးမျိုး ပျက်တယ်၊ ဆိုတာက တမျိုးထဲဘဲ ဟုတ်လား၊ မှန်ပါဘုရား၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် လို့ ခန္ဓာငါးပါးရှိလို့သာ အပျက်ကို ငါးခါသုံးရတာ၊ စင်စစ် အပျက်က တခုထဲဘဲနော်၊ ဒီတော့ လောကကြီးထဲမှာ အဖြစ် နဲ့ အပျက် ကြားထဲမှာ ခန္ဓာငါးပါး ပေါ်ရတယ်၊ အဖြစ်နဲ့ အပျက် ကြားထဲမှာ ရုပ်နာမ် နှစ်ပါး ပေါ်ရတယ် ဟုတ်လား၊ မှန်ပါဘုရား။

ဘယ်ရုပ် ဘယ်နာမ်ဖြစ်ဖြစ် ဖြစ်မလာနဲ့၊ ဖြစ်လာရင် အဖြစ် နဲ့ အပျက်က ညှပ်ပစ်လိုက်လိမ့်မယ်၊ အဖြစ်နဲ့ အပျက်က နဂို ပကတိ အမြဲရှိနေတဲ့သဘော၊ ဟုတ်ဘူးလား၊ မှန်ပါဘုရား၊ ဒီ တော့ ရုပ်နာမ်ခန္ဓာဆိုတာ ပေါ်လာရင် ဘယ်ကြားထဲကပေါ် လာရမယ်၊ အဖြစ်နဲ့အပျက်ကြားထဲက ပေါ်လာရမှာပါဘုရား၊ အေး....အဖြစ်နဲ့အပျက် ကြားထဲက ပေါ်လာရမှာ၊ အဖြစ်နဲ့ အပျက်ကလဲဘဲ ဖြစ်မလာနဲ့၊ ဖြစ်ဖြစ်ခြင်း ပျက်အောင်ဖျက်မယ် ဟုတ်လား။

**ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။**

အာကာသေ၊ ရေးချစ်မထင်၊ ထက်ကောင်းကင်၌၊ ဝိဇ္ဇုပ္ပါ ဒေါဝ၊ လျှပ်စစ်ပျက်သကဲ့သို့၊ ဥပ္ပဇ္ဇန္တိစ၊ ဖြစ်လည်းဖြစ်ကြကုန် ၏၊ ဝယန္တိစ၊ ပျက်လည်းပျက်ကြကုန်၏။

ဝင်းကနဲဖြစ်လိုက် ဝင်းကနဲပျက်လိုက်တဲ့လျှပ်စစ်ဟာ ဘယ် လောက် ကြာသလဲ၊ ဘယ်လောက်မှ မကြာပါဘူး ဘုရား၊ ဘယ်လောက်မှ မကြာဘူး ဟုတ်လား၊ မှန်ပါ ဘုရား၊ ခန္ဓာ

ငါးပါး ရုပ်နာမ် နှစ်ပါးတို့၏ ဖြစ်မှုပျက်မှုတို့ကလဲ လျှပ်စစ် ပျက်သလိုဘဲတဲ့၊ ဘယ်လောက်မျှား ကြာသဘဲ၊ ဘယ်လောက်မှ မကြာဘူး၊ ဒါဖြင့် ဖြစ်ဆိုရင် ပျက်ရတော့တာလဲ၊ ဒီတော့ ဖြစ်ဆိုရင် ပျက်ရတဲ့ ဖြစ်ပျက်နှစ်ခုကြားထဲမှာဖြစ်တဲ့ ရုပ်နာမ်ခန္ဓာဟာ ယန္တရားစက်ဖြင့် ကြိတ်သကဲ့သို့ နှိပ်စက်အပ်တဲ့ သဘောမရှိဘူးလား၊ ရှိပါသည်ဘုရား၊ ဒီတော့ ရုပ်နာမ်ခန္ဓာက နှိပ်စက်အပ်တဲ့ သဘော၊ ဖြစ်ပျက်က နှိပ်စက်တတ်တဲ့သဘော ဟုတ်လား၊ မှန်ပါ ဘုရား။

နှိပ်စက်အပ်တယ်ဆိုတာအနှိပ်စက်ခံရတာ၊ ဒီတော့ရုပ်နာမ်မှာ အနှိပ်စက်ခံအပ်တဲ့ ပီဠနဋ္ဌ သဘောရှိတယ်၊ ဘယ်သူက နှိပ်စက်သလဲ၊ ဖြစ်ပျက်က နှိပ်စက်ပါသည်ဘုရား၊ အော်....တနည်းအားဖြင့် ခပ်ကြမ်းကြမ်း ပုဂ္ဂလဓိဋ္ဌာန်နည်းနဲ့ ဟောခဲ့သည်ရှိသော် ဇာတိ ဇရာ မရဏ က နှိပ်စက်တယ်၊ ဇာတိဖြစ်တော့ ဖြစ်တဲ့အတိုင်း အသစ်စက်စက်နေနိုင်ရဲ့လား၊ မနေနိုင်ပါဘုရား၊ အိုပြီးတဲ့နောက်ကျတော့ မပြောဝံ့တဲ့ဟာ ဟုတ်လား၊ ဇာတိ ပဋိသန္ဓေ တည်နေမယ်၊ ဇရာ အိုမယ်၊ မရဏ သေမယ်နော်၊ ဒါ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာ၏ ဇာတိသဘော၊ ဇရာသဘော၊ မရဏသဘော၊ သဘော သုံးမျိုး၊ ဇာတိဟာ ကောင်းသလား၊ မကောင်းပါဘုရား၊ ဇရာကော၊ မကောင်းပါဘုရား၊ မရဏကော၊ မကောင်းပါဘုရား၊ ဟော....ဇာတိ ဇရာ မရဏ ဆိုတဲ့ တရားသုံးပါးသည် ရန်သူ သုံးဦးနဲ့ တူတယ်၊ ဘာသုံးဦးနဲ့ တူတယ်၊ ရန်သူ သုံးဦးနဲ့ တူပါသည်ဘုရား၊ တဦးသော ရန်သူက ရွာပြင်ရောက်အောင် ချော့ခေါ်တယ်၊ ရွာပြင် ရောက်တဲ့အခါ

တဦးသောရန်သူက လဲအောင်ရိုက်တယ်၊ လဲနေတဲ့အခါ တဦးသော ရန်သူက ခေါင်းလာဖြတ်တယ်၊ ရှာပြင် ရောက်အောင် ချော့ခေါ်တဲ့ ရန်သူ၊ လဲအောင်ရိုက်တဲ့ ရန်သူ၊ လဲနေတဲ့အခါ ခေါင်းဖြတ်တဲ့ရန်သူ နော်။

အဲဒီ ရန်သူ သုံးဦးရှိသလိုဘဲ ရုပ်နာမ်ခန္ဓာဆိုတဲ့တရားတွေမှာ မဖြစ်ချင် ဖြစ်ချင်အောင် ဇာတိက ချော့ခေါ်နေတယ်၊ ဟိုလို ဖြစ်ချင်ရ ဒီလိုဖြစ်ချင်ရနဲ့ အမျိုးမျိုးဖြစ်ချင်နေတာဘဲ၊ မဖြစ်ချင်ဘူးလား၊ ဖြစ်ချင်လို့ ဖြစ်လာပြန်တော့ ဖြစ်တဲ့အတိုင်း နေရဲ့လား၊ မနေပါဘုရား၊ ဖြစ်တဲ့အတိုင်း မနေတော့ ဘာဖြစ်လာတယ်၊ ယိုယွင်း ရင့်ရော် အိုမင်းလာတယ်၊ ယိုယွင်း ရင့်ရော် အိုမင်းတဲ့အခါကျတော့ဘာဖြစ်သွားမယ်၊ ပျက်စီးသွားမယ်၊ မဟုတ်ဘူးလား၊ အိုရမှာ သေရမှာ အမှန် သိနေရက်သားနဲ့ ဘာလို့ ဖြစ်ချင်နေရတာလဲ နော်၊ အော်....ဇာတိချော့ခေါ်လို့၊ ဇာတိ ချော့ခေါ်တော့ ဖြစ်ကရော၊ ဖြစ်တော့ ဖြစ်တဲ့အတိုင်း အသစ်စက်စက် မနေဘူး၊ ရင့်ရော်လာပြီ၊ ယိုယွင်းလာပြီ၊ အိုမင်းလာပြီ၊ ရင့်ရော် ယိုယွင်း အိုမင်းတော့ သေရပြီ၊ ဒါဖြင့် ဇာတိ ဇရာ မရဏ ဆိုတဲ့ တရား သုံးပါးသည် ရှာပြင် ရောက်အောင် ချော့ခေါ်တဲ့ရန်သူ၊ ရှာပြင်ရောက်တော့ လဲအောင်ရိုက်တဲ့ ရန်သူ၊ လဲနေတဲ့အခါ ခေါင်းဖြတ်တဲ့ရန်သူ၊ ရန်သူ သုံးဦးနဲ့မတူဘူးလား၊ တူပါသည်ဘုရား၊ ဒါဖြင့် ရုပ်နာမ်ခန္ဓာတို့က နှိပ်စက်အပ်တဲ့ သဘောရှိရင် နှိပ်စက်တတ်တဲ့သဘောလဲ ရှိရမှာပေါ့၊ ရှိပါတယ် ဘုရား၊ နှိပ်စက်အပ်တယ်ဆိုတာ ဘာတုံး၊ အနှိပ်စက်ခံရတာကို ပြောတာ၊ နှိပ်စက်တာကို နှိပ်စက်တတ်တယ်၊ အနှိပ်စက် ခံရတာကို နှိပ်စက်အပ်တယ်လို့ သုံးတာ။

ဒါဖြင့် ရုပ်နာမ်ခန္ဓာတို့မှာ အမြဲမပြတ် ဥပါဒ် ဌီ ဘင်နဲ့ အနှိပ်စက်ခံရခြင်း၊ ရုပ်နာမ်ခန္ဓာတို့မှာ ဇာတိ ဇရာ မရဏနဲ့ အနှိပ်စက်ခံရခြင်း၊ ရုပ်နာမ်ခန္ဓာရယ်လို့ ဖြစ်မလာနဲ့ ဖြစ်လာရင် အနှိပ်စက်ခံရမယ်၊ ဒါဖြင့် ရုပ်နာမ်ခန္ဓာ ဘာလုပ်ဘို့ ဖြစ်လာတာလဲ တွေးလိုက်စမ်း၊ အနှိပ်စက်ခံရဘို့သက်သက် ဖြစ်လာတာနော်၊ ဒါဖြင့် ရုပ်နာမ်ခန္ဓာဟာ နှိပ်စက်အပ်တဲ့သဘောမရှိဘူးလား၊ ရုပ်နာမ်ခန္ဓာမှာ နှိပ်စက်အပ်တဲ့သဘောရှိတယ်၊ အနှိပ်စက် ခံရတဲ့ သဘောရှိတယ်၊ အနှိပ်စက်ခံရတဲ့ သဘောရှိတဲ့ ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာကို မသိကြသည့်အတွက် ဘာဖြစ်ကြသလဲ၊ ဆင်းရဲနေကြတာပေါ့နော်၊ ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာများပိုင်ပိုင်နိုင်နိုင် သိလိုက်မယ်ဆိုရင် ဘယ်လောက်များ ချမ်းသာလိုက်မလဲလို့၊ နိဗ္ဗာန်တော့ထားအုံး၊ အနှိပ်စက်ခံနေရတဲ့ရုပ်နာမ်ခန္ဓာကို ကိုယ်တွေ့ဒိဋ္ဌဉာဏ်နဲ့ သိလိုက်စမ်းပါ၊ ဘယ်လောက်များချမ်းသာမလဲ။

မြတ်စွာဘုရားလက်ထက်က ပုနဗ္ဗသုမာတာမည်သောပြိတ္တာမကြီးတယောက်ရှိတယ်၊ သူ့သားက ပုနဗ္ဗသု၊ သူ့သမီးက ဥတ္တရာ၊ ဥတ္တရာဆိုတော့ အမြင့်ပေါ့၊ သမီးက အမြင့်၊ သားက မောင်ပု၊ မောင်ပုတို့ အမြင့်တို့ အမေပေါ့၊ ပြိတ္တာမကြီးလေ၊ ဘယ်သူ့ အမေ၊ မောင်ပုတို့ အမြင့်တို့အမေ၊ သားကလေးကို လက်ဆွဲလို့ သမီးကလေးကို ရင်ခွင်ထဲထားလို့ ဟုတ်ပြီလား၊ ရွာကြိုရွာကြား အိမ်ကြို အိမ်ကြား ထမင်းဖတ် ဟင်းဖတ်ရှာပြီး စားကြရတယ်၊ ပြိတ္တာမကိုး၊ သို့ပေမယ်လို့ သူကပြိတ္တာအစစ် မဟုတ်ဘူးနော်၊ ပဋိသန္ဓေက တိဟိတ်ပဋိသန္ဓေဖြစ်ခြင်းကြောင့် သူက

နတ်၊ လူတွေကတော့ နတ်ဆိုရင် ချမ်းသာတယ်မထင်ဘူးလား၊ ဟော....နတ်ဆင်းရဲ နတ်မွဲလဲ ရှိတယ်နော်၊ အဲဒီ နတ်ဆင်းရဲ နတ်မွဲဟာ ဘာဖြစ်လို့ ဆင်းရဲသလဲ မွဲနေသလဲလို့ တရားမသိလို့နော်၊ တရားမသိရင် ဆင်းရဲတဲ့နတ်လဲ ရှိတာဘဲ၊ ဒါဖြင့် ဆင်းရဲတဲ့နတ်ရှိသလို ဆင်းရဲတဲ့စက်သဌေးကော မရှိနိုင်ဘူးလား၊ ရှိနိုင်ပါတယ်ဘုရား၊ အဆင်မပြေလို့ စပါးမကြိတ်ရလို့ ဟုတ်လား၊ သင်္ဘောထွက်ဘို့ အခွင့်မရလို့ ဆင်းရဲတဲ့ သင်္ဘောသဌေးကော မရှိနိုင်ဘူးလား၊ တရားမသိရင်။

ခေတ်ကောင်းစဉ်အခါက ဘယ်အရာမဆို အစစအရာရာမှာ ပြေပြစ်နေတော့ စိတ်ချမ်းသာလို့ ကြည်လင်လို့ အေးချမ်းလို့၊ ကိုယ့်စည်းစိမ်နဲ့ကိုယ် စိတ်ချလက်ချနေနိုင်တယ်၊ ခုခေတ်မကောင်းတဲ့အခါမှာ တခါမှ စိတ်မအေးရဘူး ဟုတ်လား၊ ဆေးလိပ်မီးများ တို့ချင်ရင် မီးခြစ် ရှာမနေနဲ့၊ စက်သဌေး ရင်ဘတ်သွားပြီး တို့လိုက်၊ အဲဒီလောက်တောင် ပူပြင်းတယ်လို့ ငါထင်တာပေါ့လေ၊ ထင်တာပြောတာ ဟုတ်လား၊ အဲဒီတော့ ယခုလို အဆင်မပြေတဲ့ အခါကြီးမှာ တရားမသိရင် ဘယ်လောက်ဆင်းရဲမလဲ၊ ရုပ်သဘာဝ နာမ်သဘာဝ ဖြစ်နေတဲ့ဟာကလေးကို ပြုံးကနဲ စိုက်မိစမ်းပါ၊ ဝေဒနာတခုကို ပြုံးကနဲစိုက်မိစမ်းပါ၊ စိုက်မိရင် တနေ့က ဟောတဲ့ အတိုင်း ဝေဒနာပစ္စယာ ပသာဒေါ၊ ဝေဒနာဘယ်လောက်နာနေပေမဲ့ စိုက်ထားတဲ့ယောဂီက စိတ်ကို ကြည်လို့ ချမ်းသာလို့ အေးလို့၊ ဟာ....ဒီတရားမှ အမှန်ဟေ့လို့ ပသာဒပစ္စယာ အဓိမောက္ခောဆိုတဲ့ ဆုံးဖြတ်ချက်ချတဲ့ စိတ်ရောက်လာတယ်၊ ဟာ....ဒါမှအမှန်၊ ဒါမှ ချမ်း

သာ အစစ်ဟ၊ ဒီစက်ကြီးနဲ့ ဒီသဘော်ကြီးဟာ ငါ့ဒုက္ခပေးနေ တာဘဲ၊ အမှန်ကတော့ ချမ်းသာဟာ ဒီမှာလို့ ဒီလို သဘော ပေါက်မသွားဘူးလား၊ တရားသိရင် ချမ်းသာနိုင်ပါတယ်နော်၊ အဆင်မပြေတဲ့ခေတ်ကြီးထဲမှာ တရားရမှ ချမ်းသာမယ်။

အဲဒီ ပြိတ္တာ သားအမိတို့ဟာ မြတ်စွာဘုရားသည် ရဟန်း တော်များနဲ့ စုဝေးပြီး ဘာတရားဟောသလဲ ဆိုတော့ နိဗ္ဗာန် တရားဟောတယ်တဲ့၊ ဇေတဝန်ကျောင်းတော်မှာ ရဟန်းများ စုဝေးပြီးတော့ မြတ်စွာဘုရားက ဘာတရား ဟောနေတယ်၊ နိဗ္ဗာန်တရားဟောနေပါတယ်ဘုရား၊ နိဗ္ဗာန်တရားဟောနေတော့ ဒီပြိတ္တာမကြီးက ထမင်းဖတ် ဟင်းဖတ် ရှာပြီးတော့ တလုပ်တ ပေါက် ကောက်ပြီး စားရတဲ့ ပြိတ္တာမကြီး ဖြစ်တော့ စင်စစ် ပြိတ္တာ မဟုတ်ဘူးနော်၊ နတ်၊ တရားမသိလို့ ဆင်းရဲနေတာ၊ ဟိုမှာ ဘုန်းကြီးတွေစုပြီး နေလိုက်ကြတာ၊ စတုမဓုတွေများ စားနေကြသလား၊ ပျားရည်တွေများ ဘုန်းပေးနေကြသလား၊ သကာတွေများ ဘုန်းပေးနေကြသလား၊ အကြွင်းအကျန်ကလေး များ အစက်ကလေးများကျရင် စားရအောင်ဆိုပြီး အနားသွား ကပ်တယ်၊ ဟင့်....သူက စားချင်နေတာကိုး၊ ဒီတော့ ဘုန်းကြီး တွေ ဝါဝါ စုနေတာ မြင်ရင် တလုပ်တပေါက်ကလေးတော့ ကောက်ရရှဲ၊ ညနေချမ်းအချိန်ဆိုရင်ဖြင့် စတုမဓုတို့ ပျားရည် တို့ ထောပတ်တို့ ဒီလိုဟာတွေ ဘုန်းပေးနေကြလိမ့်မယ် ထင် တယ်၊ သူ့အတွေးက အဝေးကမြင်ပြီးတော့ မြတ်စွာဘုရား တရားဟောနေတဲ့ ရဟန်းပရိသတ်နား သူကမ်သွားတယ်နော်၊ ကပ်သွားတော့ ဘုရားက ရဟန်းတွေကို နိဗ္ဗာန်တရား ဟောနေ

တယ်၊ သူတွေးတဲ့အတိုင်း မဟုတ်ဘူး၊ ပါရမီကလဲ နိုးဆော်တဲ့ ပါရမီရှင်ဖြစ်နေတော့ ဘုရားဟောတဲ့ တရားသံ ကြားလိုက်ရင် အစာကို မတောင့်တတော့ဘူး၊ တရားကို စူးစိုက်နာလိုတဲ့စိတ် ရှိတယ်၊ စူးစိုက်နာလိုတဲ့ စိတ်ရှိလို့ တရားကို တအောင့်လောက် စိုက်ပြီးနာနေတော့ သားနဲ့သမီးက ပူဆာတယ်၊ အမေဆာလှပြီ၊ ဒီအနား ဘာလို့ ငေးရပ်နေသလဲ၊ ဒီ့ပြင် အစာရမဲ့နေရာကို သွားပါလို့ သားနဲ့သမီးက ပူဆာကြတော့ ပြိတ္တာမကြီးက ငါတရားကောင်းကောင်းနာပရစေဟယ်၊ မင်းတို့ ခဏတိတ်တိတ်နေကြစမ်းပါလို့ ကလေးနှစ်ယောက်ကိုပြောသတဲ့။

တုဏှီ ဥတ္တရိကေ ဟောဟိ၊
တုဏှီ ဟောဟိ ပုနဗ္ဗသု။
ယာဝါဟံ ဗုဒ္ဓသေဋ္ဌဿ၊
ဓမ္မံ သောဿာမိ သတ္ထုနော။

ဥတ္တရိကေ၊ သမီးကလေး ဥတ္တရာ။ တုဏှီဟောဟိ၊ စကားမပြောဘဲ တိတ်တိတ်နေစမ်းပါ။ ပုနဗ္ဗသု၊ ငါ့သား ပုနဗ္ဗသု။ တုဏှီဟောဟိ၊ စကားမပြောဘဲ တိတ်တိတ်နေစမ်းပါ။ ယာဝ၊ အကြင်မျှလောက်။ အဟံ၊ ငါအမေသည်။ သတ္ထုနော၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော။ ဗုဒ္ဓသေဋ္ဌဿ၊ ဘုရားမြတ်၏။ ဓမ္မံ၊ နိဗ္ဗာန်တရားကို။ သောဿာမိ၊ ကြားနာ၍နေ၏။ တာဝ၊ ထိုတရားနာနေသမျှ ကာလပတ်လုံး။ တုမှေ၊ သင်သားနဲ့ သမီးတို့သည်။ တုဏှီဟောထ၊ စကားမပြောဘဲ တိတ်တိတ် ဆိတ်ဆိတ် နေကြစမ်းပါကုန်လော့။

အဲဒီလို ပြိတ္တာမကြီးက သားနဲ့သမီးကို ချော့သတဲ့၊ တရားနာနေတဲ့အခိုက် အေးအေးဆေးဆေး နာပါရစေဟယ်၊ မင်းတို့ ဆူဆူပူပူ မလုပ်ကြပါနဲ့၊ ငါ့သားနဲ့ ငါ့သမီးကို ငါ အင်မတန် ချစ်ပါတယ်၊ မချစ်လို့ မဟုတ်ပါဘူး၊ ဒီမှာ အင်မတန် ကြားနာရခဲတဲ့ တရားကို တွေ့နေလို့ အမေ စူးစူးစိုက်စိုက်နာနေတာပါ၊ ဒီတော့ တရားကောင်းကောင်းနာပါရစေ၊ ငါ့ကို အနှောင့်အယှက် မပေးပါနဲ့လို့ သားနဲ့ သမီးကို ချော့သတဲ့၊ သားနဲ့ သမီးကို ချော့တော့ သမီးကလဲ နို့စို့ အရွယ်ကလေး၊ သူက တော့ ဘာမှမသိဘူး၊ သားကတော့ တော်တော် ကြီးပြင်းတဲ့ အရွယ်ရောက်တော့ သူက စကားနားလည်တယ်၊ စကား နားလည်တော့ သားပြန်ပြောတဲ့စကားကို ခုပြောချင်လို့။ ဘယ်လို ပြောသလဲဆိုတော့....

အမ္မာ နုဗျာဟရိဿာမိ၊
တုဏှီဘူတာယ ဥတ္တရာ။
ဓမ္မံ မေဝ နိသာမေဟိ။
နညာ ဒုက္ခာ ပမောစယေ။

အမ္မာ၊ မေမေ။ နုဗျာဟရိဿာမိ၊ ကျွန်တော် စကားမပြောတော့ပါ။ အယံ ဥတ္တရာပိ၊ ညှမကလေး ဥတ္တရာလဲဘဲ၊ တုဏှီ ဘူတာ၊ စကားမပြောဘဲ ဆိတ်ဆိတ်နေပါ၏။ မယံ၊ ကျွန်တော် တို့ သားအမိ သုံးယောက်တို့သည်။ နညာ၊ တရားကို မသိခြင်း ကြောင့်။ ဒုက္ခံ၊ ဆင်းဆင်းရဲရဲ။ ဘဝါမသေ၊ ပြိတ္တာဘဝ၌ ဖြစ်ကြရပါကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တွံ၊ မေမေသည်။

ဓမ္မမေဝ၊ တရားကိုသာလျှင်။ နိသာမေဟိ၊ ကြိုးစားလို့ နာပါလော့။

အဲဒီလိုပြောတော့ ကလေးကလေးက ပါရမီရှင်ကလေး၊ ခုကျွန်တော်တို့ ပြိတ္တာဘဝမှာ ဆင်းဆင်းရဲရဲဖြစ်နေရတာ တရားမသိလို့ပါ မေမေတဲ့၊ မေမေဟာ တရားကို ကြိုးစားပြီး နာစမ်းပါတဲ့၊ အမေ ကျွန်တော်တို့ မပူတော့ဘူး၊ မဆူတော့ဘူး၊ ကျွန်တော်လဲ စကားမပြောဘူး၊ ညီမလေးလဲ ယခု တိတ်တိတ်နေပြီနော်၊ အမေဟာ တရားကိုသာ စူးစူးစိုက်စိုက် နာပါ၊ ခုကျွန်တော်တို့ ဆင်းရဲနေရတာ တခြားမဟုတ်ဘူး၊ ကျွန်တော်ရိပ်မိပြီ၊ တရားမသိလို့၊ တရားသိသော ပုဂ္ဂိုလ်တို့သည် ဒုက္ခံနစရာမသေ၊ ကျွန်တော်တို့လို မဆင်းရဲရပါ။ တရား မသိလို့ ဆင်းရဲတာ၊ တရားကိုသာ ကြိုးစားပြီး အမေ နာပါ၊ ကျွန်တော်လဲ နာပါ့မယ်ဆိုပြီး သူလဲ တရားနာတယ်၊ အမေလဲနာတယ်၊ ခလေးကတော့ တရားမနာတတ်သေးဘူးပေါ့၊ မြတ်စွာဘုရား ဟောတော်မူတဲ့တရားကို သားအမိနှစ်ယောက်နာလိုက်ကြတာ၊ ဘုရားကိုယ်တော်မြတ်ဆိုတာကတော့ အသယာ နုသယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ် ဆိုတဲ့ ဗုဒ္ဓ စက္ခုကို ရတဲ့ ကိုယ်တော်မြတ်ကြီးကိုး၊ ဗုဒ္ဓစက္ခု ဓမ္မစက္ခု သမန္တစက္ခု ဒိဗ္ဗစက္ခု ပညာစက္ခု စပ်မိလို့ ပြောရအုံးမယ်၊ စက္ခု ငါးမျိုး၊ ဘယ်နှစ်မျိုးလဲ၊ ငါးမျိုးပါဘုရား။

ဗုဒ္ဓစက္ခုဆိုတာ အာသယာနုသယဉာဏ် ဣန္ဒြိယပရော ပရိယတ္တိဉာဏ်တဲ့၊ သ ဝါတို့၏ အလို၊ သတ္တဝါတို့၏ သန္တာန်မှာ

ကိန်းတဲ့ခေတ်ကို ကိုယ်တော်မြတ်သိတယ်၊ ဘုရားမှတပါး ဒီပြင် ပုဂ္ဂိုလ် ဘယ်သူမှ မသိနိုင်ဘူး၊ အာသယာနုသယဉာဏ် ဆိုတာ အသာခေရဏဉာဏ်တော်ထဲမှာပါတယ်၊ ဘယ်သူနဲ့မှ မဆက်ဆံ ဘူး၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်ဆိုတာက ဒီသတ္တဝါဟာ သဒ္ဓါ အစရှိသော ဣန္ဒြေရင့်ကျက်ပြီး တရားရနိုင်လောက်ပြီ၊ ဒီသတ္တ ဝါဟာ တရားမရနိုင်သေးဘူး၊ ဣန္ဒြေ ရင့်မရင့်ကိုလဲ ဘုရားမှ တပါး ဘယ်သူမှမသိနိုင်ဘူး၊ ဣန္ဒြေရင့်မရင့် သိတာက ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်၊သတ္တဝါတို့၏အလို သတ္တဝါတို့၏သန္တာန်မှာ ကိန်းတဲ့ခေတ်ကို သိတာက အာသယာနုသယဉာဏ်၊ အဲဒီ အာ သယာနုသယဉာဏ်နဲ့ ဣန္ဒြိယပရောပရိယတ္တိဉာဏ်ကို ဗုဒ္ဓစက္ခု လို့ ခေါ်တယ်၊ မြတ်စွာဘုရား၏ ဉာဏ်မျက်စိပေါ့။

ဓမ္မစက္ခုဆိုတာက သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာ ဂါမိမဂ် အောက်မဂ်သုံးပါးကို ဓမ္မစက္ခုလို့ ခေါ်တယ်။

သမန္တစက္ခုဆိုတာက သဗ္ဗညုတဉာဏ်ကိုခေါ်တယ်၊ အလုံး စုံ တလောကလုံးမှာ ဘာမှ မသိတာ မရှိဘူး၊ ထက်ဝန်းကျင် ပတ်ပတ်လည် အထက်ရော အောက်ရော ဘာမှ မသိတာ မရှိ ဘူး၊ အေး....ထက်ဝန်းကျင်ပတ်ပတ်လည် အကုန်လုံးခြုံပြီးကြည့် နိုင်တဲ့ ရွှေဉာဏ်တော်ကြီးကို သမန္တစက္ခုလို့ ခေါ်တယ်၊ ဒါ ဖြင့် ဗုဒ္ဓစက္ခု ဓမ္မစက္ခု သမန္တစက္ခုလို့ သုံးပါးနော်။

ပညာစက္ခုဆိုတာက သစ္စာလေးပါးကို သိတဲ့ဉာဏ်၊ ဒါ ဒုက္ခသစ္စာ၊ ဒါ သမုဒယသစ္စာ၊ ဒါ နိရောဓသစ္စာ၊ ဒါ မဂ္ဂသစ္စာ လို့ သစ္စာလေးပါးကို ထိုးထွင်းပြီး ဘွားကနဲသိတဲ့သစ္စာဉာဏ် ကို ပညာစက္ခုခေါ်တယ်။

ဒိဗ္ဗစက္ခုဆိုတာက ဒိဗ္ဗစက္ခုအသိဉာဏ်၊ အဝေး အနီး ရှိရှိ သမျှ အာရုံကို ပကတိမျက်စိဖြင့် မြင်သကဲ့သို့ အဝေးကို လှမ်း မြင်နိုင်တယ်၊ ငရဲကို လှမ်းမြင်နိုင်တယ်၊ အဲဒီလိုလှမ်းမြင်နိုင်တာ က ဘာလဲ၊ ဒိဗ္ဗစက္ခု၊ အဲဒီ ဒိဗ္ဗစက္ခုလဲ သူလဲဘဲ မျက်စိဘဲ၊ ဒီတော့ မျက်စိ ဘယ်နှစ်မျိုးရှိတယ်၊ ငါးမျိုးပါဘုရား။

**အဲဒီ မျက်စိ ငါးမျိုး တို့တွင် ဗုဒ္ဓစက္ခုနဲ့ သမန္တစက္ခုကို** မြတ်စွာဘုရားသာရတယ်၊ ဓမ္မစက္ခု၊ ဒိဗ္ဗစက္ခု၊ ပညာစက္ခု ဆို တဲ့ သုံးမျိုးကိုတော့ ဒီ့ပြင် ပုဂ္ဂိုလ်များလဲ သူ့ပါရမီ အား လျော်စွာ ရတန်သလောက် ရကြတာဘဲနော်။

အဲဒီတော့ အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်ခေါ်တဲ့ ဗုဒ္ဓစက္ခုနဲ့ ပြည့်စုံတဲ့ ကိုယ်တော်မြတ်ကြီး ဖြစ် တော့ ဟိုပြိတ္တာသားအမိနှစ်ယောက် တရားနာနေတာ သူတို့ ဒီအချိန် ဒီအခါမှာ တရားရသင့်တဲ့ အခါဘဲလို့ သိတော့ သူတို့ကို ချည်းဘဲ ကိုယ်တော်မြတ်က စိတ်စောပြီးတော့ ဟောလိုက် တယ်၊ ဟောလိုက်တော့ သားအမိနှစ်ယောက်စလုံး သောတာ ပန် ဖြစ်သွားကြတယ်၊ သားအမိနှစ်ယောက်စလုံး ဘာဖြစ်သွား တယ်၊ သောတာပန်ဖြစ်သွားပါသည်ဘုရား၊ တရားထိ ပေါက် သွားတယ်နော်၊ သူတို့တရားထိပေါက်တာက လူတွေ ထိပေါက် သလို မဟုတ်ဘူး၊ လူတွေ ထိပေါက်ရင်တော့ မွဲချင်လို့သာ အောက်မေ့၊ ဒုက္ခဖြစ်တော့မယ်၊ ပစ္စည်းတွေပျက်စီးတော့မယ် ပြောကြတယ်မဟုတ်လား၊ ထိပေါက်ရင်တော့ ဒီအကောင်ကံညံ့ ပြီဟေ့၊ သူတို့ထိပေါက်ထာက ဒီလိုမဟုတ်ဘူး၊ နဂိုက ပြိတ္တာ ရုပ် ပြိတ္တာအဆင်း၊ သစ္စာလေးပါး သိသည်နှင့် တပြိုင်နက်

နတ်သားအဆင်း နတ်သမီး အဆင်း ဖြစ်သွားတယ်၊ မှန်ပါဘုရား၊ အဆင်းပါပြောင်းသွားတယ်၊ နဂိုက ထမင်းဖတ် ဟင်းဖတ် ရှာကြံစားရတယ်၊ သစ္စာလေးပါး သိသည်နှင့် တပြိုင်နက် နတ်သုဒ္ဓာ အလိုရှိတဲ့ အချိန်မှာ စားရတယ်၊ ရုပ်လဲပြောင်း အစာအဟာရလဲပြောင်းနော်၊ ဟိုသမီးကလေးမှာတော့ တရားသိနိုင်တဲ့အရွယ်က မဟုတ်တော့ တရားတော့ မသိရှာဘူး၊ သို့ပေမယ်လို့ အမေများ မောင်များကို အမှီပြုပြီး သူလဲ ချမ်းသာတယ် ဟုတ်လား၊ မှန်ပါဘုရား၊ သားအမိ သုံးယောက် စလုံး ပြုံးကနဲချမ်းသာသွားတာ ဘာဖြစ်လို့လဲ စဉ်းစားစမ်း၊ တရားသိလို့ပါဘုရား။

ဒီတော့မှ အမေကြီးက ဝမ်းသာလွန်းလို့ ပုနဗ္ဗသု သုခီ ဟောဟိ။ ပုနဗ္ဗသု၊ ချစ်သားမောင်ပုလေး ဟုတ်လား။ သုခီ ဟောဟိ၊ ငါ့အမေကဲ့သို့ သဒ္ဒေးသားပမာ ချမ်းချမ်းသာသာ မင်းဖြစ်စမ်းပါလော့။ ငါ့အမေ ချမ်းသာပြီတဲ့။ ငါချမ်းသာ သလို မင်းလဲ ချမ်းသာစမ်းပါ။ ဟင်....အဇ္ဇာဟံမှိ သမုဂ္ဂတာ။ အဟံ၊ ငါသည်။ အရိယာသစ္စာနိ၊ အရိယာသစ္စာတို့ကို။ ဒိဋ္ဌာ နိ၊ ကိုယ်တိုင် ဒိဋ္ဌ မြင်အပ်ကုန်ပြီ။ ဒုက္ခ သမုဒယ နိရောဓနဲ့ မဂ္ဂဆိုတဲ့ သစ္စာလေးပါးကို ငါ့အမေမြင်ပြီ၊ အဇ္ဇ၊ ယခု။ သမုဂ္ဂတာမှိ၊ လောကကြီးမှာ သာသနာမှာ အမေ ခေါင်း ထောင်နိုင်ပြီ၊ ဟိုတုံးကတော့ ပြိတ္တာဆင်းရဲနဲ့နေရလို့ အရာရာ မှာ အမေ ခေါင်းငုံ့ချည်းဘဲလာခဲ့ရတယ်၊ ဘယ်အခါမှခေါင်း မမော်နိုင်ဘူး ဟုတ်လား၊ ယခုကစပြီးတော့ ငါ့အမေ ခေါင်း ထောင်နိုင်ပြီ ဟုတ်လား၊ ဘာဖြစ်လို့လဲ၊ အရိယာ သစ္စာကို

ဒိဋ္ဌာနိ။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို။ ဒိဋ္ဌာနိ၊ တွေ့မြင် အပ်ကုန်ပြီ။ တရားသိလို့ တရားမြင်လို့ဟဲ့၊ တရားသိလို့ ငါ့ အမေ ဘာဖြစ်တယ်၊ ခေါင်းထောင်နိုင်ပါသည်ဘုရား၊ ဒီတော့ ငါ့အမေ ခေါင်းထောင်နိုင်သလို ငါ့အမေ ချမ်းသာသလို ငါ့ သားလဲ ချမ်းသာပေတော့၊ သားကလဲ တရားရတာကိုး။

ဥတ္တရာပိ သုဏာတု မေ။ မေ၊ ငါ၏။ ဥတ္တရာပိ၊ မီးမီး ကလေး ဥတ္တရာလဲဘဲ သမီးကို မီးမီးကလေးခေါ်တယ်ဆို။ မေ၊ ငါ၏။ ဥတ္တရာပိ၊ မီးမီးကလေး ဥတ္တရာလဲဘဲ။ သုဏာတု၊ ငါ တို့ သားအမိနှစ်ယောက် ချမ်းချမ်းသာသာ ဝမ်းမြောက်ဝမ်း သာ ပြောဆိုနေတဲ့စကားကို နားထောင်ပါလေ့။ ဒို့သား အမိ နှစ်ယောက် ချမ်းချမ်းသာသာ ဝမ်းမြောက်ဝမ်းသာပြော နေတဲ့စကားကို နားထောင်ကြည့်စမ်း၊ ဒို့ကနေ့ ဘယ်လောက် ချမ်းသာကြသလဲ ဟင်၊ တရားထိပေါက်တယ်ပေါ့၊ ဘာဖြစ် လို့လဲ၊ အရုပ်အဆင်းလဲ ပြိတ္တာဘဝက နတ်အဖြစ်သို့ ပြောင်း သွားတယ်၊ နတ်သား နတ်သမီး ဖြစ်သွားတယ်၊ ပြိတ္တာအဆင်း မဟုတ်တော့ဘူး၊ အစာအဟာရကလဲ ဟိုတုံးကလို ရှာဖွေမစား ရတော့ဘူး၊ အကြင်အခါမှာအလိုရှိရင် ထိုအခါမှာ နတ်သုဓာ စားရတယ်၊ နေရာကလဲ မြတ်စွာဘုရား၏ ဇေတဝန်ကျောင်း တော်၏အနီးအပါး သစ်ပင်တခုမှာ၊ မြတ်စွာဘုရားက နေရာ ပေးလို့ အဲဒီသစ်ပင်မှာနေရတယ်၊ ဒီတော့ သူတို့မှာ ချမ်းသာ လိုက်ကြတာ၊ ဘယ်လိုချမ်းသာပါလိမ့်၊ အပြဲမပြတ်ဘုရားဖူးလို့ အမြဲတရားနာလို့ စားရေးလဲ မပူရ ချမ်းသာမသွားဘူးလား၊ ချမ်းသာသွားပါတယ်ဘုရား။

ဒီတော့ ပြိတ္တာ သားအမိ သုံးယောက် ချမ်းသာသွားတာ ဟာ ဘာဖြစ်လို့ ချမ်းသာတယ်၊ တရားသိလို့ပါ ဘုရား၊ ဒီ တော့ ဒို့လူစုလဲ ချမ်းသာချင်ရင် တရားသိအောင် လုပ်ကြ စမ်းပါ၊ ဒီ့ပြင်အခါနဲ့ မတူဘူး၊ ဒီအခါကြီးမှာ ဘာကိုဘဲ အာရုံပြုပြု ဆင်းရဲစရာချည်းဘဲ၊ ဘာဖြစ်လို့လဲ၊ ကပ်သုံးပါး ဆိုက်တဲ့ အခါကြီးနော်၊ ဘိုကလေးက ခု ပင့်စာ ရောက်နေ တယ်၊ ဘယ်လိုရေးသလဲဆိုတော့ နာမ်အစဉ်မှာလဲ ကိလေသာ ရောဂါကပ်လို့ပါဘုရားတဲ့၊ ရုပ်အစဉ်မှာလဲ ၉၆-ပါး ရောဂါ က စိတ်မချရပါဘူးတဲ့၊ ဘေးကလဲ ကပ်သုံးပါးဆိုက်ရောက်နေ ပါတယ်၊ မတွေးဝံ့အောင် အင်မတန် ကြောက်ရွံ့ ထိတ်လန့် စရာ ဖြစ်နေလို့ တပည့်တော်များ တရားအားထုတ်ရအောင် အရှင်ဘုရား ချီးမြှောက်ကယ်မသောအားဖြင့် အရှင်ဘုရား ကြွ တော်မူပါ ဆိုတဲ့ ပင့်စာရောက်နေတယ်၊ ဘိုကလေးကိုကြွမယ် ဆိုရင်လဲ လိုက်မည့် ယောဂီစာရင်း ပေးပါ၊ သူတို့ သင်္ဘောနဲ့ လာပါ့မယ်တဲ့ ဟုတ်လား၊ ဦးမောင်သာတို့ ဦးမောင်ခတို့က စပြီးတော့ ဘယ်နှစ်ယောက် ပေးရမလဲ၊ ဘိုကလေးက စာ ရောက်နေတယ်။

အဲဒီတော့ သူရေးတဲ့စာအဟုတ်၊ နာမ်မှာလဲဘဲ ကိလေသာ ရောဂါ၊ ရုပ်မှာလဲဘဲ ၉၆-ပါးရောဂါ၊ ဘေးကလဲ လျှော့ချင်လျှော့ တဲ့ မြေဘေးဒုက္ခ ဟုတ်လား၊ ရေကြီးတဲ့ ရေဘေးဒုက္ခ၊ မီး လောင်တဲ့ မီးဘေးဒုက္ခ၊ လေတိုက်တဲ့ လေဘေးဒုက္ခ၊ မြေ ရေ လေ မီး ခေတ်ကြီးလေးပါးဆိုတာက အကုန်လုံး ပျက်ပြားနေ တော့ သတ္တဝါတွေ မြေဒုက္ခ ရေဒုက္ခ လေဒုက္ခ မီးဒုက္ခ ဆို

နေကြတယ် ဟုတ်ဘူးလား၊ ကိုယ့်ကိုယ်ကို ဘယ်လို ချမ်းသာအောင် နေပေမယ်လို့ မရတော့ဘူး ဟုတ်ဘူးလား၊ ကံကို ပူပြင်လို့ ရနိုင်ပါ့မလား၊ မရနိုင်ပါဘုရား၊ အေး....မရနိုင်ဘူး၊ အဲဒီလိုဖြစ်နေတဲ့ အခါကြီးမှာ ခန္ဓာကိုယ်ထဲက ဖြစ်မှုကလေးကို စိုက်ကြည့်စမ်း၊ ဒုက္ခသစ္စာဆိုတာ တခြားမဟုတ်ဘူး၊ ခန္ဓာကိုယ်မှာ အတွင်းရော အပြင်ရော တကိုယ်လုံး တကောင်လုံး အာရုံပြုနေလိုက်စမ်းပါ၊ ပူရင် ပူမှန်းသိ၊ အေးရင် အေးမှန်းသိ၊ နာရင် နာမှန်းသိ၊ စိတ်ချမ်းသာရင် ချမ်းသာမှန်းသိ၊ စိတ်ဆင်းရဲရင် ဆင်းရဲမှန်းသိ၊ အဲဒီလို သတိနဲ့ အမြဲမပြတ် ကပ်နေစမ်းပါနော်။

သတိနဲ့ အမြဲမပြတ် ကပ်ပါများတော့ အာရုံနဲ့ သတိနဲ့ သွားကပ်မိတယ်၊ အဲဒီကပ်မိတဲ့အချိန်ကျတော့မှ ပသာဒ ကြည်လင်ခြင်း၊ အဓိမောက္ခ ဆုံးဖြတ်ခြင်း၊ ဒီအခါကျမှ ဖြစ်မှာ၊ ယခု လောလောဆယ်တော့ မဖြစ်သေးဘူး၊ ဇွဲနဲ့ လုပ်ရအုံးမယ်နော်၊ အကယ်၍ ကပ်မိလို့ စိတ်ချမ်းသာတဲ့ အခါမျိုးမှာ စက်သဌေး စက်တလုံး တည်ပြီးတာထက် ပိုပြီး ချမ်းသာပါတယ်၊ သင်္ဘောသဌေး သင်္ဘောတစင်း တည်ပြီးတာထက် ပိုပြီး ချမ်းသာပါတယ် ဟုတ်လား၊ လက်တွေ့လုပ်ကြည့်ပေါ့၊ တရားကို စိုက်မိရင် အလွန်ချမ်းသာတယ်၊ ဆင်းရဲနေကြတာ ဘာဖြစ်လို့၊ တရားမသိလို့ တရားမစိုက်မိကြသေးလို့ပါ၊ ဒို့လူစုဟာ လုပ်လဲ လုပ်တတ်တယ်၊ ဘာလိုနေသလဲ၊ လုပ်ဘို့ဘဲ လိုနေတယ်၊ ဘာလိုနေတယ်၊ လုပ်ဘို့ဘဲ လိုနေပါတယ်ဘုရား။

ခန္ဓာကိုယ်က ဖြစ်တဲ့သဘာဝကို သတိနဲ့ သွားပြီး ကပ်မိလို့

တဖြည်းဖြည်း သတိရင့်ကျက်လာရင် အသိဉာဏ်ပေါ်လာတယ် ဟုတ်လား၊ ဒီအသိဉာဏ်ကလဲ သတိနဲ့မကင်းဘူး၊ သတိနဲ့မကင်း သောကြောင့် ဒီဉာဏ်ဟာ အာရုံကို ထင်ထင်ရှားရှား တွေ့ နေရတယ်၊ သမာဓိနဲ့ မကင်းသောကြောင့် ဒီပညာဟာ ဒီအာ ရုံကို ပိုင်းပိုင်းခြားခြား သိနိုင်တယ် ဟုတ်လား၊ ဒါဖြင့် သတိ ရယ် သမာဓိရယ် ပညာရယ် ဖြစ်စေနိုင်တဲ့ တရား ဘယ်မှာရှိ သလဲ၊ ခန္ဓာကိုယ်မှာပါဘုရား၊ ဘယ်လောက်များ လုပ်ချင်စရာ ကောင်းသလဲ၊ ခေတ်ကာလက ကောင်းတဲ့အခါ မလုပ်ချင်နေ ကြပါ၊ ယခုလို ဆင်းဆင်းရဲရဲခံနေကြရတဲ့အခါမှာ တရားကို မပေါ့ကြပါနဲ့၊ ဟိုပြိတ္တာသားအမိကတော့ တရားနာရုံနဲ့ တရား ရတဲ့ ပုဂ္ဂိုလ်နော်၊ ဒို့လူစုကတော့ ခေတ် နောက်ကျ နေပြီ၊ တရားနာရုံနဲ့ တရားမရနိုင်ဘူး၊ မှန်ပါဘုရား၊ အားမထုတ်ဘဲနဲ့ ဘယ်နည်းနဲ့မှ မရဘူး ဟုတ်လား၊ ရတာ မရတာ အပထား၊ တကယ်ပြင်းပြင်းထန်ထန် အားထုတ်ရင်တော့ ချမ်းသာမှာတော့ ကေန်ဒိဋ္ဌ ဘဲနော်။

ချမ်းသာဆိုတာ မင်းချမ်းသာပါပြီကွာလို့ သူများ ပြော စကားနဲ့ ယုံရတဲ့ ချမ်းသာမျိုး မဟုတ်ဘူး၊ သာသနာချမ်းသာ က ကိုယ်တွေ့ဒိဋ္ဌ ငါတရားသိပြီ ငါချမ်းသာပြီ ငါ့မှာ ဘာမှ စိုးရိမ်ကြောင့်ကျမှု မရှိတော့ဘူး၊ ဟင်....ဘယ်လိုဖြစ်လာသလဲ၊ မိုးညှင်းဆရာတော်ကြီး ဟောတော်မူသလို ဖြစ်လာပြီ၊ ဆွေမျိုး တွေ သေလိုက်ကြမောင်၊ ငါအရင်းမရှုံးသေးဘူး၊ မိုးညှင်းဆရာ တော်ဘုရားကြီး ဟောတာလေ၊ ဆွေမျိုးတွေသေရင်လေ ဘာ ဖြစ်လို့ အရင်းမရှုံးသလဲ၊ ဟ....ငါ လူ့ဘဝလာတုံးက တယောက်

ထဲ လာတာဘဲ၊ ဘယ်လောက် သေသေ ငါတယောက်တော့ ကျန်အုံးမှာပေါ့၊ ဘယ်လို အရင်းရှိုးမလဲ ဟုတ်လား၊ ပစ္စည်းတွေ မွဲလိုက်ဟ၊ ငါအရင်းမရှုံးသေးဘူး၊ ဘာလို့ အရင်းမရှုံးသလဲ၊ ဟာ....အမေမွေးတုံးက ခါးအဝတ်မှမပါဘဲ၊ ယခု ဘယ်လောက် မွဲမွဲ အဝတ်စုတ်ကလေးတော့ ရှိရအုံးမှာပေါ့ ဟုတ်ဘူးလား၊ ဒီတော့ ဘယ်လိုနေရ နေရ၊ ဘယ်လို စားရ စားရ၊ ဘယ်လိုဖြစ်ဖြစ် စိတ်ကိုပြုပြင်တတ်ရင် သက်သာခွင့်မရဘူးလား၊ ရပါတယ်ဘုရား၊ ချမ်းသာဆိုတာ ဒီ့ပြင်ဟာမခေါ်ဘူး၊ စိတ်ကို ခေါ်တာနော်၊ ဒီ့ပြင်ဟာကို ချမ်းသာခေါ်တယ်မှတ်လို့ လိုက်နေကြတာ ဟုတ်လား၊ ဒါကြောင့် စိတ်ချမ်းသာအောင် ကြိုးစား၍ အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု... သာဓု ပါ ဘုရား၊

× × × ×

မြောင်းမြမြို့ ဝေဠုဝတီကမ္မဋ္ဌာန်းတိုက် ကျေးဇူးတော်ရှင် ဝေဠုဝတီဆရာတော်ဘုရားကြီးသည် ၁၃၃၀-ခု သီတင်းကျွတ်လပြည့်နေ့တွင် တပည့်ယောဂီအပေါင်းတို့အား ဟောကြားဆုံးမတော်မအပ်သော-

## သစ္စာလေးပါးတရားတော်

**ဓမ္မစကြာ အကျင့် သုံးမျိုး။** ။ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာတဲ့၊ အဲဒီတဏှာ သုံးပါးကြောင့် ဒုက္ခဖြစ်တာတဲ့၊ သမုဒယဆိုတာ အကြောင်းကိုပြောတာ၊ သမုဒယဆိုတာဘာကို ပြောတာ၊ အကြောင်းကိုပြောတာပါဘုရား၊ အေးအကြောင်းကိုပြောတာ၊ ဒုက္ခဖြစ်လေသမျှ သူ့ကြောင့် ငါ့ကြောင့် ဘယ်သူ့ကြောင့်မှ အပြစ်ချမနေကြနဲ့တဲ့၊ ဒုက္ခဖြစ်လေသမျှ ဘယ်သူ့ကြောင့်လဲ၊ သမုဒယကြောင့်ပါဘုရား၊ သမုဒယဆိုတာ ဘာကို ခေါ်တယ်၊ တဏှာ-သုံးပါးကို ခေါ်ပါတယ်ဘုရား၊ အေးအေး တဏှာကြောင့်ဟုတ်လား၊ လူတွေထင်နေကြတာက သမုဒယတွေ များလိုက်တာ၊ သားတွေ သမီးတွေ မြစ်တွေ ဘာတွေ စက်တွေ သင်္ဘောတွေဟာ များလိုက်တဲ့ သမုဒယတွေ၊ ဒါတွေကို သမုဒယ အောက်မေ့နေတာကိုး၊ ဒါသမုဒယ မဟုတ်ဘူး၊ သမုဒယရဲ့

အာရုံတွေ၊ အမုဒယကဘာလဲ၊တဏှာပါဘုရား၊ အဲဒီတဏှာများ တော့ ဘာများလာမယ်၊ ဒုက္ခများလာပါမယ်ဘုရား၊ သမုဒယ တဏှာက ဒုက္ခရဲ့အကြောင်းကိုး၊ ဒုက္ခများလာတော့ ဘာချမ်း သာလဲ၊ လူချမ်းသာပါဘုရား၊ အေးဒုက္ခများတဲ့လူ လူချမ်းသာ တဲ့၊ ရသေးသလား ဆိုကြစမ်း။

"ဒုက္ခမရှိ ဒုက္ခရှာ၊ ဒုက္ခပေါ ဒုက္ခဆင့်၊ မြင့်တဲ့လူက လူ ချမ်းသာ"

ကိုင်း မဟုတ်ဘူးလား၊ ဦးဘသန့်တို့ ဒေါ်ကျင်လှိုင်တို့ဟာ လူချမ်းသာတွေပေါ့၊ သူတို့ကို လူချမ်းသာ မဆိုရဘူးလား၊ သူတို့ က ဒုက္ခများတဲ့ လူတွေကိုနော်၊ ဒုက္ခသစ္စာပြီးပြီနော်၊ ဒုက္ခသစ္စာ ဘယ်နှစ်ပါးလဲ၊ ခုနစ်ပါးပါဘုရား၊ သမုဒယသစ္စာက ဘယ်နှစ် ပါးလဲ၊ သုံးပါးပါဘုရား။

ကိုင်း-နိရောဓကိုဆက်ကြစို့။

**တဏှာမကြွင်း၊ ချုပ်ကင်းလေက၊ ချမ်းသာရ၊ နိရောဓ အမှန်သိ။**

အေးတဏှာတွေချုပ်သွားပြီ၊ အကုန်လုံးကင်းသွားပြီ၊ တဏှာ ချုပ်ကင်းသွားရင် ဘာဖြစ်တယ်၊ နိရောဓ ဖြစ်ပါတယ် ဘုရား၊ နိရောဓဆိုက်ရောက်လို့ရှိရင်၊ ဆင်းရဲသလား၊ ချမ်းသာသလား၊ ချမ်းသာပါတယ် ဘုရား၊ အေး ဒါကြောင့် "တဏှာမကြွင်း၊ ချုပ်ကင်းလေက၊ ချမ်းသာရ၊ နိရောဓအမှန်သိ"

သိလောက်ပြီပေါ့၊ နိရောဓသစ္စာကလဲ၊ ဘယ်တော့မှနိရောဓ ဖြစ်မယ်၊ တဏှာချုပ်မှ နိရောဓဖြစ်ပါမယ်ဘုရား၊ တဏှာချုပ်

ခါနီးနေပြီလား၊ နီးပြီ၊ အိမ်ပြန်ဘို့နဲ့၊ အပါယ်မကျဘို့ ဘယ်က အရေးကြီးသလဲ ဆိုတော့ ဦးမောင်သာဝါဒက အိမ်ပြန်ဘို့က အရေးကြီးတယ်တဲ့၊ နီးပြီမဟုတ်လား၊ ဘယ်တော့မှ မမေ့ဘူး၊ ငါတသက်လုံးဟောမှာ ဒီတရားကို ဦးမောင်ခကြီးနီးပြီ မဟုတ်လား။

တကျာအကုန်လုံး မကြွင်းမကျန် ချုပ်ကင်းမှ ဘယ်ကိုဆိုက်မယ်၊ နိဗ္ဗာန်ဆိုက်ပါမယ်ဘုရား၊ အဲဒါနိဗ္ဗာန်၊ ဒါဖြင့် ဒုက္ခလဲ သိပြီ၊ သမုဒယလဲသိပြီ၊ နိဗ္ဗာန်လဲသိပြီ။

မဂ္ဂကို ဟောကြစို့။

**ရှစ်ပါးမဂ္ဂင်၊ လမ်းစဉ်မစောင်း၊ အကျင့်ကောင်းက၊ မဂ်ဉာဏ်ရ မဂ္ဂအမှန်သိ။**

မဂ်ဉာဏ်ဆိုတာ မဂ္ဂသစ္စာခေါ်တဲ့ မဂ္ဂင်ရှစ်ပါးမှာ မဂ်ဉာဏ် ခေါင်းဆောင် ဖြစ်ခြင်းကြောင့် မဂ်ဉာဏ်ရရင် မဂ္ဂသစ္စာလို့ ပြောလိုက်တယ်၊ မဂ်ဉာဏ်ဆိုတာဘာလဲ၊ သိရဲ့လား၊ မသိဘူး၊ မဂ်ဆိုတာ နိဗ္ဗာန်ရောက်ကြောင်း လမ်းခရီး၊ မဂ်ဆိုတာဘာလဲ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းခရီးပါဘုရား၊ အေးဉာဏ်ဆိုတာက သိတယ်၊ အေး နိဗ္ဗာန်ရောက်ကြောင်း လမ်းခရီးကိုသိတာ၊ ဘာ မဂ်ဉာဏ်ပါဘုရား၊ အေးအဲဒါဘဲ၊ မဂ်ဉာဏ်ဆိုတာ ဘာရယ်လို့ ပြောမနေနဲ့၊ မဂ်ဉာဏ်ဆိုတာ ဗမာစကားတော့ ဗမာစကားဘဲ၊ ဗမာစကား ဗမာနားမလည်ဘူး၊ တခါပြန်ရသေးတယ်၊ မဂ်က နိဗ္ဗာန်ရောက်ကြောင်းလမ်းခရီး၊ ဉာဏ်ကသိ၊ မဂ္ဂဉာဏ်၊ နိဗ္ဗာန် ရောက်ကြောင်းလမ်းခရီး သိတဲ့အသိ။

အဲဒီ မဂ်ဉာဏ်ဆိုတာ ဘာသစ္စာခေါ်တယ်၊ မဂ္ဂသစ္စာပါ ဘုရား၊ ဒါဖြင့်၊ ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာခေါ်တဲ့ သစ္စာလေးပါးကို ယခုတရားနာတဲ့လူတွေ မသိကြဘူးလား၊ သိကြပါတယ်ဘုရား၊ ဘာသိခေါ်တယ်၊ အနုဗောဓသိပါဘုရား၊ ဟုတ်လား၊အနုကအဖန်တလဲလဲ၊ဗောဓကသိတယ်၊ သိပြီးရင်းသိရင်း၊ သိပြီးရင်းသိရင်း၊ အနုဗောဓသိ၊အဖန်တလဲလဲ သိရတယ်၊ ဘာဖြစ်လို့လဲ၊ သိခြင်းကိစ္စမပြီးနိုင်လို့၊ ဒီတခါသိလဲ မပြီးသေးဘူး၊ နောက်တခါသိလဲ မပြီးသေးဘူး၊ နောက်တခါ သိလဲမပြီးသေးဘူး၊ သစ္စာလေးပါး တဝါတွင်းလုံးသိနေတာဘဲ၊ အဖန်တလဲလဲ၊ အထပ်ထပ်သိရသောကြောင့် အနုဗောဓ၊ဘာသိ၊ အနုဗောဓသိပါဘုရား။

အေး အနုဗောဓသိတော့ သိကြပြီပေါ့၊ သစ္စာလေးပါးကို ပဋိဝေဓသိ သိဘို့လိုတယ်၊ သစ္စာလေးပါးကို ဘာသိ သိဘို့လိုတယ်၊ ပဋိဝေဓသိ သိဘို့လိုပါတယ်ဘုရား၊ အေးသစ္စာလေးပါးကို ထိုးထွင်းသိဘို့လိုတယ်၊ အနုဗောဓ ထပ်တလဲလဲသိတဲ့အသိမျိုးကတော့ သိကုန်ကြပြီ၊ ပဋိဝေဓ ထိုးထွင်းပြီး သိဘို့ လိုတယ်၊ ဒီတော့၊ ဒါဒုက္ခ၊ ဒါသမုဒယ၊ ဒါနိရောဓ၊ ဒါမဂ္ဂကိုသိတော့ ဘာသိလဲ၊ သစ္စာသိပါဘုရား၊ သစ္စာသိရင် သစ္စဉာဏ်တဲ့၊ သစ္စာက ဘယ်နှစ်ပါး၊ သစ္စာလေးပါးပါဘုရား၊ အေးသစ္စာလေးပါး ရှိတယ်တဲ့၊ အဲဒီသစ္စာလေးပါးမှာ သူ့ကိစ္စနဲ့သူ၊ ဒုက္ခသစ္စာက ပရိညေယျ ပိုင်းခြားအပ်တဲ့ကိစ္စ၊ သမုဒယသစ္စာက ပယ်အပ်တဲ့ ပဟာတဗ္ဗကိစ္စ၊ နိရောဓသစ္စာက မျက်မှောက်ပြုအပ်တဲ့ သစ္ဆိကာတဗ္ဗကိစ္စ၊ မဂ္ဂသစ္စာက ဖြစ်ပွားစေအပ်တဲ့ ကိစ္စလို့ လေးပါးရှိတယ်။

အကုသိုလ် မိမိသန္တာန်မှာဖြစ်ပွားလျှင် အဲဒီအကုသိုလ်ကဖြစ်ပွားစေအပ်သလား၊ မဖြစ်ပွားစေအပ်ဘူးလား၊ မဖြစ်ပွားစေအပ်ပါဘူးဘုရား၊ အေးမဖြစ်ပွားစေအပ်ဘူး၊ သမ္မာဒိဋ္ဌိ အစရှိသောတရားတွေ ရင်ထဲမှာဖြစ်လာရင် ဖြစ်ပွားစေအပ်တယ် ဆိုမလား၊ မဖြစ်ပွားစေအပ်ဘူးဆိုမလား၊ ဖြစ်ပွားစေအပ်ပါတယ်ဘုရား၊ အေး ဖြစ်ပွား စေ အပ် တာ ဘာ ကိစ္စလဲ၊ မဂ် ကိစ္စပါဘုရား၊ ဖြစ်ပွားစေအပ်တာ မဂ္ဂသစ္စာရဲ့ကိစ္စ၊ ပယ်အပ်တာက ဘယ်သစ္စာရဲ့ကိစ္စ၊ သမုဒယသစ္စာရဲ့ကိစ္စပါဘုရား၊ အေးသမုဒယသစ္စာရဲ့ကိစ္စ၊ ပိုင်းခြားအပ်တာက ဘယ်သစ္စာရဲ့ကိစ္စ၊ ဒုက္ခသစ္စာရဲ့ကိစ္စပါဘုရား။

ဒါဖြင့် သစ္စာကိုလဲသိပြီ၊ ၎င်းသစ္စာမှာ တွဲဘက် တန်းလန်းပါနေတဲ့ ကိစ္စကိုလဲသိပြီ၊ အဲဒီကိစ္စသိတော့ ဘာဉာဏ်၊ ကိစ္စဉာဏ်ပါဘုရား၊ ဒုက္ခ သမုဒယ နိရောဓ မဂ္ဂလို့ သိတာက သစ္စဉာဏ်၊ ပရိညေယျ ပဟာတဗ္ဗ သစ္ဆိကာတဗ္ဗ ဘာဝေတဗ္ဗလို့ သိတာက ကိစ္စဉာဏ်၊ သစ္စာကိုသိတော့ သစ္စဉာဏ်၊ ကိစ္စကိုသိတော့ ကိစ္စဉာဏ်၊ မဂ်လေးပါးမှာ ကိစ္စဘယ်နှစ်ပါး ရှိသလဲ၊ လေးပါးပါဘုရား၊ မဂ်လေးပါး ကိစ္စလေးပါးရှိတာပေါ့၊ ဗမာစကားဗမာနားမလည်ဘူး၊ဒို့လူတွေက အဲဒီလောက်အ,ကြတာ။

ဒုက္ခသည် ပိုင်းခြားအပ်သော ကိစ္စရှိတယ်၊ ခွေးမှာ ရုပ်နာမ်ခန္ဓာမရှိဘူးလား၊ ရှိပါတယ်ဘုရား၊ ခွေးမှာရှိတဲ့ ရုပ်နာမ်ခန္ဓာက ပိုင်းခြားအပ်သလား၊ မပိုင်းခြားအပ်ဘူးလား၊ ပိုင်းခြားအပ်တယ်၊ နွားမှာကောမရှိဘူးလား၊ ရှိပါတယ်ဘုရား၊ မပိုင်းခြားအပ်ဘူးလား၊ ပိုင်းခြားအပ်ပါတယ်ဘုရား၊ လူမှာကောမရှိဘူး

လား၊ ရှိပါတယ်ဘုရား၊ မပိုင်းခြားအပ်ဘူးလား၊ ပိုင်းခြားအပ်ပါတယ်ဘုရား၊ နတ်မှာကော မရှိဘူးလား၊ ဗြဟ္မာမှာကော မရှိဘူးလား၊ ဒါဖြင့် ရုပ်နာမ်ခန္ဓာ ဒုက္ခရှိသမျှ၊ ဘယ်ဒုက္ခဖြစ်ဖြစ်၊ ပိုင်းခြားအပ်တဲ့ ဒုက္ခချည်းဘဲ၊ ကိုယ်ကပိုင်းခြားနိုင်တဲ့ ဉာဏ်မရလို့သာ၊ ဒုက္ခကတော့ မပိုင်းခြားအပ်တဲ့ ဒုက္ခရယ်လို့ ဘယ်မှာမှ မရှိဘူး၊ ၃၁ ဘုံမှာ မပိုင်းခြားအပ်တဲ့ ဒုက္ခရယ်လို့ ရှိရဲ့လား၊ မရှိပါဘုရား၊ မပိုင်းခြားအပ်တဲ့ ဒုက္ခရယ်လို့ မရှိဘူး၊ သို့ပေမယ်လို့၊ ပိုင်းခြားနိုင်တဲ့ဉာဏ်ကိုမရလို့ မပိုင်းခြားရဘူး။

ဒီတော့ ပိုင်းခြားအပ်တယ် ပိုင်းခြားတတ်တယ် အဲဒီလိုခွဲ၊ ဒုက္ခမှန်သမျှ ပိုင်းခြားအပ်တယ်၊ အသိဉာဏ်က ပိုင်းခြားတတ်တယ်၊ ပိုင်းခြားတတ်တဲ့ အသိဉာဏ်ကိုမရရင် ပိုင်းခြား အပ်တဲ့ ရုပ်နာမ်ခန္ဓာကြီး လက်ရှိ ဖြစ်နေပေမယ်လို့ ပိုင်းခြား နိုင်ပါ့မလား၊ မပိုင်းခြားနိုင်ပါဘုရား၊ ဒီတော့ ပိုင်းခြားအပ် ပိုင်းခြားတတ်ကိုခွဲပါ၊ ပိုင်းခြားအပ်တဲ့ ရုပ်နာမ်ခန္ဓာကတော့ ခွေးမှာလဲရှိ၊ နွားမှာလဲရှိ၊ ဘာကောင်ဖြစ်ဖြစ် ရှိတာဘဲ၊ ပိုင်းခြားအပ်တဲ့ ရုပ်နာမ်မရှိတဲ့သတ္တဝါရယ်လို့ ရှိရဲ့လား၊ မရှိပါဘုရား၊ ဒါဖြင့် လူတွေမှာရှိတဲ့ ရုပ်နာမ်ခန္ဓာက ဘာလုပ်ရမယ်၊ ပိုင်းခြားအပ်ပါတယ်ဘုရား၊ ဒါဖြင့် လူရုပ်နာမ်၊ ခွေးရုပ်နာမ်၊ နွားရုပ်နာမ်၊ ရှိရှိသမျှ ရုပ်နာမ်တွေဟာ ဘာသစ္စာ၊ ဒုက္ခသစ္စာပါဘုရား၊ ဒုက္ခသစ္စာမှာ ဘာကိစ္စရှိတယ်၊ ပိုင်းခြားအပ်တဲ့ကိစ္စရှိပါတယ်ဘုရား၊ ပိုင်းခြားအပ်တဲ့ကိစ္စပင်ရှိသော်လည်း ပိုင်းခြားနိုင်ကြရဲ့လား၊ မပိုင်းခြားနိုင်ပါဘုရား၊ ဘာဖြစ်လို့လဲ၊ ပိုင်းခြားတတ်တဲ့ဉာဏ်မရှိလို့။

ဒါဖြင့် ဒုက္ခသစ္စာ လက်ကိုင်ရှိထားတဲ့ လူတွေဟာ ဒုက္ခကို မပိုင်းခြားနိုင်ဘူးဆိုရင် ပိုင်းခြားအပ်တဲ့ ကိစ္စကြီး တန်းလန်းနဲ့ပါ ကလားလို့ ကိုယ့်ကိုယ်ကို သိရမယ်၊ ဒုက္ခသစ္စာ လက်ကိုင်ရှိတဲ့ ပုဂ္ဂိုလ်က ဒီဒုက္ခသစ္စာမှာ ဘာကိစ္စရှိတယ်၊ ပိုင်းခြား အပ်တဲ့ကိစ္စ ရှိတယ်၊ အဲဒါ ဒုက္ခသစ္စာပိုင်းခြားအပ်တဲ့ကိစ္စကြီး လက်ကိုင်ထားတဲ့ပုဂ္ဂိုလ်က ငါ့မှာ ပိုင်းခြားရမဲ့ ကိစ္စကြီး တန်းလန်း ရှိနေပါက လားလို့ သိကြရဲ့လား၊ မသိကြဘူး၊ ပိုင်းခြားရမဲ့ ကိစ္စကြီးတန်းလန်း သတ္တဝါမှာ ရှိနေတယ်၊ ရဟန္တာဖြစ်တော့ ဒုက္ခသစ္စာကို မပိုင်းခြားနိုင်ဘူးလား၊ ပိုင်းခြားနိုင်ပါတယ်ဘုရား။

ဒီတော့ ပိုင်းခြားတဲ့ကိစ္စ ရဟန္တာပုဂ္ဂိုလ်မှာ ပြီးသွားပြီ၊ ကတံ ကရဏီယံ။ ဟာ ငါ့မှာ ကိစ္စကြီးပြီးသွားပြီဟေ့၊ ရှေ့လုပ်ဘို့မလို တော့ဘူး၊ ဒီသတ္တဝါတွေက ပိုင်းခြားအပ်တဲ့ ကိစ္စကြီးတန်းလန်းနဲ့ နေကြရတော့ကာ ပိုင်းခြားအပ်တဲ့ ကိစ္စကြီး တန်းလန်း ကျန်မနေဘူးလား၊ ကိစ္စကြီးတန်းလန်းနဲ့ဟုတ်လား၊ စက်သမ္မား က သူ့စက်ဖွင့်ဘို့သာ ကိစ္စမှတ်နေတယ်၊ သင်္ဘော သမ္မားကလဲ သင်္ဘောသွားဘို့ဟာသာကိစ္စမှတ်နေတယ်၊ ဈေးသည်ကလဲ ဈေး ရောင်းဘို့သာ ကိစ္စမှတ်နေတယ်၊ ဟုတ်ဘူးလား၊ ကျောင်းဆရာ ကလဲ ကျောင်းတက်ဘို့သာ ကိစ္စမှတ်နေတယ်၊ ရုံးသမားကလဲ ရုံး တက်ဘို့သာ သူ့ကိစ္စမှတ်နေတယ်၊ ကိုင်း ကိုယ့်ဟာကို ကိစ္စမှတ် မနေကြဘူးလားလို့၊ ဟုတ်ရဲ့လား၊ တကယ့်ကိစ္စ မဟုတ်ဘူး၊ မိမိရုပ်နာမ် ခန္ဓာသာလျှင် ပိုင်းခြားအပ်တဲ့ကိစ္စရှိတယ်။

အဲဒီ ရုပ်နာမ်ခန္ဓာ ပိုင်းခြားအပ်တဲ့ ကိစ္စရှိခြင်းကြောင့် ဒီကိစ္စ ကို ပိုင်းခြားနိုင်မှ ကိုယ့်ကိစ္စ ကိုယ်လုပ်ရာကျတာ ဟုတ်လား၊

ဒီ့ပြင်ဟာတွေ ရှောက်လုပ်နေလို့ ကိုယ့်ကိစ္စ ကိုယ်ပြီးဆုံးအောင် လုပ်တယ်လို့ ဆိုမလားလို့၊ ဒီလောကီအလုပ်တွေ လုပ်နေတဲ့ လူက ဘယ်တော့ကတာံကရဏီယံ ဖြစ်မလဲ၊ ငါ့ကိစ္စ ပြီးပြီလို့ ဘယ်အခါမျှား ဆိုနိုင်မလဲ၊ မဆိုနိုင်ပါဘူးဘုရား၊ ဘယ်တော့မှမ ပြီးသေးဘူး၊ ပြီးပါ့မလား၊ မပြီးပါဘူးဘုရား၊ ရုပ်နာမ်ခန္ဓာမှာ ဘာကိစ္စရှိတယ်၊ ပိုင်းခြားအပ်တဲ့ကိစ္စရှိတယ်၊ အဲဒီရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာကြီးကို ဒို့ပိုင်းခြားနိုင်ပြီလား၊ ပိုင်းခြားခြင်းကိစ္စ ဒို့လုပ်နိုင်ပြီလား၊ ပြီးဘို့နေနေသာသာ ထားပါတော့၊ ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာကြီး ပိုင်းခြားခြင်းကိစ္စ ဒို့လုပ်ပြီလား၊ ဒို့လုပ်နိုင်ပြီလား၊ ဒီလို ကိုယ့်ကိုယ်ကို မေးကြည့်ပေါ့။

ဒီလိုရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာကြီး ပိုင်းခြားအပ်တဲ့ ကိစ္စကြီး ကိုယ်မှာတန်းလန်း ဖြစ်နေတာရှိပါလျက်သားနဲ့ ဒီကိစ္စပစ်ထား ပြီး၊ ဒီပြင် သားကိစ္စ သမီးကိစ္စတွေ ရှောက်ပြီး လုပ်နေတာ၊ ကိုင်း ဘယ်လောက်မျှား မှားနေကြသလဲ၊ မမှားဘူးလား၊ မှား နေပါတယ်ဘုရား၊ အဲဒီလို ဒုက္ခသစ္စာဟာ ပိုင်းခြားအပ်တဲ့ကိစ္စ ရှိတယ်၊ ပိုင်းခြားအပ်တဲ့ကိစ္စကြီး ဒုက္ခသစ္စာတန်းလန်းနဲ့ ငါဟာ ပိုင်းခြားအပ်တဲ့ ငါ့ကိစ္စ ငါမလုပ်ဘဲနဲ့ ငါဘာတွေ ရှောက်လုပ် နေသလဲလို့ ကိုယ့်ကိုယ်ကိုယ်များ စဉ်းစား ကြည့်ကြစမ်းပါ၊ ဦးမောင်သာရဲ့၊ စဉ်းစားရဲ့လား၊ စဉ်းစားပါတယ်ဘုရား၊ စဉ်း စားတော့ စဉ်းစားရဲ့ အိမ်မပြန်ဘဲတော့ မနေနိုင်။

ကိုင်း ဒါပြင့် ဒုက္ခပြီးတော့ သမုဒယ၊ သမုဒယသစ္စာမှာဘာ ကိစ္စရှိသလဲ၊ ပယ်အပ်တဲ့ကိစ္စရှိပါတယ်ဘုရား၊ ပယ်အပ်တဲ့ကိစ္စရှိ

တဲ့ သမုဒယဆိုတာဘာလဲ၊ တဏှာပါဘုရား၊ တဏှာမှာပယ်အပ်တဲ့ကိစ္စရှိတယ်နော်၊ ဒါဖြင့် ဘယ်သူ့တဏှာဖြစ်ဖြစ် ပယ်အပ်တဲ့ကိစ္စမရှိဘူးလား၊ ကိစ္စကြီးတန်းလန်းနဲ့ဘဲ၊ တဏှာမှန်ရင် သားသော သမီးသော လင်သော မယားသော ဆွေသော မျိုးသော ဘယ်သူ့မျက်နှာမှ မထောက်ပါနဲ့၊ အားမနာ ပါးမနာ တဏှာဆိုရင် ပယ်ရမှာပါကလားလို့ ဒီလိုများ တွေးလိုက် ကြစမ်းပါ၊ အေး တဏှာဆိုရင် ဘာလုပ်ရမယ်၊ ပယ်ရပါမယ်ဘုရား၊ သားအပေါ် တွယ်တာတဲ့တဏှာ၊ သမီးအပေါ် တွယ်တာတဲ့တဏှာ၊ လင့်ပေါ် တွယ်တာတဲ့တဏှာ၊မယားအပေါ်တွယ်တာတဲ့တဏှာ၊ တွယ်တာတဲ့တဏှာမှန်ရင်ပယ်ပစ်ရမယ်၊ ဘာဖြစ်လို့လဲ၊ သူ့မှာ ပယ်အပ်တဲ့ကိစ္စတန်းလန်းပါနေတယ်၊ တဏှာမှာ ဘာကိစ္စတန်းလန်းပါနေတယ်၊ ပယ်အပ်တဲ့ကိစ္စတန်းလန်းပါနေပါတယ်ဘုရား၊ ပယ်အပ်တဲ့ ကိစ္စရှိနေတဲ့ တဏှာ၊ ရင်ထဲနှလုံးထဲမှာ ရှိနေပေမဲ့လဲ ပယ်တတ်တဲ့ဉာဏ် မရသေးဘဲနဲ့ ပယ်အပ်တဲ့ သမုဒယ ပယ်နိုင်ပါ့မလား၊ မပယ်နိုင်ပါ ဘုရား၊ ပယ်အပ်တဲ့ သမုဒယကတော့ ကိုယ်မှာရှိတယ်၊ ဘာလိုနေသလဲ၊ ပယ်တတ်တဲ့ဉာဏ် လိုနေတယ်၊ ဒီပယ်အပ် ပယ်တတ်ကို ခွဲကြစမ်းပါ၊ ပိုင်းခြားအပ်တဲ့ ဒုက္ခ၊ ပယ်အပ်တဲ့ သမုဒယ မရှိဘူးလား၊ ရှိပါတယ်ဘုရား၊ သို့ပေမယ်လို့ ပယ်တတ်တဲ့ဉာဏ်၊ ပိုင်းခြားတတ်တဲ့ဉာဏ်၊ ဒီဉာဏ် မလိုဘူးလား။

ကိုင်း....ဒါဖြင့် သွားအုံး၊ မျက်မှောက်ပြုအပ်တဲ့ကိစ္စ နိရောဓဆိုတာ၊ အေး ငြိမ်း ချုပ်ပျောက်ခြင်းကို နိရောဓ ခေါ်တယ်၊ နိရောဓဆိုတာ ဘာကိုခေါ်တယ်၊ အေးငြိမ်းချုပ်ပျောက်ခြင်း

ကို နိရောဓခေါ်ပါတယ်ဘုရား၊ ဒုက္ခ အေးငြိမ်း ချုပ်ပျောက်ခြင်း နိရောဓဟာ ဘာကိစ္စရှိသလဲဆိုတော့ မျက်မှောက်ပြုအပ်တဲ့ ကိစ္စရှိတယ်၊ အေး ငြိမ်း ချုပ် ပျောက်ခြင်း နိရောဓ ဆိုတဲ့ နိဗ္ဗာန်မှန်ရင် မျက်မှောက်ပြုအပ်တဲ့ကိစ္စရှိတယ်၊ နိဗ္ဗာန် မှန်ရင် ဘာကိစ္စရှိတယ်၊ မျက်မှောက်ပြုအပ်တဲ့ကိစ္စရှိပါတယ်ဘုရား၊ မျက်မှောက်ပြုအပ်တဲ့ ကိစ္စရှိပါလျက် ဘာပြုလို့ မျက်မှောက်မပြုနိုင်ပါလိမ့်မလဲ၊ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တဲ့ ဉာဏ် မရလို့၊ နိဗ္ဗာန်ကတော့ မျက်မှောက်ပြုအပ်တဲ့ကိစ္စရှိတာဘဲ၊ ဒို့မှာ မျက်မှောက်ပြုနိုင်တဲ့ဉာဏ်ကို မရဘူး၊ ဒီလိုမဟုတ်လား။

နိရောဓက ဝိက္ခမ္ဘန နိရောဓ၊ တဒင်္ဂ နိရောဓ၊ သမုစ္ဆေဒ နိရောဓလို့ နိရောဓ သုံးမျိုးရှိတယ်၊ နိရောဓ ဘယ်နှစ်မျိုး ရှိတယ်၊ သုံးမျိုးရှိပါတယ်ဘုရား၊ ဝိက္ခမ္ဘန နိရောဓ၊ တဒင်္ဂ နိရောဓ၊ သမုစ္ဆေဒ နိရောဓပါဘုရား၊ အဲဒီ သမုစ္ဆေဒ နိရောဓကို သာ ပြောပြောနေကြတယ်၊ ဝိက္ခမ္ဘနနိရောဓနဲ့ တဒင်္ဂနိရောဓကို အပြောမရှိကြဘူး၊ ဟုတ်ကဲ့လား။

ဝိက္ခမ္ဘနနိရောဓဆိုတာ ဘာလဲ၊ ခန္ဓာကိုယ်မှာ ရုပ်နဲ့နာမ်ကို အတွင်းရော အပြင်ရော ဖြစ် ဖြစ် ဖြစ် တဖြစ်ထဲ ဖြစ်နေတဲ့ သဘာဝတွေကို ကိုယ့်ရင်ထဲမှာ ဖြစ်နေတော့ ခေါင်း ကိုယ် ခြေ လက် သဏ္ဌာန်ဒြပ်ကြီးပျောက်သွားပြီး ခေါင်းလဲ မဟုတ် ကိုယ်လဲ မဟုတ် ခြေလဲ မဟုတ် ဘာမှ မဟုတ်ဘူး၊ ဘာလဲဆိုတော့ ဖြစ်ခြင်းသဘာဝကလေးတွေသာ ဟုတ်တယ်၊ ဒီလို ရုပ်နာမ် သိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ပြည့်စုံတဲ့ယောဂီတယောက်

ဟာ သက္ကာယဒိဋ္ဌိ မကွာဘူးလား၊ ကွာပါတယ်ဘုရား၊ ခေါင်း မဟုတ် ကိုယ်မဟုတ် ခြေမဟုတ် လက်မဟုတ် ဘယ်သူမှမဟုတ်၊ ပညတ်နယ်က ဘာတခုမှ မဟုတ်ဘူး၊ ဟုတ်ထားက တဖြစ်ထဲ ဖြစ်ဖြစ်နေတဲ့ ဖြစ်ခြင်း သဘာဝကလေးတွေသာ ဟုတ်တယ်၊ ဒီလိုမသိဘူးလား၊ ဒီလိုသိရင် သက္ကာယဒိဋ္ဌိ မကွာဘူးလား၊ ကွာ ပါတယ် ဘုရား။

ဒါဖြင့် ဒီတဖြစ်ထဲဖြစ်နေတဲ့ရုပ်နာမ်သဘာဝတွေဟာ ဘယ် သူ့ကြောင့် ဖြစ်သလဲ၊ ဘယ်သူဖန်ဆင်းလို့ ဖြစ်သလဲ၊ မိဘ ကြောင့် ဖြစ်သလားလို့ မဟုတ်တဲ့အကြောင်းများတွေကို မစွဲ ဘူးနော်၊ ရှေးအတိတ်ကံ အကြောင်းကြောင့် ဖြစ်တာပါလား၊ အကြောင်းမှန်ကို စွဲနိုင်တယ်၊ ပဋိစ္စသမုပ္ပါဒ်အားဖြင့်စွဲမယ်ဆိုရင် ဖြစ်ဖြစ်နေတဲ့ သဘာဝကလေးတွေဟာ ကံသင်္ခါရကြောင့်ဖြစ် တာပေါ့၊ ဘယ်သူ့ကြောင့်ဖြစ်တယ်၊ ကံသင်္ခါရကြောင့် ဖြစ် ပါတယ် ဘုရား၊ တဖြစ်ထဲ ဖြစ်နေတဲ့ သဘာဝကလေးတွေဟာ ကံသင်္ခါရကြောင့် ဖြစ်တာ၊ ဒါဖြင့် ဗြဟ္မာ ပိဿနိုး အစိုးရ သော သူတို့ ဖန်ဆင်းလို့ ဖြစ်တာမဟုတ်၊ မိဘ စသော အ ကြောင်းတို့ကြောင့် ဖြစ်တာမဟုတ်၊ အမှန်ကတော့ ကံသင်္ခါရ ကြောင့်ဖြစ်တာလို့ အကြောင်းမှန်ကို မသိဘူးလား၊ သိပါတယ် ဘုရား၊ အကြောင်းမှန် သိရင်ကော ယုံမှားအုံးမလား၊ ဘာ ကြောင့် ဖြစ်လာပါလိမ့်ဆိုတဲ့ ယုံမှားတဲ့စိတ် ဖြစ်အုံးမလား၊ မဖြစ်ပါဘုရား။

ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ မဟုတ်ဘူး

လို့ သိတာက သက္ကာယဒိဋ္ဌိကွာတာ၊ ယုံမှားတဲ့စိတ် မပေါ်တာက ဝိစိကိစ္ဆာကွာတာနော်၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ မကွာဘူးလား၊ ကွာပါတယ်ဘုရား၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ကွာခဲ့သည်ရှိသော် ထိုသက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာကြောင့် အပါယ်ဘဝမှာ ဖြစ်ထိုက်တဲ့ ခန္ဓာ မငြိမ်းပေဘူးလားလို့၊ ငြိမ်းပါတယ်ဘုရား၊ မကွာတဲ့အခါမှာ ရှိနေတဲ့ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာကြောင့်သာ အပါယ်ကျရမယ်၊ ကွာတဲ့ သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာကြောင့်တော့ အပါယ်မကျနိုင်ဘူး၊ ဒီတော့ အကြောင်းနဲ့တကွ ရုပ်နာမ်သိနေတဲ့ ယောဂီပုဂ္ဂိုလ် သန္တာန်မှာ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ကွာတယ်၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာဟာဘာလဲ၊ ကိလေသာပါ ဘုရား၊ အဲဒီ ကိလေသာကွာရင် အဲဒီ ကိလေသာ၏ အကျိုးဖြစ်တဲ့ အပါယ်ရုပ်နာမ် ခန္ဓာ ချုပ်ငြိမ်းတာကို ဝိက္ခမ္ဘန နိရောဓ ခေါ်တယ်၊ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာခွါလိုက်တော့ ဝိက္ခမ္ဘန ဖြစ်မသွားဘူးလား၊ အဲဒီဝိက္ခမ္ဘန ဖြစ်သွားတဲ့ ကိလေသာကြောင့် ဖြစ်ထိုက်တဲ့ အပါယ်ခန္ဓာချုပ်ငြိမ်းမှုကို ဘာခေါ်တယ်၊ ဝိက္ခမ္ဘန နိရောဓ ခေါ်ပါတယ်ဘုရား။

ဒါဖြင့် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာကို ခွါနိုင်တဲ့ အသိဉာဏ် ရတဲ့ ယောဂီပုဂ္ဂိုလ်သန္တာန်မှာ ဝိက္ခမ္ဘနဆိုတဲ့ နိရောဓနိဗ္ဗာန် ဆိုက်ရောက်သလား မဆိုက်ရောက်ဘူးလား၊ သေသေချာချာစဉ်းစားစမ်း၊ ဆိုက်ရောက်တယ်မဟုတ်လား၊ ဆိုက်ရောက်ပင် ဆိုက်ရောက်သော်လဲဘဲ နိရောဓကို မျက်မှောက်ပြုနိုင်ရဲ့လား မပြုနိုင်ပါဘုရား၊ ဒါဖြင့် နိရောဓမှာ မျက်မှောက်ပြုအပ်တဲ့ကိစ္စ မပါလို့

လား၊ ပါပါတယ်ဘုရား၊ အော်....နိရောဓမှန်ရင် မျက်မှောက်ပြု အပ်တဲ့ ကိစ္စ ပါပါတယ်၊ ကိုယ်က မျက်မှောက်ပြုနိုင်တဲ့ဉာဏ် မရှိလို့၊ နားလည်ပြီလား။

ပြီးတော့ တဒင်္ဂနိရောဓ၊ ဘင်္ဂဉာဏ်မှစ၍ ပရိကံ ဉပစာ အနုလုံတိုင်အောင် ဝိပဿနာဉာဏ်တွေ၊ အဲဒီဉာဏ်တွေခဏမှာ ကိလေသာကိုပယ်တယ်၊ အနိစ္စက နိစ္စသညာကိလေသာကို ပယ် တယ်၊ ဒုက္ခက သုခသညာ ကိလေသာကိုပယ်တယ်၊ အနတ္တက အတ္တသညာကိလေသာကို ပယ်တယ်၊ ထိုထိုကိလေသာကို ထိုထို ဝိပဿနာဉာဏ်နဲ့ပယ်တယ်၊ အဲဒီ ဝိပဿနာဉာဏ်နဲ့ ကိလေသာ ကို ပယ်တာကို တဒင်္ဂပဟာန်ခေါ်တယ်၊ ခုနက နာမရူပပရိစ္ဆေဒ ဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် စသည်တို့ဖြင့် ဉာတ ပရိညာ၊ တီရ ဏ ပရိညာ၊ ဆိုက်တဲ့ဉာဏ်တွေနဲ့ ကိလေသာကိုပယ်တာက ပယ် တာ မဟုတ်ဘူး၊ ကိလေသာကို ခွါတာ၊ ဒါကြောင့် ဝိက္ခမ္ဘန ခေါ်တယ်၊ ဘင်္ဂအစရှိသော ထိုထိုဉာဏ်တွေနဲ့ပယ်တာက တဒင်္ဂ၊ နားလည်ပြီလား၊ တရားအားထုတ်တဲ့ ယောဂီများ နားလည် ရမယ်။

အားထုတ်လိုက် ဝေဒနာပျောက်သွားတယ်၊ နောက်တခါ ပြန်ထုတ်လိုက် ပေါ်လာပြန်တယ်၊ အားထုတ်လိုက် ဝေဒနာ ပျောက်သွားတယ်၊ နောက်တခါ ပြန်အားထုတ်လိုက် ဒီဝေဒနာ ပြန်မပေါ်လာဘူးလား၊ အေးဒါပျောက်သွားတာ မဟုတ်ဘူး၊ ငုတ်သွားတာ၊ ခဏကွာတာ၊ အဲဒါဝိက္ခမ္ဘနခေါ်တယ်၊ ဝေဒနာ တခုကို ဆုံးအောင်လိုက်၊ သိ-သိ-သိနဲ့လိုက်လို့ ဒီဝေဒနာဟာ

ရှေ့တွင် မီးမှုတ်သလို ဖြတ်ခနဲချုပ်သွားတာတွေလိုက်ရင် ဒီဝေဒနာဟာ မလာတော့ဘူး၊ နောက်တခါ အားထုတ်ပေမဲ့ ဒီ ဝေဒနာလာသေးသလား၊ မလာပါဘုရား၊ အဲဒါတဒင်ခေါ်တယ်၊ တဒင်ဆိုလို့ ခဏကလေးပယ်တယ် မအောက်မေ့နဲ့၊ ပယ်သလောက်ကလေးကတော့ အပြီးအပြတ်တခါထဲ ပယ်လိုက်တာ၊ တခုလုံးသာ မပယ်နိုင်တာ၊ တဒင်ဆိုတော့ ကိလေသာဖွဲ့ထုတ်လိုက်တာပြောတာ၊ ဝိက္ခမ္ဘနကအလုံးလိုက် အခဲလိုက်ခွါထားတာ တဒင်ကကိလေသာကိုဖွဲ့ထုတ်လိုက်တာ၊ အဲဒီတော့ဘင်အစရှိသော ဝိပဿနာ ထိုထိုဉာဏ်တွေနဲ့ ကိလေသာကိုပယ်တော့ ထိုကိလေသာတို့ကြောင့် ဖြစ်ထိုက်တဲ့ ရုပ်နာမ်ခန္ဓာ မချုပ်ငြိမ်းပေဘူးလား။

ဝိပဿနာဉာဏ်နဲ့ ကိလေသာကိုပယ်တဲ့ ယောဂီပုဂ္ဂိုလ်မှာ ထိုကိလေသာတို့ကြောင့် ဖြစ်ထိုက်တဲ့ ရုပ်နာမ်ခန္ဓာ ချုပ်ငြိမ်းရင် ဒီပုဂ္ဂိုလ်မှာ ဆိုက်ရောက်လာတဲ့ နိရောဓဟာတဒင်နိရောဓမခေါ်ထိုက်ဘူးလား၊ ခေါ်ထိုက်ပါတယ်ဘုရား၊ ဒါဖြင့် တဒင်နိရောဓမှာကော မျက်မှောက်ပြုအပ်တဲ့ ကိစ္စမရှိဘူးလား၊ ရှိပါတယ်ဘုရား၊ ရှိပင်ရှိသော်လဲ မျက်မှောက်ပြုနိုင်ရဲ့လား၊ မပြုနိုင်ပါဘုရား၊ ဘာပြုလို့၊ မျက်မှောက်ပြုနိုင်တဲ့ဉာဏ်ကို မရသေးလို့၊ ဒီတော့ ပြောလိုရင်းက နိရောဓသစ္စာမှန်ရင် မျက်မှောက်ပြုအပ်တဲ့ကိစ္စတန်းလန်းနဲ့ချည်းဘဲ၊ ဒါဖြင့် ပြုပါတော့လား ဆိုတော့ မျက်မှောက်ပြုနိုင်တဲ့ဉာဏ်ကိုမရလို့ မပြုရဘူး၊ ဟုတ်ဘူးလား၊ ရှေ့သစ္စာတွေနဲ့ ဘာထူးသလဲ။

ဒုက္ခမှန်ရင် ပိုင်းခြားအပ်တဲ့ကိစ္စ တန်းလန်းနဲ့၊ သမုဒယမှန်

ရင် ပယ်အပ်တဲ့ကိစ္စ တန်းလန်းနဲ့၊ ဇာတ်ပြီလား၊ မှန်ပါဘုရား။ ရှေ့ဉာဏ်ဆက်ကြစို့။

အေး မဂ်ဉာဏ်ရောက်လာပြီ၊ ဝိပဿနာဉာဏ်နဲ့ ရုပ်နာမ်ကို ပိုင်းခြားသိတယ်ဆိုငြားသော်လဲ အစွမ်းကုန် မသိနိုင်၊ သိနိုင်ပါ့ မလား၊ မသိနိုင်ပါဘုရား၊ ဝိပဿနာဉာဏ်နဲ့ သမုဒယကို ပယ် တယ်ဆိုငြားသော်လဲ အစွမ်းကုန် မပယ်နိုင်ဘူး၊ ဒါဖြင့် ဝိပဿနာ ဉာဏ်နဲ့ နိဗ္ဗာန်ကိုသိတယ်ဆိုသော်လဲဘဲ၊ အနုမာန မျက်ရမ်းမှန်း ဆ၍သာသိရသည်။ တကယ်ဒိဋ္ဌပစ္စက္ခမသိနိုင်၊ ဘင်္ဂဉာဏ်က အနုပ္ပါဒ နိရောဓကို မှန်းဆ၍သိတယ်၊ အာဒီနဝဉာဏ်က သန္တိ ပဒ နိဗ္ဗာန်ကို မှန်းဆ၍သိတယ်၊ နားလည်ပြီလား၊ ဘင်္ဂဉာဏ် က အနုပ္ပာဒနိရောဓကို မှန်းဆ၍သိတယ်၊ အာဒီနဝဉာဏ်က သန္တိပဒ နိဗ္ဗာန်ကို မှန်းဆ၍သိတယ်၊ မျက်မှောက် ပြုနိုင်တာ မဟုတ်ဘူးနော်၊ အဲဒီတော့ မဂ်ဉာဏ်မရသရွေ့ ဒုက္ခကို ပိုင်း ခြားတယ်၊ ဒုက္ခကို သိတယ်ဆိုပေမယ်လို့ အစွမ်းကုန်မသိ၊ မဂ် ဉာဏ်မရသရွေ့ သမုဒယပယ်တယ်ဆိုပေမယ်လို့ အစွမ်းကုန်မ ပယ်နိုင်၊ မဂ်ဉာဏ်မရသရွေ့ နိဗ္ဗာန်ကို သိတယ်ဆိုပေမယ်လို့ အစွမ်းကုန်မသိနိုင်၊ မှန်းဆတဲ့ဉာဏ်နဲ့သာ သိနိုင်တယ်၊ မျက် မှောက် မပြုနိုင်ဘူး၊ အာရုံမပြုနိုင်ဘူးဆိုပါတော့။

အဲဒီမှာလဲဘဲ မျက်မှောက်ပြုတယ် အာရုံပြုတယ်ဆိုတာ တ ခြားစီ၊ မျက်မှောက်ပြုတယ်ဆိုတာ ကိုယ့်သန္တာန်ကို ဆိုက်ရောက် လာတာကိုခေါ်တယ်၊ ကိုယ့်သန္တာန်ဆိုက်ရောက်လာပေမယ်လို့ ဆိုက်ရောက်မှန်းမသိရင် အာရုံပြုရာမကျဘူး ဟုတ်လား၊ ဒီတော့ ဆိုက်ရောက်လာတာက မျက်မှောက်ပြုတာ၊ ဆိုက်ရောက်လာ

မှန်းသိတာက အာရုံပြုတာ၊ အဲဒီလိုခွဲခြားသိ၊ ခုတင်က တဒင်္ဂနိရောဓ၊ ဝိက္ခမ္ဘနနိရောဓဆိုတဲ့ နိရောဓတွေဟာ ယောဂီပုဂ္ဂိုလ်၏သန္တာန်သို့ ဆိုက်ရောက်လာပါတယ်နော်၊ ဆိုက်ရောက်လာသော်လဲ မသိသောကြောင့် သူ့ကိုအာရုံပြုရာမကျ၊ နိရောဓသစ္စာသည် သစ္ဆိကာတဗ္ဗကိစ္စ၊ မျက်မှောက်ပြုအပ်သောကိစ္စရှိတယ်၊ မျက်မှောက်ပြုအပ်တဲ့ ကိစ္စရှိသော်လဲဘဲ ဝိပဿနာဉာဏ်လောက်နဲ့ မျက်မှောက်မပြုနိုင်ဘူး။

မဂ်ဉာဏ်ကျတော့မှ မဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို အာရုံပြုလိုက်တယ်၊ မဂ်ဉာဏ်ဆိုတာ နိဗ္ဗာန်မှတပါး ဘာကိုမှ အာရုံမပြုဘူး၊ မဂ်ဉာဏ်နဲ့ ဘာကိုအာရုံပြုတယ်၊ နိဗ္ဗာန်ကို အာရုံပြုပါတယ်ဘုရား၊ မဂ်ဉာဏ်နဲ့နိဗ္ဗာန်ကို အာရုံပြုတော့ကာ ယောဂီပုဂ္ဂိုလ်၏သန္တာန်မှာရှိတဲ့ဒုက္ခကို မဂ်ဉာဏ်က အကုန်လုံး အစွမ်းကုန်ပိုင်းခြားလိုက်တယ်၊ အစွမ်းကုန် မပိုင်းခြားနိုင်ဘူးလား၊ ပိုင်းခြားနိုင်ပါတယ်ဘုရား၊ ပိုင်းခြားနိုင်တယ်နော်၊ ယောဂီ ပုဂ္ဂိုလ်၏သန္တာန်မှာရှိတဲ့ ကိလေသာကို အစွမ်းကုန် သမုစ္ဆေဒအားဖြင့် ပယ်ပစ်လိုက်လို့ အစွမ်းကုန် ပြတ်သွားတဲ့ ကိလေသာကြောင့် ဖြစ်ထိုက်တဲ့ ဥပ္ပဇ္ဇနာရဟခန္ဓာ တခါတည်းချုပ်ငြိမ်းသွားတယ်၊ ဘယ်မှာငြိမ်းသလဲဆိုတော့ ယောဂီပုဂ္ဂိုလ်သန္တာန်မှာ ချုပ်ငြိမ်းတာ၊ တခြားသွားချုပ်ငြိမ်းတာမဟုတ်ဘူး။

အဲဒီချုပ်ငြိမ်းမှု ကိုယ်ပေါ်သို့ ဆိုက်ရောက်လာတာကို မဂ်ဉာဏ်ကအာရုံပြုတာ၊ ဆိုက်ရောက်တဲ့ ချုပ်ငြိမ်းမှုကအာရုံ၊ မဂ်ဉာဏ်က အာရမ္မဏိက နှစ်ခုခွဲဘိုကလဲ လိုသေးတယ်၊ ဒါဖြင့်နိဗ္ဗာန်

ချုပ်ငြိမ်းမှု ခန္ဓာကိုယ် ဆိုက်ရောက် လာတယ်ဆိုတာ ဘယ်သဘောလဲ၊ စဉ်းစားပါအုံးနော်၊ ရုပ်နာမ်ဒုက္ခဆိုတာက သစ်စေ့နဲ့ တူတယ်၊ ရုပ်နာမ်ဒုက္ခဆိုတာ ဘာနဲ့တူတယ်၊သစ်စေ့နဲ့တူပါတယ် ဘုရား၊ အေးသစ်စေ့နဲ့တူတယ်၊ သမုဒယသစ္စာ ကိလေသာက သစ်စေ့ထဲမှာပါတဲ့မျိုးနဲ့တူတယ်၊ သစ်စေ့တခြား မျိုးတခြား နော်၊ ဟုတ်ကဲ့လား၊ မှန်ပါဘုရား၊ ၎င်းမျိုးကြောင့် ပေါက်ရမဲ့ သစ်ပင်ကော မပါဘူးလား၊ ၎င်းမျိုးကြောင့် ပေါက်ရမဲ့ သစ်ပင် ပါမယ်နော်၊ ဒါဖြင့် သစ်စေ့ရယ်၊ မျိုးရယ်၊ ၎င်းမျိုးကြောင့် ပေါက်ရမဲ့သစ်ပင်ရယ်၊ သုံးမျိုးတွေ့ပြီလား၊ တွေ့ပြီနော်၊ ဒီသစ်စေ့ကို ကျက်အောင်ပြုတ်ပစ်လိုက်စမ်း၊ သစ်စေ့တော့ မပျက်စေနဲ့၊ သစ်စေ့ထဲက မျိုးပျက်မသွားဘူးလား၊ ပျက်သွားပါတယ်ဘုရား၊ အဲဒီပျက်သွားတဲ့မျိုးဟာ ဘယ်မှာ ပျက်သလဲလို့ ကြည့်၊ သစ်စေ့ထဲမှာပျက်တာ ဟုတ်လား၊ ဒါဖြင့် မျိုးပျက်သွားလို့ရှိရင်၊ ဒီမျိုးက အပင်ပေါက်နိုင်အုံးမလား၊ ဒီမပေါက်နိုင်တဲ့သစ်ပင်ဟာ ဘယ်မှာ ချုပ်သွားသလဲ၊ သစ်စေ့ထဲမှာဘဲ ချုပ်ရမယ်၊ ဒီလိုမဟုတ်လား၊ မှန်ပါဘုရား၊ သစ်စေ့ရယ်၊ မျိုးရယ်၊ သစ်စေ့ကြောင့် ပေါက်ထိုက်တဲ့ သစ်ပင်ရယ်၊ သုံးမျိုး မဟုတ်လား၊ ဖြစ်ဆဲခန္ဓာရယ်၊ ကိလေသာရယ်၊ ၎င်းကိလေသာကြောင့် ဖြစ်ထိုက်တဲ့ ခန္ဓာရယ်လို့ သုံးမျိုးရတယ်။

ဒါဖြင့် မဂ်ခဏမှာ မဂ်ဉာဏ်က နိဗ္ဗာန်ကို အာရုံပြုလိုက်တဲ့အခါ ယောဂီပုဂ္ဂိုလ်၏ သန္တာန်မှာ ဥပ္ပဇ္ဇနာရဟ အပါယ် အစရှိသော ထိုထိုဘဝတို့၌ ဖြစ်ထိုက်သော ရုပ်နာမ်ခန္ဓာ အေးငြိမ်းမှု ဒီခန္ဓာမှာဘဲ ရှိတယ်၊ အပါယ် အစရှိသော ထိုထို

ဘဝတို့၌ ရုပ်နာမ်ခန္ဓာ အေးငြိမ်းမှု ဒီခန္ဓာမှာဘဲ ဆိုက်ရောက်လာတယ်၊ ဒါကြောင့် တရားရတဲ့ ယောဂီ ပုဂ္ဂိုလ်က ငါ့ဒုက္ခ အေးသွားပြီ၊ ငါ့ဒုက္ခငြိမ်းသွားပြီ၊ ငါ့အပါယ် မဖြစ်နိုင်တော့ဘူး၊ ဒီလိုဟာတွေကို ကိုယ်တိုင် မသိဘူးလားလို့၊ ဒါကြောင့် ကိုယ်မှာဆိုက်ရောက်လာတယ်လို့ ပြောတာ၊ အဲဒီကိုယ်မှာ ဆိုက်ရောက်လာတဲ့ နိရောဓဟာ သစ္ဆိကာတဗ္ဗနော်၊ သစ္ဆိကာတဗ္ဗ နိရောဓ ကိုယ်မှာ ဆိုက်ရောက်လာတယ်၊ အဲဒီ ကိုယ်မှာ ဆိုက်ရောက်လာသည်ကို မဂ်ဉာဏ်က အာရုံပြုတယ်၊ ဒီတော့နိဗ္ဗာန်ကို အာရုံပြုတဲ့ မဂ်ဉာဏ်သည် ဒုက္ခကိုလဲ အစွမ်းကုန်ပိုင်းခြားသည်၊ သမုဒယကိုလဲ အစွမ်းကုန်ပယ်သည်၊ ကိုယ်မှာ ဆိုက်ရောက်တဲ့ နိရောဓကိုလဲ မျက်မှောက်ပြုသည်၊ အရှေ့က တက်လာသော နေဟာ အရောင်နှင့်တကွ တက်လာသကဲ့သို့ သမ္မာဒိဋ္ဌိ ဆိုတဲ့ ဉာဏ်ကလဲဘဲ သမ္မာသင်္ကပ္ပဆိုတဲ့ ကျွင်းမဂ္ဂင်တွေနဲ့ အပြည့်အစုံ ပေါ်လာတယ်၊ ဒါကို မဂ္ဂပွားတယ် ခေါ်တာ၊ ကျွင်းမဂ္ဂင်တွေနဲ့ အပြည့်အစုံပေါ်လာတာကို ဘာခေါ်တယ်၊ မဂ္ဂ ပွားတယ် ခေါ်ပါတယ်ဘုရား။

ဒီတော့ သစ္စာလေးချက် တပြိုင်နက်ပြီးတယ်ဆိုတာ တထစ်ချမှတ်၊ မဂ်ဉာဏ်က နိဗ္ဗာန်ကို အာရုံပြုလို့ ပြီးတာ၊ မဂ်ဉာဏ် နိဗ္ဗာန်ကို အာရုံပြုလိုက်သည်နှင့် တပြိုင်နက်ထဲ ဒုက္ခသစ္စာ ပိုင်းခြားခြင်း ကိစ္စ ပြီးတယ်၊ သမုဒယသစ္စာပယ်ခြင်းကိစ္စ ပြီးတယ်၊ နိရောဓသစ္စာ မျက်မှောက်ပြုခြင်းကိစ္စ ပြီးတယ်၊ မဂ္ဂသစ္စာ ပွားခြင်း ကိစ္စ ပြီးတယ်၊ ကိစ္စလေးချက် တပြိုင်နက် ပြီးတယ်ဆိုတာ ဘယ်သူ့ကြောင့် ပြီးပါလိမ့်၊ မဂ်ဉာဏ်ကြောင့်၊ မဂ်ဉာဏ်က နိဗ္ဗာန်ကို အာရုံပြုလို့၊ နားလည်ပြီလား၊ မှန်ပါဘုရား။

**ရှစ်ပါးမဂ္ဂင်၊ လမ်းစဉ်မစောင်း၊ အကျင့်ကောင်းက၊ မဂ်ဥာဏ်ရ၊ မဂ္ဂအမှန်သိ။** ၃-ခေါက်ဆို။

သစ္စာလေးပါးသိတာက သစ္စဉာဏ်၊ ကိစ္စလေးပါးသိတာက ကိစ္စဉာဏ်၊ ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်များကျတော့ ဒီကိစ္စလေးပါး ပြီးသွားပြီဟော့၊ "ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယ"။ ငါ့မှာ ကိစ္စကုန်ပြီ၊ ဒီသစ္စာလေးပါး သိဘို့ရာ ကိစ္စအတွက် ငါသည် တသံသရာလုံး လုပ်လာခဲ့ရတာ ယခုမှဘဲ ပြီးပေတော့တယ်၊ နောက် ငါသည် ဒီကိစ္စမျိုး လုပ်ဘို့ မလိုတော့ဘူး၊ အေးပြီ ငြိမ်းပြီလို့၊ ဒီလိုရဟန္တာပုဂ္ဂိုလ်များကျတော့ သိတယ်၊ အဲဒါ ကတဉာဏ်၊ ဒုက္ခသစ္စာ၏ ပိုင်းခြားအပ်တဲ့ကိစ္စ၊ သမုဒယသစ္စာ၏ ပယ်အပ်တဲ့ကိစ္စ၊ နိရောဓသစ္စာ၏ မျက်မှောက်ပြုအပ်တဲ့ ကိစ္စ၊ မဂ္ဂသစ္စာ၏ ပွားစေအပ်တဲ့ကိစ္စဟာ ပြီးသွားပေါ့၊ ဒီတော့မှ ကိစ္စ ငြိမ်းသွားတယ် ဟုတ်လား၊ စက်သာ တည်နေလို့တော့ အလုံးတရာတည် မငြိမ်းသေးဘူး ဦးဘသန့်ရေ၊ ကိစ္စငြိမ်းစေတဲ့ အလုပ်မျိုး မဟုတ်ဘူး၊ သဘောတည်နေလို့တော့ ဘယ်နှစ်စင်းတည်တည် ဘယ်တော့မှ ကိစ္စမငြိမ်းဘူး ဟုတ်လား၊ ဟိုဟာတွေ ကိစ္စငြိမ်းလိမ့်မယ်ထင်လို့ လုပ်နေကြတာ၊ မငြိမ်းဘူး။ ဟုတ်လား။

ဒီတော့ ရဟန္တာပုဂ္ဂိုလ်များမှာ ဒုက္ခသစ္စာ ပိုင်းခြားတယ်၊ သမုဒယသစ္စာပယ်တယ်၊ နိရောဓသစ္စာ မျက်မှောက်ပြုတယ်၊ မဂ္ဂသစ္စာ ပွားတယ်၊ ဟာ... ငါကိစ္စလေးပါး ငြိမ်းသွားပြီဟော့၊ ငါ့မှာ ကိစ္စအတွက်နဲ့ ဘာမှ လုပ်စရာ မလိုတော့ဘူး၊ ဒီလို ဖြစ်

မသွားဘူးလား၊ အေး....အဲဒီလိုဖြစ်တယ်၊ ဒီတော့ အဲဒီလို ဖြစ်သွားတဲ့အခါမှာ ရဟန္တာပုဂ္ဂိုလ်များမှာ ဘာဉာဏ်၊ ကတဉာဏ် ပါသုရား၊ ဒါဖြင့် သစ္စဉာဏ်လဲသိပြီ၊ ကိစ္စဉာဏ်လဲသိပြီ၊ ကတဉာဏ်လဲ သိပြီပေါ့နော်၊ သစ္စာလေးပါးလဲသိပြီ၊ ကိစ္စလေးပါးလဲ သိပြီ၊ ဉာဏ်သုံးဖြာလဲ သိပြီ။

ဟာ....ဒို့လူစုမသိတာ ဘာကျန်သေးသလဲ၊ ဘာမှ မရှိတော့ဘူး၊ တယ်တော်ကြပါလား၊ သို့ပေမဲ့ တခု ရှိနေသေးတယ်၊ သစ္စာအနက် ၁၆-ချက်ဆိုတာ ဟိုအရင်သီတင်းက စထားတာကလေး၊ နောက်လဲ ဘယ်သင်းချိုင်းသွားကုန်မှန်း မသိဘူး၊ လာမှာ မဟုတ်တော့ဘူး ဟုတ်လား၊ ဘာတဲ့။

နှိပ်စက်ပြုပြင်၊ ပူပင်ဖောက်လွဲ၊ ဒုက္ခမြဲ။
ဥ-ခေါက်ဆို။

အဲဒါတော့ အကျဉ်းချုပ်ဘဲ၊ နှိပ်စက်တယ်ဆိုတာ ဘာလဲ၊ နှိပ်စက်ဆိုတာ နှိပ်စက်အပ်တာကိုပြောတာ၊ ရုပ်နာမ်ခန္ဓာဆိုတဲ့ တရားက နှိပ်စက်အပ်တယ်၊ ဇာတိ ဇရာ မရဏ ဆိုတဲ့ တရားက နှိပ်စက်တတ်တယ်၊ ရုပ်နာမ်ခန္ဓာကို ဘယ်သူက နှိပ်စက်တယ်၊ ဇာတိ ဇရာ မရဏ ဆိုတဲ့ အိုခြင်း နာခြင်း သေခြင်းတို့က နှိပ်စက်တယ်၊ ပုဂ္ဂိုလ် သတ္တဝါကို နှိပ်စက်တယ် မအောက်မေ့ပါနဲ့၊ ရုပ်နာမ်ခန္ဓာကို နှိပ်စက်တာ၊ နှိပ်စက်စရာ ပုဂ္ဂိုလ်အမှန်အားဖြင့်လဲ မရှိပါဘူး၊ နှိပ်စက်စရာက ဘာရှိတယ်၊ ရုပ်နာမ်ခန္ဓာသာ ရှိပါတယ်ဘုရား၊ ဒီတော့ ရုပ်နာမ်ခန္ဓာက နှိပ်

စက်အပ်တယ်၊ ဇာတိ ဇရာ မရဏာ က နှိပ်စက်တတ်တယ်၊ အေး....အဲဒီလိုသိပါ။

သင်္ခတ ပြုပြင်အပ်တယ်၊ ရုပ်နာမ်ခန္ဓာက မပြုပြင်ရဘူးလား၊ ပြုပြင်ရပါတယ်ဘုရား၊ ဒါဖြင့် ပြုပြင်အပ်တဲ့ သဘောမရှိဘူးလား၊ ရှိပါတယ်ဘုရား၊ အဲဒီ ရုပ်နာမ်ခန္ဓာက ပြုပြင်အပ်တဲ့ သဘောရှိတော့ ဘယ်သူက ပြုပြင်တတ်တယ်၊ ပြုပြင်တတ်ထာက တဏှာ၊ ရုပ်နာမ်ခန္ဓာပြုပြင်လေသရွေ့ ဘယ်သူနဲ့ ပြုပြင်သလဲ၊ တဏှာနဲ့ ပြုပြင်ပါသည်ဘုရား၊ အေး....ပြုပြင်တာကတဏှာ၊ ပြုပြင်အပ်တာက ရုပ်နာမ်၊ မှန်ပါဘုရား၊ ရုပ်နာမ်မှာပြုပြင်အပ်တဲ့ကိစ္စရှိတယ်၊ ရုပ်နာမ်မှာ နှိပ်စက်အပ်တဲ့ကိစ္စရှိတယ်၊ ရုပ်နာမ်မှာ ပူပင်စေအပ်တဲ့ကိစ္စရှိတယ်နော်၊ ဇာတိ အစရှိသောမီးအမြဲလောင်ရာ ရုပ်နာမ်ကို ၁၁-ပါးသောမီးတွေတဟုန်းဟုန်းလောင်နေတယ်ဆို၊ ဒါဖြင့် ရုပ်နာမ်ဟာ လောင်စာ မဟုတ်ဘူးလား၊ လောင်စာပါဘုရား၊ မီးလောင်စာ ဖြစ်ခဲ့လို့ရှိရင် ဒီရုပ်နာမ်ဟာ အေးပါ့မလား၊ မအေးပါဘူးဘုရား၊ ဒီရုပ်နာမ်ဟာမပြုပြင်ဘဲ ပြုပြင်နေရပေမယ်လို့ မြဲနေသလား၊ ဖောက်လွဲဖောက်ပြန် ဖြစ်နေသလား၊ ဖေါက်လွဲဖောက်ပြန်ဖြစ်နေပါတယ်ဘုရား၊ ဒါဖြင့် နှိပ်စက်အပ်တဲ့သဘောဟာ ဘာသစ္စာ၊ ဒုက္ခသစ္စာပါဘုရား၊ ပြုပြင်အပ်တဲ့သဘောဟာ ဒုက္ခသစ္စာ၊ ဖောက်လွဲဖောက်ပြန် ဖြစ်နေတဲ့သဘောဟာ ဒုက္ခသစ္စာ ဟုတ်လား၊ ဒုက္ခသစ္စာဆိုရင် ဒီသဘောလေးချက်ရှိရမယ်၊ ဒါဒုက္ခသစ္စာ အနက်တဲ့၊ ကိုင်း....သမုဒယသစ္စာ ဆိုစမ်း။

**ဆည်းပူးကြောင်းခံ၊ ဖွဲ့ပြန်နှောင့်ယှက်၊ အချက်လေးပါး၊ ဒုက္ခပွားမြဲ။** ၃-ခေါက်ဆို။

ဆည်းပူးတယ်ဆိုတာ ဘာလဲ၊ ဆည်းပူးတယ်ဆိုတာ ရှာဖွေတယ်၊ စုဆောင်းတယ်၊ ဟုတ်ပြီလား၊ ဘာတွေစုဆောင်းသလဲ၊ ဘာတွေရှာဖွေသလဲ၊ ကိုယ့်ဟာကိုယ် သိကြရမှာပေါ့၊ မဟုတ်တာတွေကို ရှောက်ပြီး ဆည်းပူးမနေဘူးလား၊ မစုဆောင်းဘူးလား၊ မရှာဖွေဘူးလား၊ ရှာဖွေတတ်ပါတယ်ဘုရား၊ဒုက္ခစု ဒုက္ခမှုတွေကို ရှာဖွေတယ်၊ စုဆောင်းတယ်၊ ဒုက္ခစုဒုက္ခမှုတွေကို ရှာဖွေတာ ဘယ်သူတွေလဲလို့ တခါမေးပါ၊ တဏှာပေါ့၊ သမုဒယသစ္စာရဲ့သဘောပြောတာ၊ သမုဒယသစ္စာ တဏှာမှာအဲဒီသဘောရှိတယ် ဟုတ်လား၊ ကြပ်ကြပ်ဆည်းပူး ကြပ်ကြပ်ရှာဖွေ ကြပ်ကြပ်စုဆောင်းတဲ့လူတွေရဲ့ စုဆောင်းမှု မဟုတ်ပါဘူးတဏှာရဲ့ဆည်းပူးစုဆောင်းမှုပါ၊ နိုင်လို့သာ နင်းပြောရတာ၊ အမှန်က တဏှာက လုပ်တာ၊ မင်းတို့က အကောင်းဘဲ၊ တဏှာက လုပ်တာ။

ဒီတော့ ဆည်းပူးတယ်၊ ရှာဖွေတယ်၊ စုဆောင်းတယ်၊ ဒုက္ခမများ များအောင်စုတယ်၊ ဒါဘယ်သူကလုပ်တာ၊ တဏှာကပါဘုရား၊ ဒီတော့ တဏှာမှာ အဲဒီသဘောရှိတယ် မဟုတ်လား၊ တဏှာရှိရင် တဏှာက သူ့ကိစ္စ သူလုပ်မှာဘဲ၊ တဏှာရှိလို့လုပ်တာ၊ မင်းတို့က အပြစ်မြင်မနေကြနဲ့ ကြပ်ကြပ်လုပ်လေ သူ့မှာ တဏှာများလေဘဲ၊ ဒီလိုမဟုတ်ဘူးလား၊အဲဒီမက်မက်မောမော မြင်မြင်သမျှ ဒုက္ခတွေရဲ့အကြောင်းရင်းက ဘယ်သူလဲလို့ရှာလိုက်

တော့ တဏှာက ဒုက္ခစု ဒုက္ခမှုတွေနဲ့ မလွတ်ရအောင် ဖွဲ့စည်းထား တယ်၊ ဒုက္ခစု ဒုက္ခမှုတွေနဲ့ မလွတ်ရအောင် ဘယ်သူက ဖွဲ့ချည် ထားသလဲ၊ တဏှာကဖွဲ့ချည်ထားပါတယ်ဘုရား၊ အေးတဏှာက စက်ထဲတနေ့ မသွားဘဲ နေလို့ဖြစ်သလား၊ ဘယ်သူက ခိုင်းတာ လဲ၊ တဏှာကခိုင်းတာပါဘုရား၊ အေးတဏှာကခိုင်းတာ ခုတော့ မကျန်ကခိုင်းတာဖြစ်နေတယ်၊ မဟုတ်ပါဘူး တဏှာကခိုင်းတာ၊ စက်ထဲတနေ့ မသွားဘဲ မနေနိုင်ဘူး၊ ဘာဖြစ်လို့လဲ ဖွဲ့ထား တာကိုး။

သတ္တဝါနဲ့ပစ္စည်းဝတ္ထုနဲ့ ဖွဲ့ထားတာ၊ နဲနဲမှမလှုပ်ရဲဘူးနော်၊ ဖွဲ့ပြီးတော့ ဘာလုပ်သေးသလဲ၊ နှောင့်ယှက်သေးတယ်တဲ့၊ ဒုက္ခ များလိုက်တာ၊ ငါကျောင်းသွား ဉပုတ်စောင့် ပါတော့မယ်။ တရားအားထုတ်ပါမယ်လို့၊ အကြံကလေးက ပေါ်တဲ့အခါပေါ် တယ်၊ ဖြစ်သေးပါဘူးဟာ အိမ်ပစ်ထားခဲ့လို့၊ မောင်ခိုင်ခန့်တို့ အကြံဖြစ်ပုံကလေ၊ လူများများရှိတာမဟုတ်ဘူး၊ လွတ်လွတ် လပ်လပ်ကြီးနေလို့ ဘယ်ဖြစ်အုံးမလဲ၊ ဟုတ်လား၊ အဲဒါဘယ် သူက လာနှောင့်ယှက်သလဲ၊ တဏှာကပါဘုရား၊ တဏှာက လာ နှောင့်ယှက်တာနော်၊ ဘာဖြစ်လို့၊ သူ့နယ်က လွတ်သွားမှာစိုး လို့၊ လွတ်ရာလွတ်ကြောင်း အားထုတ်တော့မယ်ဆိုတော့၊ သူက လာမနှောင့်ယှက်ဘူးလား၊ နှောင့်ယှက်ပါတယ်ဘုရား၊ ဒါဖြင့် ဒီဒုက္ခတွေများအောင်စုတာလဲ တဏှာဘဲ၊ ဒုက္ခတွေရှိရှိသမျှ အ ကြောင်းရင်းခံလဲ တဏှာဘဲဟုတ်လား၊ ဒီဒုက္ခတွေနဲ့ ဒီသတ္တဝါ တွေနဲ့ မကွဲရအောင် ဖွဲ့ချည်ထားတာလဲ တဏှာဘဲ၊ ငါလွတ် အောင် ရုန်းပါတော့မယ်လို့ဆိုတော့ နှောင့်ယှက်တာလဲ တဏှာ

ဘဲ၊ "ဆည်းပူးကြောင်းခံ၊ ဖွဲ့ပြန်နှောင်ငံ့ယှက်၊ အချက်လေးပါး၊ ဒုက္ခပွားမြဲ" သိပြီနော်။

ဆည်းပူးတာလဲ သမုဒယသစ္စာသဘော၊ အကြောင်းခံတာက လဲသမုဒယသစ္စာသဘော၊ ဖွဲ့နှောင် တာကလဲ သမုဒယသစ္စာ သဘော၊ နှောက်ယှက်တာကလဲ ဘမုဒယသစ္စာသဘော၊ ဒါဖြင့် သမုဒယသစ္စာဘယ်နှစ်မျိုးရှိတယ်၊ လေးမျိုးပါဘုရား၊ ဒုက္ခသစ္စာ ကလေးမျိုး၊ သမုဒယသစ္စာကလေးမျိုးနော်၊

**ကျွတ်လွတ်ဆိတ်ကွေ၊ မသေမပြို၊ ဤလေးခု၊ သုခအမှန်မြဲ၊**
**၃-ခေါက်ဆို။**

လူတွေ တစ္ဆေပါတော့ အပြင်ဘက် ထွက်ပြီး မိုးချုပ်ချုပ် တစ္ဆေစာပစ်ရတယ်၊ ကြားဘူးသလား၊ ဟိုအပြင်ဘက်ကတစ္ဆေ စာသွားပစ်တဲ့လူက ကျွတ်ပြီလား လွတ်ပြီလားလို့ မေးတော့ အိမ်ထဲကလူက ကျွတ်ပြီလွတ်ပြီလို့ ဒီလိုမပြောရဘူးလား၊ ကျွတ် ပြီလွတ်ပြီဟုတ်လား၊ အေး ဟိုကတစ္ဆေပူးတာက ကျွတ်ပြီလွတ် ပြီပြောတာနော်၊ ကျွတ်လွတ်တယ်ဆိုတာ နိဗ္ဗာန်ဆိုတဲ့တရားဟာ ဝတ်ဒုက္ခမှ ကျွတ်လွတ်သွားပြီ၊ ရုပ်နာမ်ဆိုတဲ့ ကိလေသဝဋ်၊ ကမ္မဝဋ် ဝိပါကဝဋ်တွေက ကျွတ်လွတ်သွားပြီ၊ ဆိတ်ကွေနော်၊ ဒုက္ခတွေဆူဆူညံညံနဲ့၊ ဒုက္ခတွေဗလမွေနဲ့ နေတဲ့ နိဗ္ဗာန်လား၊ ဒုက္ခတွေကင်းပြီး ဆိတ်ပြီး ငြိမ်းပြီး ဘာတခုမှမရှိဘူး၊ သန္တိသိတိ လက္ခဏာရှိတဲ့ နိဗ္ဗာန်ကြီး၊ ဒုက္ခကင်းဆိတ်တဲ့ နိဗ္ဗာန်ကြီး၊ အင်မ တန် အေးငြိမ်းတဲ့ နိဗ္ဗာန်ကြီး၊ နိဗ္ဗာန်မှာ ဒုက္ခမကင်းဆိတ်ဘူး လား၊ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်မှ ကင်းလွတ်တဲ့

နိဗ္ဗာန်၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်နော်၊ ကျွတ်လွတ် ဆိတ်ကွေ့မသေ။

နိဗ္ဗာန်မှာ သေတယ်လို့ရှိသေးသလား၊ မရှိပါဘူးဘုရား၊ လူပြည်ကသေပါတယ်၊ နိဗ္ဗာန်ရောက်ရင်သေအုံးမလား၊ သေမှာကြောက်ရင် နိဗ္ဗာန်ရောက်အောင် လုပ်ကြပေါ့၊ သေတာဘာဖြစ်လို့၊ အသက် ရှိလို့၊ အသက်မရှိတဲ့လူ မသေဘူး၊ သေတာက အသက်ရှိလို့နော်၊ အေး အဲဒါအသက်မရှိမှန်း သိအောင် လုပ်ကြစမ်းပါ၊ ကိုယ့်ကိုယ်ကို အသက်ရှိတယ်ထင်နေတော့ သေမှာကြောက်နေတယ်၊ ရှိပါ့မလား၊ အပြောကတော့ မရှိဘူး၊ ပါးစပ်ကနော် မကြောက်ဘူးလားဆိုတော့ ကြောက်တယ်၊ အဲဒါ အသက်ရှိတယ်ထင်နေလို့၊ အမှန်က အသက်မရှိဘူး၊ ရှိပါ့မလား၊ မရှိပါဘုရား၊ အေးအသက်မရှိရင်ကော သေဘို့လိုသေးသလား၊ မလိုပါဘုရား၊ ရုပ်နာမ်ခန္ဓာက မသေဘူးဆိုပေမဲ့ ဖြစ်ပျက်မှုရှိတယ်နော်၊ နိဗ္ဗာန်ကျတော့ ဒီလိုဖြစ်ပျက်မှုတောင် ရှိရဲ့လား၊ မရှိပါဘုရား၊ ဖြစ်မှုပျက်မှုတောင် မရှိရင်ဖြင့် သေကော သေနိုင်ပါအုံးမလား၊ မသေနိုင်ပါဘုရား။

ဒါဖြင့် နိဗ္ဗာန်ဟာ သေခြင်းကင်းတယ်ပေါ့၊ ဒါဖြင့်ကျွတ်လွတ်တာက ဝဋ်သုံးပါးမှ ကျွတ်လွတ်တာ၊ ကင်းဆိတ်တာက ဒုက္ခအားလုံးမှ၊ မသေတာကအသက်မရှိလို့၊ သေတတ်တဲ့ ရုပ်နာမ်မရှိတဲ့နိဗ္ဗာန်၊ ယခုဒုက္ခသစ္စာ လက်ကိုင်ထားတဲ့ လူတွေဟာ ဒုက္ခသစ္စာကို မပြုရဘူးလားလို့ တပြုထဲပြု၊ တပြင်ထဲပြင်၊ ဒုက္ခသစ္စာ ပြုပြင်မနေရဘူးလား၊ ရုပ်နာမ်ခန္ဓာမှမရှိရင် ဘာသွားပြု

ပြင်နေအုံးမလဲ၊ ပြုပြင်စရာလိုသေးသလား၊ မလိုပါဘုရား၊ ခုဘိုကေပြုတ်သွားတော့ ခေါင်းဖ'းဘိုလိုသေးသလား၊ ဆံပင်ညှပ်ဘိုလိုသေးသလား၊ မရှိမှုမရှိဘဲကိုး၊ ဟုတ်လား နိဗ္ဗာန်ဟာလဲပြုပြင်စရာမလိုဘူးတဲ့၊ ပြုပြင်မှုမကင်းဘူးလား၊ ပြုပြင်မှုကင်းသွားတော့ ဒုက္ခငြိမ်းသွားတယ်လို့ အောက်မေ့သလား၊ အလှန့်သွားတယ်လို့ အောက်မေ့သလား၊ ဒုက္ခငြိမ်းသွားတယ်လို့ အောက်မေ့ပါတယ်ဘုရား၊ အော် အဲဒီလိုအောက်မေ့ရင် တော်ပါသေးရဲ့၊ နိဗ္ဗာန် ဘယ်သဘောရှိတယ်၊ နိဗ္ဗာန်၏သဘော လေးမျိုး၊ ကျွတ်ခြင်းသဘော၊ ကင်းဆိတ်ခြင်း သဘော၊ မသေခြင်း သဘော၊ မပြုပြင်ရခြင်းသဘော၊ ဒီသဘောလေးမျိုးဟာ ဘာရဲ့သဘော၊ နိဗ္ဗာန်ရဲ့သဘောလေးမျိုးပါဘုရား။

နိရောဓသစ္စာရဲ့ သဘောလေးချက်တဲ့၊ "ကျွတ်လွတ်ဆိတ်ကွေ၊ မသေမပြု၊ ဤလေးခု၊ သုခအမှန်မြဲ။"
ပြီးတော့ကော၊ မဂ္ဂသစ္စာ ရောက်သွားရော၊

**ထွက်မြောက်ကြည်ခိုင်၊ မြင်နိုင်ကြီးကဲ၊ ဤလေးတွဲ၊ သုခလမ်းကြောင်းမြဲ။**　　　　၃-ခေါက်ဆို။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိတဲ့ မဂ္ဂင် တရားများသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း အမှန်တဲ့၊ ဝဋ်ဆင်းရဲမှ ကိလေသဝဋ်၊ ကမ္မဝဋ် ဝိပါကဝဋ်တို့မှ ထွက်မြောက်ချင်ပါဘိလို့၊ ထွက်မြောက်ခြင်း၏ အကြောင်းကိုရှာတော့ ဘယ်သူလဲ၊ ဝဋ်ဆင်းရဲက ထွက်မြောက်နိုင်အောင် ဘယ်သူက လုပ်ပေးနိုင်သလဲ စဉ်းစား

ပေါ့နော်၊ အေး–သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိသော မဂ်တရား သာလျှင် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်အောင် လုပ်ပေးနိုင်မှာတဲ့၊ ဒါကြောင့် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင်ရှစ်ပါး သည် ထွက်မြောက်ကြောင်း အမှန်တဲ့၊ ဝဋ္ဋဆင်းရဲမှ ထွက်မြောက် ကြောင်းဖြစ်ခြင်းသည် မဂ္ဂသစ္စာ၏ သဘော၊ သဘောဆိုတာနဲ့ အနက်ဆိုတာ အတူတူဘဲ၊ အေး....မဂ္ဂသစ္စာရဲ့ သဘော၊ မဂ္ဂ သစ္စာရဲ့အနက်။

"ထွက်မြောက်ကြည်ခိုင်၊ မြင်နိုင်ကြီးကဲ၊ ဤလေးတွဲ၊ သုခ လမ်းကြောင်းမြဲ"။ ။ကြည်ခိုင်ဆိုတာ တည်မြဲခိုင်ခန့်တယ်၊ ဟေ တုအကြောင်း ပစ္စယအကြောင်းလို့ အကြောင်းနှစ်မျိုးရှိတယ်၊ ဟေတုအကြောင်းဆိုတာ မူလအကြောင်း၊ ခိုင်မြဲတဲ့အကြောင်း၊ သစ်ပင်များမှာ ရေသောက်မြစ်ကိုဟေတု၊ ဘေးမြစ်များကိုပစ္စယ၊ ဒီလို ဟေတုအကြောင်း ပစ္စယအကြောင်း နှစ်မျိုး မရှိဘူးလား၊ ဒီတော့ ဟေတုလို့လာရင် မူလအကြောင်း၊ ဒါဖြင့် မူလအ ကြောင်းရှိတဲ့ ရေသောက်မြစ်ရှိတဲ့ သစ်ပင်ဟာ မတည်မြဲ မခိုင် ခန့်ဘူးလား၊ ခိုင်ခန့်ပါတယ်ဘုရား၊ အေး....ရေသောက်မြစ်ရှိနေ တဲ့သစ်ပင်ဟာ တည်မြဲ ခိုင်ခန့်သလို၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင်ရှစ်ပါးကုသိုလ်ဟာ အင်မတန် တည်မြဲခိုင်ခန့် တဲ့ကုသိုလ်၊ မတည်မြဲဘူးလား၊ တည်မြဲပါတယ်ဘုရား၊ အေး.... တည်မြဲတယ်၊ ခုလောကီ ကုသိုလ်တွေဟာ ဒါနပြုလိုက် သီလ စောင့်လိုက် ဘာဖြစ်ဖြစ် လောကီကုသိုလ်တွေအမျိုးမျိုး၊ ဘဝ သံသရာ ကမ္ဘာများစွာမှာ မလုပ်ဘူးတဲ့ကုသိုလ် မရဘူးတဲ့ ကု သိုလ်ရယ်လို့ ရှိကြသလား၊ မရှိပါဘူးဘုရား။

သို့ပေမဲ့ မမြဲဘူး ဟုတ်လား၊ ခုဖြစ်ပေတဲ့ တော်တော်ကြာ ပျောက်သွားတာဘဲ၊ မြဲသလား မမြဲဘူး၊ ဒီဘဝရပေမဲ့ ဟိုဘဝကျတော့ မရနိုင်ဘူး ဟုတ်လား၊ အေး....မဂ်ကုသိုလ်ကတော့ တခါဖြစ်ပြီးရင် ဘယ်တော့မှ ပျောက်တယ်မရှိတော့ဘူး၊ တည်မြဲတယ် မဂ်ကုသိုလ်ဟာ ဘယ်သဘောရှိတယ်၊ တည်မြဲတဲ့သဘောရှိပါတယ်ဘုရား၊ အဲဒီလိုတည်မြဲတဲ့ သဘောရှိတယ်နော်၊ လောကီကုသိုလ်တွေက တည်မြဲတဲ့သဘောမရှိဘူး၊ ဒါကြောင့် တည်မြဲခိုင်ခန့်တဲ့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင်ရှစ်ပါးကို ရင်ထဲ နှလုံးထဲ ရောက်အောင်လုပ်ရတယ်၊ သိကြပြီးသားပါ၊ သိပြီးသားဘဲထပ်ပြောနေရတယ်၊ သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်တရားသည် နိဗ္ဗာန်ကိုမြင်နိုင်တယ်၊ ဘယ်တရားမှ နိဗ္ဗာန်ကိုမြင်နိုင်တာမရှိ၊ မဂ်ဉာဏ်ကလွဲ၍ ဘယ်တရား နိဗ္ဗာန်ကို မြင်နိုင်တာရှိသေးသလဲ၊ ဒါဖြင့် နိဗ္ဗာန် မြင်နိုင်ခြင်း သဘောသည် မဂ္ဂသစ္စာရဲ့သဘော၊ ဝဋ်မှ ထွက်မြောက်ခြင်း သဘောသည် မဂ္ဂသစ္စာရဲ့သဘောဖြစ်ပြီးလို့ ဘယ်ခါမှ မပျက်တဲ့ တည်တန့် ခိုင်မြဲခြင်းသဘောသည် မဂ္ဂသစ္စာရဲ့သဘော၊ "ထွက်မြောက်တည်ခိုင် မြင်နိုင်"ဟုတ်လား၊ ကြီးကဲဆိုတာက "စကြာဘုံသူ မျှားဗိုလ်လူကို ပြိုင်သူမရှိ စိုးအုပ်ဘိသို့ အဓိပတိ ကြီးကဲဘိ၏"ဆိုတာ လေးကျွန်းလုံးကိုအစိုးရတဲ့ စကြာမင်း၊ အဲဒီစကြာမင်းဟာ သူနဲ့ပြိုင်ဘက်တယောက်မှမရှိဘူး၊ ရှိ့ုလား၊ မရှိပါဘုရား။

စကြာရတနာကြီးနဲ့ လေးကျွန်းလုံး ရှောက်သွားလို့ ထိုထိုတိုင်းပြည်တွေကို ရောက်သွားရင် စစ်ကြေညာမနေရဘူး၊ မင်းတိုင်းပြည်အပ်မလား ငါ့ခံတိုက်မလား၊ ဒီလို ပြောမနေရဘူး၊

စကြာရတနာကြီး တန်ခိုးနဲ့ ရောက်ရာတိုင်းပြည်တို့က အရှင်မင်းမြတ် သိမ်းပိုက်တော်မူပါ၊ စိုးစံတော်မူပါလို့ စကြာမင်းအား ထိုးအပ်ရတယ်၊ ဒီတော့ ကျွန်းကြီးလေးကျွန်းလုံးမှာ ရှိရှိသမျှ သူအကြီးအကဲ မဟုတ်လားလို့၊ "စကြာဘုံသူ၊ မျှားဗိုလ်လူကို၊ ပြိုင်သူမရှိ၊ စိုးအုပ်ဘိသို့" အဓိပတိဆိုတဲ့ သဘောဟာ လေးကျွန်းလုံးမှာ ပြိုင်ဘက်ရှိရဲ့လား၊ မရှိပါဘုရား၊ အိန္ဒြိယသဘောဆိုတာ ဒီလိုမဟုတ်ဘူး၊ ကိုယ့်အပိုင်ကလေးနဲ့ ကိုယ်လုပ်ကြတာကို အိန္ဒြိယသဘော ခေါ်တယ်နော်၊ အဓိပတိ သဘောဆိုတာက အကုန်လုံးကိုခြုံအုပ်တာ၊ အဲဒီတော့ မင်္ဂကုသိုလ်က အဓိပတိသဘောရှိတယ်နော်၊ ကိုယ့်ကိုယ်ကိုပိုင်တယ်၊ ငါ့ကိုဘယ်သူမှမပိုင်ဘူး၊ လောကီ ကုသိုလ်မျိုးမှာ တဏှာ ဦးစီးခြင်းရှိတယ်၊ လောကီကုသိုလ်ကို ဘာလုပ်ဘို့ လုပ်သလဲ၊ တခါမေးတော့ လူစည်းစိမ် နတ်စည်းစိမ်ရဘို့ ယခုဘဝ ကျန်းမာချမ်းသာဘို့၊ သို့မဟုတ် ရာထူးတိုးဘို့၊ လောကီကုသိုလ် လုပ်သမျှဟာ ရည်ရွယ်ချက်ကလေးတွေနဲ့ချည်းဘဲ၊ ဒီရည်ရွယ်ချက်ကလေးတွေဟာ ဘာတွေလဲ၊ တဏှာတွေ၊ ဟုတ်ပြီလား၊ ဒါဖြင့် တဏှာသခင်၏ ကျွန်တွေ၊ တဏှာလုပ်သမျှ ခေါင်းငုံ့မခံရဘူးလား၊ ခံရပါတယ်ဘုရား။

ဒါဖြင့် ဘယ်သူကသခင်လဲ၊ တဏှာကသခင်နော်၊ လောကီနယ်မှာ တဏှာသခင်တွေရဲ့ ကျွန်တွေချည်းဘဲ၊ ဒါဖြင့် သူတို့မှာ လွတ်လပ်ခွင့်ရရဲ့လား ကိုယ်စိုးကိုယ်ပိုင်ဖြစ်နိုင်ရဲ့လား၊ မဖြစ်နိုင်ပါဘုရား၊ မင်္ဂကုသိုလ်ကျတော့ တဏှာကလိုက်ပြီး အုပ်စိုးနိုင်သေးသလား၊ မစိုးနိုင်ပါဘုရား၊ မစိုးနိုင်ရင် မင်္ဂကုသိုလ်ဟာ

ကိုယ်စိုးကိုယ်ပိုင် ဖြစ်မသွားဘူးလား၊ အဓိပတိ အကြီးအကဲ ချည်း ဖြစ်မသွားဘူးလား။ ဖြစ်သွားပါသည်ဘုရား။

ဒါကြောင့် မင်္ဂကုသိုလ်ဟာ အဓိပတိအကြီးအကဲကြီး၊ ဘယ်သူ့ အအုပ်အစိုး ဘယ်သူ့ အလွှမ်းအမိုးမှ မခံရဘူး၊ သို့ပေမဲ့ ကိုယ်က နိုင်ရတယ်ထင်ပေမဲ့ မဟုတ်ဘူး၊ တိတ်တိတ်ပုံး သူက နိုင်ချင်နိုင်နေတာ၊ ညောင်ဦးက ဦးထွန်းဆိုတဲ့ တကာကြီးပြော သလို မိန်းမ မကြောက်ဘူး ပြောတဲ့လူဟာ လူဝါကွတဲ့၊ ဟုတ် လား၊ မျက်မြင်အားဖြင့်တော့ ယောကျ်ားက နိုင်တယ်ထင်ရ တာပေါ့၊ တကယ်နိုင်ရသလား၊ တကယ်မနိုင်ဘူးဟုတ်လား၊ ငါ ဖဲ့ရိုက်မလို့ ငွေကလေးတကျပ် အိတ်ထောင်ထဲထည့်သွားတော့ လိုက်လာသကွာတဲ့၊ ငါကလဲအမှတ်မဲ့ ပုဆိုးပြင်ဝတ်တော့ ငွေ ကလေးဟာ ဖြုတ်ဆို ကျသွားတယ်ဟေ့၊ ငါက သူမမြင်ဘူး မှတ်လို့ ခြေထောက်နဲ့ နင်းထားတာကိုကွ၊ ခုံဘိနပ်နဲ့ ခြေဖမိုး ခုတ်ပြီးယူသွားလို့ ပေးလိုက်ရပါရောတဲ့၊ ဟုတ်လား၊ တကယ် ကျတော့ သူတို့ကနိုင်တာ၊ စင်စစ် သူတို့က နိုင်တာမဟုတ်ဘူး သူတို့ကိုခိုင်းတဲ့ တဏှာကနိုင်တာ။

ဒီတော့ တလောကလုံးမှာ ရှိရှိသမျှ ဘယ်သူက လွှမ်းမိုး တယ်၊ တဏှာကလွှမ်းမိုးတယ်၊ အဲဒီ တဏှာလွှမ်းမိုးတဲ့ အလွှမ်း မိုးကို မင်္ဂကုသိုလ်ခံရသေးသလား၊ မခံရတော့ပါဘုရား၊ မခံရ ရင်ဖြင့် လွတ်လပ်ရေးရပြီ မဟုတ်လား၊ မှန်ပါဘုရား။

"ထွက်မြောက်တည်ခိုင်၊ မြင်နိုင်ကြီးကဲ၊ ဤလေးတဲ့၊ သုခ လမ်းကြောင်းမြဲ"၊ ဒါတွေဘာခေါ်သလဲ၊ ဒုက္ခသစ္စာရဲ့သဘော

လေးမျိုး၊ အနက်လေးမျိုး၊ သမုဒယသစ္စာ၏ သဘောလေးမျိုး၊ နိရောဓသစ္စာ၏ သဘောလေးမျိုး၊ မဂ္ဂသစ္စာ၏ သဘောလေးမျိုး၊ အနက်လေးမျိုး၊ အဲဒါ သစ္စာအနက် ၁၆ ချက်ခေါ်တယ်၊ ဘာခေါ်တယ်၊ သစ္စာအနက်-၁၆ ချက် ခေါ်ပါတယ်ဘုရား။

ပထမ စခဲ့တာက ဘာလဲ၊ ဓမ္မစကြာ အကျင့်သုံးမျိုး၊ အဲဒီက စပြီး မြတ်စွာဘုရားဟောတော်မူတယ်၊ ဓမ္မစကြာမှာ ဘာက စဟောတယ်၊ အကျင့်သုံးမျိုးက စဟောပါတယ်ဘုရား၊ အကျင့် သုံးမျိုးက စဟောလိုက်တော့ ကာမသုခလ္လိက အကျင့်တမျိုး၊ အတ္တကိလမထ အကျင့်တမျိုး၊ မဇ္ဈိမပဋိပဒါ အကျင့်တမျိုးလို့၊ ဓမ္မစကြာမှာ အကျင့်ဘယ်နှစ်မျိုးဟောတယ်၊ သုံးမျိုး ဟောပါတယ်ဘုရား၊ ဒါဖြင့် အတ္တကိလမထအကျင့်နဲ့ ကာမသုခလ္လိက အကျင့်ကိုပယ်၊ မဇ္ဈိမ ပဋိပဒါ အကျင့်ကိုသာကျင့်၊ မဇ္ဈိမပဋိပဒါ အကျင့်မှာလဲဘဲ ပါရမီ မဇ္ဈိမပဋိပဒါ ပုဗ္ဗဘာဂ မဇ္ဈိမပဋိပဒါ မဂ္ဂမဇ္ဈိမပဋိပဒါလို့ မဇ္ဈိမပဋိပဒါ သုံးမျိုး ရှိတယ်၊ နားလည်ပြီမဟုတ်လား၊ အဲဒီ မဇ္ဈိမပဋိပဒါ သုံးမျိုးတို့တွင် မိုရာကိုအားထုတ်၊ မဂ္ဂမဇ္ဈိမပဋိပဒါရောက်မှ ကောင်းမယ်၊ မဂ္ဂမဇ္ဈိမပဋိပဒါ မရောက်နိုင်ခင် ပုဗ္ဗဘာဂ မဇ္ဈိမပဋိပဒါပေါ့၊ ပုဗ္ဗဘာဂမဇ္ဈိမပဋိပဒါမရောက်နိုင်သေးလို့ရှိရင် ပါရမီ မဇ္ဈိမပဋိပဒါပေါ့ ဟုတ်လား၊ ပါရမီမဇ္ဈိမပဋိပဒါကတော့ ဗုဒ္ဓဘာသာမှန်ရင် ရမှာပေါ့၊ မရပေဘူးလား။

ပြီးတော့ တရားကလေး ဘာကလေးလိုက်စား၊ စာကလေး ပေကလေးကြည့်၊ လူဝိုင်းထဲဝင်ပြီး စာစကားပြော ဟုတ်လား၊

ကိုယ့်ကိုယ်ကို ကမ္မဋ္ဌာန်းဝိပဿနာဆရာကြီးလို့ထင်၊ ငါယောဂီ ပုဂ္ဂိုလ်ကြီး၊ ငါကိလေသာကို ပယ်နိုင်နေပြီ အောက်မေ့ ဟုတ်လား၊ ဘုန်းကြီးလွတ် သံဃာဆွမ်းကျွေး၊ ဒီလိုဟာတွေလုပ်၊ အဲဒီလို လူတွေဟာ သူတို့ ဒါန သီလလဲ ကောင်းကောင်း မလုပ်တော့ဘူး၊ ဝိပဿနာအစစ်အမှန်လဲ မရောက်တော့ဘူး၊ အဲဒီ လူတွေဟာ "နတ်မရှိတဲ့ ဘုန်းကြီးလူထွက်"နဲ့ တူတယ်၊ ဘုန်းကြီး လူထွက်ဟာ နတ်မရှိဘူးဆို၊ သင်္ကန်းရယ်လို့ ဝတ်လိုက်ရင်တော့ သူ့ကိုယ်စောင့်နတ်က ငါနဲ့မဆိုင်တော့ဘူး ဆိုပြီး ခွါသွားရောနော်၊ သာသနာတော် မနေနိုင်တော့ဘူး ဆိုပြီး လူထွက်တော့ သာသနာစောင့်နတ်ကလဲ ခွါသွားရော၊ ဘယ်နတ်မှ မရှိတော့ဘူး၊ ဒါနဲ့ ဘုန်းကြီးလူထွက် အူကြောင်ကြောင်ဖြစ်နေရော၊ တရားအားထုတ်ရင် တကယ်ထုတ်၊ အူကြောင်ကြောင်တော့ မလုပ်နဲ့၊ နတ်မရှိတဲ့ ဘုန်းကြီးလူထွက်နဲ့ တူနေလိမ့်မယ်နော်။

ဒါဖြင့် ဘာလဲ၊ ပထမပါရမီ မဇ္ဈိမပဋိပဒါကို ကြိုးစားပြီး လုပ်စမ်းပါ၊ ပါရမီမဇ္ဈိမပဋိပဒါ လုပ်တော့ ဘာဖြစ်လာမလဲ၊ သတ္တဝါတွေ၏သန္တာန်မှာ အသဒ္ဓါ၊ ကောသဇ္ဇ၊ အခန္တိ၊ မုဋ္ဌသစ္စ၊ သံမောဟ ဆိုတဲ့ အသံဝရတရား ငါးပါး ရှိတယ်၊ ကိုယ့်ကိုယ်ကို စဉ်းစားကြည့်၊ ဘယ်အခါမှ စိတ်ကြည်လင်ခွင့်မရဘူး၊ ဘယ်အခါမှ စိတ်ကြည်လင်ခွင့် မရတာ အသဒ္ဓါ၊ ကုသိုလ်ကောင်းမှုရေးနှင့် ပတ်သက်ရင် စိတ်မထက်သန်ဘူး ကောသဇ္ဇ၊ ပျင်းရိတယ်၊ ဘုရားတောင် အိပ်ရာထဲက ရှိခိုးချင်တယ်၊ အစိန္တေယျ အစိန္တေယျနဲ့ လူကြားကောင်းသူကြားကောင်း ဟုတ်လား၊

ပျင်းရိတယ်၊ ဒါသတ္တဝါတိုင်းမှာ ရှိတဲ့ခေတ်။ အခန္တိ ဒီလို ပျင်းရိတဲ့ပုဂ္ဂိုလ် ဘာမှသည်းမခံဘူး၊ စားမှု ဝတ်မှု နေမှု ထိုင်မှု ဘာဖြစ်ဖြစ် သည်းမခံဘူး၊ ဒါသတ္တဝါတို့ရဲ့ခေတ်။ အသဒ္ဓါ၊ ကောသဇ္ဇ၊ အခန္တိရှိတဲ့ ပုဂ္ဂိုလ်မျိုးဟာ ဘယ်အခါမှ သတိမကောင်းဘူး၊ သတိလစ်တယ်၊ ဘာဖြစ်တယ်၊ မုဋ္ဌသစ္စနော်၊ မုဋ္ဌသစ္စ၊ သတိလစ်နေတဲ့လူဟာ သံမောဟ တွေဝေပြီ ဟုတ်လား၊ သတ္တဝါတို့ရဲ့ ပကတိခေတ်။ အသဒ္ဓါ၊ ကောသဇ္ဇ၊ အခန္တိ၊ မုဋ္ဌသစ္စ၊ သံမောဟ၊ ပျင်းတယ်၊ တွေဝေတယ်၊ ဘာမှ ပိုင်းပိုင်းခြားခြား မသိဘူး ဟုတ်လား၊ သတ္တဝါတိုင်းမှာ ဒီတရားငါးပါးက ရှိနေတယ်။

ဘာဖြစ်လို့ ရှိရသလဲ၊ ဒီတရားငါးပါးက အလေ့ပေါက်လာတာ မဟုတ်ဘူး၊ လူရယ်လို့ဖြစ်ကတဲက အတုမြင်အတတ်သင် မတော်တာတွေ ရှောက်လုပ်ကြတာ၊ အဲဒီမတော်တာလုပ်တဲ့ ကိစ္စတွေက ကျန်ရစ်ခဲ့တဲ့ ချေးတွေနော်၊ အဲဒီချေးတွေက အသဒ္ဓါဖြစ်တယ်၊ အဲဒီချေးတွေကနေပြီး ကောသဇ္ဇ ဖြစ်တယ်၊ အဲဒီချေးတွေကနေပြီး အခန္တိဖြစ်တယ် ဟုတ်လား၊ အဲဒီ ချေးတွေကနေပြီး မုဋ္ဌသစ္စဖြစ်တယ်၊ အဲဒီချေးတွေကနေပြီး သံမောဟ ဖြစ်တယ်၊ ဒီတော့ ဒီတရားငါးပါးကင်းလွတ်အောင် လုပ်ရမယ် ဟုတ်လား၊ ဘယ်ကစလုပ်ရမလဲဆိုတော့ အဲဒီပါရမီကုသိုလ်က စလုပ်ရမယ်နော်။

ဘုရားကြပ်ကြပ်ရှိခိုးတယ်ဆိုရင် ဘုရားကြည်ညိုတဲ့စိတ် ပေါ်မလာဘူးလား၊ ပေါ်လာရင် သဒ္ဓါ ဟုတ်လား၊ သဒ္ဓါစိတ်

ကြည်ကြည်လင်လင်ဖြစ်လာရင် လုံ့လဝီရိယ တက်မလာဘူးလား၊ တက်လာရင် သည်းမခံနိုင်ဘူးလား၊ သည်းခံတဲ့စိတ်နဲ့ လုံ့လဝီရိယနဲ့ အားထုတ်လိုက်တော့ ဒီပုဂ္ဂိုလ် သတိ မြဲမလာဘူးလား၊ မြဲလာပါတယ်ဘုရား၊ မြဲလာတော့ အသိဉာဏ် ပွင့်လင်းမလာဘူးလား၊ အသဒ္ဓါက သဒ္ဓါဖြစ်၊ ကောသဇ္ဇက ဝီရိယဖြစ်၊ အခန္တီက ခန္တီဖြစ်၊ မုဋ္ဌသစ္စက ဥပဋ္ဌိတသတိဖြစ်၊ သံမောဟက အသံမောဟဖြစ်၊ သံဝရတရားငါးပါး ဖြစ်လာတယ် ဟုတ်လား၊ အသံဝရ တရားငါးပါးက သံဝရတရားငါးပါးဖြစ်အောင် ပါရမီမဇ္ဈိမပဋိပဒါ အစရှိသော ထိုထိုကုသိုလ်တွေကို အားထုတ်မှ ရမယ်နော်၊ ပါရမီ မဇ္ဈိမပဋိပဒါကစပြီး အားမထုတ်ရင် ရနိုင်ပါ့မလား၊ မရနိုင်ပါဘုရား၊ ပါရမီမဇ္ဈိမပဋိပဒါက စပြီး အားမထုတ်ရင် မရဘူး။

ဒီတော့ အထက်ဝိပဿနာဆိုတဲ့ ပုဗ္ဗဘာဂ မဇ္ဈိမပဋိပဒါကို မထုတ်နိုင်ခင် ပါရမီမဇ္ဈိမပဋိပဒါကို ထုတ်စမ်းပါနော်၊ အေး– ပါရမီမဇ္ဈိမပဋိပဒါလောက်တင် ရပ်မနေပါနဲ့၊ ပုဗ္ဗဘာဂ မဇ္ဈိမပဋိပဒါခေါ်တဲ့ ဝိပဿနာကိုလဲ တကယ် လုပ်ပါ၊ အပြောသမား ဝိပဿနာ မဟုတ်ဘူး၊ တော်တော်ကြာတော့ "ဘုန်းကြီးလူထွက် နတ်မရှိသလို"ဖြစ်နေတတ်တယ်၊ အဲဒီ တကယ်ဝိပဿနာလုပ်တော့မှ မဂ္ဂမဇ္ဈိမပဋိပဒါရောက်ကြမှာနော်၊ မဂ္ဂမဇ္ဈိမပဋိပဒါရောက်တော့မှ ဘာဖြစ်မယ်၊ သစ္စာလေးပါးကို သိမယ် ဟုတ်လား၊ "သစ္စာမသိ၊ ကျပ်ပြည့်ဆင်းရဲ" သစ္စာမသိတဲ့ သတ္တဝါဟာ ကျပ်ပြည့်ဆင်းရဲတယ်၊ သစ္စာသိတဲ့သတ္တဝါဟာ ချမ်းသာတယ်နော်၊ သစ္စာမသိတဲ့သတ္တဝါဟာ ကျပ်ပြည့်ဆင်းရဲပါတယ်၊

ဒီတော့ ဘာအရေးကြီးသလဲ၊ သစ္စာသိဖို့ အရေးကြီးတယ်၊ မကြီးဘူးလား၊ ကြီးပါတယ်ဘုရား။

မြတ်စွာဘုရားကိုယ်တော်မြတ်သည် တခုသော တောအုပ်ထဲမှာ ရဟန်းတော်တွေနဲ့ သီတင်းသုံးတော်မူတော့ သစ်ရွက် ကလေးတွေကို လက်ထဲမှာ ဆုပ်တော်မူသတဲ့၊ ချစ်သားတို့ အဲဒီလက်ထဲမှာဆုပ်ထားတဲ့ သစ်ရွက်ကလေးတွေနဲ့ တတောလုံးမှာရှိတဲ့ သစ်ရွက်တွေ ဘယ်ဟာက များကြသလဲကွယ်တို့၊ မှန်လှပါဘုရား၊ တတောလုံးရှိတဲ့သစ်ရွက်တွေက များပါတယ် အရှင်ဘုရား၊ လက်ထဲမှာရှိတဲ့ သစ်ရွက်ကလေးတွေက နည်းကလေးပါ၊ အေး....ထိုနည်းတူစွာ သစ္စာလေးပါး ပထမဆုံး သိတဲ့သူဟာ ဒုက္ခမကင်းသေးဘူးဆိုပေမဲ့ လက်ထဲမှာ ရှိတဲ့ သစ်ရွက်လောက်ဘဲ ကျန်တော့တယ်တဲ့ ဟုတ်လား၊ သစ္စာသိတဲ့ ပုဂ္ဂိုလ်မှာ ကင်းငြိမ်းသွားတဲ့ဒုက္ခတွေက တတောလုံးရှိတဲ့သစ်ရွက်တွေလောက် များသတဲ့၊ သစ္စာသိရင် ဘယ်လောက် ကင်းငြိမ်းသွားသလဲ ဆိုတာ။

ဒါဖြင့် သစ္စာမသိထိုက်ဘူးလား၊ သိထိုက်ပါတယ် ဘုရား၊ သိအောင်မလုပ်ချင်တာကခက်တယ်၊ သစ္စာလေးပါးကို တကယ်မသိနဲ့အုံး၊ အရိပ်အရောင်လောက်သိရင် ဆရာ မပြောင်းတော့ဘူး၊ တရားမပြောင်းတော့ဘူး၊ ခုခေတ်အခါကြီးမှာ ရိုးတိုး ရားတား မလုပ်နဲ့၊ အင်မတန် ဆရာတု ဆရာယောင်၊ တရားတု တရားယောင်တွေ များတယ်၊ ပိုင်ပိုင်နိုင်နိုင်သိအောင် လုပ်မထားရင် အခက် တွေ့မယ်နော်၊ ဟိုကပြော ကောင်းနိုးနိုး၊ ကိုယ့်မှာလဲ အသိ

ဥာဏ်က အခံမရှိ၊ အသိဥာဏ်အခံမရှိဘဲ ဝေဖန်လေ မှားလေ ဘဲ၊ ဒီတော့ အသိဥာဏ်အခံရှိအောင် ဘာလုပ်ရမလဲ၊ ခန္ဓာ ကိုယ်ထဲ စိတ်ရောက်အောင်သွင်းတဲ့အလုပ်လုပ်၊ ခန္ဓာကိုယ်ထဲက ဖြစ်မှုသိရင် ဘယ်တော့မှလမ်းမချော်တော့ဘူး၊ အေး....အပြင် ဗဟိဒ္ဓလမ်းလိုက်ရင်တော့ လမ်းချော်ချင်ချော်တတ်တယ်၊ ဆရာ မှားမှာကော မကြောက်ဘူးလား၊ သစ္စာသိတဲ့ပုဂ္ဂိုလ်က ဆရာ မှားနိုင်ပါအုံးမလား၊ မမှားတော့ဘူးနော်။

နာနာသတ္တာရ ဥလ္လောကနဘေး၊ အထူးထူးသောဆရာတို့၏ မျက်နှာကို မော်ကြည့်ရတယ်၊ သစ္စာမသိတဲ့ပုဂ္ဂိုလ်ဟာ ကိုယ်သိ နေလို့ရှိရင် ဘယ်သူ့မျက်နှာ မော်ကြည့်ဘို့လိုသေးသလဲ၊ သူရ မ္ဗဋ္ဌ အမည်ရှိတဲ့ တကာတယောက်ဟာ သူနဂိုက မိစ္ဆာဒိဋ္ဌိ ကိုးကွယ်တယ်၊ နောက် ကျွတ်ချိန်တန်တော့ မြတ်စွာဘုရားက သူ့အိမ်ကြွသွားတော်မူတယ်၊ သူ့အိမ်ကြွသွားပြီး တရားဟော တော့ သစ္စာလေးပါးသိသွားရော၊ သစ္စာလေးပါး သိပြီးတော့ မြတ်စွာဘုရားပြန်ကြွသွားရော၊ ပြန်ကြွသွားတော့ မာရ်နတ်က စုံစမ်းတယ်၊ သူရမ္ဗဋ္ဌဟာ တကယ်များ သစ္စာလေးပါး သိသွား သလား၊ စုံစမ်းအုံးမှဆိုပြီး အိမ်ရှေ့မှာ ရောင်ခြည်တော်ခြောက် ပါးလွှတ်ပြီးဘုရားယောင်ဆောင်လာရပ်တယ်၊ ဒီတော့သူရမ္ဗဋ္ဌဆို တဲ့တကာက အိမ်ရှေ့ပြေးဆင်းလာတယ်၊ အရှင်ဘုရား ခုဘဲကြွ သွားတော်မူတယ် အထူးကိစ္စရှိလို့ ပြန်ကြွလာသလားမေးတယ် ဟဲ့ဒကာ ခုတင်က ခန္ဓာငါးပါး ဘယ်ခန္ဓာမှ မမြဲဘူးလို့ ငါဟော ခဲ့တယ်မဟုတ်လား၊ အဲဒါငါသတိလစ်သွားလို့ဟ တချို့ခန္ဓာ မြဲတယ်၊ တချို့ခန္ဓာမမြဲဘူးဟတဲ့ သူကသစ္စာသိထားတဲ့ ပုဂ္ဂိုလ်

ကိုး၊ ဘုရားစကားလဲမဟုတ်ဘူး၊ မာရ်နတ်မဟုတ်ဘူးလားလို့ မေးလိုက်တော့မှ ပျောက်သွားသတဲ့။

သစ္စာသာသိမထားရင် ဟိုကဘုရားယောင်ဆောင်လာတာကို သူယုံရတော့မယ်၊ အေး သစ္စာသိတဲ့အတွက် ဘယ်လောက် တန်ဘိုးရှိသလဲ၊ **သူအများမရောက်တော့ဘူး၊ အဲဒီမာရ်နတ်လှည့်ပတ်**လို့ မယုံတာကို အကြောင်းပြုပြီးတော့ ငါဘုရားကို မတုန်မလှုပ် သက်ဝင် ယုံကြည်ကြကုန်သော ဒါယကာ အပေါင်းတို့တွင် သူရမ္ဗဋ္ဌသည် အမြတ်ဆုံးဖြစ်သည်ဟု ဧတဒဂ် ရာထူး ပေးထားရသည်၊ ဧတဒဂ်ရထိုက်သည့် ပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း အရင်းခံဖြစ်တဲ့ သစ္စာလေးပါးသာ သူမသိထားရင် မာရ်နတ်အလှည့် အပတ်ခံရမှာအမှန်ဘဲ၊ ဒါကြောင့် တို့ယောဂီတွေလဲ နာနာသတ္တာရ ဥလ္လောကန ဘေးကြီးမှ ကင်းလွတ်၍ သာသနာတော်၌ အမှန် မြတ်ဆုံးဖြစ်တဲ့ ပဋိဝေဓ အမည်ခံသော သစ္စာလေးပါးသိတဲ့ အသိဉာဏ်ကို အမြန်ဆုံးရောက်အောင် ရအောင်ကြိုးစား၍ အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု-သာဓု-သာဓု ပါဘုရား။

× × × ×

မြောင်းမြမြို့ ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက် ကျောင်းဇူး ရှင် ဝေဠုဝတီ ဆရာတော် ဘုရားကြီး သည် ၁၃၂၄-ခု-သီတင်းကျွတ်လပြည့်နေ့တွင် တပည့်တို့အား ဟောကြား ဆုံးမတော် မူအပ်သော

## ပဋိစ္စ သမုပ္ပါဒ် တရားတော်

"**အဝိဇ္ဇာပစ္စယာ သင်္ခါရာ**" ဒါလူတိုင်းရတယ်၊ မရဘူးလား ဦးမောင်သာ၊ ရပါတယ်ဘုရား၊ အဝိဇ္ဇာက အဝိဇ္ဇာ၊ ပစ္စယာက အကြောင်းနော်၊ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာကြောင့်။သင်္ခါရာ၊ ကုသိုလ်အကုသိုလ်ကံတို့သည် သမ္ဘဝန္တိ ဖြစ်ကုန်၏။ ဒီထက်လွယ်တဲ့ ပဋိစ္စသမုပ္ပါဒ် ဘယ်သွားရှာလို့ ရအုံးမလဲ၊ အလွယ်ဆုံးပါဘဲ၊ ဒီလောက်ဆိုရင် မရနိုင်ကြဘူးလား၊ အစိပ္ပါယ်သိဘို့ လိုပါတယ်၊ အနက်က ရှည်နေလို့ အပိုပါဘဲ၊ ဆိုစမ်း အဝိဇ္ဇာပစ္စယာ သင်္ခါရာ ၊အဝိဇ္ဇာပစ္စယာ၊အဝိဇ္ဇာကြောင့်၊သင်္ခါရာ၊ ကုသိုလ် အကုသိုလ်ကံတို့သည်။သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ရတဲ့အတိုင်းဆိုရင်ရှည်နေမယ်၊ ဒါမှလွယ်တယ်၊ ဒီ့ထက်လွယ်တာ ရှိအုံးမှာလား၊ လွယ်သလို ဆိုစမ်းပါ၊ ဒါလူပြိန်း မရနိုင်ဘူးလား၊ ရနိုင်ပါတယ် အဝိဇ္ဇာပစ္စယာဆိုတာက အဝိဇ္ဇာကြောင့်၊ သင်္ခါရဆိုတာက ကု

သိုလ်အကုသိုလ်၊ သမ္မာဝန္တိဆိုတာက ဖြစ်ကုန်၏။ လွယ် လွယ် လေးမရဘူးလား။

ခုလူတွေဟာ ကုသိုလ် အကုသိုလ်ဖြစ်မနေဘူးလား၊ ဘယ်သူ့ ကြောင့်လဲ အဝိဇ္ဇာကြောင့်၊ ဘယ်လောက်ရှင်းနေသလဲ၊ အေး အဝိဇ္ဇာကြောင့် လူတွေမှာ ကုသိုလ်ကံ အကုသိုလ်ကံတွေ ဖြစ်မ နေဘူးလား၊ ဗမာလိုပြန်တော့ ကုသိုလ် အကုသိုလ်ဖြစ်တာ ဘယ် သူ့ကြောင့်၊ အဝိဇ္ဇာကြောင့်ပါဘုရား၊ အေးကုသိုလ် အကုသိုလ် ဖြစ်တာ အဝိဇ္ဇာကြောင့်၊ ကုသိုလ် အကုသိုလ်ဖြစ်တာ အဝိဇ္ဇာ ကြောင့် ဆိုလိုသဖြင့် အဝိဇ္ဇာမရှိရင် ကုသိုလ် အကုသိုလ် မဖြစ် တော့ဘူး။ အဝိဇ္ဇာမရှိတဲ့ပုဂ္ဂိုလ်က ဘယ်သူများလဲ၊ ဘုရားရဟန္တာ များပါဘုရား၊ အေး ဘုရားရဟန္တာမှာ အဝိဇ္ဇာ မရှိတော့ဘူး၊ အဝိဇ္ဇာမရှိတဲ့ ဘုရားရဟန္တာမှာ ကုသိုလ် အကုသိုလ်ဖြစ်သေးသ လား မဖြစ်တော့ဘူး၊ အဝိဇ္ဇာကို လေးပိုင်းပိုင်းရမယ်။

(၁) သောတာပန် ပုဂ္ဂိုလ်ပယ်တဲ့ အဝိဇ္ဇာတပိုင်း။
(၂) သကဒါဂါမ် ပုဂ္ဂိုလ်ပယ်တဲ့ အဝိဇ္ဇာတပိုင်း။
(၃) အနာဂါမ်ပုဂ္ဂိုလ်ပယ်တဲ့ အဝိဇ္ဇာတပိုင်း။
(၄) ရဟန္တာပုဂ္ဂိုလ်ပယ်တဲ့ အဝိဇ္ဇာတပိုင်း။

အေး အဝိဇ္ဇာကို လေးပိုင်းပိုင်း၊သောတာပန်ပုဂ္ဂိုလ်ပယ်တော့ လေးပိုင်းမှာ တပိုင်းကျွတ်သွားရော၊ သကဒါဂါမ် ပုဂ္ဂိုလ်ကျ တော့ နှစ်ပိုင်းတပိုင်း ထက်ဝက် ကျွတ်သွားရော၊ အနာဂါမ် ပုဂ္ဂိုလ်ကျတော့ လေးပိုင်းသုံးပိုင်းကုန်သွားရော၊ ရဟန္တာကျတော့

အဝိဇ္ဇာ ရှိသေးသလား၊ မရှိတော့ဘူးတဲ့ ဟုတ်လား၊ အဲဒီအဝိဇ္ဇာလဲမရှိဘူး၊ ကုသိုလ်အကုသိုလ်လဲ မဖြစ်တော့ဘူး၊ ဒါကြောင့် "ကုသလာကုသလံ ဇဟံ" ဟုတ်လား၊ ကုသလာ ကုသလံ၊ ကုသိုလ် အကုသိုလ်ကို၊ ဇဟံ၊စွန့်သွားတော်မူတတ်ထသော။ကုသိုလ်အကုသိုလ်ကို စွန့်သွားပြီတဲ့၊ သူတို့မှာ ကုသိုလ် အကုသိုလ် မဖြစ်တော့ဘူး၊ ဒါဖြင့် ဘုရား ရဟန္တာ ကုသိုလ်ကောင်းမှု မလုပ်ဘူးလားလို့ လုပ်တာပေါ့၊ ဘုရား တရားမဟောဘူးလား၊ အေး လုပ်ပေမယ်လို့၊ ကြိယာ၊ ပြုလုပ်ခါမျှဘဲ။

ဘုရား ရဟန္တာများပြုတဲ့ ကုသိုလ်ကို ဘာခေါ်ရတယ်၊ ကြိယာခေါ်ရပါသည်ဘုရား၊ ဘာကြောင့် အဝိဇ္ဇာမရှိလို့၊ အဝိဇ္ဇာရှိရင် ကုသိုလ် အကုသိုလ် ဖြစ်ကြမှာဘဲ၊ ဒီတော့ အဝိဇ္ဇာနားလယ်ဘို့က ဘယ်လိုနားလည်ရမလဲ၊ ဟိုအနမတဂ္ဂ ဘဝသံသရာလဆန်း တရက်နေ့က စ၍ ယနေ့တိုင်အောင် မသိမိုက်မဲမှုတွေ သတ္တဝါတွေမှာ ဖြစ်မလာဘူးလား၊ ဖြစ်လာပါသည် ဘုရား၊ ဘယ်ကစသလဲ သံသရာလဆန်း တရက်က စပါသည်ဘုရား၊ ကိလေသာဆိုတဲ့တရားက ဖြစ်ပြီးရင် မပျောက်သေးဘူး၊ ကိလေသာဖြစ်ပြီးရင် ပျောက်တယ် မအောက်မေ့နဲ့ ဟုတ်လား၊ အေး....ကိလေသာဟာ ကင်ဆာနာလို အင်မတန် အဖြစ်များတယ်၊ အဝိဇ္ဇာဟာ ဖြစ်ပြီးရင်ပျောက်သွားသလား၊ မပျောက်ပါဘုရား၊ အေး....ဖြစ်ပြီးရင်မပျောက်ဘူး၊ ဟုတ်လား၊ ဖြစ်ပြီးသည့်နောက် သတ္တဝါတို့၏ သန္တာန်မှာ အနုသယအနေနဲ့ တည်နေရစ်တယ်၊ မဂ်ဖြင့် မပယ်ရသေးသမျှ ကာလပတ်လုံး ဖြစ်ပြီးသော ကိလေသာတွေဟာ ဘယ်အခါမှမကင်းဘူး၊ ဘယ်ဘဝ

က ဖြစ်ခဲ့တဲ့ ကိလေသာဘဲဖြစ်ဖြစ် ဘဝသံသရာက ဖြစ်ခဲ့တဲ့ အဝိဇ္ဇာဟာ မင်္ဂဖြင့် မပယ်ရသေးသမျှ ကာလပတ်လုံး ဘယ်တော့ကင်းမယ်များ ဆိုနိုင်ပါမလဲ၊ မဆိုနိုင်ဘူး၊ ဟုတ်ဘူးလား။

အေး....ဘဝသံသရာကစပြီးတော့ အဝိဇ္ဇာတွေ အစဉ်အတိုင်း ဖြစ်လာတယ်၊ ဖြစ်ပြီး ပြီးရောလားဆိုတော့ မပြီးသေးဘူး၊ ဖြစ်ပြီး ဒီမှာကျန်ရစ်တယ်၊ သတ္တဝါ၏ ရင်ထဲ နှလုံးထဲမှာ အဝိဇ္ဇာဟာ ပြည့်နေတယ်၊ ဟုတ်လား၊ ယခုဘဝဖြစ်တဲ့ အဝိဇ္ဇာတင် မအောက်မေ့ကြပါနဲ့၊ ဘဝသံသရာကပါလာတဲ့ အဝိဇ္ဇာတွေ ရင်ထဲနှလုံးထဲမှာ အများကြီးရှိနေတယ်၊ ဟုတ်ဘူးလား၊ ဒီတော့ကာ အကုသိုလ်လုပ်လို့ အကုသိုလ်ဖြစ်နေတဲ့အချိန်မှာ ရင်ထဲနှလုံးထဲမှာ အဝိဇ္ဇာအကုသိုလ်ဖြစ်တယ်၊ ဟုတ်လား၊ ကုသိုလ်လုပ်လို့ ကုသိုလ်ဖြစ်နေတဲ့အချိန်မှာ ရင်ထဲနှလုံးထဲမှာ အဝိဇ္ဇာကိန်းရက်ရှိတယ်၊ ဥပါဒ်၊ ဋ္ဌီ ဘင်အားဖြင့်တော့ မဖြစ်ဘူး၊ သို့ သော်မဲ့ အဝိဇ္ဇာမကင်းဘူး၊ရင်ထဲ နှလုံးထဲမှာအဝိဇ္ဇာကိန်းနေတယ်၊ ကိန်းနေတယ်ဆိုတာ တည်နေတာ၊ သတ္တဝါ၏ ရင်ထဲနှလုံးထဲမှာ မသိမိုက်မဲမှု အဝိဇ္ဇာဟာ ကုသိုလ်လုပ်ရင်လဲ ရှိနေတာဘဲ မဟုတ်လား၊ ရှိနေတာနော် ဖြစ်နေတာမဟုတ်ဘူး၊ အကုသိုလ်လုပ်နေတုံးတန်းလန်းမှာတော့ အဝိဇ္ဇာဖြစ်နေတာနော်။

ဒီတော့ ရှေးကဖြစ်ပြီးသော အဝိဇ္ဇာဟောင်းကလဲ သတ္တဝါ သန္တာန်မှာ တည်နေသောအားဖြင့် ရှိနေတယ်။ ယခုအသစ် ထပ်ပြီးတော့လဲ အဝိဇ္ဇာက ဖြစ်နေတယ်ဟုတ်လား၊ ဖြစ်မှုနဲ့ တည်နေမှုကို နားလည်ပါ၊ အဝိဇ္ဇာဟောင်း အဝိဇ္ဇာသစ် ဟုတ်လား၊

အကုသိုလ် ပြုလုပ်တဲ့အခါ အဝိဇ္ဇာသစ်ဖြစ်တယ်၊ ကုသိုလ် ပြုလုပ်နေတဲ့အခါ အဝိဇ္ဇာဟောင်း သဏ္ဍာန်မှာ ရှိနေတယ်၊ ဒီတော့ ကိလေသာဆိုတာ ဖြစ်ပြီးသည့်နောက် မဂ်ဖြင့်မပယ်သေးသရွေ့ ကာလပတ်လုံး သူ၏သတ္တိဘယ်တော့မှ မကင်းဘူး၊ မဂ်ပယ်တဲ့အခါကျမှ ကင်းတယ်၊ ဟုတ်ဘူးလား၊ အေး အဲဒါမသိတော့ **ဝိပဿနာ ပွားများနေရင်** အဝိဇ္ဇာဘယ်တော့ရှိမလဲ၊ မရှိနိုင်ပါ**ဘူး၊** ဒီလို**အောက်မေ့**ကြတယ်၊ ဝိပဿနာပွားများတဲ့ ပုဂ္ဂိုလ်သန္တာန်မှာလဲ အဝိဇ္ဇာရှိပါတယ်၊ ရှိလို့ပွားများ နေရတာ၊ အဝိဇ္ဇာမရှိရင် ပွားဖို့ လိုသေးသလား ဟုတ်ဘူးလား။

အဝိဇ္ဇာဟာ ကိလေသာလား၊ ကံလား၊ ကိလေသာပါဘုရား။ အဲဒီကိလေသာခေါ်တဲ့ အဝိဇ္ဇာဟာ ဟိုသံသရာလဆန်းတရက်ကစ၍ ယနေ့ထက်တိုင်အောင် အမြဲမပြတ် သတ္တဝါတွေသန္တာန်မှာ အဟောင်းအသစ်ဖြစ်ပြီးတော့ကိန်းနေတယ်၊မဟုတ်ဘူးလား၊ ဒီအဝိဇ္ဇာဟာ ဖြစ်တဲ့အခါဖြစ်တယ်၊ မဖြစ်တဲ့အခါကိန်းနေတယ်၊ အကုသိုလ်ပြုလုပ်လို့ အကုသိုလ် ဖြစ်နေတဲ့အခါမှာ အဝိဇ္ဇာဖြစ်တယ်၊ ကုသိုလ်မြဲလုပ်လို့ ကုသိုလ်ဖြစ်နေတဲ့အခါမှာ အဝိဇ္ဇာကိန်းနေတယ်၊ ဘယ်အခါမှ အဝိဇ္ဇာမရှိတဲ့အခါရယ်လို့မရှိဘူး၊ ရှိပါ့မလား၊ မရှိပါဘုရား၊ အေးအဲဒီလိုသိကြစမ်းပါ၊ မဂ်ဖြင့်ပယ်သတ်တဲ့ အခါကျမှ ဒီအဝိဇ္ဇာ ကင်းရမယ်ဟုတ်လား၊ ဒါကြောင့် အဝိဇ္ဇာပစ္စယာ၊ သတ္တဝါတို့၏ရင်ထဲနှလုံးသဲမှာ အဝိဇ္ဇာ အမြဲရှိနေခြင်းကြောင့်၊ သင်္ခါရာ၊ ကုသိုလ် အကုသိုလ်ကံတို့သည်၊ သမ္ဘဝန္တိ ဖြစ်ကုန်၏၊ ဟုတ်လား၊အဝိဇ္ဇာကြောင့် ကုသိုလ် အကုသိုလ်ဖြစ်တာ နားလည်ဘီလား၊ အဝိဇ္ဇာ

မရှိရင် ကုသိုလ် အကုသိုလ်မဖြစ်၊ အဲဒီအဝိဇ္ဇာမရှိတဲ့ ပုဂ္ဂိုလ် ဘယ်သူရှိသလဲ၊ ဘုရား ရဟန္တာဘဲရှိပါတယ်ဘုရား၊ အေးဘုရား ရဟန္တာဘဲရှိတယ်၊ ဒီလိုမဟုတ်လား၊ နားမလည်သေးဘူးလား၊ နားလည်လောက်ပါပြီနော်။

အကုသိုလ်ပြုလုပ်တုံးမှာ အဝိဇ္ဇာအသစ်ဖြစ်တယ်၊ အကုသိုလ် မပြုဘဲနဲ့ ကုသိုလ်စိတ် ဖြစ်နေတဲ့အခါမှာ အဝိဇ္ဇာအဟောင်းရှိ တယ်၊ ဟုတ်ဘူးလား၊ ဒီတော့ ဘယ်အခါများ အဝိဇ္ဇာကင်း တာရှိသလဲ မရှိဘူးနော်။ဒါကြောင့် မြတ်စွာဘုရားက "ပဒီပံနဂ ဝေသထ"တဲ့နော်၊အန္ဓကာရေန၊ အဝိဇ္ဇာလုံး အမိုက်တုံးသည်။ သြနဒ္ဓါ၊ ဖုံးပိတ်အပ်သည်ဖြစ်ပါကုန်လျက်ကသွာအဘယ်ကြောင့် တုမ္ဟေ၊ သင်တို့သည်။ ပဒီပံ၊ ဉာဏ်တည်းဟူသော ဆီမီးကို။ နဂဝေသထ၊ မရှာမှီးဘဲ နေကြကုန်သနည်း။

အဝိဇ္ဇာဆိုတာဘာလဲ၊ မှောင်၊ ဒီအဝိဇ္ဇာမှောင်ကို ဒီအသိ ဉာဏ်တည်းဟူသော အလင်းနဲ့ဖျောက်မှ ပျောက်မှာ၊အသိဉာဏ် တည်းဟူသော အလင်းနဲ့မဖျောက်ရင် အဝိဇ္ဇာမှောင် မပျောက် ဘူးဟုတ်လား၊ အေးဒီတော့အဝိဇ္ဇာ ပျောက်ချင်ရင် အသိဉာဏ် ဖြစ်အောင်လုပ်ပါ၊ အဝိဇ္ဇာပျောက်ချင်ရင် ဘာလုပ်ရမယ်၊ အသိ ဉာဏ်ဖြစ်အောင် လုပ်ရပါမယ်ဘုရား၊ အသိဉာဏ် ဖြစ်အောင် လုပ်ပါ၊ အသိဉာဏ် မရှိသရွေ့ ကာလပတ်လုံး အဝိဇ္ဇာမပျောက် ဘူးနော်၊ ကြိုးစားအားထုတ်ကြ။

"**သင်္ခါရပစ္စယာ ဝိညာဏံ**"ဟုတ်လား၊ သင်္ခါရက ကုသိုလ်

အကုသိုလ်က၊ပစ္စယာကြောင့်၊အေးသခ်ါရပစ္စယာ၊ကုသိုလ် အကုသိုလ်ကြောင့်ဟုတ်လား၊ ဝိညာဏ်၊စိတ်ဝိညာဏ်သည်၊ သမ္ဘဝတိ၊ ဖြစ်၏၊ ခုမင်းတို့သန္တာန်မှာ စိတ်မဖြစ်ဘူးလား၊ ဖြစ်ပါတယ်ဘုရား၊ ဘယ်သူ့ကြောင့်လဲ ကုသိုလ် အကုသိုလ်ကြောင့် ဟုတ်ဘူးလား၊ ဟုတ်ပါတယ်ဘုရား၊ ဘယ်သူ့ကြောင့် ဖြစ်တယ်၊ ကုသိုလ် အကုသိုလ်ကြောင့်ပါဘုရား၊ ကုသိုလ် အကုသိုလ်ဖြစ်နေတာက ဘယ်သူ့ကြောင့်လဲ၊ အဝိဇ္ဇာကြောင့်ပါဘုရား၊ စိတ်ဝိညာဏ်ဖြစ်နေတာက ဘယ်သူ့ကြောင့် ဖြစ်နေတာ ကုသိုလ် အကုသိုလ်ကြောင့် ဖြစ်နေတာပါဘုရား။

မကောင်းတဲ့ အနိဋ္ဌာရုံကို မျက်စိက မြင်လိုက်ရင် အကုသိုလ်ကြောင့်ဖြစ်ရတယ်၊ ကောင်းတဲ့ ဣဋ္ဌာရုံကို မျက်စိက မြင်လိုက်ရင် ကုသိုလ်ကံကြောင့်ဖြစ်ရတယ်၊ မျက်စိကမကောင်းတာ မြင်မှု၊ ကောင်းတာမြင်မှု နှစ်မျိုးမရှိဘူးလား၊ ရှိပါတယ်ဘုရား၊ အဲဒီမျက်စိမြင်မှု စိတ်ဝိညာဏ်ဟာလဲ မကောင်းတာမြင်တဲ့အခါ အကုသိုလ်ကြောင့်၊ ကောင်းတာမြင်ရတဲ့အခါ ကုသိုလ်ကြောင့်၊ အေးကောင်းကောင်းမြင်ရင်ကုသိုလ်အကျိုးပေးတယ်၊ မကောင်းတာမြင်ရင် အကုသိုလ်အကျိုးပေးတယ်။

ဒီတော့ စိတ်ဝိညာဏ်ဖြစ်တယ်ဆိုတာ ကုသိုလ် အကုသိုလ်ကြောင့်ဖြစ်တယ်၊ ဒါဖြင့် နားကြားမှု၊ နှာခေါင်းနံမှု၊ လျှာကစားမှု၊ ခန္ဓာကိုယ် တွေ့ထိမှု၊ အကောင်းအဆိုးမရှိဘူးလား၊ ရှိပါသည်ဘုရား၊ အေး ကောင်းရင်ကုသိုလ်ကြောင့် စိတ်ဝိညာဏ်ဖြစ်တယ်ဆိုတာမထင်ရှားဘူးလား၊ ထင်ရှားပါသည်ဘုရား၊ ပြီးတော့

တခါတထစ်ချလိုက်၊ အပါယ်ဘုံသား သတ္တဝါတွေ သန္တာန်မှာ ဘဝင်စိတ်ဖြစ်ရင် အကုသိုလ်ကြောင့် ခွေးတွေ နွားတွေ အိပ်ပျော်တယ် မရှိဘူးလား၊ ရှိပါသည်ဘုရား၊ ဒါဘာတုံး၊ ဘဝင်ကျတာ၊ အဲဒီ ခွေးတွေ နွားတွေ ဘဝင်ကျနေတာဟာ။ အကုသိုလ်ကြောင့် ဒီဘဝမပြတ်တော့ဘူး ဟုတ်လား၊ လူတွေအိပ်ပျော်နေတဲ့ဘဝင်စိတ်ကတော့ ကုသိုလ်ကံကြောင့်၊ သုဂတိဘုံသားကိုး၊ လူတွေအိပ်ပျော်နေတဲ့ စိတ်က ဘာကြောင့်၊ ကုသိုလ်ကံကြောင့်ပါဘုရား၊ သူကတော့ မပြောင်းတော့ဘူး၊ ကုသိုလ်အကျိုးပေးနေတာ၊ ဒီလိုမဟုတ်လား။

မျက်စိမြင်မှု၊ နားကြားမှု၊ နှာခေါင်းနံမှု၊ လျှာစားမှု၊ ခန္ဓာကိုယ် တွေ့ထိမှုတွေမှာတော့ ကုသိုလ် အကုသိုလ် နှစ်မျိုးရှိတယ်၊ ဟုတ်လား၊ အိပ်ပျော်နေတဲ့ ဘဝင်စိတ်မှာတော့ သတ္တဝါတဦးမှာ တမျိုးသာရှိရမယ်၊ သုဂတိဘုံသားမှာ ကုသိုလ်ကြောင့်၊ ဒုဂ္ဂတိဘုံသားမှာ အကုသိုလ်ကြောင့်၊ ဒီတော့ သင်္ခါရ ပစ္စယာ၊ ကုသိုလ် အကုသိုလ်ကြောင့်၊ ဝိညာဏံ၊ စိတ်ဝိညာဏ်သည်။ သမ္ဘဝတိဖြစ်၏၊ ဟောသတ္တဝါသန္တာန်မှာ စိတ်ဝိညာဏ် ဖြစ်ထာဘာကြောင့်၊ ကုသိုလ် အကုသိုလ်ကြောင့်၊ စိတ်ဝိညာဏ်ကလဲ ခြောက်မျိုးခွဲတယ်၊ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် ဘယ်နှစ်မျိုးတုံး၊ ခြောက်မျိုးပါဘုရား၊ အဲဒီ စိတ် ဝိညာဏ် ခြောက်မျိုးဖြစ်တာဟာ ဘယ်သူ့ကြောင့်၊ ကုသိုလ် အကုသိုလ်ကြောင့်၊ အေး အဲဒါကြောင့် သင်္ခါရပစ္စယာ ဝိညာဏံလို့ ဟောတော်မူတာ၊ အေး ကုသိုလ် အကုသိုလ် ဖြစ်တာက ဘာကြောင့်၊ ကုသိုလ်အကုသိုလ်ကြောင့်ပါဘုရား၊ ၊အေး နားမလည်

ဘူးလားကွာ၊ ပဋိစ္စသမုပ္ပါဒ် တရားကို ဒီထက် နားလည်ရ အုံးမလား။

"**ဝိညာဏပစ္စယာ နာမရူပံ**" ဝိညာဏ်နဲ့ စိတ်နဲ့အတူတူကွ၊ ဝိညာဏပစ္စယာ၊ စိတ်ဝိညာဏ်ကြောင့်။ နာမရူပံ၊ နာမ်နဲ့ရုပ် သည်။သမ္ဘဝတိ၊ဖြစ်၏။ အေးနာမ်နဲ့ရုပ်ဖြစ်တာဘယ်သူ့ကြောင့် စိတ်ဝိညာဏ်ကြောင့်၊ စိတ်ဝိညာဏ်မရှိရင် ဒီနာမ်နဲ့ရုပ် ဘယ်လို ပေါ်မလဲ၊ စောစောက ပြောခဲ့ပြီ မဟုတ်လား၊ "မနောပုဗ္ဗင်္ဂမာ ဓမ္မာ" ဟုတ်လား၊ ဓမ္မာ၊နာမက္ခန္ဓာ တရားသုံးပါး တို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်ဝိညာဏ်သာလျှင် ရှေ့သွား ရှိကုန်၏။ "စိတ္တေန နီယျတေလောကော၊ စိတ္တေန ပရိကဿတိ" လူကို ဘယ်သူဆောင်သလဲ၊ စိတ်ဆောင်တယ်နော်။ စိတ္တေန၊ စိတ် သည်။ လောကော၊ လူအပေါင်းကို။ နီယျတိ၊ ဆောင်အပ်၏။ စိတ္တေန၊ စိတ်ဖြင့်။ ပရိကဿတိ၊ ဆွဲငင်၏။ လူတွေဟာ စိတ် နောက်ကိုဘဲလိုက်ကြရတယ် "စိတ္တဿ ဧကဓမ္မဿ၊သဗ္ဗေဝ ဝသ မန္ဒဂူ" စိတ္တဿ၊ စိတ်ဟူသော။ ဧကဓမ္မဿ၊ တရားတခု၏။ ဝသံ၊ အလိုသို့။ သဗ္ဗေ၊အလုံးစုံကုန်သော ပုဂ္ဂိုလ်တို့သည်။အန္ဒဂူ ဧဝ၊ အစဉ်တစိုက် လိုက်ကြရကုန်သည်သာလျှင်တည်း။ နာမ် ဆိုတဲ့တရားနဲ့ ရုပ်ဆိုတဲ့တရားဟာ ဘယ်သူ့နောက် လိုက်ရတယ်၊ စိတ်နောက် လိုက်ရပါသည်ဘုရား၊ အေး စိတ်နောက်လိုက်ရတယ် တဲ့၊ အဲဒါကြောင့် "ဝိညာဏပစ္စယာ၊ စိတ်ဝိညာဏ်ကြောင့်။ နာမရူပံ၊ နာမ်နဲ့ရုပ်သည်။ သမ္ဘဝတိ၊ ဖြစ်၏" နာမ်နဲ့ရုပ်ဖြစ်တာ ဘယ်သူ့ကြောင့်၊ စိတ်ဝိညာဏ်ကြောင့်ပါဘုရား၊ စိတ်ဝိညာဏ် ဖြစ်တာ ဘယ်သူ့ကြောင့်၊ ကုသိုလ် အကုသိုလ်ကြောင့်ပါဘုရား။

အေး ကုသိုလ် အကုသိုလ်ဖြစ်တာ ဘယ်သူ့ကြောင့် အဝိဇ္ဇာကြောင့်ပါဘုရား၊ အေး အဲဒီလို အကြောင်းအကျိုး ဆက်စမ်းပါ၊ အဝိဇ္ဇာကြောင့် ကုသိုလ် အကုသိုလ်ဖြစ်၊ ကုသိုလ် အကုသိုလ်ကြောင့် စိတ်ဝိညာဏ်ဖြစ်၊ စိတ်ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၊ ဒီလိုမှ ဟုတ်လား ဟုတ်ပါတယ်ဘုရား။

"**နာမရူပ ပစ္စယာ သဠာယတနံ**" နာမရူပပစ္စယာ၊ နာမ်နဲ့ရုပ်ကြောင့်။ သဠာယတနံ၊ အကြည်ခြောက်ပါးသည်၊ သမ္ဘဝတိ၊ဖြစ်၏။ နာမ်နဲ့ရုပ်ကြောင့် အကြည်ခြောက်ပါး ဖြစ်တယ်၊ နာမ်နဲ့ရုပ်ကြောင့် ဘာဖြစ်တယ်၊ အကြည်ခြောက်ပါး ဖြစ်ပါသည်ဘုရား၊ သစ်သီးကလေးများ ကြီးလာတဲ့ အခါကျတော့ အထဲက အိမ်တို့ အဆံတို့တည်သလို ဟုတ်လား၊ အမေဘိုက်ထဲ ပဋိသန္ဓေနေတဲ့ သတ္တဝါကောင်ဟာ တဖြည်းဖြည်း ရင့်လာတော့မှ မျက်စိအိမ် မျက်လုံး အဆံ နားအိမ် နားအဆံ နှာခေါင်းအိမ် နှာခေါင်းအဆံ လျှာအိမ် လျှာအဆံ သဏ္ဍာဟ ဆယ်လီ၊ နှစ်လနဲ့ ၁၀ ရက်ကျော်မှ မျက်စိအိမ် နားအိမ် နှာခေါင်းအိမ် လျှာအိမ် ဒီတော့မှ အဆံဖြစ်လာတယ်ဟုတ်လား။

"ပထမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ" ဆိုတဲ့ အတိုင်း ပထမဆုံး ကလလရေကြည်ဖြစ်တယ်၊ အဲဒီကလလရေကြည် ၇ ရက်ကနေပြီးတော့ကာ အမြှုပ်ကလေး ဖြစ်လာတယ်၊ အမြှုပ် ခုနစ်ရက်က နေပြီးတော့ကာ သွေးခဲ ခုနစ်ရက်ဟုတ်လား သွေးခဲ ၇ ရက်က နေပြီးတော့မှ သားတစ် ခုနစ်ရက်ဟုတ်လား၊ သားတစ် ၇ ရက်ကပြီးတော့မှ ခက်မငါးဖြာ၊ ခေါင်းရယ် လက်

နှစ်ဖက်ရယ် ပေါက်ဘိုရာ ဖုံးပဂျီရုပ်ကလေးလို အဖုကလေးငါးခု ပေါက်လာတယ်ဟုတ်လား၊ ဒီတော့ ဘယ်လောက်ရှိသလဲ၊ ၇ ရက် ငါးလီရှိသွားပြီ ဟုတ်လား၊ပြီးတော့မှ ရင့်ကျက်သတ္တာဟ၊ ၇ ရက် ငါးလီ၊ ဒီတော့မှ ခုနစ်ရက်ဆယ်လီဖြစ်မသွားဘူးလား၊ ခုနစ်ရက် ဆယ်လီဖြစ်တော့ ရက်ပေါင်း ၇၀ ၂ လနဲ့ ၁၀ ရက်၊ ၇ ရက် ၁၀ လီ ၂ လနဲ့ ၁၀ ရက်ကျော်မှ မျက်စိအိမ် နားအိမ် နှာခေါင်း အိမ် ပေါ်လာတယ်တဲ့။

ဉပမာ ဘာနဲ့တူတယ်၊ သစ်သီးများ ရင့်လာတဲ့အခါ အထဲမှာ အဆံအိမ် အဆံပေါ်လာသလို၊ အမေ့ ဘိုက်ထဲက သတ္တဝါ ကောင်ကလေး ရင့်လာတဲ့အခါ မျက်စိအိမ် နားအိမ် နှာခေါင်း အိမ် လျှာအိမ် ပေါ်လာတာ ဟုတ်လား ကိုယ်အကြည်နဲ့ ဟဒယ ဝတ္ထုနှလုံးသွေးက ဘယ်တုံးကစပေါ်လာတယ်၊ ကလလရေကြည် က စပေါ်လာပါတယ်ဘုရား၊ မျက်စိရယ် နားရယ် နှာခေါင်းရယ် လျှာရယ်ဆိုတဲ့ လေးပါးက ရက်ပေါင်း ၇၀ ကျော်မှ မျက်စိအိမ် နားအိမ် နှာခေါင်းအိမ် လျှာအိမ်ပေါ်လာတယ်။ ဒီလိုမဟုတ် လား။

အေးဒီတော့ "နာမရူပပစ္စယာ၊ အကောင်ကလေးဆိုတဲ့ နာမ် ရုပ်ကြောင့်။ သဠာယတနံ၊အကြည်ခြောက်ပါးသည်။ သမ္ဘဝတိ၊ အပြည့်အစုံ ဒီတခါမှ ဖြစ်တော့တယ်တဲ့" မျက်စိအကြည် နား အကြည် နှာခေါင်းအကြည် လျှာအကြည် တကိုယ်လုံးအကြည် မနောအကြည် အကြည်ဘယ်နှစ်ပါး၊ ခြောက်ပါးပါဘုရား၊အဲဒီ အကြည်ခြောက်ပါးကိုသဠာယတန ခေါ်တယ်၊သဠာယတန ဆို

တာ ဘာကိုခေါ်တယ်၊ အကြည်ခြောက်ပါးကို ခေါ်ပါသည် ဘုရား၊ အဲဒီသဠာယတနခေါ်တဲ့အကြည်ခြောက်ပါးသည် ဘယ်သူ့ကြောင့်ဖြစ်သလဲလို့ အကြောင်းရှာလိုက်တော့ နာမ်နဲ့ရုပ်ကြောင့်ဟုတ်လား။

အဝိဇ္ဇာကြောင့် ကုသိုလ် အကုသိုလ်ဖြစ်။
ကုသိုလ်အကုသိုလ်ကြောင့် စိတ်ဝိညာဏ်ဖြစ်။
စိတ်ဝိညာဏ်ကြောင့် နာမ်နဲ့ရုပ်ဖြစ်။
နာမ်နဲ့ရုပ်ကြောင့် အကြည်ခြောက်ပါးဖြစ်။

ကိုင်း စုံမသွားဘူးလား၊ စုံသွားရင်လဲ တော်ရောပေါ့၊ ရှေ့ရှောက်ဘာလုပ်အုံးမှာလဲ။

အဝိဇ္ဇာကြောင့်ကုသိုလ် အကုသိုလ်ဖြစ်၊ ကုသိုလ်အကုသိုလ်ကြောင့် စိတ်ဝိညာဏ်ဖြစ်၊ စိတ်ဝိညာဏ်ကြောင့် နာမ်နဲ့ရုပ်၊ နာမ်နဲ့ရုပ်ကြောင့် အကြည်ခြောက်ပါးဖြစ်၊ ဟော့ ပြီးနေပြီ၊ ဒါလူကောင်ဘဲ၊ ဒါကြောင့် ဟိုသင်ပုန်းမှာရေးထားတယ် ။

ထင်ရှားစေ့စုံ အဖုံဖုံလျှင် တည်တုံ နာမ်ရုပ် ကိုယ်
သမုတ်သား အထုပ်အထယ် ကြီးငယ်ကာယ ပေါ်ပြန်
ကလည်း။

ဟိုမှာရေးထားတယ်၊ အရင်ဟာတုံးက ဘာတဲ့။

မီးတွင်ရှိန်ဝါ ထက်ကြပ်ပါသို့ မက္ခာတူကွ ဖြစ်
ပေါ်ကြသား ဖဿဝေဒနာ စေတနာနဲ့ သညာဝိတက်
ရောင်စုံပျက်သည် အမျက်ကြောင်ဝယ် ကြိုးစုံခြယ်သို့

အသွယ်အသွယ် အနွယ်နွယ်လျှင် ဆန်းကြွယ်စွာလှ
နာမ်ကာယနှင့်။

ဘာလဲ နာမ်ကာယ၊ နာမ်အပေါင်း၊ ဖဿအစရှိသော စေတသိက်တွေကို ဘာခေါ်တယ်၊ နာမ်အပေါင်း၊ အဲဒီ နာမ် အပေါင်းကို ကာယခေါ်တယ်၊ ကာယက ဘာဟောတယ်၊ အပေါင်းအစု၊ ဒီတော့ နာမနဲ့ ကာယနဲ့ ပေါင်းလိုက်တော့ နာမကာယ၊ အေး....နာမ်အပေါင်းအစု၊ နာမ်အပေါင်းအစုကို ဗမာလို ခေါ်တော့ နာမ်ကိုယ်၊ နာမ်အပေါင်းအစုကို ဘာခေါ်တယ်၊ နာမ်ကိုယ်ခေါ်ပါသည်ဘုရား၊ ဖဿဝေဒနာအစရှိသော စေတသိက်တရားတွေကို နာမ်ကိုယ် ဟုတ်လား၊ ရုပ် ၂၈-ပါးကို ရုပ်ကိုယ်၊ ဟုတ်ပြီလား၊ မှန်ပါဘုရား။

အဋ္ဌဝီသ ရုပ်ကာယဟု နာမရူပ ဓမ္မအပြား ၎င်းနှစ်ပါးလည်း ထင်ရှားစုံစွာ ပေါ်တုံလာ၍။

ဝိညာဏ်ကြောင့် နာမ်ရုပ်ပေါ်လာတာ မပြဘူးလား၊ အဲဒီတော့ ဝိညာဏ်ကြောင့် နာမ်နဲ့ရုပ်ဟာ ထင်ရှားစုံစွာပေါ်လာတယ် ဟုတ်လား၊ အဲဒီအချက်ကလေးကနေပြီးတော့....

ထင်ရှားစေ့စုံ အဖုံဖုံလျှင် တည်တုံ နာမ်ရုပ် ကိုယ်
သမုတ်သား အထုပ်အထယ် ကြီးငယ်ကာယ ပေါ်ပြန်
ကလည်း ဒွါရတွင်မည် ဖိတ်ဖိတ်လည်သည် အကြည်
ခြောက်မျိုး ကိုယ်လုံးဖြိုး၏။

နာမ်ရုပ် နာမ်ကာယ ရုပ်ကာယ နာမ်ကိုယ် ရုပ်ကိုယ် သတ္တဝါကောင်ကလေးရယ်လို့ ပေါ်လာရင် ဒွါရ ခေါ်တဲ့ အကြည်ခြောက်မျိုးဟာ တကိုယ်လုံး ဖြိုးတယ်၊ ဖြိုးတယ်ဆိုတာ ပေါ်ရောက်စကား၊ တကိုယ်လုံးပြည့်နေတယ်လို့ဆိုတယ်၊ အေး.... ပြည့်နေတာ၊ အကြည်ခြောက်ပါးကင်းလွတ်တဲ့ နေရာမရှိဘူး၊ ဒီလိုမဟုတ်လား၊ မျက်စိအကြည် မျက်လုံးထဲမှာ၊ နားအကြည် နားထဲမှာ၊ နှာခေါင်းအကြည် နှာခေါင်းထဲမှာ၊ လျှာအကြည် လျှာထဲမှာ၊ ကိုယ်အကြည် ဆံပင်ဖျား ခြေသည်းဖျား လက်သည်းဖျားတွေ ချန်လှပ်၍ တကိုယ်လုံး အတွင်းရော အပြင်ရော ပျံ့နှံ့နေတယ်မဟုတ်လား၊ မနောအကြည်က နှလုံးသွေး၊ ဒီတော့ အကြည်ခြောက်ပါး၊ ခန္ဓာကိုယ်ထဲမှာရှာလိုက်ရင် တကိုယ်လုံး အကြည်ခြောက်ပါးပြည့်နေတဲ့ ခန္ဓာကိုယ်ကြီး မဟုတ်လား၊ ဒီအကြည်ခြောက်ပါးကို ဘာလို့ခေါ်တယ်၊ ဒွါရလို့ ခေါ်တယ်၊ အဲ "ဒွါတွင်မည် အကြည်ခြောက်ပါး"၊ ဘာခေါ်တယ်၊ ဒွါရခေါ်ပါသည်ဘုရား။

ဒွါရတွင်မည် ဖိတ်ဖိတ်လည်သည် အကြည်ခြောက်မျိုး ကိုယ်လုံးဖြိုး၏။

ဒီအကြည်ခြောက်ပါးဟာ တကိုယ်လုံးပြည့်နေတယ်၊ အကြည်ဆိုပေမယ်လို့ မျက်စိနဲ့ မြင်ရတဲ့ အကြည်မျိုးမဟုတ်ဘူး၊ ရေကြည်ထဲမှာ မျက်နှာ ကြည့်တော့ မျက်နှာရိပ် မထင်ဘူးလား၊ ထင်ပါသည်ဘုရား၊ ဒီရေကိုကြည်တယ်လို့ ဘာလို့ခေါ်သလဲ၊ မျက်နှာရိပ်ထင်လို့ခေါ်တာ၊ မှန်ထဲမှာကြည့်တော့ မှန်ထဲမှာ

အရိပ်မထင်ဘူးလား၊ ထင်ပါသည်ဘုရား၊ ဒီမှန်ကိုဘာလို့ကြည်တယ်လို့ခေါ်သလဲ၊ အရိပ်ထင်လို့ ခေါ်တာ၊ ဒီမျက်စိထဲမှာ ရူပါရုံအရိပ်ထင်တယ်၊ နားထဲမှာ သဒ္ဒါရုံအရိပ်၊ နှာခေါင်းထဲမှာ ဂန္ဓာရုံအရိပ်၊ လျှာပေါ်မှာ ရသာရုံအရိပ်၊ ခန္ဓာကိုယ်မှာ ဖောဋ္ဌဗ္ဗာရုံအရိပ် ဟုတ်လား၊ သူ့အကြည်နဲ့သူဆိုင်ရာ အာရုံဟာ မထင်ဘူးလား၊ အာရုံထင်စေတတ်တဲ့သတ္တိကြောင့် အကြည်ခေါ်တာ ဟုတ်ဘူးလား။

ရေအကြည် မှန်အကြည်တို့က အရိပ် ထင်စေသကဲ့သို့ စက္ခုသောတ အစရှိသော ဒွါရရုပ်တွေက အဆင်း အသံ အနံ့ အရသာ အတွေ့ဆိုတဲ့ အာရုံတွေကို ထင်စေတယ် ဟုတ်လား၊ အဲဒီလို အာရုံကို ထင်စေတတ်သောကြောင့် ဘာလဲ၊ အကြည်ပါဘုရား၊ ပကတိ ရေကြည် မှန်ကြည်သည် ဖိတ်ဖိတ်လည်တောက်နေတယ်လို့သာဆိုတာ၊ မျက်စိဖြင့် မြင်စကောင်းတာ မဟုတ်ဘူး၊ “ဒွါရတွင်မည် ဖိတ်ဖိတ်လည်သည် အကြည်ခြောက်မျိုး ကိုယ်လုံးဖြိုး၏” ဟုတ်လား၊ နာမ်ရုပ်ကြောင့် အကြည် ခြောက်ပါးဖြစ်တယ်၊ ဒီလိုဆိုချင်တာကိုး၊ ရှေ့ဆက်ချင်တော့မှ အဲဒီ အကြည်ခြောက်ပါး ဒွါရခြောက်ပါးဆိုတာ ဘာတွေများလဲလို့ သိရအောင် “အကြည်ခြောက်မျိုး ကိုယ်လုံးဖြိုးလျက် အရိုးစီစဉ်” အရိုးဆိုတာဘာလဲ၊ အရိုးဆိုတာမမွတာအတိုင်း သူ့အစီအစဉ်ဖြစ်တယ် ဟုတ်လား၊ မျက်စိ နား နှာခေါင်း လျှာ ကိုယ်မနေ့ာဆိုတာ သူ့အစီအစဉ်ဟာ ဘယ်သူလုပ်ပေးရသလဲ၊ သူ့မမွတာအတိုင်း ဖြစ်တယ်မဟုတ်လား၊ ဒါကို အရိုးခေါ်တယ်။

"အရိုးစီစဉ် အမြင်စက္ခု ကြားမှုသောတ ဃာနအနံ့ လျက်ရန်ဇိဝှာ ကာယတွေ့ထိ အသိမနော" ဟုတ်လား၊ ဒီတော့ ဒွါရခြောက်ပါး စုံမသွားဘူးလား၊ ကိုင်း....ဆန်နဲ့ပဲ ရောပုံထားလိုက်စမ်း၊ ဆန်နဲ့ပဲ အတူတူ ရောမသွားဘူးလား၊ ရောသွားပေမယ်လို့ လက္ခဏာချင်းမရောဘူး ဟုတ်ဘူးလား၊ ဒီမှာ ဆန်တွေ ပဲတွေကို ရောပုံထားပေမယ်လို့ အတူတူဆိုနိုင်ပါ့မလား၊ ဘာဖြစ်လို့လဲ၊ သူ့လက္ခဏာနဲ့သူ ဆန်က ဆန်လက္ခဏာ၊ ပဲက ပဲလက္ခဏာ၊ ဒီလိုမဟုတ်လား၊ ဒီမျက်လုံးထဲမှာ ကာယအကြည်နဲ့ မျက်စိအကြည်ဟာ ရောနေတာဘဲ၊ ရောနေပေမယ်လို့ လက္ခဏာချင်း မရောဘူး၊ ခုနက ဆန်နဲ့ပဲ ရောထားသလို မဟုတ်လား၊ ကာယအကြည် မရှိတဲ့နေရာကတော့ မရှိဘူး။

**ဘောပသာဒ၊ လောဟိတ၊ ဇီဝ သည်းခြေသုက်။**
**တကိုယ်လုံးမှာ၊ ပျံ့နှံ့ပါ၊ ကျမ်းလာခေါ်သမုတ်။**

ဣတ္ထိဘာဝရုပ် ပုံဘာဝရုပ်၊ ကာယအကြည်သွေး ဟုတ်လား၊ သံနိဟိတသွေး၊ သံသရနသွေး၊ သံနိဟိတသွေးဆိုတာ နှလုံးသွေး ခေါ်တယ်၊ သံသရနသွေးဆိုတာ တကိုယ်လုံးပျံ့နှံ့နေတာနော်၊ အဲဒီ တကိုယ်လုံး ပျံ့နေတဲ့ သံသရနသွေး၊ ဘောပသာဒ လောဟိတ၊ ဇီဝ၊ ရုပ်ဇီဝိတိန္ဒြေ တကိုယ်လုံး နှံ့နေတယ်နော်၊ သည်းခြေက ဗဒ္ဓသည်းခြေ၊ အဗဒ္ဓသည်းခြေလို့ နှစ်မျိုးရှိတယ်၊ ဗဒ္ဓသည်းခြေက အိမ်ဖွဲ့နေတယ်၊ အဗဒ္ဓသည်းခြေက တကိုယ်လုံးပျံ့နေတယ်၊ အဗဒ္ဓသည်းခြေ ပျက်လို့ရှိရင် ကိုယ်တုံတယ်၊ ခေါင်းတုံတယ်၊ လက်တုံတယ်၊ ပွေးညှင်းတင်းတိတ် ပေါက်တယ်၊ ပြီး

တော့ သုက်သွေးလဲ တကိုယ်လုံးမှာ ပျံ့နှံ့နေတာဘဲ၊ "ဘော ပသာဒ၊ လောဟိတ၊ ဇီဝသည်းခြေသုက်။ တကိုယ်လုံးမှာ ပျံ့နှံ့ပါ ကျမ်းလာခေါ်သမုတ်" ဒီတော့ ကာယအကြည် ဆို တဲ့ အကြည်ဓာတ်ဟာ တကိုယ်လုံး မနှံ့ဘူးလား၊ နှံ့ပါသည် ဘုရား၊ နှံ့တော့ မျက်စိအကြည်နဲ့ရောမနေဘူးလား၊ နားအကြည် နဲ့ကော ရောနေပါသည် ဘုရား။

အေး.... ရောတယ် ဆိုရသော်လဲဘဲ လက္ခဏာ မတူကြလို့ တခြားစီ၊ ဒီလိုမဟုတ်လား၊ ဒီတော့ "မရောမရှက် တလက် လက်လျှင် အမျက်စိန်ရည် လဲ့လဲ့ကြည်သို့" စိန်ရည်ဆိုတာ ဘာလဲ၊ စိန်ရည်ဆိုတာ စိန်မှာ အရည်အရောင် မရှိဘူးလား၊ အဲဒီ စိန်ဆိုတဲ့ကျောက်မှာရှိတဲ့ အရောင်ကို အရည်ခေါ်တယ်၊ "အမျက်စိန်ရည် လဲ့လဲ့ကြည်သို့" ဒါလဲ ဥပမာတင်ပြောတာ စိန်ဆိုတဲ့ကျောက်မှာ အရည်အရောင် လဲ့လဲ့ ကြည်နေဘိသကဲ့ သို့ စက္ခု သောတ ဃာန ဇိဝှာ ကာယ မနဆိုတဲ့ အာယတန ခြောက်ပါးမှာလဲဘဲ လဲ့လဲ့ ကြည်နေသကဲ့သို့ ပြောရတယ် ဟုတ်လား၊ တကယ် မျက်မြင်အားဖြင့် ကြည်သည်မဟုတ်ပါ ဘူး၊ သူ့အာရုံဒွါရ ရုပ်ထိခိုက်နိုင်လောက်အောင် ကြည်တဲ့ သဘောကို ပြောတာ "အမျက်စိန်ရည် ခြောက်မည် အာရုံ အလုံးစုံလည်း ပုံသဏ္ဌာန်ရိပ် နိမိတ်အသွင် အကုန်ထင်၍" နေ၁။

ခြောက်မည်အာရုံဆိုတာဘာလဲ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ "ခြောက်မည်အာရုံ အလုံးစုံလည်း ပုံ

သဏ္ဍာန်ရိပ် နိမိတ်အသွင် အကုန်ထင်၍” ဒီစကားလည်းနား မလည်ဘူး၊ နာမ်ရိပ် ရုပ်ရိပ်ကယ်လို့ရှိတယ်၊ လူမှာ အမူအရာ မရှိဘူးလား ပြုံးလိုက်တယ်၊ မျက်နှာ တည်ထားလိုက်တယ်၊ တော်တော်ကြာ ရွှင်လာတယ်၊ တော်တော်ကြာ ညှိုးသွားတယ် ဟုတ်လား၊ လက်လှုပ်တယ်၊ ခြေလှုပ်တယ်နဲ့၊ တကိုယ်လုံး တကောင်လုံး သတ္တဝါတကောင်မှာ အမူအရာတွေဟာ မရှိဘူး လား၊ အဲဒီ အမူအရာတွေက နာမ်ရိပ် နာမ်ကထွက်တာ၊ လူ တကိုယ်လုံးမှာ ရှိတဲ့အမူအရာဟာ နာမ်က ထွက်တာမဟုတ် လား၊ ရုပ်ရိပ်က လုံးလုံး ပြားပြား ရှည်ရှည် လေးဒေါင့် တကိုယ်လုံးမှာ ပုံသဏ္ဍာန်တွေ မရှိဘူးလား၊ အဲဒီပုံသဏ္ဍာန်က ရုပ်ရိပ်၊ တကိုယ်လုံးမှာ ရှိတဲ့အမူအရာက နာမ်ရိပ်၊ အဲဒီ နာမ် ရိပ် ရုပ်ရိပ်ကိုခေါ်တာ “ခြောက်မည်အာရုံ အလုံးစုံလည်း ပုံသဏ္ဍာန်ရိပ် နိမိတ်အသွင် အကုန်ထင်၍” ဟုတ်လား၊ နိမိတ်အသွင် အကုန်ထင်၍ ဒီရုပ်ရိပ် နာမ်ရိပ် အတိုင်း မျက် စိမှာ လာထင်တာဘဲ။

မျက်စိမှာလာထင်တော့ ဘာဖြစ်တယ်၊ “ဤရှင်ဤလူ ဤ မူနေလ ရူပသဏ္ဍာန်” ဟုတ်လား၊ ဒါရှင် ဒါလူ သည်ရုပ်ပုံ ဟိုရုပ်ပုံ ဒါနေ ဒါလ ဒါနက္ခတ် ဒီလိုမထင်ဘူးလားလို့ ဘာ လို့ထင်တယ်၊ ပုံသဏ္ဍာန်ရိပ်အတိုင်း ထင်ရတာ၊ အေး....“ဤ ရှင်ဤလူ ဤမူနေလ ရူပသဏ္ဍာန်”နော်၊ အသံအမျိုးမျိုး။ အသံ တွေလေ၊ “နက်တိန်စူးသား၊ ပြန့်မသာ၊ ခြောက်ဖြာအသံမျိုး” အသံတွေ အမျိုးမျိုး မရှိဘူးလား၊ အေး....အသံ အမျိုးမျိုး။ “အခိုးလှိုင်ပျံ့ ရနံ့ထိုထို” အမွှေးနံ့၊ အပုပ်နံ့၊ အခိုးဘဲမဟုတ်

လား၊ အေး….အနံ့ "အခိုးလှိုင်ပျံ့ ရနံ့ထိုထို အချိုအချဉ်" ဘာလဲဒါ အရသာ "ဤလျှင်အပူ ဤမူအအေး အတွေးအသိ ပြည့်စုံဘိ၍" ဟုတ်လား။

ကိုင်း….အဆင်းနဲ့ မျက်စိနဲ့ ဆုံမိတဲ့အခါ ဘာပြည့်စုံသလဲ၊ မြင်မှုပြည့်စုံတယ်၊ မြင်မှုပြည့်စုံတော့ ငါမြင်သပေါ့ ဟုတ်လား၊ အသံနဲ့နား ကြားမိတော့ ဘာမှု ပြည့်စုံသလဲ၊ ကြားမှု ပြည့်စုံတယ်၊ အနံ့နဲ့ နှာခေါင်းနဲ့ဆုံမိတော့ နံမှုပြည့်စုံတယ်၊ လျှာနဲ့ အရသာနဲ့ ဆုံမိတော့ စားမှုပြည့်စုံတယ်၊ အတွေ့အထိနဲ့ ဆုံမိတော့ တွေ့ထိမှုပြည့်စုံတယ်၊ စိတ်ကူး ကြံစည် တွေးတောမှုနဲ့ ဆုံမိတော့ အတွေးအသိပြည့်စုံတယ်၊ ငါ့မှာမြင်မှုရှိတယ်၊ ကြားမှုရှိတယ်၊ နံမှုရှိတယ်၊ စားမှုရှိတယ်၊ ထိမှုရှိတယ်၊ သိမှုရှိတယ်၊ ငါလဲ သူများလိုဘဲ ဘာထူးသေးသလဲ ဟုတ်လား၊ ငါ့ထက် ဘယ်လူကများ ဘာသာချင်သေးသလဲ၊ ရန်ထောင် ရင်ပြောပါတယ်၊ ဘာထူးကြသေးသလဲ။

ဒီတော့ဒါတွေဟာ မာနတက်ဘို့ မဟုတ်ဘူးလား ဟင်၊ "အတွေးအသိ ပြည့်စုံဘိ၍ ငါ၏ဤကိုယ် ငါမင်းပျိုဟု" ဒါ ငါ့ကိုယ် ငါဘယ်သူဘယ်ဝါ "အချိုအချဉ် အမြင်မှောက် မှား" ပါးစပ်ကပြောတော့လဲ ငါ့ကိုယ် ဘယ်သူ့ကိုယ် ငါ့ သား ငါ့သမီး ငါ့မယား ဒီလိုမဟုတ်လား၊ ဒီလို ပါးစပ်က မဆိုဘူးလား ဆိုတဲ့အတိုင်းကော စိတ်ကမထင်ဘူးလား၊ ထင် ပါသည်ဘုရား၊ ဆိုတာလဲအမှားဘဲ၊ ထင်တာလဲအမှားဘဲ ဟုတ် လား၊ အဲဒီလို ထင်တဲ့အတိုင်း မြင်နေကြတော့ ဒီအမြင်ဟာ

အမှား မဟုတ်ကြဘူးလား-ဟင်၊ "အမြင်မှောက်မှား စိတ်နေကြွားဘို့" ဒါတွေကို အမြင်မှောက်မှားပြီးတော့ စိတ်ကတော်တော်ကြွားနေတာ တယ်ဟုတ်တယ် ထင်တာဘဲ၊ ကိုယ့်ကိုယ်ကို ဟုတ်လား၊ ငါ ရှေ့တည့်တည့်ကကြည့်လို့ အကြီးတန်ပေမဲ့ နောက်ကကြည့်တော့ ယဉ်စစ အရှိသားဘဲ၊ အေး....ကိုယ့်ကိုယ်ထင်တာပြောတာ၊ ဓို့ထင်လုံးကို ပြောတာ သူများတော့ မပြောတတ်ဘူး-ဟင်။

"အမြင်မှောက်မှား စိတ်နေကြွားဘို့ တံခါးခြောက်သင်း ကိုယ်လုံးလင်းသည် ခြောက်စင်းခေတ်မှန် စွမ်းရည်တည်း" ဘာလဲ ခေတ်မှန်ဆိုတာ ခုဒင်က အကြည်ခြောက်ပါးကိုပြောတာ ဟုတ်လား၊ အကြည်ခြောက်ပါးဆိုတဲ့ အာယနတရားဟာ ဘယ်သူကြောင့် ဖြစ်တယ် စိတ်ဝိညာဏ်ကြောင့် စိတ်ဝိညာဏ်ဟာ ဘယ်သူ့ကြောင့်ဖြစ်တယ်၊ ကုသိုလ် အကုသိုလ်ကြောင့် ကုသိုလ် အကုသိုလ် ဘယ်သူ့ကြောင့် ဖြစ်တယ်၊ အဝိဇ္ဇာကြောင့် အဝိဇ္ဇာသည် ဘယ်သူ့ကြောင့်ဖြစ်တယ်၊ အာသဝကြောင့် "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော" ဟုတ်လား၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝလို့ အာသဝေါတရား လေးပါး မရှိဘူးလား၊ အဲဒီ အာသဝေါတရား လေးပါးကြောင့် အဝိဇ္ဇာဖြစ်တယ်၊ ဟုတ်လား၊ ဒီအာသဝေါတရား လေးပါးက ဘယ်သူ့ကြောင့်ဖြစ်တယ်၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿကြောင့် ဖြစ်တယ်။

ဒေါမနဿ စိတ်ဆင်းရဲခြင်း၊ ဥပါယာသ အမယ်လေးဟဲ့

နော် ပင်ပန်းလိုက်ထာ ဆိုတဲ့ သက်ကြီး ရှိုက်တငင် ပြင်းစွာ ပင်ပန်းခြင်း ဟုတ်လား၊ အဲဒီ သောက ပရိဒေဝ ဒုက္ခ ဒေါ မနဿ ဥပါယာသ ဆိုတဲ့ တရားတွေ ရှိနေရင် ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ ဆိုတဲ့ အာသဝေါတရား လေးပါး မရှိပေဘူးလား ဟုတ်လား၊ အဲဒီ အာသဝေါတရား ရှိနေရင် "**အာသဝသမုဒယာ** အဝိဇ္ဇာသမုဒယော" ဒီလိုမဟုတ်လား၊ ဒီတော့ **အဝိဇ္ဇာက**ဘယ်သူ့ကြောင့် အာသဝကြောင့်၊ အာသဝက ဘယ်သူ့ကြောင့် သောကပရိဒေဝကြောင့်၊ သောကပရိဒေဝက ဘယ်သူ့ကြောင့်၊ ဇရာမရဏကြောင့်၊ ဇရာမရဏက ဘယ်သူ့ကြောင့်၊ ဇာတိကြောင့်၊ ဇာတိကဘယ်သူကြောင့် ဘဝကြောင့်၊ ကိုင်း....ကြာအေး သူ့အမေရိုက် လည်မသွားဘူးလား။

အေး..."ကရွတ်ရှောက် ကင်းအနေလို၊ ယခင်းအခြေ ဆုံးတယ်မရှိနိုင်ဘူး၊ သုံးနယ်တြိဝဋ် မြစ်သံသာ၊ ဆွဲနှစ်ပြန်တာ"ဆိုတဲ့သီချင်းဟာလေ ကရွတ်ရှောက်ကင်းအနေတဲ့ ရေအိုးအောက်က ကရွတ်ပေါ်မှာ ရှောက်နေတဲ့ ကင်းဟာ ဘယ်တော့ ဆုံးတယ်လို့ရှိမလဲ၊ ဟုတ်လား၊ ဘယ်တော့မှ ဆုံးတယ်မရှိဘူးနော်၊ ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ဟုတ်ဘူးလား၊ ဆိုခဲ့တဲ့ အထဲမှာ အဝိဇ္ဇာဆိုတဲ့ တရားက ကိလေသာ၊ ကုသိုလ်-အကုသိုလ်ဆိုတဲ့ သင်္ခါရက ကံ၊ အဝိဇ္ဇာက ဘာ၊ ကိလေသာ ကုသိုလ် အကုသိုလ်က ကံ၊ ဝိညာဏ် နာမ်ရုပ် သဠာယတနက ဝိပါက်၊ ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ဝဋ်သုံးပါး၊ မဟုတ်လား၊

ဒီတော့ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"၊ အဝိဇ္ဇာကြောင့် ကုသိုလ် အကုသိုလ်ဖြစ်တယ်၊ အဝိဇ္ဇာကြောင့်ချည်း ဖြစ်ပါ သလား၊ ဟုတ်လား၊ မသိမိုက်မဲမှု အဝိဇ္ဇာရှိရင် နှစ်သက်မှု တဏှာရှိတာပေါ့၊ နှစ်သက်မှု တဏှာရှိရင် စွဲလန်းမှု ဥပါဒါန် လဲရှိတာပေါ့၊ ခေါင်သူကြီး ကောက်ပြောလိုက်ထာ မင်းတို့ သန္တာန်မှာ မသိမိုက်မဲမှု အဝိဇ္ဇာ ရှိမနေကြဘူးလား၊ ရှိပါ သည်ဘုရား၊ နှစ်သက်မှု တဏှာကော၊ ရှိပါသည်ဘုရား၊ ဒီ တော့ အဝိဇ္ဇာ တဏှာ ဥပါဒါန်ကြောင့် ဒီလိုဆိုတဲ့ နေရာမှာ အဝိဇ္ဇာကလဲ ကိလေသာ၊ တဏှာကလဲ ကိလေသာ၊ ဥပါဒါန် ကလဲ ကိလေသာ၊ အေး....ကိလေသဝဋ် ကုန်အောင် ဆိုရမယ် ဟုတ်လား။

သင်္ခါရာ၊ သင်္ခါရဟူသော ကုသိုလ် အကုသိုလ်၊ ဘဝခေါ်တဲ့ ကုသိုလ် အကုသိုလ်တို့သည် ဟော ကမ္မဘဝ ဟုတ်လား၊ သင်္ခါရအရက သင်္ခါရနှင့် ဘဝ နှစ်မျိုးရတယ်၊ "သင်္ခါရာ ပုရ စေတနာ၊ ဘဝေါတု မုဥ္စသတ္တမာ" နော်၊ ကုသိုလ်လုပ်လုပ် အကုသိုလ်လုပ်လုပ် ပုဗ္ဗစေတနာကို သင်္ခါရခေါ်တယ်၊ လုပ်တုံး လုပ်ဆဲ မုဥ္စစေတနာကို ဘဝခေါ်တယ်၊ ဒီတော့ သင်္ခါရနဲ့ ဘဝ ဟာ ခွဲရပါ့မလား၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ရှိနေရင် သင်္ခါ ရနဲ့ ဘဝက ဖြစ်ကြတော့မှာဘဲ၊ ဒါကြောင့် သင်္ခါရာ၊ သင်္ခါရ ခေါ်တဲ့ ကုသိုလ် အကုသိုလ်၊ ဘဝခေါ်တဲ့ ကုသိုလ် အကု သိုလ်တို့သည် စုံမသွားဘူးလား။

ဒီတော့ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ အ

ကြောင်း ငါးပါးဖြစ်မသွားဘူးလားနော်၊ အဲဒီအကြောင်း ငါးပါးဟာ မင်းတို့သန္တာန်မှာ မရှိဘူးလား၊ ခုမင်းတို့မှာ မသိမိုက်မဲ့မှု အဝိဇ္ဇာ မရှိဘူးလား၊ ဖြစ်နေတာကို မပြောဘူး၊ ရှိနေတာကို ပြောတာ ဟုတ်လား၊ ဖြစ်တဲ့အခါလဲ ဖြစ်မှာပေါ့၊ မဖြစ်တဲ့ အခါလဲ ရှိနေမယ်၊ နှစ်သက်မှုတဏှာကော၊ ရှိနေပါသည် ဘုရား၊ အဝိဇ္ဇာဖြစ်တယ်၊ တဏှာဖြစ်တယ်၊ ဥပါဒါန်ဖြစ်တယ်၊ မထင်ရှားဘူးလား၊ ထင်ရှားပါသည် ဘုရား၊ မဖြစ်ဘဲရှိနေတာ ဘယ်ကလာခဲ့သလဲ၊ ဟိုအနမတဂ္ဂ ဘဝသံသရာက လာခဲ့တာ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဆိုတဲ့ ကိလေသာတွေဟာ ဖြစ်ပြီးပေမယ်လို့ မဂ်ဖြင့် မပယ်ရသေးသမျှကာလပတ်လုံး ဒီသတ္တဝါသန္တာန်မှာ ကိန်းနေတယ်၊ ဘယ်တော့မှ မပျောက်ဘူး၊ ဒီလိုမှတ်ထားကြ၊ ဒီတော့ အချင်းခပ်သိမ်း အဝိဇ္ဇာရှိတယ်၊ အချင်းခပ်သိမ်း တဏှာရှိတယ်၊ အချင်းခပ်သိမ်း ဥပါဒါန်ရှိတယ်၊ ဘာဖြစ်လို့ ရှိသလဲ မေးတော့ မဂ်နဲ့ မပယ်ရသေးလို့ မဟုတ်လား။

ဒီတော့ မင်းတို့သန္တာန်မှာ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဆိုတဲ့ တရားများဟာ ဖြစ်ပြီးတဲ့နောက် တည်ကျန်ရစ်ထာ ပြောတာနော်၊ ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ သဘောကတမျိုးကွ ဟုတ်လား၊ အကျိုးပေးပြီးရင်လဲ ပျောက်တယ်၊ အကျိုးပေးမပြီးရင်လဲ ဒီကံမပျောက်ဘူး ဟုတ်လား၊ မကောင်းတဲ့ အကုသိုလ်ဟာ မကောင်းကျိုး ပေးပြီး ပျောက်ရော၊ ကောင်းတဲ့ ကုသိုလ်ကံဟာ ကောင်းကျိုးပေးပြီ ပျောက်ရော၊ ဆိုင်ရာ အကျိုးကို မပေးရသေးတဲ့ကံဟာ ဘယ်တော့မှမပျောက်ဘူး၊ သူလဲ မဂ်ကျမှ ပျောက်တယ်၊ ကိလေသာနဲ့ ဘာနဲ့တူတယ်၊ အိုးနဲ့တူတယ်၊

ကံက ဘာနဲ့တူတယ်၊ ရေနဲ့တူတယ် ဟုတ်လား၊ အေး....အိုးထဲမှာ ရေထည့်ထားသလိုဘဲ၊ ကိလေသာရှိရင် ကံက ရှိနေမှာဘဲ ဟုတ်ဘူးလား။

ဒီတော့ ဟိုက စာက ကိလေသာကို ပယ်ဘို့သာပြောတယ်၊ ကံပယ်ဘို့ မပြောဘူး၊ ဘာလို့မပြောသလဲ၊ အိုးကွဲရင်ရေတွဲလဲ ကျန်မနေတော့ဘူး၊ ဒါကြောင့် ကိလေသာ ပယ်ဘို့သာ ပြောတယ်၊ ကံပယ်ဘို့ မပြောဘူး၊ သို့ပေမယ့်လို့ ကိလေသာပယ်လိုက်ရင် ကံနေနိုင်အုံးမလား၊ မနေနိုင်ပါဘူးဘုရား၊ အေး.... မနေနိုင်ဘူး၊ ဒီတော့ ကံဟာ မဂ်ပယ်တဲ့အခါကျမှ မဂ်ဉပါဒ်လို့လဲ ပြတ်တယ်၊ သူဆိုင်ရာ အကျိုးပေးပြီးတော့လဲ ပြတ်တယ်၊ အေး....ကံပြတ်ပုံက ဒီနှစ်နည်းဘဲ၊ ကိလေသာ ပြတ်ပုံကတော့ မဂ်ပယ်မှဘဲ ပြတ်တယ်။

ဒီတော့ မင်းတို့ သန္တာန်မှာ ခုဘာရှိနေတယ်၊ အဝိဇ္ဇာရှိတယ် တဏှာရှိတယ် ဉပါဒါန်ရှိတယ် ဒါက ကိလေသာ၊ သင်္ခါရရှိတယ် ဘဝရှိတယ် ဒါက ကံ၊ ဒီတော့ ကိလေသာ သုံးပါး၊ ကံ နှစ်ပါး၊ ဒီငါးပါး မရှိဘူးလား၊ အဲဒီငါးပါးဟာ ဖြစ်နေတာကို မပြောဘူး၊ ရှိနေတာကို ပြောတာ။

ဒီတော့ ဒီငါးပါး ရှိနေသရွေ့ကာလပတ်လုံး နောင်တဘဝဆက်ပြီး မဖြစ်ပေဘူးလား၊ ဒီငါးပါး ရှိနေရင် ဖြစ်ရမှာဘဲ ဟုတ်ဘူးလား၊ အဲဒါ ဘာခေါ်တယ်၊ အကြောင်း၊ ယခု ဘဝမှာ ရှိနေတဲ့ အကြောင်းငါးပါးကြောင့် နောင်ဘဝ ဆက်ပြီး

တော့ ဖြစ်ရမယ်၊ ဒါအပရန္တဘဝစက်ခေါ်တယ်၊ ဘာဖြစ်လို့ လဲ၊ နောက်ဘဝနဲ့ ဆက်ထားလို့၊ အပရန္တဘဝစက်နော်၊ ယခု ရှိနေတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အဲ ဒါက အကျိုးတရား။

ခု မင်းတို့သန္တာန်မှာ စိတ်မရှိဘူးလား၊ နာမ်ရုပ်မရှိဘူးလား၊ သဠာယတန မရှိဘူးလား၊ သဠာယတနရှိတော့ အာရုံနဲ့ မတွေ့ ဘူးလား၊ တွေ့ပါသည်ဘုရား၊ အဲဒါ ဖဿ၊ ဖဿနဲ့ တွေ့လိုက် တော့ ဝေဒနာက မခံစားဘူးလား၊ အဲဒီ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးငါးပါး၊ အဲဒီ အ ကျိုး ငါးပါးက ဟိုရှေးအတိတ်ဘဝက အဝိဇ္ဇာ တဏှာ ဥပါ ဒါန် သင်္ခါရ ကမ္မဘဝ ဆိုတဲ့ အကြောင်းငါးပါးလေ၊ ယခုဖြစ် နေတဲ့ အကျိုး ငါးပါးက ရှေးအတိတ်အကြောင်းနဲ့ ဆက်လို့ ပစ္စုပ္ပန္နဘဝစက်လို့ ခေါ်တယ်၊ ယခုရှိနေတဲ့ အကြောင်း ငါးပါး က နောင်ဘဝနဲ့ဆက်ခြင်းကြောင့် အပရန္တဘဝစက်၊ သတ္တဝါ သန္တာန်မှာ အချင်းခပ်သိမ်း ရှိနေတယ်၊ မရှိဘူးလား၊ ရှိနေပါ သည် ဘုရား။

ဒီတော့ အပရန္တဘဝစက်က နောက်ဘဝနဲ့ဆက်မယ် ဟုတ် လား၊ ပစ္စုပ္ပန္နဘဝစက်က ရှေးဘဝနဲ့ ဆက်မယ်၊ ယခု ပစ္စုပ္ပန် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုး တရားကိုဖြစ်စေတဲ့ ကိလေသာကံဟာ ဒီအကျိုးတရားတွေပေါ် ပြီးရင် ကံကပျောက်တယ်၊ ကိလေသာကမပျောက်ဘူး၊ ကိန်း ကျန်ရစ်တယ်၊ အကျိုးမပေးရသေးတဲ့ ဟိုဘဝကပါလာတဲ့ ကိ

လေသာနဲ့ ကံက အကျိုးမပေးရသေးရင် သဉ္စိတဝါသန္တာန်မှာ ရှိနေတာဘဲ၊ ဟုတ်လား။

ဒါကြောင့် ဟိုရှေးရှေးကပါလာတဲ့ ကိလေသာကိုပင် ဖြစ်သော်လည်း၊ ယခု ပစ္စုပ္ပန် ခန္ဓာမှာ ရှိနေခြင်းကြောင့် သူ့ကို ပစ္စုပ္ပန်အကြောင်း ခေါ်တယ်၊ ယခုဘဝ ဖြစ်မှ ပစ္စုပ္ပန် အကြောင်းမဟုတ်ဘူး၊ ရှေးရှေးကပါလာတဲ့ ကိလေသာ ကံကိုလဲ ဘဲ ပစ္စုပ္ပန် အကြောင်းဘဲခေါ်တယ် ဟုတ်လား၊ အဲဒီပစ္စုပ္ပန် အကြောင်းကြောင့် နောင်အနာဂတ် အကျိုးတဆက်၊ သည်လို မဟုတ်လား၊ နောင်အနာဂတ် အကျိုးဆက်ဘို့ အရေးကြီးတယ် ဟုတ်လား၊ အပါယ်လေးပါး မကျတော့ဘူး ဆိုရင် အပါယ် လေးပါးမှာ ရုပ်နာမ် မဖြစ်နိုင်တော့ဘူး၊ အပါယ်လေးပါးမှာ ဘာလို့ ရုပ်နာမ် မဖြစ်နိုင်သလဲ အပါယ်လေးပါးမှာ ဖြစ်စေ တတ်တဲ့ ကိလေသာကုန်သွားလို့၊ ဒီလိုမဟုတ်သား။

အပါယ်လေးပါးကို ကျစေတတ်တဲ့ ကိလေသာနဲ့ ကံကုန် အောင် ဘာကို လုပ်ရမလဲ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးတရား ငါးပါးထဲက တပါးပါးကို စူးစိုက်ပါ၊ ဘယ်လိုစိုက်ရမလဲ၊ သိ သိ သိနဲ့စိုက်ပါ၊ ဟုတ်လား၊ အဲဒီလိုစိုက်ရမယ်-နော်၊ သိ သိ သိနဲ့ စိုက်လို့မရဘူးဆိုရင်၊ အာ နာပါနသမာဓိပျော့တယ် ပြန်ရှူ ဟုတ်လား၊ အေး....အာနာ ပါန ရှူလို့မကောင်းဘူး၊ မကောင်းရင် ထလမ်းလျှောက်၊ ဟုတ်လား၊ ဒါဒို့လုပ်ထုံး၊ လမ်းလျှောက်လိုက် ရှူလိုက် ဟုတ် လား၊ ခန္ဓာကိုယ်ထဲက ဖြစ်သမျှစိုက်လိုက်၊ ခန္ဓာကိုယ်ထဲမှာ

အတွင်းရော အပြင်ရော ဖြစ်လာပြီဆိုရင် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဒီငါးပါးကလွဲလို့ ဘယ်သူမှမရှိဘူး ဟုတ်ဘူးလား။

ဒီတော့ ဘာမှပြောမနေနဲ့ မိုးညှင်းဆရာကြီး ဟောသလို ဟော့....အစပ် ဖွဲ့တတ်ချင်ဖွဲ့တတ်၊ မဖွဲ့တတ်ချင်နေကွ နွားသာ လယ်ထဲက မတက်အောင်ထွန်တဲ့၊ လယ်ထဲကနွားမတက်ရင် ဒီ ထွန်ရေးဟာ ကြာတော့ ညက်ရမယ်၊ ဒီလိုမဟုတ်လား၊ ဒီတော့ ဝိညာဏ်သော နာမ်ရုပ်သော ဖဿသော ဝေဒနာသော တဏှာ သော သိချင်သိ မသိချင်နေ ခန္ဓာကိုယ်ထဲမှာသာ စိတ်ထား ဟုတ်ဘူးလား၊ အေး.... "လယ်ထဲကနွား မတက်စေနဲ့တဲ့၊ အစပ်မဖွဲ့တတ်ချင်နေတဲ့၊ ထွန်သာထွန်တဲ့" ဒီလို မဟုတ်လားလို့။

ဒီတော့ ဝိညာဏ်တွေ နာမ်ရုပ်တွေ သိနေဘို့လိုသေးသလား၊ မလိုတော့ပါဘုရား၊ ခန္ဓာကိုယ်ထဲမှာ စိတ်စိုက်ဘို့ဘဲ လိုပါတယ်၊ ခန္ဓာကိုယ်ထဲမှာ စိတ်စိုက်လို့မရဘူး မရရင် အာနာပါနရှု ဟုတ်လား၊ အာနာပါနရှုလို့ မကောင်းဘူး ထ-စင်္ကြံ လျှောက်၊ စင်္ကြံလျှောက်ခြင်းသည် အာနာပါနရှုကောင်းဘို့၊ အာနာပါနလုပ်ခြင်းသည် ဝေဒနာစိုက်ကောင်းဘို့ ဟုတ်လား၊ ဒီတော့ ခန္ဓာကိုယ်ထဲက ဖြစ်မှုတခုခုကို စိုက်ကောင်းလို့ရှိရင် ဝိညာဏ်သော်၎င်း၊ နာမ်ရုပ်သော်၎င်း၊ သဠာယတနသော်၎င်း၊ ဖဿသော်၎င်း၊ ဝေဒနာသော်၎င်း၊ တခုခုသိရမယ်ပေါ့ ဟုတ် လား၊ အဲဒီ ဝိပါကဝဋ် အကျိုးတရားကို ပရိညာဆိုက်အောင် ပိုင်ပိုင်နိုင်နိုင်သိလိုက်ရင် ယခု မိသန္တာန်မှာရှိနေတဲ့ နောင်အ

နာဂတ်ဘဝနဲ့ ဆက်မဲ့ အကြောင်းဟာ လုံးလုံးမပြတ်ဘူး ဆို တောင် ပဲ့သွားပါတယ်။

ဤသို့ ကြားနာရသောမေမ့သဝန ကုသိုလ်က စေတနာတို့ ကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်မြတ်ကို လျင်မြန်စွာရရ ရောက်ရပါလို၏ဟု ဆုတောင်းကြကုန်”။

သာဓု....သာဓု....သာဓု-ပါဘုရား။

× × × ×

၁၃၃၂-ခု တော်သလင်း လကွယ် နေ့တွင် မြောင်းမြမြို့ ဝေဠုဝတီ ကမ္မဋ္ဌာန်း တိုက်၌ ကျေးဇူးရှင်ဝေဠုဝတီဆရာတော်ဘုရားကြီးသည် တပည့် အပေါင်း တို့အား ဟောကြား ဆုံးမ တော်မူအပ်သော

## ဥပပတ္တိ ဘဝပြတ်ပုံနှင့် ဆက်ပုံ ပဋိစ္စသမုပ္ပါဒ် တရားတော်

"ဝိညာဏပစ္စယာ နာမရူပံ+နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော+ဖဿပစ္စယာ ဝေဒနာ။"

ဝိညာဏပစ္စယာ၊ ဝိညာဏ်ဟူသောအကြောင်းကြောင့်။ နာမရူပံ၊ ဇာတိ ဇရာ မရဏနှင့် တကွသော နာမ်ရုပ်သည်။ သမ္ဘဝတိ၊ ထင်ရှားမကွာ ဖြစ်ပေါ်လာ၏။

နာမရူပပစ္စယာ၊ နာမ်ရုပ်ဟူသောအကြောင်းကြောင့်။ သဠာယတနံ၊ ဇာတိ ဇရာ မရဏနှင့်တကွသော သဠာယတနသည်။ သမ္ဘဝတိ၊ ထင်ရှားမကွာ ဖြစ်ပေါ်လာ၏။

သဠာယတန ပစ္စယာ၊ သဠာယတန ဟူသော အကြောင်း

ကြောင့်။ ဖဿော၊ ဇာတိ ဇရာ မရဏနှင့် တကွသော ဖဿ သည်။ သမ္ဘဝတိ၊ ထင်ရှားမကွာ ဖြစ်ပေါ်လာ၏။

ဖဿပစ္စယာ၊ ဖဿဟူသောအကြောင်းကြောင့်။ ဝေဒနာ၊ ဇာတိ ဇရာ မရဏနှင့် တကွသော ဝေဒနာသည်။ သမ္ဘဝတိ၊ ထင်ရှားမကွာ ဖြစ်ပေါ်လာ၏။

အဲဒါ ပဋိစ္စသမုပ္ပါဒ် အကျိုးတရား ငါးပါး ခေါ်တယ်၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘယ်နှစ်ပါးလဲ၊ ငါးပါး ဆိုစမ်း၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အဲဒီ ငါးပါးဖြစ်ရာမှာ ဇာတိ ပဋိသန္ဓေ နေခြင်း၊ ဇရာ အိုခြင်း၊ မရဏ သေခြင်း၊ အဲဒီတရားသုံးပါးနှင့် တွဲတွဲပြီးတော့ ဖြစ်တယ်။

ဝိညာဏ်ဆိုရင်လဲ ဇာတိ ဇရာ မရဏနှင့် တကွ၊ နာမ်ရုပ်ဆိုရင်လဲ ဇာတိ ဇရာ မရဏနှင့်တကွ၊ သဠာယတနဆိုရင်လဲ ဇာတိ ဇရာ မရဏနှင့်တကွ၊ ဖဿဆိုရင်လဲ ဇာတိ ဇရာ မရဏနှင့်တကွ၊ ဝေဒနာဆိုရင်လဲ ဇာတိ ဇရာ မရဏနှင့်တကွ အဲဒီ အကျိုးတရားမှန်က ဇာတိ ဇရာ မရဏနှင့် ကင်းတဲ့ တရားရယ်လို့ မရှိဘူးတဲ့၊ ဇာတိနှင့် တကွ ဖြစ်တယ်၊ ဇရာနှင့် တကွ ဖြစ်တယ်၊ မရဏနှင့်တကွဖြစ်တယ်၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာလို့ ဆိုလိုက်ရင် ဇာတိ ဇရာ မရဏ သုံးပါး ပါစမြဲ။

ဒါကြောင့် ဇာတိလဲ အင်္ဂါတပါး၊ ဇရာ မရဏလဲ အင်္ဂါ

တပါးလို့ ဒီငါးပါးထဲမှာ အင်္ဂါ နှစ်ပါး ထည့်ပြီးတော့ ရေတွက်ထားတယ်၊ ပစ္စုပ္ပန်အကျိုးတရား အင်္ဂါဘယ်နှစ်ပါး၊ ခုနစ်ပါးပါ ဘုရား၊ အေး....ဝိညာဏ် တပါး နာမ်ရုပ် တပါး သဠာယတနတပါး ဖဿတပါး ဝေဒနာတပါး ဇာတိတပါး ဇရာမရဏတပါး ပေါင်း ခုနစ်ပါး။ အဲဒါ ဘာ ခုနစ်ပါးလဲ၊ ယခု ပစ္စုပ္ပန် မိမိကိုယ်မှာဖြစ်နေတဲ့ ခုနစ်ပါးတဲ့၊ ယခု ပစ္စုပ္ပန် မိမိကိုယ်မှာ အဲဒီ ခုနစ်ပါး ဖြစ်နေတယ်၊ ဒါကို ပုဗ္ဗန္တ ဘဝစက် ခေါ်တယ်တဲ့၊ ဒီခုနစ်ပါးကို ဘာခေါ်တယ်၊ ပုဗ္ဗန္တဘဝစက် ခေါ်ပါတယ်ဘုရား၊ ပုဗ္ဗန္တ၊ ပုဗ္ဗက ရှေ့၊ အန္တက အစွန်း၊ ရှေ့အစွန်း ဖြစ်တဲ့ အတိတ် ဘဝနှင့် ဆက်သောကြောင့် ပုဗ္ဗန္တဘဝစက်။

ယခု ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏဆိုတဲ့ ဒီတရားခုနစ်ပါးဖြစ်နေတာဟာ ရှေးအတိတ်က ကိလေသာနှင့် ကံကြောင့် ဖြစ်ထာတဲ့၊ ယခု ခုနစ်ပါး ဖြစ်နေတာဟာ ဘယ်သူ့ကြောင့်ဖြစ်ထာ၊ ရှေးအတိတ်က ကိလေသာကံကြောင့် ဖြစ်တာပါဘုရား၊ အေး....ရှေးအတိတ်က ကိလေသာကံကြောင့် ဖြစ်နေသောကြောင့် သူ့ကို ဘာစက်ခေါ်တယ်၊ ပုဗ္ဗန္တဘဝစက် ခေါ်ပါတယ်ဘုရား၊ အေး....ပုဗ္ဗန္တဘဝစက်ဆိုတာ ယခုလက်ရှိ ခန္ဓာတဲ့။

တရားလိုချင်တဲ့ယောဂီပုဂ္ဂိုလ်ဟာ ယခုလက်ရှိ ခန္ဓာဝိပဿနာ ဘူမိဖြစ်တဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏ ဆိုတဲ့ ခုနစ်ပါးထဲက တပါးပါးကို

ပိုင်ပိုင်နိုင်နိုင် သိအောင်လုပ်ရမယ်တဲ့၊ "ကောဓမ္မော"ဆိုတဲ့အ တိုင်း တပါးသိရင် အကုန်လုံးသိတယ်၊ အကုန်လုံးရှောက်လုပ် နေစရာ မလိုဘူး၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေ ဒနာ ဇာတိ ဇရာ မရဏ ဘယ်နှစ်ပါး၊ ခုနစ်ပါးပါ ဘုရား၊ အဲဒီ ခုနစ်ပါးဟာ ဘာစက်၊ ပစ္စုပ္ပန္နဘဝစက်ပါဘုရား။

အေး....ရှေးအတိတ်က ကိလေသာက အရှင်းခံ၍ ရှေး အ တိတ် ဘဝနဲ့ ဆက်သောကြောင့် ပစ္စုပ္ပန္နဘဝစက်၊ တရား အား ထုတ်တယ်ဆိုတာ အဲဒီ ပစ္စုပ္ပန္နဘဝစက်ဖြစ်တဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏ အဲဒါတွေ ကို မသိ သိအောင် လုပ်ရတာတဲ့၊ ဒါတွေကို မသိ သိအောင် လုပ်ရတာဆိုတော့ အကုန်လုံးသိအောင် လုပ်ရမှာလား၊ မဟုတ် ပါဘူး၊ ပေါ်လွင်ထင်ရှားရာ တခုခုကို သိအောင် လုပ်ရမှာ၊ ပေါ်လွင်ထင်ရှားရာတခုခုကို ဘာနဲ့ လုပ်ရမယ်၊ သတိနဲ့ လုပ်ရ ပါမယ် ဘုရား၊ အေး....သမာဓိစခန်း၊ ဥာဏ်စခန်း မရောက်ခင် သတိနဲ့ဘဲလုပ်၊ အဲဒီ ပစ္စုပ္ပန္နဘဝစက်က သိအောင် အားထုတ်ရမဲ့ တရား၊ သိရမဲ့ တရားတဲ့၊ ပစ္စုပ္ပန္နဘဝစက်က ဘာလုပ်ရမဲ့ တရား လဲ၊ သိရမဲ့ တရားပါ ဘုရား၊ အဲဒီ ပစ္စုပ္ပန္နဘဝစက်ကိုသိအောင် အားထုတ်လို့ သိတဲ့အခါကျတော့မှ အပရန္တဘဝစက်က အလို လို ပြတ်သွားမယ်တဲ့။

အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ ဥပပတ္တိဘဝ လို့ နောက်အပရန္တ ဘဝစက်ကငါးပါး၊ ဟိုကျတော့လဲ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ ဥပပတ္တိဘဝ "ကမ္မဘဝ-

ဥပပတ္တိဘဝ” အမည်နှစ်ပါး ရပေတယ်လို့ အင်္ဂါ ကျတော့ တပါးထဲယူရတယ်၊ ဒါအပရန္တ ဘဝစက်ခေါ်တယ်၊ ဘာဖြစ်လို့ အပရန္တဘဝစက်ခေါ်သလဲ၊ နောက်ဘဝသွားဘို့ ခြေလှမ်းပြင်နေတဲ့စက်၊ အပရန္တဘဝစက်က ဘာလုပ်နေတယ်၊ နောက်ဘဝသွားဘို့ ခြေလှမ်းပြင်နေတယ်၊ အေး....နောက်ဘဝသွားဘို့ ခြေလှမ်းပြင်နေတဲ့ စက်ဖြစ်သောကြောင့် နောက်ဘဝ မသွားချင်တဲ့ ပုဂ္ဂိုလ်ဟာ အဲဒီ အပရန္တဘဝစက်ကို ပြတ်အောင်ဖြတ်ရမယ်။

အပရန္တဘဝစက်ကို ပြတ်အောင်ဖြတ်တော့ ပုဗ္ဗန္တဘဝစက်ကိုသိမှသာလျှင် အပရန္တ ဘဝစက်ကပြတ်တယ်၊ ပုဗ္ဗန္တဘဝစက်ကိုမသိဘဲနဲ့ အပရန္တဘဝစက်က မပြတ်ဘူး၊ ဒီတော့ ပုဗ္ဗန္တဘဝစက်မှာ အင်္ဂါဘယ်နှစ်ပါး ရခဲ့သလဲ၊ ခုနစ်ပါးပါဘုရား၊ အဲဒီ အပရန္တဘဝစက်မှာ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ ဥပပတ္တိဘဝလို့ ငါးပါး၊ အဝိဇ္ဇာကအင်္ဂါတပါး၊ တဏှာက အင်္ဂါတပါး၊ ဥပါဒါန်က အင်္ဂါတပါး၊ သင်္ခါရက အင်္ဂါတပါး၊ ကမ္မဘဝ ဥပပတ္တိဘဝက အင်္ဂါတပါး၊ ဒီတော့ အပရန္တဘဝစက်မှာ အင်္ဂါဘယ်နှစ်ပါးလဲ၊ ငါးပါး၊ အေး....အဲဒီငါးပါး အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ ဥပပတ္တိဘဝ ဆိုတဲ့ အပရန္တဘဝစက်ဟာ သူ့အကြောင်းနဲ့ သူ့အကျိုးတွဲနေတယ်၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ ဆိုတဲ့ အကြောင်းငါးပါးမှာ ဥပပတ္တိဘဝဆိုတဲ့ အကျိုးတရားက တွဲဘက်ပါနေတယ်၊ အကြောင်းလဲ ယခု ပစ္စုပ္ပန်ဘဲ၊ အကျိုးလဲ ယခု ပစ္စုပ္ပန်ဘဲ။

ပစ္စုပ္ပန်ဆိုတာက ခဏပစ္စုပ္ပန် သန္တတိ ပစ္စုပ္ပန် အဒ္ဓါ ပစ္စုပ္ပန်လို့ ပစ္စုပ္ပန် ဘယ်နှစ်မျိုးရှိတယ်၊ (၃)မျိုး ရှိပါတယ် ဘုရား။

(၁) **ခဏပစ္စုပ္ပန်**က ခုဖြစ် ခုပျက်တယ်၊ ခဏ ပစ္စုပ္ပန်ဆို တာ ဘယ်လို၊ ခုဖြစ် ခုပျက်ပါတယ်ဘုရား။

(၂) **သန္တတိပစ္စုပ္ပန်** ဆိုတာက တသုတ်တသုတ်ဖြစ် တသုတ် တသုတ်ပျက် စကားတခွန်း တသုတ်ဖြစ်လိုက်တယ်၊ ပျက်သွားပြီ၊ လက်တရမ်း တသုတ် ဖြစ်လိုက်တယ်၊ ပျက်သွားပြီ၊ ခြေတလှမ်း တသုတ် ဖြစ်လိုက်တယ်၊ ပျက်သွားပြီ၊ အဲဒီလို တသုတ်သုတ်ဖြစ်တာက ဘာ ပစ္စုပ္ပန်လဲ၊ သန္တတိပစ္စုပ္ပန်ပါဘုရား။ အေး....သန္တတိ ပစ္စုပ္ပန်တဲ့။

(၃) **အဒ္ဓါပစ္စုပ္ပန်** ဆိုတာက ပဋိသန္ဓေ နေသည်က စ၍ သေသည်တိုင်အောင် တဘဝလုံးကို အဒ္ဓါ ပစ္စုပ္ပန် ခေါ်တယ်၊ ပဋိသန္ဓေ နေသည်ကစ၍ သေသည်တိုင် အောင် တဘဝလုံး ဘာခေါ်တယ်၊ အဒ္ဓါ ပစ္စုပ္ပန် ပါဘုရား။

အေး....ပဋိစ္စသမုပ္ပါဒ်က အဒ္ဓါပစ္စုပ္ပန်နှင့် ယူရသည်ဖြစ်သော ကြောင့် အဝိဇ္ဇာဆိုတာ ဟိုကမ္ဘာများစွာ ဘဝများစွာကတဲက မသိခဲ့ကြတဲ့ အဝိဇ္ဇာတွေ ယခုဘဝကျအောင် ပါမလာကြဘူး လား၊ ဘဝများစွာ ကမ္ဘာများစွာက ပါလာတဲ့ အဝိဇ္ဇာတွေ

ယခုဘဝမှာ မရှိကြဘူးလား၊ ရှိပါတယ်ဘုရား။ အဲဒါ သူ့ကို ပစ္စုပ္ပန်ခေါ်ရတယ်၊ ဘာဖြစ်လို့လဲ၊ ဘဝနဲ့ပိုင်းခြားလျှင် ယခုဘဝမှာ ရှိနေသောကြောင့် ဘဝများစွာ ကမ္ဘာများစွာကပါလာတဲ့ အဝိဇ္ဇာတွေ ယခုဘဝမှာ ပျောက်သွားပြီလို့ ဆိုမလား၊ ရှိနေတယ်လို့ ဆိုမလား၊ ရှိနေပါတယ်ဘုရား။

အေး....ယခုဘဝမှာ ရှိနေခြင်းကြောင့် ဘယ်အတိတ် ဘဝကဖြစ်ခဲ့တဲ့ အဝိဇ္ဇာဘဲဖြစ်ဖြစ် ယခုလက်ရှိ ခန္ဓာမှာ ရှိနေရင် ပစ္စုပ္ပန်အကြောင်းတဲ့ တဏှာကလဲ ထိုနည်း တူစွာဘဲတဲ့၊ ဘယ်ဘဝကဘဲ ဖြစ်ခဲ့ဖြစ်ခဲ့ ဘယ်ကမ္ဘာကဘဲ ဖြစ်ခဲ့ဖြစ်ခဲ့ ယခုလက်ရှိခန္ဓာမှာ တဏှာသည် အနုသယအနေနဲ့ ကိန်းပြီးတော့ ရှိမနေဘူးလား၊ ရှိနေပါတယ်ဘုရား။ ဟိုရှေး အတိတ် အတိတ်ကပါလာတဲ့ တဏှာလဲဘဲ ယခု လက်ရှိခန္ဓာမှာ ရှိနေခြင်းကြောင့် ပစ္စုပ္ပန် ဥပါဒါန်ဆိုတာလဲ တရားကိုယ်အားဖြင့် လောဘနဲ့ဒိဋ္ဌိ၊ ဥပါဒါန်က တရားကိုယ်အားဖြင့် ဘာလဲ၊ လောဘနဲ့ ဒိဋ္ဌိပါဘုရား၊ အေး....တရားကိုယ်အားဖြင့် လောဘနဲ့ဒိဋ္ဌိ၊ လောဘနဲ့ ဒိဋ္ဌိဆိုတဲ့ ဥပါဒါန်ကလဲဘဲ ဟိုဘဝများစွာ ကမ္ဘာများစွာက ဖြစ်ခဲ့ပေမယ်လို့ ယခုလက်ရှိ ခန္ဓာတိုင်အောင် လိုက်မလာဘူးလား၊ လိုက်လာပါတယ်ဘုရား၊ ယခုလက်ရှိခန္ဓာမှာ ဥပါဒါန်တရား ရှိမနေဘူးလား၊ ရှိနေပါတယ်ဘုရား၊ ရှေးရှေး ဘဝက ဖြစ်နေသောကြောင့် ပစ္စုပ္ပန်ခေါ်တယ်။

ပြီးတော့မှ "သင်္ခါရ" ကုသိုလ်ကံ အကုသိုလ်ကံ တွေဟာ ရှေးဘဝကပြုခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေပါ၊ ယခုလက်

ရှိဘဝမှာ ထင်ရှားရှိမနေဘူးလား၊ ရှိနေပါတယ်ဘုရား၊ ဒါကြောင့် သင်္ခါရလဲ ပစ္စုပ္ပန် ယခုဘဝမှာ ဖြစ်မှာ မဟုတ်ဘူး ဟိုရှေးရှေးဘဝက ပါလာတဲ့ဟာတွေလဲ ပစ္စုပ္ပန်ဘဲ၊ ဘာဖြစ်လို့တုံး၊ ယခုဘဝတိုင်အောင်ရှိနေလို့ သူတို့လဲ ပစ္စုပ္ပန်ထဲမှာ ပါတယ်။

ဒါဖြင့် သင်္ခါရပြီးတော့ ကမ္မဘဝ၊ သင်္ခါရနဲ့ ကမ္မဘဝကတော့ အရင်းနဲ့ အဖျားဘဲကွာတယ် "သင်္ခါရာ ပုရေစေတနာ၊ ဘဝေါတုမုဥ္စသတ္တမာ" ကုသိုလ်ကံကိုဘဲလုပ်လုပ်၊ အကုသိုလ်ကံဘဲလုပ်လုပ် ရှေးမဆွကလုပ်တာ သင်္ခါရ၊ လုပ်တုံးလုပ်ဆဲမှာ ဘဝ၊ ဒီတော့ သင်္ခါရနဲ့ဘဝဟာ ကာလအားဖြင့်သာ ကွဲပြားတယ်၊ တရားကိုယ်အားဖြင့်တော့ အတူတူဘဲ၊ ကံချည်းဘဲ၊ စေတနာချည်းဘဲ၊ သင်္ခါရလဲစေတနာဘဲ၊ ကမ္မဘဝလဲ စေတနာဘဲလို့မှတ်၊ ကမ္မဘဝနှင့် ဥပပတ္တိဘဝကျတော့ သစ်စေ့မှာ မျိုးပါတယ်၊ မျိုးမှာ ပေါက်စရာအပင်ပါတယ်၊ သစ်စေ့ထဲ ဘာပါတယ်၊ မျိုးပါပါတယ်ဘုရား၊ မျိုးမှာဘာပါတယ်၊ ပေါက်စရာအပင်ပါပါတယ်ဘုရား၊ အေး....အဲဒီမျိုးထဲမှာ ပေါက်စရာအပင်ပါသလို အဲဒီ ကမ္မဘဝဆိုတာမျိုးဘဲ၊ ပေါက်စရာ အပင်ဆိုတာ ဥပပတ္တိဘဝဘဲ။

အဲဒီ ကမ္မဘဝဟူသော မျိုးကြောင့် ကောင်းကျိုး ဆိုးကျိုးပေးစရာ ဥပပတ္တိဘဝ တည်းဟူသောအပင်၊ အဲဒီ ကမ္မဘဝမှာ ထက်ကြပ်ပါနေတယ်တဲ့ အထမြောက်တဲ့ကံမှာ ကောင်းကျိုးဆိုးကျိုး ထက်ကြပ်ပါမနေဘူးလား၊ ပါနေပါတယ်ဘုရား၊ အထ

မြောက်လိုက်တဲ့ကံမှာ ကောင်းကျိုးဆိုးကျိုး ထက်ကြပ်ပါနေ တယ်နော်၊ အဲဒီဘော့ အထမြောက်လိုက်တဲ့ ကံမှာ ယက်ကြပ် ပါနေတဲ့ ကောင်းကျိုး ဆိုးကျိုးသည်ပင်လျှင် ဥပပတ္တိဘဝ၊ ကံ နှင့်အတူတကွ တွဲပါနေတဲ့ ကောင်းကျိုးဆိုးကျိုးကို ဘာခေါ် တယ်၊ ဥပပတ္တိဘဝပါဘုရား၊ အေး....ဥပပတ္တိဘဝခေါ်တယ်။

စာကတော့ ဘဝကြီးကိုးပါးလို့ပြောတယ်၊ ကာမဘဝ ရူပ ဘဝ အရူပဘဝ အဲဒါကသုံးပါး၊ သညီဘဝ အသညီဘဝ နေ ဝသညီနာသညီဘဝ အဲဒါကသုံးပါး၊ ဧကဝေါကာရဘဝ စတု ဝေါကာရဘဝ ပဉ္စဝေါကာရဘဝ အဲဒါကသုံးပါး၊ သုံးပါးသုံး လီကိုးပါး၊ အဲဒါ ဘဝကြီးကိုးပါးခေါ်တယ်၊ ဥပပတ္တိဘဝဟာ ဘဝကြီးကိုးပါးလို့ စာက သာမညဆိုတယ်ဖြစ်ပြီးသော ဘဝ ကြီးကိုးပါးလား၊ ဖြစ်ဆဲဘဝကြီး ကိုးပါးလား၊ နောင်ဖြစ်ရမဲ့ ဘဝကြီးကိုးပါးလားလို့ ဒီလို ပိုင်းပိုင်းခြားခြားတော့ မပြောဘူး၊ ဥပပတ္တိဘဝဟာ အမှန်က ဘဝကြီးကိုးပါးပါဘဲ။ ဒီလို ဖော် မပြတော့ ဘယ်လိုမှတ်ရမယ်၊ နောင်ဖြစ်ဘို့ အချိန်ရရင် ဖြစ်ဘို့ အခွင့်ရရင် ဖြစ်မဲ့ဘဝကြီး ကိုးပါးပါဘဲလို့ ဒီလိုမှတ်ပါ၊ အေး- ဖြစ်မဲ့ ဘဝကြီးကိုးပါးဟာ အခွင့်မရလို့ သူ့အကြောင်းကံ ကင်းပြတ်သွားရင်လဲ သူချုပ်ဆုံးရမဲ့ ဘဝကြီး ကိုးပါးဘဲ၊ သူ့ အကြောင်းကံ ကင်းပြတ်သွားရင် ဘာဖြစ်မယ်၊ ချုပ်ဆုံးရပါ မယ်ဘုရား၊ အကြောင်းကံ မကင်းပြတ်ရင် ဘာဖြစ်မယ် ရှေး ဘဝဖြစ်ရပါမယ်ဘုရား၊ အဲဒါ ဥပပတ္တိဘဝပြောတာ။

ဒီတော့ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ ဥပ

ပတ္တိဘာဝ အင်္ဂါဘယ်နှစ်ပါး၊ ငါးပါး၊ ဒီငါးပါးမှာ ကမ္မဘာဝ ဥပပတ္တိဘာဝလို့ ဥပပတ္တိဘာဝပါနေသောကြောင့် အကျိုးနဲ့တကွ ရှိနေတဲ့အင်္ဂါ ငါးပါးတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏ ဆိုတဲ့ အင်္ဂါခုနစ်ပါးက အကျိုးချည်းသက်သက် ပစ္စုပ္ပန္နဘာဝစက်၊ အင်္ဂါခုနစ်ပါးက ဘာလဲ၊ အကျိုးချည်း သက်သက်ပါဘုရား၊ ယခု အပရန္တ ဘဝစက်အကြောင်း အင်္ဂါငါးက အကျိုး တွဲဘက်နေပါတယ်တဲ့။ ကိုင်း.... ဆိုစမ်း။

**ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာဘဝေါတိ ပစ္စုပ္ပန္န ပဋိစ္စ သမုပ္ပါဒေါ။**

ဝေဒနာ ပစ္စယာ၊ ဝေဒနာ ဟူသော အကြောင်းကြောင့်။ တဏှာ၊ အဝိဇ္ဇာနှင့်တကွ တဏှာသည်။ သမ္ဘဝတိ၊ ထင်ရှားမကွာ ဖြစ်ပေါ်လာ၏။

တဏှာပစ္စယာ၊ တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်သည်။ သမ္ဘဝတိ၊ ထင်ရှားမကွာဖြစ်ပေါ်လာ၏။

ဥပါဒါန ပစ္စယာ၊ ဥပါဒါန် ဟူသော အကြောင်းကြောင့်။ ဘဝေါ၊ သင်္ခါရနှင့်တကွ ကမ္မ ဥပပတ္တိမည်ရှိ အပြားဘဝ နှစ်ပါးသည်။ သမ္ဘဝတိ၊ ထင်ရှားမကွာ ဖြစ်ပေါ်လာ၏။

ဣတိ၊ ဤသည်ကား။ ပစ္စုပ္ပန္န ပဋိစ္စသမုပ္ပါဒေါ၊ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် တရားတည်း။

ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်တရားဆိုတာ ပုဗ္ဗန္တဘဝစက်က ခုနစ်ပါး၊ အပရန္တဘဝစက်က ငါးပါး၊ အဲဒီ ၁၂-ပါးပါဘဲ၊ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် ၁၂-ပါးဆိုတာ ဘာကိုပြောတာလဲ၊ ပုဗ္ဗန္တ၊ အပရန္တ ဘဝစက် နှစ်ပါးကို ပြောတာပါဘုရား၊ အေး....ဒီတော့ လိုရင်းကဘာလဲ၊ လိုရင်းက အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝဆိုတဲ့ အပရန္တဘဝစက်ပြတ်အောင် လုပ်ကြရမယ်၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ ဆိုတဲ့ အကြောင်း ပြတ်သွားလို့ရှိရင် ဥပပတ္တိဘဝဆိုတဲ့ အကျိုးကော ချုပ်ငြိမ်း မသွားပေဘူးလား၊ ချုပ်ငြိမ်းသွားပါတယ် ဘုရား၊ အေး....ဥပပတ္တိ ဘဝ ချုပ်ငြိမ်းသွားရမယ်။

ဒီတော့ ဒီလိုခွဲမှတ်ပါ၊ အတိတ်ခန္ဓာ၊ ပစ္စုပ္ပန်ခန္ဓာ အနာဂတ် ခန္ဓာ ဖြစ်ထိုက်တဲ့ခန္ဓာလို့ ခန္ဓာလေးမျိုးခွဲမှတ်၊ ရှေးရှေး ဘဝက ပြီးခဲ့ပြီးသော ခန္ဓာတွေက အတိတ်ခန္ဓာ၊ ယခုပစ္စုပ္ပန် ဖြစ်ဆဲခန္ဓာက ပစ္စုပ္ပန်ခန္ဓာ၊ နောင်အနာဂတ် ဖြစ်လတ္တံ့ ခန္ဓာက အနာဂတ်ခန္ဓာ၊ ယခု ဥပပတ္တိဘဝဆိုတာက ဖြစ်ထိုက်တဲ့ ခန္ဓာ။ အဲဒီ ဥပပတ္တိဘဝက အနာဂတ်ခန္ဓာနဲ့ ရောမနေတယ်၊ ဖြစ်ထိုက်တဲ့ ခန္ဓာက အကြောင်း မကင်းသေးရင် နောင်အနာဂတ်မှာ ဖြစ်လိမ့်အုံးမယ်၊ အကြောင်းကင်းသွားလို့ရှိရင် ယခု ပစ္စုပ္ပန်မှာဘဲ ပြတ်သွားရမယ်၊ ဥပပတ္တိဘဝကလေ၊ မှန်ပါ ဘုရား၊ အဲဒီဖြစ်ထိုက်တဲ့ခန္ဓာကို ဥပပတ္တိဘဝလို့ ခေါ်တယ်၊ ခန္ဓာ လေးမျိုးမှတ်၊ ခန္ဓာ ဘယ်နှစ်မျိုးမှတ်ရမယ်၊ လေးမျိုးပါ ဘုရား၊ **ဆိုစမ်း**၊ "အတိတ်ခန္ဓာ၊ ပစ္စုပ္ပန်ခန္ဓာ၊ အနာဂတ် **ခန္ဓာ၊ ဖြစ်ထိုက်**တဲ့ခန္ဓာ"။

အေး....အဲဒီခန္ဓာလေးမျိုးတို့တွင် ဖြစ်ထိုက်တဲ့ခန္ဓာ ဆိုတာက ဥပပတ္တိဘဝတဲ့၊ အဲဒီ ဥပပတ္တိဘဝဆိုတာ သစ္စာဖွဲ့ရင် ခန္ဓာချင်း တူသောကြောင့် ဒုက္ခသစ္စာဘဲတဲ့၊ အဲဒီဒုက္ခသစ္စာ ဥပပတ္တိဘဝ ရဲ့ အကြောင်းဖြစ်တဲ့ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မ ဘဝတို့က ဘာလဲ၊ သမုဒယသစ္စာ၊ ဒီတော့ အပရန္တဘဝစက် မှာပင် သမုဒယသစ္စာ ဒုက္ခသစ္စာ နှစ်ပါးစလုံး တွဲဘက်၍ ရှိ နေတယ်၊ အပရန္တဘဝစက်မှာ သစ္စာ ဘယ်နှစ်ပါးရှိတယ်၊ နှစ် ပါး ရှိပါတယ် ဘုရား၊ နှစ်ပါးက ဘာလဲ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝက သမုဒယသစ္စာ၊ ဥပပတ္တိဘဝ က ဒုက္ခသစ္စာပါဘုရား။

အေး....ဒီတော့ အပရန္တဘဝစက်မှာ ဒုက္ခသစ္စာ သမုဒယ သစ္စာ နှစ်ပါး တွဲပြီး ပါပါနေတော့ကာ အပရန္တဘဝစက် သမုဒယသစ္စာ ကင်းပြတ်သွားရင် ဒုက္ခသစ္စာ မချုပ်ငြိမ်းပေဘူး လား၊ ချုပ်ငြိမ်းပါတယ်ဘုရား၊ အေး....သမုဒယသစ္စာကင်းပြတ် သွားရင် ဒုက္ခသစ္စာ ချုပ်ငြိမ်းရမယ်။

ဒီတော့ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ ဆို တဲ့ သမုဒယသစ္စာကင်းပြတ်တဲ့အခါကျတော့ အဝိဇ္ဇာနေရာမှာ ဝိဇ္ဇာဉာဏ်လာရမယ်၊ အဝိဇ္ဇာနေရာမှာ ဘာလာရမယ်၊ ဝိဇ္ဇာ ဉာဏ် လာရပါမယ်ဘုရား၊ တဏှာ ဥပါဒါန်နေရာမှာ သဒ္ဓါ လာရမယ်၊ တဏှာ ဥပါဒါန်နေရာမှာ ဘာလာရမယ်၊ သဒ္ဓါ လာရပါမယ်ဘုရား၊ တဏှာက ပသာဒသဒ္ဓါ၊ ဥပါဒါန်က အဓိ မောက္ခသဒ္ဓါတဲ့၊ ပြီးတော့ သင်္ခါရ နေရာမှာ ဝိပဿနာဉာဏ်

လာရမယ်၊ သင်္ခါရနေရာမှာ ဘဝလာရမယ်၊ ဝိပဿနာဉာဏ် လာရပါမယ်ဘုရား၊ အေး....သင်္ခါရနေရာမှာ ဝိပဿနာဉာဏ် လာရမယ်၊ ကမ္မဘဝနေရာမှာ မဂ်ဉာဏ်လာရမယ်၊ ကမ္မဘဝ နေရာမှာ ဘဝလာရမယ်၊ မဂ်ဉာဏ်လာရပါမယ်ဘုရား။

ဒီတော့ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ ဆို တဲ့ သမုဒယသစ္စာမှာ ဝိဇ္ဇာဉာဏ်ရယ် သဒ္ဓါရယ် ဝိပဿနာ ဉာဏ်ရယ် မဂ်ဉာဏ်ရယ်လို့ လာလိုက်ကြတဲ့ အခါကျတော့ သမုဒယသစ္စာကင်းမသွားပေဘူးလား၊ ကင်းသွားပါတယ်ဘုရား၊ သမုဒယကင်းသွားလို့ ရှိရင် ဒီသမုဒယသစ္စာမှာ တွယ်မှီနေတဲ့ ဥပပတ္တိဘဝ ချုပ်ငြိမ်းမသွားပေဘူးလား၊ ချုပ်ငြိမ်းသွားပါ တယ်ဘုရား၊ အေး....ဥပပတ္တိဘဝချုပ်ငြိမ်းသွားရမယ်။

ဒီတော့ ရှိနေတဲ့ ဥပပတ္တိဘဝက ဒုက္ခသစ္စာ။
ချုပ်ငြိမ်းသွားရတဲ့ ဥပပတ္တိဘဝက နိရောဓသစ္စာ။

အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝက သမုဒယ သစ္စာ။

သူ့နေရာမှာဝင်တဲ့ ဝိဇ္ဇာဉာဏ်ရယ် သဒ္ဓါရယ် ဝိပဿနာ ဉာဏ်ရယ် မဂ်ဉာဏ်ရယ်က မဂ္ဂသစ္စာ။

အဲဒီ အပရန္တဘဝစက်မှာဘဲ သစ္စာလေးပါး စုံမနေဘူးလား၊ စုံနေပါတယ်ဘုရား၊ အဲဒီလို အပရန္တဘဝစက်မှာ သစ္စာ လေး ပါးစုံမှ ရောဟိတ နတ်သား ဝတ္ထုမှာ ဒုက္ခလဲ့ ဤကိုယ်မှာ၊

သမုဒယလဲ ဤကိုယ်မှာ၊ မဂ္ဂလဲ ဤကိုယ်မှာ၊ နိရောဓလဲ ဤကိုယ်မှာလို့ မြတ်စွာဘုရားက မဟောဘူးလား၊ ဟောပါတယ် ဘုရား။

ဒီတော့ အပရန္တဘ၀စက်မှာ သစ္စာလေးပါး မတွေ့ဘူးလား၊ တွေ့ပါတယ်ဘုရား၊ ဒီအပရန္တဘ၀စက်မှာရှိတဲ့ သစ္စာလေးပါးကို ရည်စူးပြီး ကိုယ်တော်မြတ်က ဒုက္ခရော သမုဒယရော နိရောဓရော မဂ္ဂရော သစ္စာလေးပါးစလုံး ဒီကိုယ်မှာ ရှိတယ်၊ သစ္စာလေးပါးစလုံး ဘယ်မှာရှိတယ်၊ ဒီကိုယ်မှာ ရှိပါတယ် ဘုရား၊ - တခြားမှာသွားပြီး ရှာမနေနဲ့ ဒီကိုယ်မှာဘဲ ရှိတယ်၊ ဒီတော့ ဒီကိုယ်မှာရှိတဲ့ သစ္စာလေးပါးကို တွေ့ချင်ကြရင် ဒီကိုယ်မှာရှိတဲ့ ပုဗ္ဗန္တဘ၀စက် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏဆိုတဲ့ အကျိုးတရားကို သိအောင်လုပ်၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏ ဆိုတဲ့ အကျိုးတရားကို ဘာလုပ်ရမယ်၊ သိအောင် လုပ်ရပါမယ်ဘုရား၊ ဘာနဲ့လုပ်ရမယ်၊ သတိနဲ့ လုပ်ရပါမယ်ဘုရား။

အေး....သတိရင့်ကျက်တဲ့အခါ သမာဓိဖြစ်မယ်၊ ၎င်း သတိသမာဓိကြောင့် ဉာဏ်ဖြစ်မယ်၊ အဲဒီသတိသမာဓိကြောင့် ဖြစ်တဲ့ ဉာဏ်နဲ့သိမှသာလျှင် အမှန်ရောက်မယ်တဲ့၊ ပထမ ဉာဏ်မရှိခင် သတိ သမာဓိထူထောင်၊ သတိ သမာဓိ ထူထောင်လို့ သတိဖြစ်လာပြီ သမာဓိဖြစ်လာပြီဆိုရင် ဒီသတိ သမာဓိကြောင့် ဉာဏ်မှန် မဆိုက်ဘူးလား၊ ဆိုက်ပါတယ်ဘုရား၊ အဲဒီလို ဉာဏ်

မှန် ဆိုက်မှ ဖြစ်ဆဲ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏ ဆိုတဲ့ အကျိုးတရားကို ပရိညာ ဆိုက်အောင် ပိုင်းပိုင်းခြားခြား ဂဂဏဏ ဘွားကနဲ သိလိမ့် မယ်တဲ့။

လက်ရှိခန္ဓာကို ဘာခေါ်တယ်၊ ဝိပဿနာဘူမိလို့ ခေါ်ပါ တယ်ဘုရား၊ လက်ရှိခန္ဓာကို ဝိပဿနာ ဘူမိခေါ်သောကြောင့် လက်ရှိခန္ဓာကို ဝိပဿနာဉာဏ်နဲ့ ပရိညာဆိုက်အောင်လုပ်၊ ပရိ ညာဆိုက်အောင် လုပ်တော့မှ ယခုလက်ရှိ အပရန္တ ဘဝစက် ခေါ်တဲ့ သမုဒယသစ္စာ ဒုက္ခသစ္စာ အဲဒီ သစ္စာနှစ်ပါးနေရာမှာ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာဝင်ပြီးတော့ ကင်းပြတ် ချုပ်ငြိမ်းလိမ့် မယ်တဲ့၊ သမုဒယသစ္စာဆိုတာ ဘာကင်းပြတ်တယ်၊ ဒုက္ခသစ္စာ ဆိုတာဘာလဲ ချုပ်ငြိမ်းတယ်၊ အေး....သမုဒယသစ္စာ ကင်းပြတ် လို့ ဒုက္ခသစ္စာ ချုပ်ငြိမ်းရမှာတဲ့။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကလာတဲ့ သစ္စာလေးပါးဆိုတာ အဲဒါကို ပြောလိုတာ၊ ဘယ်လို လက်ာစပ်ထားပါလိမ့်။

**အဝိဇ္ဇာ တဏှာ ဥပါဒါန်၊ သင်္ခါရ ဘဝ၊ ဤငါး၀၊ မှတ် ကြသမုဒယ။**

အဲဒါ သမုဒယသစ္စာ ငါးပါးတဲ့၊ ဘဝဆိုတာက ကမ္မဘဝ ခေါ်တယ်၊ "အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ဘဝ၊ ဤငါး ၀၊ မှတ်ကြသမုဒယ" အဲဒီငါးဦးဟာ အပရန္တ ဘဝစက်မှာ သမုဒယသစ္စာဘဲတဲ့ အဲဒီသမုဒယသစ္စာနဲ့ တွဲဘက်နေတဲ့ ဥပပတ္တိ

ဘဝအမည်ရတဲ့ ဖြစ်ထိုက်တဲ့ခန္ဓာက ဒုက္ခသစ္စာ၊ ဒါကြောင့်.... လက်ာက ဘာလဲ ဆိုစမ်း။

**ဥပပတ္တိဘဝ၊ အမည်ရ၊ မှတ်ကြဒုက္ခသာ။**

အဲဒါ ဒုက္ခသစ္စာကိုဆိုလိုတယ်၊ ဒီတော့ သမုဒယ သစ္စာနဲ့ ဒုက္ခသစ္စာ နှစ်ပါးတွဲပြီးတော့ ပေါ်မနေဘူးလား၊ ပေါ်နေပါ တယ်ဘုရား၊ ပြီးတော့မှ မဂ္ဂသစ္စာက....

**ဝိဇ္ဇာ သင်္ခါ၊ ဝိပဿနာဥာဏ်၊ မဂ်ကိုရ၊ မဂ္ဂမည်သညာ။**

အဲဒီ နေရာမှာ ဝိဇ္ဇာရယ် သင်္ခါရယ် ဝိပဿနာရယ် မဂ် ဥာဏ်ရယ် ဝင်လာလိမ့်မယ်၊ ဝင်လာတဲ့အခါကျတော့ မဂ္ဂ သစ္စာဖြစ်သွားတယ်၊ အဲဒီမဂ္ဂသစ္စာဖြစ်တော့မှ ဟိုက သမုဒယ သစ္စာငါးပါး ကင်းပြတ်ပြီးတော့ သမုဒယသစ္စာနဲ့ တွဲပါလာတဲ့ ဥပပတ္တိဘဝ ချုပ်ငြိမ်း မသွားပေဘူးလား၊ ချုပ်ငြိမ်းသွားပါ တယ်ဘုရား၊ အဲဒီ ဥပပတ္တိဘဝချုပ်ငြိမ်းတာက နိရောဓသစ္စာ။

**ဥပပတ္တိဘဝ၊ ချုပ်ငြိမ်းက၊ မှတ်ပါ့နိရောဓာ။**

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ကလာတဲ့ သစ္စာလေးပါး စုံမသွား ဘူးလား၊ စုံသွားပါတယ်ဘုရား၊ ပဋိစ္စသမုပ္ပါဒ်ကလာတဲ့ သစ္စာ လေးပါးနှင့် ဓမ္မစကြာကလာတဲ့ သစ္စာလေးပါးကို ညှိလိုက် တော့ အတူတူဘဲ၊ ဟိုက ဘာကိုဆိုတယ်။

**ဥပါဒါန်၊ ငါးဝခန္ဓာ၊ ဖြစ်လာသမျှ၊ ဘုံဘဝ၊ ဒုက္ခ သစ္စာသိ။**

ဟုတ်လား၊ ဒီတော့ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မ

ဘဝနဲ့တွဲလာတဲ့ ဥပပတ္တိဘဝဟာ ဥပါဒါနက္ခန္ဓာအဖြစ်နဲ့ ဘုံဘဝမှာ သူဖြစ်မယ်၊ မဟုတ်လား၊ ဖြစ်မှာပါဘုရား၊ အေး.... ဖြစ်မှာဖြစ်သောကြောင့် သူ့ကို ဒုက္ခသစ္စာလို့ဆိုလိုတယ်၊ အမှန်ကဖြစ်မှာဘဲ၊ မဖြစ်ဘဲမနေဘူး၊ အကြောင်းမပြတ်ရင် ဖြစ်မှာဘဲ မဟုတ်လား၊ အေး....ဖြစ်မှာဖြစ်သောကြောင့် ဥပပတ္တိဘဝဟာ ဘာသစ္စာလဲ၊ ဒုက္ခသစ္စာပါဘုရား၊ ဒါကြောင့် ဓမ္မစကြာကလာတဲ့ "ခန္ဓာငါးဝ၊ ဖြစ်လာသမျှ၊ ဘုံဘဝ၊ ဒုက္ခသစ္စာသိ" ဆိုတာနဲ့ တကိုက်ထဲကျမသွားဘူးလား၊ ကျသွားပါတယ်ဘုရား၊ အေး....ကျသွားတယ်။

ပြီးတော့မှ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝဆိုတဲ့ သမုဒယသစ္စာ ငါးပါးထဲမှာ တဏှာမပါဘူးလား၊ ပါပါတယ်ဘုရား၊ အေး....ဟိုဓမ္မစကြာလေးပါးက "တဏှာသုံးဝ ရှိလေက၊ သမုဒယမှတ်လေပါ" တဏှာကိုသမုဒယပြောမထားဘူးလား၊ ဒီမှာလဲ သမုဒယသစ္စာဘဲတဲ့ တဏှာကို သမုဒယသစ္စာ ကောက်လိုက်တော့ သူနဲ့ တွဲဘက်ဖြစ်တဲ့ အဝိဇ္ဇာတို့ ဥပါဒါန်တို့ သင်္ခါရတို့ ကမ္မဘဝတို့ဟာ သမုဒယသစ္စာထဲ ဝင်သွားရောပေါ့ဒီလိုညှိလိုက်ရင် မရဘူးလား၊ ရပါတယ်ဘုရား၊ အေး.... ဒုက္ခကဥပါဒါနက္ခန္ဓာ အဖြစ်နဲ့ ထိုထိုဘုံဘဝမှာ ဖြစ်ရမှာ ဖြစ်သောကြောင့် ဥပပတ္တိဘဝသည် ဒုက္ခ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝဆိုတဲ့ သမုဒယသစ္စာမှာ တဏှာ ခေါင်းဆောင်သောကြောင့် သမုဒယကို ဟိုကတော့ တဏှာချည်းသက်သက်ထုတ်ပြတယ်၊ ဒီကတော့ တဏှာနဲ့ ယှဉ်ဖော် ယှဉ်ဖက် ဖြစ်ဖော်ဖြစ်ဖက်တရားတွေပါ အကုန်ထုတ်ပြတယ်။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ပြောသလိုတင် မယူရဘူး ဖြစ်သင့်သလောက် အကုန်ယူရတယ်၊ ဒါကြောင့် ဒီလိုမှတ်ကြ။

(၁) အကြောင်းတပါးကြောင့် အကျိုးတပါး ဖြစ်ရိုးမရှိ။
(၂) အကြောင်းတပါးကြောင့် အကျိုးအများ ဖြစ်ရိုးမရှိ။
(၃) အကြောင်းအများကြောင့် အကျိုးတပါး ဖြစ်ရိုးမရှိ။
(၄) အကြောင်းအများကြောင့်သာ အကျိုးအများ ဖြစ်ရိုးရှိသည်၊

အဲဒါ တထစ်ချမှတ်ထား၊ ဖြစ်လေသမျှ များစွာသော အကြောင်းကြောင့် များစွာသော အကျိုးဖြစ်တယ်တဲ့၊ တပါးသောအကြောင်းကြောင့် တပါးသောအကျိုး၊ တပါးသောအကြောင်းကြောင့် များစွာသော အကျိုး၊ များစွာသော အကြောင်းကြောင့် တပါးသောအကျိုး ဒီလို ဖြစ်ရိုး ထုံးစံမရှိဘူးတဲ့။

သို့သော်လဲ ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်နဲ့၊ အကြောင်းအကျိုး တပါးစီဟောသွားတာက ဒေသနာဝိလာသ ပုဂ္ဂလဇ္ဈာသယတဲ့၊ ဘုရားကိုယ်တော်မြတ်က ဒေသနာကို တန်ဆာ ဆင်လိုသောကြောင့် အကြောင်းတပါး အကျိုးတပါး ဟောတာတဲ့၊ ပုဂ္ဂလဇ္ဈာသယ ဆိုတာက ပုဂ္ဂိုလ် အလိုလိုက်ပြီးတော့ ဒီသတ္တဝါ ဒီလိုဟောမှ တရားရမယ်လို့ ကိုယ်တော်မြတ် သိတော်မူလို့ အကြောင်းတပါး အကျိုးတပါးကို ဖော်ပြတာ

စင်စစ် အကြောင်းတပါး အကျိုးတပါး ဖြစ်တယ်ဆိုတာ ထုံး စံမဟုတ်ဘူးတဲ့၊ အကြောင်းတပါးကြောင့် အကျိုးတပါး ဖြစ် ကောင်းသလား၊ မဖြစ်စကောင်းပါဘုရား၊ အကြောင်း တပါး ကြောင့် အကျိုးအများ ဖြစ်စကောင်းသလား၊ မဖြစ်စကောင်း ပါဘုရား၊ အကြောင်းအများကြောင့်သာ အကျိုးအများ ဖြစ်ရ မယ်တဲ့ အဲဒါကိုလဲသိထား။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ဟာ ဟောရင် ဟောသလောက် တင် မဟုတ်ဘူးတဲ့ပါသင့်ပါထိုက်တာတွေပါအကုန်လုံးသိရမယ် လို့ဆိုတယ်၊ ကြည့်စမ်း ဟိုမှာဓမ္မစကြာတုံးက တဏှာကို ဘာ ခေါ်တယ်၊ သမုဒယသစ္စာ ခေါ်ပါတယ်ဘုရား၊ ဟောဒီကျ တော့ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ အဲဒီငါး ပါးစလုံးကို သမုဒယသစ္စာ ကောက်ထားတယ်၊ သမုဒယသစ္စာ ဆိုတာ အမှန်အားဖြင့် အကြောင်းဟူသ၍ သမုဒယသစ္စာချည်း ပါဘဲ၊ ဒီသမုဒယ သစ္စာတွေကို ခွဲလိုက်တော့ ဘာနဲ့ဘာရှိသလဲ၊ ကိလေသာနဲ့ ကံသာရှိပါတယ်ဘုရား၊ အဝိဇ္ဇာ တဏှာ ဥပါ ဒါန်က ကိလေသာ၊ သင်္ခါရနဲ့ကမ္မဘဝကကံ၊ အေး....သမုဒယ ဆိုတာ ကိလေသာနဲ့ကံဘဲ၊ အကြောင်းသမုဒယလို့ဆိုရင် အ ကျိုးဖြစ်ထိုက်တဲ့ ဥပပတ္တိဘဝဟာ အကျိုးဒုက္ခဖြစ်ရမှာပေါ့။

ဒီတော့ ပဋိစ္စသမုပ္ပါဒ် ဆက်တယ် ပဋိစ္စသမုပ္ပါဒ်ပြတ်တယ် ဆိုတာ ဥပပတ္တိဘဝကနေယူ၊ အကြောင်းမကင်းသေးရင် ဒီ ဥပပတ္တိဘဝဟာ နောင်သံသရာမှာ ဘဝကြီး ကိုးပါး အနေနဲ့ မဖြစ်ပေဘူးလား၊ ဖြစ်ပါတယ်ဘုရား၊ ဒီလိုဖြစ်သွားခဲ့ရင် ဥပ

ပတ္တိဘဝက ပဋိစ္စသမုပ္ပါဒ် ဆက်မသွားဘူးလား၊ ဆက်သွားပါတယ် ဘုရား၊ အကြောင်း ကင်းပြတ် သွားရင် ဒီ ဥပပတ္တိဘဝ မချုပ်ငြိမ်းဘူးလား၊ ချုပ်ငြိမ်းပါတယ်ဘုရား၊ ဖြစ်နိုင်အုံးမလား၊ မဖြစ်နိုင်ပါဘုရား၊ အေး....ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်ဆိုတာ ဒီဥပပတ္တိဘဝကပြတ်ထာတဲ့၊ ဆက်တယ်ဆိုတာလဲ ဥပပတ္တိဘဝက ဆက်တယ်၊ ပြတ်တယ်ဆိုတာလဲ ဥပပတ္တိဘဝက ပြတ်တယ်။

ဒါကြောင့် ဥပပတ္တိဘဝရှိနေခြင်းသည် ဒုက္ခသစ္စာ၊ ဥပပတ္တိဘဝ ချုပ်ငြိမ်းရှသွားခြင်းသည် နိရောဓသစ္စာ၊ အေး....ဒီ ဒုက္ခသစ္စာ နိရောဓသစ္စာ နှစ်ပါးဘဲ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝက သမုဒယသစ္စာ၊ ဝိဇ္ဇာဉာဏ်ရယ် သဒ္ဓါရယ် ဝိပဿနာဉာဏ်ရယ် မဂ်ဉာဏ်ရယ်ဆိုတာက မဂ္ဂသစ္စာ၊ အဲဒီ မဂ္ဂသစ္စာမှာလဲ ဝိဇ္ဇာဉာဏ်တို့ သဒ္ဓါတို့ ဝိပဿနာဉာဏ်တို့က မဂ်ဉာဏ်ဖြစ်ဘို့အထောက်အပံ့တွေတဲ့၊ စင်စစ်ကတော့ မဂ်ဉာဏ် ကျမှ လိုရင်း၊ မဂ်ဉာဏ်ကျတော့ ဘယ်လိုဖြစ်မယ်၊ ကမ္မဘဝက မဂ်ဉာဏ်ဖြစ်တဲ့အခါကျတော့ အဲဒီမဂ္ဂင်ရှစ်ပါး ဘာဝနာ ရှစ်ပါးနဲ့ အပြည့်အစုံ လောကုတ္တရာ မဂ်ဖြစ်ဘို့ရာ ဒီက ဝိဇ္ဇာဉာဏ်တို့ သဒ္ဓါတို့ ဝိပဿနာဉာဏ်တို့က အထောက်အပံ့ ဖြစ်တယ်၊ အထောက်အပံ့ဖြစ်တဲ့တရားတွေကို ဒီနေရာမှာ မဂ္ဂသစ္စာထဲ ထည့်ပြပြန်တယ်၊ ဘာတုံး၊ ပဋိစ္စသမုပ္ပါဒ်က။

အေး....ဒီတော့ ပဋိစ္စသမုပ္ပါဒ်မှာ လာတဲ့ သမုဒယသစ္စာ၊ ပဋိစ္စသမုပ္ပါဒ်မှာ လာတဲ့ ဒုက္ခသစ္စာ၊ ပဋိစ္စသမုပ္ပါဒ်မှာ လာတဲ့

မဂ္ဂသစ္စာ၊ ပဋိစ္စသမုပ္ပါဒ်မှာလာတဲ့ နိရောဓသစ္စာ၊ ဒီသစ္စာ လေးပါးကို သိနိုင်လောက်ပြီမဟုတ်လား၊ သိနိုင်ပါပြီဘုရား။

ဒီတော့ မှတ်ဘို့က ဘာတုံး၊ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်မှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏ ရှေ့ခုနစ်ပါးဟာ ပစ္စုပ္ပန္နဘဝစက်၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ ဥပပတ္တိဘဝဟာ အပရန္တဘဝစက်၊ ပစ္စုပ္ပန္နဘဝစက်ဆိုတာ ရှေးအတိတ်နှင့်ဆက်လို့ အပရန္တဘဝစက် ဆိုတာ နောက်အနာဂတ်သွားဘို့ရာ ခြေပြင်နေလို့ ခြေလှမ်းပြင်နေတဲ့စက်ကို ဖျက်ပစ်လိုက်လို့ရှိရင် နောင်အနာဂတ်သွားနိုင်ပါအုံးမလား၊ မသွားနိုင်တော့ပါဘုရား၊ ဒါကြောင့် နောင်အနာဂတ်မသွားနိုင်အောင် ခြေလှမ်းပြင်နေတဲ့အပရန္တဘဝစက်ကို ဖျက်နိုင်အောင် ကြိုးစား အားထုတ် နိုင် ကြပါစေ ကုန်သတည်း။

သာဓု....သာဓု....သာဓု ပါဘုရား။

×　　×　　×　　×

မြောင်းမြမြို့ ဝေဠုဝတီကမ္မဋ္ဌာန်းတိုက် ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားအား ဗိုလ်မှူးဟောင်း ဦးထွန်းလင်းက တောင်းပန်လျှောက်ထားသဖြင့် ၁၃၃၁-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် တပည့်တို့အား ဟောကြားဆုံးမတော်မူအပ်သော

## ဝိပဿနာ အားထုတ်နည်း တရားတော်

အပြောနဲ့အလုပ်ဟာ သိပ်မလွယ်ဘူးဟေ့၊ စပ်မိလို့ ပြောရတာ၊ လိုရင်းတရားက နိဗ္ဗာန်၊ ဗုဒ္ဓဘာသာတိုင်း လိုရင်းတရားက နိဗ္ဗာန် ဟုတ်လား၊ နိဗ္ဗာန်ဆိုတာ ဘာသဘောလဲ။

လူတယောက် မကျန်းမမာ အသည်းအသန်ဖြစ်ကရော၊ အင်မတန် အပူပြင်းထန်တဲ့ မပြောကောင်း မဆိုကောင်း တိုက်ဖျာက်ဆိုပါတော့၊ လူးရလှိမ့်ရလောက်အောင် ငန်းဖမ်းပြီး လူတယောက် ဒုက္ခဝေဒနာကြီး အပြင်းအထန် တွေ့နေရတယ် ဆိုပါတော့နော်၊ အဲဒီဝေဒနာပျောက်ကင်းစေတဲ့ ဆေးကောင်းဝါးကောင်းနဲ့ ကုသလို့ အဲဒီဆေးကောင်းဝါးကောင်း မှီဝဲလိုက်တော့ ဒီရောဂါဝေဒနာကြီး ချက်ချင်းပျောက်ငြိမ်းသွားတယ်၊

မချိမဆံ့ခံရတဲ့ ရောဂါဝေဒနာကလဲ ကိုယ်တွေ့၊ ဒီရောဂါကြီး ပျောက်ငြိမ်းသွားတာလဲ ကိုယ်တွေ့၊ နှစ်မျိုးစလုံး ကိုယ်တွေ့ မဟုတ်လား။

ဘယ်နှယ်လဲ၊ စက်ရှင်မင်းကြီး မဟုတ်လား၊ ဟုတ်ပါ့ဘုရား၊ ရောဂါဝေဒနာ ပြင်းထန်တဲ့ ဒုက္ခဝေဒနာဟာ ဆိုးဝါးတယ် ဆိုတာ သူများမေးဘို့လိုသေးသလား၊ မလိုတော့ပါဘုရား၊ ကိုယ်တွေ့ဘဲ၊ ဒါဖြင့် ဆေးကောင်းဝါးကောင်းနဲ့တွေ့လို့ ဒီရောဂါ ပျောက်ငြိမ်းသွားတယ်၊ ချမ်းသာသွားတယ် ဟုတ်လား၊ ဒါ ကော ကိုယ်တွေ့ဘဲ၊ ဘယ်သူ့ကိုမှ မေးနေစရာမလိုဘူး၊ နိဗ္ဗာန် ဆိုတာ အဲဒီသဘောဘဲ။

ယခု ဘုံသုံးပါးမှာ ဖြစ်နေရတဲ့ ရုပ်တွေ နာမ်တွေနော်၊ နိဗ္ဗာန်ကလွဲ၍ ဘုံသုံးပါးမှာဖြစ်နေကြရတဲ့ ရုပ်တွေနာမ်တွေဟာ ဘုရားကိုယ်တော်မြတ်ရဲ့ဉာဏ်မှာ အပြင်းအထန်ဖျားပြီး ငန်းဖမ်း နေတဲ့ ဒုက္ခလောက် ကြီးကျယ်တယ်လို့ ထင်နေတယ်၊ ကိုယ် တော်မြတ်ကြီး၏ ဉာဏ်မှာ ဟုတ်လား၊ ပုထုဇဉ်ဉာဏ်မှာမထင် ပေတယ်လို့ ဘုရားရဟန္တာတို့၏ဉာဏ်မှာ အဲဒီရုပ်နာမ် လက်ရှိ ဖြစ်နေတာကြီးဟာ အပြင်းအထန်ဖြစ်နေတဲ့ ဒုက္ခလို့ ကိုယ်တော် မြတ်မှာ သိတယ် ထင်တယ်၊ ဒို့ကသာ မသိတာကိုး၊ ဘုရား ရဟန္တာတို့က မသိနိုင်ဘူးလား၊ ရုပ်တွေ နာမ်တွေ ဒီလိုဖြစ်နေ တာ ပြင်းထန်တယ် ဒီလောက် ဆိုးဝါးတယ်၊ ဘယ်နှယ်လဲ၊ သိနေမယ်မဟုတ်လား။

သိနေတော့ အဲဒီရုပ်နာမ်ချုပ်ငြိမ်းသွားတယ်ဆိုရင် ရုပ်နာမ်

ဒုက္ခ ဖြစ်နေတာ လက်တွေ့၊ ရုပ်နာမ်ဒုက္ခ ချုပ်ငြိမ်းသွားတာလဲ ကိုယ်တွေ့ မဖြစ်ပေဘူးလား၊ ဖြစ်ရမယ်၊ အဲဒီတော့ တရား အားထုတ်တယ်၊ တရားအားထုတ်တယ်ဆိုတာ ဘာလဲ၊ ဘုရား ကိုယ်တော်မြတ်တို့ ရဟန္တာတို့ သိတဲ့ဉာဏ်မှာ ဒီရုပ်နာမ်တွေဟာ တချက်ကမှ သက်သာခွင့်မရပါကလား၊ အဲဒီလို သိအောင်လုပ် ရတာ၊ ဒီလို ဆင်းရဲဒုက္ခကိုသိတော့မှ ဆင်းရဲဒုက္ခပျောက်ငြိမ်းတာ လိုချင်မှာကိုး၊ ယခုလက်ရှိ ရုပ်နာမ်ကို ဒုက္ခမရှိဘူးလို့ထင်လျှင် ဆင်းရဲဒုက္ခပျောက်ငြိမ်းတယ်ဆိုတဲ့ နိဗ္ဗာန်ကို ဘယ်သူမှမလိုချင် ဘူး၊ လိုချင်ပါ့မလား၊ ဘာလို့ မလိုချင်သလဲ၊ ဒီကဆင်းရဲမှန်း မသိလို့ ဟုတ်ဘူးလား၊ ဒီတော့ ဆင်းရဲမှန်းသိအောင် လုပ်ရ မယ်၊ ဆင်းရဲမှန်းသိမှ ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ကို လိုချင်မှာ၊ အ ဓိပ္ပါယ်ကလေ။ ။ဆင်းရဲပျောက်ငြိမ်းတဲ့နိဗ္ဗာန်ကို ဆင်းရဲမှန်း သိမှ လိုချင်မယ်၊ ယခု ဆင်းရဲဒုက္ခလို့သာ ပြောနေတယ် မသိ ဘူး၊ ကိုယ်ဆင်းရဲတာ စိတ်ဆင်းရဲတာ အရာရာ အချိုးမကျတာ ဒါတွေကိုဘဲ ဆင်းရဲမှတ်နေတယ် ဟုတ်လား။

နကုလပိတာဆိုတဲ့ ဥပါသကာကြီးက မြတ်စွာဘုရား သွား လျှောက်တယ်၊ မြတ်စွာဘုရားတဲ့၊ တပည့်တော်လဲ အိုမင်းမစွမ်း ဖြစ်နေပါပြီ ဘုရားတဲ့၊ တခါမှလဲ တပည့်တော်မှာ သက်သာခွင့် မရဘူးတဲ့၊ အိုမင်းမစွမ်းဖြစ်တဲ့အတွက် အမြဲမပြတ်ဒုက္ခခံနေရပါ တယ်၊ ဒီတော့ တပည့်တော်တို့ လူအိုနဲ့ တန်တဲ့တရား အရှင် ဘုရား ဟောတော်မူပါလို့ မြတ်စွာဘုရားကိုသွားလျှောက်တယ်၊ ဘုရားသွားလျှောက်တော့ ဘုရားက ဒကာကြီးတဲ့ အိုလို့ ဒုက္ခ ရောက်တာ မဟုတ်ဘူး။ ရုပ်နာမ်လက်ရှိပုဂ္ဂိုလ်မှန်ရင် ဒုက္ခအမြဲ

ရှိပါတယ်၊ တအောင့်ကလေးလောက် နေကောင်းတယ်လို့ ဝန်ခံတာဟာ မသိခြင်းမှတပါး အကြောင်းမရှိပါဘူးတဲ့၊ ဟာ....ဒီခဏလေးတော့ နေလို့ထိုင်လို့ ကောင်းတာဘဲ အေးချမ်းတာဘဲ၊ ဒီလိုဝန်ခံတဲ့ပုဂ္ဂိုလ်ဟာ မသိခြင်းမှတပါး အကြောင်း မရှိဘူး၊ ရုပ်နာမ်လက်ရှိမှန်ရင် တချိန်မှ မကောင်းရဘူး၊ တခဏကလေးမှ မကောင်းရဘူး။

ဘုရားကိုယ်တော်မြတ်ကြီးအလိုက ငါခုတော့ အိုမင်းမစွမ်းဖြစ်လို့ ဆင်းရဲဒုက္ခနဲ့ ကြုံနေရတယ်၊ ဟိုငယ်ရွယ်စဉ် အခါတုန်းကတော့ ကောင်းပါတယ်၊ ဒီလိုဝန်ခံတဲ့ ပုဂ္ဂိုလ်ဟာ မသိခြင်းမှတပါး အကြောင်းမရှိဘူး၊ ဘယ်အခါမှ မကောင်းဘူး။

ကောင်းပါ့မလား၊ အေး....ဒီ မကောင်းတာကို သိအောင်လုပ်ရမယ်၊ အင်း....မသိတာက ဒီလောက်မသိတာ။ ခေါင်းကိုက်တယ် လက်နာတယ် ရင်ပတ်နာတယ် ညောင်းတယ် ကိုက်တယ် မခံသာဘူး၊ ခန္ဓာကိုယ်မှာ ဝေဒနာ တစ်ခုတခု ဖြစ်လာခဲ့သော် အဲဒီလို မထင်ဘူးလား၊ ခေါင်းကိုက်တယ်လို့ ထင်တယ်၊ လက်မောင်း နာတယ်လို့ထင်တယ်၊ ရင်ပတ်နာတယ်လို့ ထင်တယ်၊ မထင်ဘူးလား၊ အေး....ထင်တယ်၊ အဲဒီလိုထင်တာဟာ မသိတာ၊ အေး....ဘာဖြစ်လို့၊ ခေါင်းဆိုတာမရှိဘူး၊ လက်ဆိုတာမရှိဘူး၊ ရင်ပတ်ဆိုတာ မရှိဘူး၊ ဒူး ပေါင် ခြေ လက် ဘာမှ မရှိဘူး၊ ပရမတ္ထနယ်မှာရှိသလား၊ မရှိဘူး။

**ဒီတော့ မရှိတဲ့ခေါင်းကကိုက်တယ်၊ မရှိတဲ့လက်က နာတယ်၊**

မရှိတဲ့ ရင်ပတ်ကနာတယ်ဆိုတာ မှားသလား မှန်သလား၊ မှား နေတာ၊ ခေါင်းကိုက်တယ်ထင်တာ၊ လက်နာတယ်ထင်တာ၊ ရင် ပတ်နာတယ်ထင်တာ အမှားသိတွေ၊အမှန်သိမဟုတ်ဘူး၊ အေး.... ဒါအမှားသိတွေ၊ တသံသရာလုံးက သိခဲ့တာ၊ ဒီဘဝကျမှ သိတာ မဟုတ်ဘူး၊ ရုပ်ဆိုတာ အကောင်အထည်ကြီးနဲ့ ထင်နေကြတယ်၊ ဒါကြောင့် မှားနေတာနော်။

ဥပမာတခု ထန်းလျက်ခဲကိုစားတယ်၊ ချိုတဲ့အရသာမတွေ့ ဘူးလား၊ ချိုတဲ့အရသာက ကိုင်လို့ရသလား၊ အေး....ချိုတဲ့ အရသာရုပ်၊ ထန်းလျက်ခဲဟာ ရုပ်မဟုတ်ဘူး၊ ငရုတ်သီး စား တယ်၊ စပ်တယ်မဟုတ်လား၊ စပ်တာရုပ်၊ ငရုတ်သီး ရုပ်မဟုတ် ဘူး ဟုတ်လား၊ ဆားကို လျက်တယ် ငန်တယ်၊ ငန်တာ ရုပ်၊ ဆား ရုပ်မဟုတ်ဘူး၊ ထန်းလျက်ခဲချိုတယ်၊ ချိုတဲ့အရသာကို ဆုပ်ကိုင်လို့ရပါ့မလား၊ မရဘူး၊ ထန်းလျက်ခဲက ဆုပ်ကိုင်လို့ ရတယ်၊ ထန်းလျက်ခဲက ရုပ်မဟုတ်ဘူး၊ ချိုတာသာ ရုပ်ဟုတ် တယ်၊ ထန်းလျက်ခဲက ပညတ်၊ ချိုတာက ရုပ်၊ ဒီလို မဟုတ် လား၊ ငရုတ်သီး စပ်တာက ရုပ်၊ ငရုတ်သီးက ရုပ်မဟုတ်ဘူး ပညတ်၊ ဆားငန်တာက ရုပ်၊ ဆားက ရုပ်မဟုတ်ဘူး ပညတ်၊ ရုပ်ကို သဘောပေါက်အောင်ပြောနေတာ။

ရုပ်အစစ်အမှန်က အစိုင်အခဲသဏ္ဌာန်ဒြပ်နှင့် ကိုင်ပြလို့ မရ ဘူးတဲ့၊ ရုပ်စစ် ရုပ်မှန်လေ၊ ရပါ့မလား၊ မရဘူး၊ သို့ပေမဲ့ ဒို့ လူစုတွေထင်နေတာက ထန်းလျက်ခဲကို ရုပ်၊ ငရုတ်သီးကို ရုပ်၊ ဆားကို ရုပ်၊ လက်နဲ့ကိုင်ပြလို့ရတာကို ရုပ်လို့ ထင်မနေဘူး

လား၊ အေး....အဲဒီကျအောင်မသိတာ မှားတာမဟုတ်ဘူးလား ဒါဖြင့် ရုပ်အစိုင်အခဲမရှိကြောင်း ရိပ်မိပြီ မဟုတ်လား။

နာမ်ကတော့ မျက်စိထဲက မြင်မှုပေါ်တယ် အဆင်းနဲ့ ဆိုမိတဲ့အခါ၊ နားထဲက ကြားမှုပေါ်တယ် အသံနဲ့ ဆိုမိတဲ့အခါ၊ နှာခေါင်းထဲက နံမှုပေါ်တယ် အနံ့နဲ့ဆိုမိတဲ့အခါ၊ဟုတ်လား၊ လျှာပေါ်က အရသာပေါ်တယ် စားစရာ အာဟာရနဲ့ ဆိုမိတဲ့အခါ ဟုတ်ဘူးလား၊ ခန္ဓာကိုယ်က အထိပေါ်တယ်၊ အတွေ့ ပေါ်တယ်၊ တွေ့စရာ သိစရာနဲ့ ဆိုမိတဲ့အခါ ဟုတ်လား၊ ရင်ထဲက အသိပေါ်တယ် ထိုထိုအာရုံတွေနဲ့ ကြုံတဲ့အခါ၊ မပေါ်ဘူးလား။

မျက်စိကပေါ်တဲ့ မြင်မှု၊ ဘာနဲ့စပ်မှ ပေါ်သလဲလို့ စဉ်းစားကြည့်၊ အာရုံနဲ့စပ်မှ ပေါ်တယ်၊ အဆင်းအာရုံနဲ့ မစပ်ရင် မြင်မှုပေါ်ပါ့မလား၊ အေး....အဆင်းအာရုံနဲ့စပ်မှ မြင်မှုပေါ်တယ်၊ အသံအာရုံနဲ့စပ်မှ ကြားမှုပေါ်တယ်၊ အနံ့အာရုံနဲ့စပ်မှ နံမှုပေါ်တယ်၊ အရသာအာရုံနဲ့စပ်မှ စားမှုပေါ်တယ်၊ တွေ့စရာထိစရာအာရုံနဲ့စပ်မှ ထိမှုပေါ်တယ်၊ သိစရာ အာရုံ အမျိုးမျိုးနဲ့စပ်မှ သိမှုပေါ်တယ် ဟုတ်လား၊ အဲဒီတော့ လူမှာ မြင်မှုပေါ်တာ၊ ကြားမှုပေါ်တာ၊ နံမှုပေါ်တာ၊ စားမှုပေါ်တာ၊ ထိမှုပေါ်တာ၊ သိမှုပေါ်တာ အဲဒါနာမ်။

လူတကိုယ်လုံး တကောင်လုံးမှာ နာမ်ခြောက်မျိုး ဟုတ်ဘူးလား၊ ဒီတော့ နာမ်ဟာ ဘာနဲ့စပ်သလဲဆိုတော့ အာရုံနဲ့

စပ်တယ် ဆိုရမယ်၊ အာရုံမရှိဘဲနဲ့ နာမ်မပေါ်နိုင်ဘူး၊ ပေါ်နိုင်ပါ့မလား၊ အာရုံ ရှိမှ နာမ်ပေါ်တယ်၊ ဒီအာရုံကြောင့်ပေါ်တဲ့ သဘာဝဟာ ဘာခေါ်တယ်၊ နာမ်၊ ဟုတ်ဘူးလား။

ရုပ်ဆိုတာ အာရုံနဲ့မစပ်ဘူး၊ သူ့ဟာသူ အလွတ်ဖြစ်တယ်၊ ပူတယ်၊ ဘာအာရုံနဲ့မှမစပ်ဘူး၊ သူ့ဟာသူ ပူတယ်၊ အေးတယ်၊ အေးတာ ဘာအာရုံနဲ့မှမစပ်ဘူး၊ သူ့ဟာသူအေးတယ်၊ ပူတယ် အေးတယ် မာတယ် ပျော့တယ် စိုတယ် ခြောက်တယ် လှုပ်တယ် ငြိမ်တယ် အမျိုးမျိုးအဖုံဖုံတွေ၊ ဘာအာရုံနဲ့မှ မစပ်ဘဲနဲ့ သူ့သဘောအတိုင်း ပေါ်မနေဘူးလား၊ ပေါ်ပါတယ်ဘုရား။

အေး....အဲဒါတွေဟာ ရုပ်၊ အာရုံနဲ့မစပ်ဘူး၊ ဒါဖြင့် မြင်ကြား နံ စား ထိ သိ ဆိုတဲ့ နာမ် ခြောက်မျိုး ဟာ ဘာကြောင့် နာမ်ခေါ်ပါလိမ့်၊ လွယ်လွယ်ပြော၊ ဘာလို့ နာမ်ခေါ်သလဲ၊ ရုပ်မဟုတ်လို့၊ မှန်ပါဘုရား။

ဒါဖြင့် ပူမှု အေးမှု အစရှိတဲ့ သဘာဝမှုတွေကို ဘာလို့ ရုပ်ခေါ်သလဲ၊ နာမ်မဟုတ်လို့၊ နာမ်မဟုတ်ရင် ရုပ်၊ ရုပ်မဟုတ်ရင် နာမ်၊ ဒီတော့ နာမ်ဘဲဖြစ်ဖြစ် ရုပ်ဘဲဖြစ်ဖြစ် အမှန်ကဘာလဲ၊ သဘာဝတွေ၊ အစိုင်အခဲ အကောင်အထည် သဏ္ဍာန်ဒြပ် ရှာလို့မရဘူး၊ ရသလား မရဘူး၊ အစိုင်အခဲ သဏ္ဍာန်ဒြပ်ကို ရှာလို့ရရင် ဒီလိုကိုင်ပြလို့ဖြစ်ရင် ဒါပညတ်ဖြစ်သွားရော၊ ရုပ်နာမ်ထဲကို သူမပါတော့ဘူး၊ ပါပါ့အုံးမလား၊ ရုပ်နာမ်ထဲမှာ သူမပါတော့ဘူး၊ အဲဒီတော့ ရုပ်ဆိုတဲ့ သဘာဝ

နာမ်ဆိုတဲ့ သဘာဝကို သိအောင်လုပ်ရမယ်၊ ရုပ်ဆိုတဲ့သဘာဝ နာမ်ဆိုတဲ့ သဘာဝကို သိတော့မှ အော်....ဒီရုပ် ဒီနာမ်ဟာ အစိုင်အခဲ အကောင်သဏ္ဍာန်ဒြပ်လဲ မရှိဘူး၊ မဖြစ်လဲဘဲ မနေဘူး၊ ဖြစ်လာရင်လဲ တာရှည်မခံဘူး၊ အစိုင်အခဲ အကောင်အထည် သဏ္ဍာန်ဒြပ်လဲ မရှိဘူး၊ ရှိသလား၊ မရှိပါဘုရား။

ဒါဖြင့် မဖြစ်ဘဲလဲ နေသလား မနေဘူး၊ ဖြစ်လာရင်ကော တာရှည်ခံသလား မခံဘူးနော်၊ ရုပ်သဘာဝဘဲဖြစ်ဖြစ် နာမ်သဘာဝဘဲဖြစ်ဖြစ် သဘာဝမှန်ရင်နော် သဘာဝနဲ့ ပညတ်ကို ကွဲအောင်မှတ်၊ ဘယ်လိုလဲဆိုတော့ အစိုင်အခဲ သဏ္ဍာန်ဒြပ်နဲ့ ဟောဒါပါလို့ ပြလို့ရရင် ပညတ် ဟုတ်လား၊ သဘာဝ ဆိုတာ ဒါလို့ ပြလို့မရဘူး၊ ပြလို့ မရပေမယ်လို့ မရှိဘူးလား ရှိတယ်၊ ပြလို့လဲမရဘူး၊ ရှိလဲ ရှိတယ် ဟုတ်လား၊ အဲဒီ ရှိတယ် ဆိုတာက ဖြစ်ဆဲခဏကလေးမှာရှိတယ်၊ တာရှည်ခံသလား၊ ဖြစ်ပြီး ပျောက်သွားတာနော်၊ အေး....တာရှည်လဲ မခံဘူး။

အဲဒီတော့ ဥပမာ ဘာကို ပြောမလဲ ဆိုတော့ အကောင်အထည် သဏ္ဍာန်ဒြပ် ပြောလို့မရအောင် ပေါင်ဒါမှုန့်လောက် မှုန့်နေတဲ့ ဖုံမှုန့်ကလေးတွေကို ရေနဲ့လုံးလိုက်တော့ အလုံးဖြစ်လာတယ် ဟုတ်လား၊ လုံးရင် အလုံးဖြစ်တယ်၊ ပြားရင် အပြားဖြစ်တယ်၊ လက်ထဲမှာ လုပ်သလိုဖြစ်မှာပေါ့၊ အလုံးလဲ ဖြစ်နိုင်တယ်၊ အပြားလဲ ဖြစ်နိုင်တယ်၊ အရှည်လဲ ဖြစ်နိုင်တယ်၊ လေးထောင့်လဲ ဖြစ်နိုင်တယ်၊ ပုံသဏ္ဍာန်အမျိုးမျိုး ဖြစ်နိုင်တယ်။ ဖြစ်နိုင်တော့ အဲဒီပုံစံအမျိုးမျိုးထဲမှာ စိတ်နဲ့စိုက်ကြည့်စမ်း၊ အလုံး

ရှိသလား အပြား ရှိသလား အရှည် ရှိသလား လေးထောင့် ရှိသလား နဂို ရေနဲ့ မလုံးခင်က အမှုန့်ဘဲရှိသလား ဟုတ်လား၊ ရေနဲ့ မလုံးခင်က အမှုန့် မဟုတ်လား၊ လုံးလိုက်တော့ အလုံးဖြစ်သွားတဲ့အခါ ဒီအမှုန့်တွေဟာ အလုံးဖြစ်သလား၊ အမှုန့်တွေဟာ အမှုန့်ဘဲရှိမယ်၊ အလုံးထဲမှာ ဥာဏ်စိုက်ကြည့်၊ ဘာတွေ ရှိမလဲဆိုရင် အမှုန့်ဘဲ ရှိရမယ်၊ အမှုန့်တွေက ဘာလို့ အလုံးဖြစ်သလဲဆိုတော့ ရေနဲ့ဆွဲစပ်လို့ ဟုတ်လား။

ဒီတော့ ရေနဲ့ဆွဲစပ်လို့ လုံးတဲ့အလုံးဟာ တကယ်ရှိသလား၊ အမှုန့်တကယ်ရှိသလား၊ အမှုန့်တကယ်ရှိတယ်၊ အေး....ဒီလိုမဟုတ်လား၊ ထို့နည်းတူစွာ ခေါင်းရယ် ကိုယ်ရယ် ခြေရယ် လက်ရယ်လို့ ခေါ်တဲ့ အကောင်ကြီးမှာ အမှုန့်တွေဘဲရှိတယ်နော်၊ အမှုန့်တွေဘဲ ရှိပေမဲ့ ဒီအမှုန့်တခုဟာ ဘယ်လောက်ကြီးသလဲ၊ ပမာဏ အားဖြင့် ပြောမဖြစ်ဘူး။

နေရောင်နဲ့ တည့်တဲ့အခါမှာ အမှုန်ကလေးတွေ မတွေ့ဘူးလား၊ ဒါ အနုမြူခေါ်တယ်၊ အနုမြူကို ၃၆-စိတ် စိတ်လို့ တစိတ်ကို ပရမာအနုမြူခေါ်တယ်၊ အဲဒီပရမာအနုမြူလောက် သေးငယ်တဲ့ အမှုန်ကလေးတွေကို အာပေါဓာတ်နဲ့ဆွဲစပ်လို့ အလုံး ဖြစ်လာတော့ ဒါက ခေါင်း၊ ဒါက ကိုယ်၊ ဒါကခြေ၊ ဒါက လက်၊ ဒီလိုပုံသဏ္ဍာန်ပေါ်လာတယ် ဟုတ်ဘူးလား၊ ဒီတော့ ဒီပုံသဏ္ဍာန်က အဟုတ်လား၊ အမှုန့်ကလေးတွေက အဟုတ်လား၊ အေး....အမှုန့်ကလေးတွေက အဟုတ်၊ အဲဒီတော့ ရုပ်ဆိုတဲ့သဘာဝဟာ ဒီလိုအမှုန့်တွေဘဲရှိတယ်နော်။

နာမ်ဆိုတဲ့သဘာဝဟာ ယခု အာရုံနဲ့စပ်လို့မြင်လိုက်၊ အသံနဲ့စပ်လို့ ကြားလိုက်၊ အနံ့နဲ့စပ်လို့ နံလိုက်၊ အမှန့်တောင် ရှိရဲ့လား၊ နာမ်ဆိုတာ သဘာဝ သက်သက်ဘဲ၊ ပြောဖြစ်အောင်လို့ ရုပ်ကို အမှုန့်လို့ ပြောရတာ၊ အမှုန့်လို့ ပြောဖြစ်အောင်တောင် မကြီးဘူး၊ အင်မတန်သေးငယ်တဲ့ အမှုန့်၊ ခုတင်က ပြောတဲ့ အနုမြူကို ၃၆-စိတ် စိတ်လို့ တစိတ်ခန့်သာရှိတယ်၊ ပရမာအနုမြူ ဟုတ်လား၊ အဲဒီအမှုန့်ဟာ ရုပ်မှုန့်၊ နာမ်ဆိုတာက အမှုန့်တောင် မရှိဘူး၊ ဒီတော့ ရုပ်ရော နာမ်ရော၊ သဘောပေါက်လောက်ပြီမဟုတ်လား။

ဒီတော့ နိဗ္ဗာန်သို့ရောက်ကြောင်း စိတ် သုံးမျိုး ရှိတယ်။

(၁) အပြစ်ကင်းတဲ့စိတ်။
(၂) ငြိမ်သက်တဲ့စိတ်။
(၃) အမှန်သိတဲ့စိတ်။

အမှန်သိတဲ့စိတ်ဆိုတာ ဒီအမှုန့်ကလေးတွေကိုသိတာ၊ပြောလို့သိတဲ့ အသိမျိုးမဟုတ်ဘူး၊ ဟိုမှာ အာရုံနဲ့သတိ သွားပြီး ဆိုက်လိုက်တဲ့အခါ ဖြုန်းကနဲ သိတော့ ဟာ....တကယ်ပါကလား၊ ဘုရားဟောတာ၊ တကယ့်ကို အမှုန့်ကလေးသာရှိတာဘဲ၊ အကုန်လုံး လျှောက်သိနေရတာ မဟုတ်ဘူး၊ တခုကို ဖြစ်ဆဲခဏ တွေ့လိုက်တာ၊ အကုန်လုံးဖြန့်ကြဲပြီး သိနေတာ၊ တကယ်သိမဟုတ်ဘူး၊ စိတ်ကူးသိ၊ တကယ်ကျတော့ ဒီဖြစ်ဆဲခဏကလေးမှာ တခုကို ပြုတ်ခနဲတွေ့တာ။

အော်....မဖြစ်ဘဲလဲမနေ၊တာရှည်လဲမခံ၊ ဒါဘာလဲ သဘာဝ၊

ရုပ်သဘာဝ နာမ်သဘာဝနော်၊ ကိုင်း....ဒါဖြင့် တလောကလုံး ဒီရုပ်သဘာဝ နာမ်သဘာဝကလွဲရင် ဘာရှိသေးသလဲ၊ ဘာမှ မရှိပါဘူး၊ ဒီတော့ သဘာဝတခု၏ တခဏကို အမှန်သိလိုက်ရင် တလောကလုံး ဒီသဘာဝကလေးတွေချည်းဘဲ၊ ဘယ်မှာအဟုတ် ရှိလို့လဲ၊ ဘယ်မှာတကယ်ရှိလို့လဲ၊ မသိနိုင်ဘူးလား၊ သိနိုင်ပါသည် ဘုရား။

အဲဒီလိုသဘောပေါက်လိုက်မှ အဲဒါအမှန့်ကိုသိတဲ့ဉာဏ်၊ ဒါ အမှန့်သိတဲ့စိတ်၊ ခုပြောသလိုသိတဲ့ အသိကို မဆိုလိုဘူး၊ ကိုယ့် ဟာကိုယ် လုပ်ကြည့်လို့ အားထုတ်လို့ သိတဲ့အသိကိုပြောတာ၊ ပြောလို့သိတဲ့အသိလဲ ဒီအထဲ မပါဘူး၊ စိတ်ကူးလို့ သိတဲ့ အသိ လဲ ဒီအထဲမပါဘူး ဟုတ်လား။

အေး....အဲဒီလိုအသိကိုရောက်မှ ဒီအမှုန်ကလေးတွေဟာ ဘာမှ မဟုတ်ကြောင်း၊ ဒီအမှုန်ကလေးတွေမဖြစ်ဘဲနေသလား၊ ဖြစ်တဲ့အတိုင်း တာရှည်ခံသလား၊ ဒီတော့ ဖြစ်တဲ့အတိုင်းဟာ တာရှည် မခံဘဲ ဖြစ်ဖြစ်ခြင်း ပျက်မသွားဘူးလား၊ ဖြစ်တဲ့အတိုင်း တာရှည်မခံလို့ ချက်ခြင်းပျက်ရင် အနိစ္စ ဟုတ်ဘူးလား၊ ခုဖြစ်ပြီး ခုပျက်ဆိုတာ ချမ်းသာပါအုံးမလား၊ ဒါဒုက္ခမဟုတ်ဘူး လား၊ မဖြစ်ဘဲလဲမနေ၊ ဖြစ်ပြန်တော့လဲ တာရှည်မခံ၊ ကိုယ့် အလိုအတိုင်းလဲမဟုတ်၊ အေး....ဒါ အနတ္တ။

အဲဒီ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောတွေဟာ ဒီအမှုန့်ထဲမှာ ပါနေပြီ၊ အထူးပြောနေဘို့ မလိုဘူး၊ ဒီအမှုန့်ကို အရင်တွေ့ဘို့လိုတယ်၊ တွေ့ရင် အနိစ္စ ဒုက္ခ အနတ္တက ဒီအထဲ

မှာ သဘာဝအားဖြင့် ပါပြီးသား၊ သဘာဝဖြစ်မှု တွေ့ပြီလေ၊ သဘာဝဖြစ်မှုက မဖြစ်ဘဲနေသလား မနေဘူး၊ တာရှည်ခံသလား မခံဘူး ဟုတ်လား၊ အဲဒီ မဖြစ်ဘဲလဲမနေ၊ တာရှည်လဲ မခံတာ သည်ပင်လျှင် စာက အနိစ္စ ဒုက္ခ အနတ္တနဲ့ ပြောနေတာ၊ အနိစ္စ ဒုက္ခ အနတ္တ တခြားစီ မဟုတ်ဘူး၊ သူ့ကိုဘဲ အနိစ္စပြောတယ်၊ သူ့ကိုဘဲ ဒုက္ခပြောတယ်၊ သူ့ကိုဘဲ အနတ္တပြောတယ်၊ အနိစ္စတခြား ဒုက္ခတခြား အနတ္တတခြား ဟုတ်ကဲ့လား၊ မဟုတ်ပါဘူး၊ ဒီသဘာဝကလေးကိုပြောနေတာ၊ ဒီတော့ ဒီသဘာဝကလေးတွေကို တွေ့အောင်ရှာဘို့ အရေးမကြီးဘူးလား၊ ဘယ်လိုရှာရမလဲ၊ သူ့ကို မြင်နိုင်တဲ့ဉာဏ်ကို ရအောင်လုပ်ရမယ်။

ဉာဏ်က ဘယ်နှစ်မျိုးရှိသလဲ့။ (၁) မှတ်ဉာဏ်၊ (၂) ထင်ဉာဏ်၊ (၃) မြင်ဉာဏ်လို့ သုံးမျိုးရှိတယ်။

(၁) ပထမ ယခုပြောဟောနေတယ်၊ စာကြည့်တယ် မသိဘူးလား၊ အဲဒါ မှတ်ဉာဏ်၊ သိပေမဲ့ စိတ်မှာ ထင်သလား ဆိုတော့ မထင်ဘူး၊ သိတာ သိတာဘဲရှိတယ်၊ ဆံပင် မွေးညှင်း ကေသာ လောမာ နခါ ဒန္တာ တစော စသည်ဖြင့် ၃၂-ကောဋ္ဌာသ အစုအဝေးကြီးကို မသိဘူးလား၊ သိတော့ သိတယ်၊ ထင်ရဲ့လား မထင်ဘူး၊ သိတာ မှတ်ဉာဏ်နော်။

(၂) နောက်လေ့ကျင့်ပါများတော့ ထင်လာတယ်၊ ၃၂-ကောဋ္ဌာသအစုအဝေးချည်းဘဲ အကောင်အထည်မဟုတ်ဘူးလို့ ထင်မလာဘူးလား၊ အဲဒါ ထင်ဉာဏ်နော်။

(၃) ပြီးတော့မှ တခါ ဝိပဿနာကျတော့ မြင်ဉာဏ်၊ ဒီ

ပကတိ မျက်စိမြင်တာ ဘယ်လောက်မှ အရာမရောက်ဘူး ဟုတ်လား၊ ဉာဏ်မြင်မတွေ့ဘူးသေးတဲ့သူက ပကတိမျက်စိနဲ့မြင်တာဘဲ လိုက်ပြီးတော့ စုံစမ်းနေတယ်၊ လရောက် ဘယ်ရောက်နဲ့ ဟုတ်လား၊ ဉာဏ်မြင် တကယ်တွေ့တဲ့လူက ပကတိ မျက်စိမြင်ကို အရေးမလုပ်ဘူး၊ ဘုရားသာသနာက ပကတိ မျက်စိမြင်နဲ့ မဆိုင်ဘူး၊ ဉာဏ်မြင်နဲ့ဆိုင်တာ၊ ဥပမာပြောကြစို့၊ ဟိုမှာသစ်ပင် ဟုတ်လား၊ ဒီသစ်ပင်မှာ ရုက္ခစိုးနဲ့ ဗိမာန်ရှိတယ်၊ အင်မတန်ကြီးကျယ်တဲ့ ဗိမာန်ကြီး၊ အဲဒီဗိမာန်ထဲမှာ ရုက္ခစိုးရှိတယ်၊ ဗိမာန်လဲ မတွေ့ရဘူး၊ ရုက္ခစိုးလဲ မတွေ့ရဘူး၊ သစ်ပင်ဘဲ တွေ့ရတယ်၊ ဒီတော့ ဗိမာန်တွေဘို့ ရုက္ခစိုးတွေဘို့က ဉာဏ်မြင် စိတ်မြင်၊ ဒီမျက်စိနဲ့ ဘယ်နည်းနဲ့မှ မမြင်စကောင်းဘူး၊ ရုက္ခစိုး၏ ဗိမာန်နဲ့ ရုက္ခစိုးကို မြင်နိုင်တဲ့ဉာဏ်ကို ဒိဗ္ဗစက္ခုအဘိညာဏ် ခေါ်တယ်၊ ဒီဉာဏ်မျိုးကိုရမှသိမယ်။

အာဋာနာဋိပြည်မှာအာဋာနာဋက ဘီလူးရဲ့ ဗိမာန်၊ အာဋာနာဋိပြည်မှာ ညောင်ပင်ကြီးရှိတယ်၊ အဲဒီညောင်ပင်ကြီးမှာ အာဋာနာဋက ဘီလူးကြီးရဲ့ ဗိမာန်ရှိတယ်၊ ပကတိလူတွေမြင်သလား၊ ဘုရားကိုယ်တော်မြတ်ကျတော့ အဲဒီ အာဋာနာဋက ဘီလူးကြီးရဲ့ ဗိမာန်ထဲသွားပြီးတော့ ပလ္လင်ပေါ်တက်ထိုင်တယ်၊ အာဋာနာဋက ဘီလူးကြီးရဲ့ နတ်မိဖုရားကြီးတွေကို တရားဟောနေတယ် ဟုတ်လား၊ ဒါ ပကတိလူတွေ တွေ့ပါမလား၊ ဘုရားကိုယ်တော်မြတ်ကျတော့ တွေ့တယ်၊ တွေ့ရုံမကဘူး၊ သူ့ဗိမာန်ထဲဝင်၊ သူ့ပလ္လင်ပေါ်တက်ထိုင်၊ သူ့မိဖုရားတွေနဲ့ စကားပြောဟောနေ၊ ဒီတော့ ပကတိ မျက်စိမြင် ဟုတ်ပါ့မလား၊ မဟုတ်ဘူး။

ဒီတော့ စိတ်နဲ့မြင်တာ ဉာဏ်နဲ့မြင်တာမှသာသနာ၊ ပကတိ မျက်စိနဲ့မြင်တာ သာသနာနဲ့ ဘာမှမဆိုင်ဘူး ဟုတ်လား၊ အဲဒီ တော့ ပကတိမျက်စိမြင်ကို သာသနာက အရေးမလုပ်ဘူး၊ စိတ် မြင် ဉာဏ်မြင်ကို အရေးလုပ်တယ်နော်၊ တကယ်မြင်နိုင်တဲ့ဉာဏ် ပေါ်လာတဲ့အခါကျတော့ မျက်စိမှိတ်ထားလိုက်စမ်း၊ ဟောဒီ သဘာဝတခုခုကို ဘွင်းဘွင်းကြီးမြင်ရတယ်။

ဒါကြောင့် "စက္ခုံ ဥဒပါဒိ"။ စက္ခုံ၊ မြင်နိုင်တုံဘိ ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်လာ၏။ ဓမ္မ စကြာမှာလေ၊ အေး....ဒီမျက်စိကို စက္ခုခေါ်တာ မဟုတ်ဘူး၊ မျက်စိမြင်သလို မြင်နိုင်တဲ့ဉာဏ်ကို စက္ခုခေါ်တာ၊ စက္ခုံ ဥဒ ပါဒိ ဒါ သာသနာတရား၊ အဲဒီလို သာသနာတရားကို လက်မခံ နိုင်တဲ့ ပုဂ္ဂိုလ်ကတော့ ပကတိမျက်စိမြင်ကိုဘဲ အဟုတ်မှတ်နေ မှာပေါ့၊ သာသနာတရားက အလုပ်လုပ်တဲ့လူကျမှ လက်ခံနိုင် တယ်၊ အလုပ်မလုပ်တဲ့လူက လက်မခံနိုင်ဘူးနော်။

ဒါဖြင့် မှတ်ဉာဏ် ထင်ဉာဏ် မြင်ဉာဏ်လို့ ဉာဏ် သုံးမျိုး သိထား၊ မှတ်ပြီးတော့သိတယ်၊ သိလာတော့ တဆင့်တက်ပြီး မျက်စိထဲမှာ ဒီအတိုင်းထင်လာတယ် ဟုတ်လား၊ ထင်သာထင် တယ် မြင်သလားဆိုတော့ မမြင်သေးဘူး၊ မြင်ဉာဏ်ရောက်တော့ မှ မျက်စိမှိတ်ထားပေမဲ့ တွေ့နေတာဘဲ၊ ဆံပင်ဖြင့် ဆံပင်၊ မွေးညှင်းဖြင့် မွေးညှင်း၊ မျက်စိမှိတ်ထားလဲ တွေ့နေတာဘဲ၊ ဒါ မြင်ဉာဏ်၊ အသိ သုံးမျိုးကို သဘောပေါက်အောင် ပြောပါ တယ်။

ပထမ မှတ်ဉာဏ်၊ မှတ်ဉာဏ်ကတက်တော့ ထင်ဉာဏ်၊ ထင်ဉာဏ်ကတက်တော့ မြင်ဉာဏ် ဟုတ်လား၊ ဒီမြင်ဉာဏ်မရောက်ဘဲနဲ့ ကိလေသာမပယ်နိုင်ဘူး၊ အမှန်က ထင်ဉာဏ်က ကိလေသာကို ခွါတယ်၊ မြင်ဉာဏ်က ကိလေသာကို ပယ်တယ် ဟုတ်လား၊ ဒီခွါမှုနှင့် ပယ်မှုဟာ တခြားစီဘဲ၊ ကိလေသာခွါတယ်ဆိုတာ ကိလေသာကို မဖြစ်အောင် ခဏခွါထားတာ၊ ဒီအာရုံတခုကို စူးစူးစိုက်စိုက်အာရုံပြုနေရင် အပြင် လောဘ ဒေါသ အစရှိသော အပြင်အာရုံနဲ့ ပတ်သက်တဲ့ စိတ်တွေ ဖြစ်ပါအုံးမလား၊ ဒီအာရုံကိုစိုက်နေရင်လေ ဒီအာရုံကိုစိုက်နေရတဲ့အတွက် လောဘ ဒေါသ ဖြစ်ခွင့်မရဘူး၊ သည့်ပြင် အာရုံတခုဖြင့် ကိလေသာကို ခွါတာ မဟုတ်ဘူးလား။

ဒီတော့ စိတ်မှာ ဆံပင် မွေးညှင်း အစရှိသော ၃၂-ကောဋ္ဌာသ အစုအဝေးထင်နေရင် ဒီကိုယ်ပေါ်မှာ တပ်နှစ်သက်တဲ့ လောဘ၊ မကြိုက်တဲ့ ဒေါသ မလာတော့ဘူး၊ ဒါ ခွါထားတာ ဟုတ်လား၊ အဲဒါ ထင်ဉာဏ်၊ ထင်ဉာဏ်က ကိလေသာကို ခွါတယ်၊ မြင်ဉာဏ်ကျမှ ကိလေသာကို ပယ်တယ် ဟုတ်ဘူးလား၊ ဒီတော့ မှတ်ဉာဏ်က ကိလေသာကို ခွါလဲမခွါနိုင်ဘူး၊ ပယ်လဲ မပယ်နိုင်ဘူး၊ ထင်ဉာဏ်ကျတော့ ကိလေသာကို ခွါနိုင်တယ်နော်၊ ခွါနိုင်တယ်ဆိုတာ ခဏကွာနေတာ၊ အာရုံလဲ ပြန်ရောက်ရော ပြန်ပေါင်းတာဘဲ၊ မပေါင်းဘူးလား၊ ပေါင်းပါသည် ဘုရား၊ အေး....ပြန်ပေါင်းတာဘဲ၊ ပြန်ပေါင်းကျမှ ပိုဆိုးတယ်ဆို၊ ပြန်ပေါင်းမှ ပိုဆိုးတယ်၊ ဒီခွါတာဟာ ကြောက်စရာကောင်းတယ်နော်၊ မြင်ဉာဏ်ကျတော့ ဉာဏ်အား ကောင်းသလောက်

ပယ်တယ်၊ အကုန်လုံးတော့ မပယ်နိုင်ဘူး၊ ဉာဏ်အားကောင်းသလောက် နည်းနည်းပယ်တယ်။

ဥပမာ ကိလေသာတကျပ်သားရှိတယ်၊ တပဲသား ဖဲ့ထုတ်လိုက်၊ တမူးသား ဖဲ့ထုတ်လိုက်၊ တမတ်သား ဖဲ့ထုတ်လိုက်၊ တဖြည်းဖြည်းနဲ့ နည်းမသွားဘူးလား၊ ပယ်တယ်ဆိုတာ တဖြည်းဖြည်း ကိလေသာ အားသေးသေးသွားတာ၊ ဖြုန်းကနဲတော့ ပြတ်မသွားသေးဘူး၊ ဒါဝိပဿနာဉာဏ်၊ ဒါကိလေသာ ပယ်တာ၊ ခုတင်က ကေသာ လောမာ အစရှိသော ထင်ဉာဏ်က ခွါထားတယ်၊ မှတ်ဉာဏ်က ခွါလဲမခွါနိုင်ဘူး၊ ပယ်လဲ မပယ်နိုင်ဘူး၊ ဉာဏ်သုံးခု ဟုတ်လား၊ မှတ်ဉာဏ်ရှိတယ်၊ ထင်ဉာဏ်ရှိတယ်၊ မြင်ဉာဏ်ရှိတယ်၊ အဲဒီဉာဏ် သုံးဆင့်နော်၊ အဲဒီဉာဏ်သုံးဆင့်မှာ ထင်ဉာဏ်တို့ မြင်ဉာဏ်တို့ ရောက်အောင်ဟာက အလုပ် မလုပ်ဘဲနဲ့ မရောက်ဘူး။

ဘယ်လောက်ကြီးစာတတ်နေနေ၊ ဘယ်လောက်ကြီးဗဟုသုတများနေနေ၊ ထင်ဉာဏ် မြင်ဉာဏ်ကို ရောက်ကို မရောက်နိုင်ဘူး၊ အလုပ်လုပ်တော့ ရုပ်သဘာဝ နာမ်သဘာဝအပြင် ဘာမှမရှိဘူး၊ ရုပ်သဘာဝ နာမ်သဘာဝဘဲ ရှိတယ်၊ နိဗ္ဗာန်ပြင်ဘက်မှာလေ၊ ဒီရုပ်သဘာဝ နာမ်သဘာဝတွေဟာ ကောင်းသလား၊ တကယ်မြင်ရင် မကောင်းမှန်း သိလိမ့်မယ်၊ ခုဟာက ပါးစပ်ပြော၊ မကောင်းစားဆိုတာ ကောင်းနေသေးတယ်၊ မကောင်းဘူးပြောမှ ဖြစ်မှာမို့လို့ မကောင်းဘူးလို့ ပြောနေတာ၊ တကယ်မကောင်း ထင်သလားဆိုတော့ မထင်ဘူး၊ ဘာဖြစ်လို့လဲ၊ မြင်

မှ မမြင်ဘဲနဲ့ ဟုတ်လား၊ ထင်မှ မထင်ဘဲနဲ့၊ ခုဟာ မှတ်ဉာဏ်နဲ့ သိနေတာ၊ မှတ်ဉာဏ်နဲ့သိလို့ မထင်နိုင်သေးဘူး ဟုတ်ဘူး လား။

အေး....တကယ်မကောင်းမှန်း သိအောင် ထင်ဉာဏ် ရောက် အောင် လုပ်ရမယ် ဟုတ်လား၊ မြင်ဉာဏ်မရောက်ခင် ထင်ဉာဏ် ရောက်ရမှာပေါ့၊ မှတ်ဉာဏ်နဲ့တော့ ကိစ္စမပြီးဘူး၊ ပြီးတော့ ထင်ဉာဏ်က သမာဓိရှိရတယ် ဟုတ်လား၊ မြင်ဉာဏ်က သမာဓိ က တဆင့်တက်ရမယ်နော်၊ ဒီတော့ ပထမဘာလဲ အပြစ်ကင်း တဲ့စိတ်၊ ကိုယ့်စိတ်ကိုယ်စစ်ကြည့်၊ ငါ့စိတ်မှာ ဘာအပြစ်များ ရှိနေသလဲလို့၊ ငါမကောင်းသေးဘူး ငါဆိုးတယ်၊ ငါ့မှာ အ ပြစ်တွေ ဗလပွနဲ့၊ ကာယကံပြစ် ဝစီကံပြစ်တွေ ငါမစောင့် ရှောက် မထိန်းသိမ်းဘူး၊ ကာယကံပြစ် ဝစီကံပြစ်တွေ ငါ့မှာ ရှိနေတယ်၊ ဒီလို ထင်မနေဘူးလား၊ ဒီတော့ ကိုယ့်စိတ်မသန့် ရှင်းတာ ကိုယ်မသိဘူးလား၊ မသန့်ရှင်းသေးတဲ့ စိတ်ဟာ မဂ္ဂင် သီလဉ္စ ဘောင်ဝင်ဂွင်ကျ မဟုတ်ဘူး။

ခု ငါးပါးစောင့်တယ် ရှစ်ပါးစောင့်တယ် မစောင့်ဘူးလား၊ စောင့်ပေမယ်လို့ အဲဒီဥပုသ်စောင့်တဲ့နေ့မှာဘဲ ကိုယ့်စိတ်ကိုယ် စစ်ကြည့်စမ်း၊ အပြစ်ကင်းပြီလား၊ ကင်းပြီလို့ ဝန်ခံနိုင်ပါ့မလား၊ မခံနိုင်သေးရင် ဒီသီလဟာ မဂ္ဂင်ထဲမှာ ဘောင်ဝင်ဂွင်ကျ မဖြစ် သေးဘူး ဟုတ်လား၊ မဂ္ဂင်ထဲမှာ ဘောင်ဝင်ဂွင်ကျဝင်လာတဲ့ သီလမှ အပြစ်ကင်းတယ်၊ ဘယ်မှာ အပြစ်ကင်းသလဲ စိတ်မှာ၊ ကိုယ့်စိတ်ကိုယ်ပြန်စစ်ကြည့်ရင် ကိုယ့်စိတ်ကိုယ် အပြစ်ကင်းတာ

မသိဘူးလားလို့ သိရမယ် မဟုတ်လား၊ အေး....အပြစ်ကင်းတဲ့ စိတ်တွေတော့မှ ချမ်းသာလိုက်တာ၊ လောကကြီးမှာ ချမ်းသာ တွေ အမျိုးမျိုးရှိတယ်၊ စိတ်အပြစ်ကင်းလို့ ချမ်းသာတဲ့ အချမ်း သာမျိုး ဘယ်တော့မှ မတွေ့နိုင်ဘူး၊ ဒီကျအောင်ကြည့်ရမယ်။

လောကကြီးမှာ ချမ်းသာအမျိုးမျိုး မရှိဘူးလား၊ ရှိပေမဲ့ စိတ်အပြစ်ကင်းလို့ ချမ်းသာတဲ့ အချမ်းသာမျိုး မတွေ့ဘူးဘူး၊ လောကချမ်းသာတွေထဲမှာ ဒီအချမ်းသာမျိုး မရှိဘူး။

သီလံ အဝိပ္ပဋိသာရတ္ထာယ။
အဝိပ္ပဋိသာရော ပါမောဇ္ဇတ္ထာယ။
ပါမောဇ္ဇံ ပီတတ္ထာယ။
ပီတိ ပဿဒ္ဓတ္ထာယ။
ပဿဒ္ဓိ သုခတ္ထာယ။
သုခံ သမာဓတ္ထာယ။

အကြောင်းအကျိုး ဆက်ပြီးခြောက်ချက်တောင် လာတာ၊ဒီ ချမ်းသာစိတ် အပြစ်ကင်းတာ တွေ့တော့ စိတ်ကြည်လာတယ် ဟုတ်လား၊ ကြည်တော့ ပါမောဇ္ဇ၊ စိတ်အပြစ်ကင်းတာ အမှီ ပြုပြီး ဝမ်းမြောက်လာတယ်၊ ဝမ်းမြောက်တော့ ပီတိ နှစ်သက် တယ်၊ နှစ်သက်တော့မှ ကိုယ်ရော စိတ်ရော ငြိမ်းအေးတယ်၊ ပဿဒ္ဓိ ဟုတ်လား၊ အဲဒီလို ပဿဒ္ဓိ ငြိမ်းအေးတော့မှ ချမ်း သာတယ်။

အဲဒီချမ်းသာမျိုးဟာ ဘယ်မှာမှ ရှာလို့မရဘူး၊ ဘယ်နည်းနဲ့ ရှာရှာ မရဘူး၊ စိတ်အပြစ်ကင်းတဲ့ ချမ်းသာမျိုးကို တရားရမှ ရမယ်၊ စိတ်အပြစ်ကင်းတဲ့ချမ်းသာဟာ သီလကြောင့် ဖြစ်တယ်၊ အဲဒီချမ်းသာမျိုးဆိုရင် ဒီသီလဟာ မဂ္ဂင်ရှစ်ပါးထဲမှာ ဘောင်ဝင်ဂွင်ကျတဲ့သီလဘဲ၊ မဂ္ဂင်ရှစ်ပါးထဲသူပါနေပြီ၊ သီလလေ၊ ဒါဖြင့် စိတ်အပြစ်ကင်းတာ တွေ့လို့ ချမ်းသာပြီနော်၊ အဲဒီလိုချမ်းသာတဲ့အတွက် ဘယ်အာရုံကိုဘဲ အာရုံပြုပြု စိတ် အနှောင့်အယှက် ကင်းပြီး တည်ငြိမ်သွားတယ်၊ ချမ်းသာ အခြေခံတာကိုး၊ စင်စစ် အာရုံကို အာရုံပြုရ၍ စိတ်မငြိမ်တာဟာ မချမ်းသာသေးလို့တဲ့။

ဒါကြောင့် သုခံသမာဓတ္တာယ ချမ်းသာရင် သမာဓိ တည်တယ်၊ သမာဓိမတည်တာ မချမ်းသာလို့ ဒီလိုမဟုတ်လား၊ ဒီတော့ သမာဓိရဲ့ အကြောင်းရင်းခံဖြစ်တဲ့သုခလဲ သီလက လာရမယ်၊ အဲဒီ သီလကို သမာဓိသံဝတ္တနိကသီလလို့ ခေါ်တယ်၊ သမာဓိကို ဖြစ်စေနိုင်တဲ့ သီလနော်၊ သမာဓိကို ဖြစ်စေနိုင်တဲ့ သမာဓိသံဝတ္တနိက သီလဟာ စိတ်ချမ်းသာကို ဖြစ်စေတတ်တဲ့ သဘောရှိတယ် ဟုတ်လား၊ အဲဒီ သီလကြောင့် ချမ်းသာတဲ့ ယောဂီပုဂ္ဂိုလ်က ဘယ်အာရုံကို စူးစိုက် စူးစိုက် မစည်ငြိမ်ဘူးရယ်လို့ ရှိနိုင်ပါအုံးမလား မရှိနိုင်တော့ဘူး။

အဲဒါ တည်ငြိမ်တဲ့စိတ်၊ အပြစ်ကင်းတဲ့စိတ်က သီလ၊ တည်ငြိမ်တဲ့စိတ်က သမာဓိနော်၊ အဲဒီ တည်ငြိမ်တဲ့စိတ်နဲ့ ခုတင်က ပြောတဲ့ သဘာဝအာရုံကို စူးစိုက်လိုက်နော်။

ဥပမာ ဝေဒနာဆိုပါတော့၊ ဒီမှာ နာနေတယ် ကိုက်နေတယ်၊ အဲဒီဝေဒနာကို စူးစိုက်လိုက်၊ ဝေဒနာနဲ့ စိတ်နဲ့ သွားပြီး ကပ်မိလိုက်တဲ့အချိန်မှာ လက်မောင်း မဟုတ်တော့ဘူး၊ တသက်လုံးက လက်မောင်းလို့ထင်လာတာ လက်မောင်းမဟုတ်တာသိသွားပြီ၊ ဘာဖြစ်လို့လဲ၊ ဖြစ်ဆဲ ဝေဒနာလေး သွားတွေ့လို့၊ သဘာဝလေး သွားတွေ့တာကိုး၊ ဟာ....ဒီသဘာဝကလေးဟာ အမှန်ပါလား၊ ဒါကြီးဟာ ထင်နေတာ မဟုတ်ပါလား၊ လက်မောင်း မဟုတ်မှန်းသိရင် ခေါင်းမဟုတ်မှန်း ကိုယ်မဟုတ်မှန်း ခြေမဟုတ်မှန်း လက်မဟုတ်မှန်း မသိဘူးလား၊ တလောကလုံးမှာ ဘာမှမဟုတ်မှန်း မသိဘူးလား။

ဒါဖြင့် ယခုတွေ့ဆဲ သဘာဝကလေးကို အကြောင်းပြု၍ တလောကလုံးမှာ သဘာဝတွေသာရှိတယ်၊ သည့်ပြင် ဘာမှမရှိနိုင်ဘူးလို့ ဒီလိုသိမသွားဘူးလား၊ ဒီတော့ တည်ငြိမ်တဲ့သမာဓိစိတ်နဲ့ ဒီသဘာဝတခုကို စူးစိုက်လို့ စိတ်နဲ့သဘာဝနဲ့ သွားပြီး ကပ်တဲ့ အခါမှာ ဒီသဘာဝမှတပါး ဘာမျှ မရှိဘူးဆိုတာ တလောကလုံး သဘောပေါက်သွားမယ်၊ မပေါက်နိုင်ဘူးလား၊ ဒီတော့ တည်ငြိမ်မှုက သမာဓိစိတ်၊ တလောကလုံး ဘာမှမရှိဘူး သဘာဝသာရှိတယ်လို့ အမှန်သိတဲ့စိတ်လို့ စိတ်သုံးမျိုးမဟုတ်လား၊ အပြစ်ကင်းတဲ့စိတ်က သီလမဂ္ဂင်၊ တည်ငြိမ်တဲ့ စိတ်က သမာဓိမဂ္ဂင်၊ အမှန်သိတဲ့စိတ်က ပညာမဂ္ဂင်၊ မဂ္ဂင် သုံးပါး မဟုတ်လား၊ အဲဒီသီလမျိုး၊ အဲဒီသမာဓိမျိုး၊ အဲဒီပညာမျိုးဟာ ဘာတုံး၊ မဂ္ဂင်ထဲကို ဘောင်ဝင်ဂွင်ကျ သီလ သမာဓိ ပညာမျိုးမဟုတ်လား၊ အဲဒါ နိဗ္ဗာန်လမ်း မကောက်ဘော့ဘူး။

ဒါကြောင့် နိဗ္ဗာန်ဟာ ဒုက္ခခပ်သိမ်း ငြိမ်းအေးတယ်၊ ဒီဘက်က မြင်ဉာဏ်ဆိုတဲ့ အမှန်သိတဲ့ဉာဏ်နဲ့ ရုပ်သဘာဝ နာမ်သဘာဝတို့၏ မကောင်းတာကို အစွမ်းကုန်သိတယ်၊ ခုမသိတာ မမြင်လို့ မသိတာ၊ တကယ်မြင်လာတော့ ရုပ်နာမ်သဘာဝတို့၏ မကောင်းတာကို အစွမ်းကုန် မသိဘူးလား သိမယ်၊ မြင်ဉာဏ်နဲ့ကျတော့လေ၊ ဒါတွေ မကောင်းလို့ရှိရင် ဘယ်ဟာကောင်းမလဲ၊ ဟိုဟာမှ ကောင်းမယ်လို့ နိဗ္ဗာန်ကို လှမ်းနိုင်တော့မယ်။

ရုပ်နာမ် သဘာဝ မရှိရာ ရုပ်နာမ် ကင်းငြိမ်းရာ ဒီတရားမှ ကောင်းတော့မယ်ဆိုတော့ ဒီရုပ် ဒီနာမ် သဘာဝတွေဟာ ဒုက္ခတွေ မဟုတ်လား၊ ဒါဖြင့် ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်နော်၊ ဒါဖြင့် ဘယ်ကလာသလဲ၊ အမှန်သိတဲ့ဉာဏ်ကလာတယ်၊ အမှန်သိတဲ့ ဉာဏ်ကတော့ အဆင့်ဆင့် ရုပ်နာမ်သိ၊ ရုပ်နာမ်သိပြီး အနိစ္စသိ ဒုက္ခသိ အနတ္တသိ အဆင့်ဆင့်သွားမယ်၊ အမှန်သိတဲ့ဉာဏ်က မင်္ဂဆိုက်အောင် ဉာဏ်ရင့်ရင့်လိုက်မှာကိုး၊ ပထမ ဘာက စရမလဲ၊ အဲဒီ ရုပ်နာမ်သိမှုကလာရမယ် ဟုတ်ဘူးလား။

ရုပ်နာမ်ဆိုပေမဲ့ နာမ်လို့၊ ရုပ်လို့ သိရမှာမဟုတ်ဘူး၊ ဖြစ်ဆဲကို သိရမယ်နော်၊ ဖြစ်ဆဲကို သိရမယ် ဆိုတော့ အကုန်လုံး လျှောက်ပြီးတော့ ဒီလိုသိနေရမှာလား မဟုတ်ဘူး၊ အာရုံစိုက်မိရာ တခုကို စိုက်ပြီး သိရမယ်၊ အာရုံစိုက်မိရာ တခုကို သိရမှာ၊ အကုန်လုံးလိုက်သိလို့ မရဘူး၊ တရားလုပ်တဲ့ပုဂ္ဂိုလ်က သမာဓိစိတ်နဲ့ အာရုံတခုခုစိုက်ရမယ် မဟုတ်လား၊ အဲဒီ စိုက်တဲ့ အာရုံ

လေးကို သိရမယ်၊ စိုက်တဲ့အာရုံကလေး သိလိုက်တော့ ဒီ့ပြင် အာရုံတွေပေါ် တခါထဲသိပြီးသွား ကိစ္စပြီးသွားရော၊ တခုချင်း လျှောက်သိနေရမှာ မဟုတ်ဘူး၊ တခုချင်း လျှောက်သိနေလို့တော့ ဘယ်တော့မှ လမ်းမဆုံးဘူး၊ တခုချင်း လျှောက်လုပ်လို့ သိတဲ့ အသိကလဲ ကိလေသာ မပယ်နိုင်ဘူး။

ကိလေသာကို ပယ်နိုင်တာက အဲဒီ စူးစူးစိုက်စိုက်အာရုံပြုလို့ ဖြစ်တဲ့ သဘာဝကလေးတွေမှ ပယ်နိုင်တာ၊ ကိုင်း....ဒါဖြင့် သိပြီ၊ အပြစ်ကင်းတဲ့ စိတ် တည်ငြိမ်တဲ့စိတ် အမှန်သိတဲ့ စိတ်က နိဗ္ဗာန်ရောက်ကြောင်းတရား၊ သဘောပေါက်ပြီလား၊ သဘောပေါက်တော့ နိဗ္ဗာန်ရောက်ကြောင်းတရားကို ရဘို့ အပြစ် ကင်းတဲ့စိတ် ရဘို့ တည်ငြိမ်တဲ့စိတ်ရဘို့ အမှန်သိတဲ့စိတ်ရဘို့ ဘာလုပ်မလဲ၊ သတိလုပ် ဟုတ်လား၊ ဘာလုပ်မလဲ သတိလုပ်နော်၊ ကာယာနုပဿနာသတိပဋ္ဌာန်၊ နှာခေါင်းထဲ လေဝင်သွားတာ သတိထား၊ ပြန်ထွက်လာတာ သတိထား၊ ဝင်တိုင်း ထွက်တိုင်း သတိထားစမ်းပါ၊ သတိထားရင် သိမယ်၊ သတိမထားရင် မသိဘူး မဟုတ်လား။

ဒီတော့ ဝင်တိုင်း ထွက်တိုင်း ဘာဖြစ်လို့ သိသလဲ၊ သတိထားလို့ မဟုတ်လား၊ အဲဒါ သတိထူထောင်တာ၊ အလုပ်လုပ်တာ၊ ဒီတော့ မှားနေကြတာက တရားရယ်လို့ လုပ်လိုက်ရင် စိတ်ငြိမ်ချင်တယ်၊ စိတ်ချမ်းသာချင်တယ်၊ ဒီရည်ရွယ်ချက်နဲ့ လုပ်နေကြတာ၊ ဒီလိုမဟုတ်သား၊ ငြိမ်လောက်တဲ့ခါတ် ချမ်းသာလောက်တဲ့ခါတ် ကိုယ့်ရင်ထဲမှာရှိပြီလား၊ ယခုမှ စလုပ်တဲ့

သူက ရှိနိုင်ပါ့မလား၊ မရှိနိုင်ဘူး၊ ငြိမ်တာကို အလိုမရှိပါနဲ့၊ ချမ်းသာတာကို အလိုမရှိပါနဲ့၊ ဝင်တိုင်း ထွက်တိုင်း သိဖို့က အရေးကြီးပါတယ်၊ မငြိမ်ချင်နေပါစေ၊ မချမ်းသာရင်နေပါစေ၊ ဝင်တိုင်း ထွက်တိုင်း သိ သိနေပါ၊ ဒီသတိ လိုရင်းဘဲ၊ ဒီကလဲ ဝင်တိုင်းထွက်တိုင်း သိတယ်၊ စိတ်ကလဲ လျှောက်ပြီးသွားချင်တိုင်း သွားနေတယ်၊ သွားပါစေ၊ စိတ်ပြန်မသိမ်းနဲ့ လွှတ်သာ ပေးလိုက်၊ ကိုယ့်အလုပ်သာ ကိုယ်မပျက်စေနှင့် ဟုတ်ဘူးလား၊ ကျောင်းလာတဲ့အခါကျတော့ လမ်းမှာ ဟိုဟာဒီဟာတွေမတွေ့ဘူးလား၊ ဟိုဟာဒီဟာတွေကို ဂရုစိုက်နေသလား၊ ကိုယ့်လမ်းကိုယ် မှန်မှန် လျှောက်လာသလား၊ ကိုယ့်လမ်းကိုယ် မှန်မှန်လျှောက်လာတော့ ကျောင်းမရောက်ဘူးလား၊ အေး....ထိုနည်းတူဘဲ တရားလုပ်တဲ့ ယောဂီပုဂ္ဂိုလ်က ဖြစ်ချင်တာဖြစ် ဘာတွေ စိတ်ထဲရောက်နေနေ ကိုယ့်အလုပ်သာ ကိုယ်မှန်မှန်လုပ်နေ၁် ဒီ စိတ်ငြိမ်သက်ခြင်းကို အလိုမရှိနဲ့အုံး၊ ဘာဖြစ်လို့လဲ၊ ငြိမ်လောက်တဲ့ခေတ် မရှိသေးဘူး၊ ကိုယ့်ရင်ထဲမှာရှိပြီလား မရှိဘူး၊ မရှိဘဲနဲ့ မငြိမ်ချင်နဲ့၊ အေး....မငြိမ်ပေမယ်လို့ ဝင်မှန်းထွက်မှန်းတော့ သိရမယ်၊ မသိနိုင်ဘူးလား၊ သိနိုင်ပါတယ်ဘုရား။

ဝင်မှန်း ထွက်မှန်းတော့ သိနိုင်တယ်၊ သို့ပေမဲ့ အင်မတန် ထွက်လွန်းလို့ လုပ်လို့မရနိုင်ပါဘူးဆိုရင် ရေတွက်ပြီးလုပ်၊ ဝင်သွားတဲ့လေက ပြန်မထွက်ဘူးလား၊ အဲဒါ ၁-လို့မှတ်၊ နောက်တခါ ၂-၃-၄-၅ အဲဒီ ငါးခါလုပ်၊ ငါးခါအတောအတွင်းမှာ တော့ ဘယ်နည်းနဲ့မှသူမထွက်နိုင်ဘူး၊ ထွက်နိုင်ပါ့မလား မထွက်နိုင်ဘူး၊ ဝင်လေကစပြီး ငါးခါရေတွက်၊ ဒီအတောအတွင်းမှာ

တော့ သူဘာယ်နည်းနဲ့မှ မထွက်နိုင်ဘူး၊ ၁-၂-၃-၄-၅ တော်ပြီ၊ ၆-၇-၈ ထိ ဆက်မလုပ်နဲ့၊ ဒါဘဲလုပ်။

နောက်ပြန်လုပ်ချင်ရင် ၁-ကဘဲ စလုပ်၊ မလုပ်ချင်သေးရင် အဲဒီနားမှာဘဲနား၊ အင်း....လုပ်ချင်ရင် ၁-ကစပြီး ၅-ထိအောင် လုပ်၊ ဒီ ငါးခါ အတောအတွင်းကလေးမှာ စိတ်မထိန်းနိုင်ဘူး လား၊ အေး....ထိန်းနိုင်ရမယ်၊ နောက် ရေတွက်ရတာ ဒုက္ခများ လာတယ်၊ ဒီမှာလဲ ဝင်တာထွက်တာမှတ်ရတာ တမျိုး၊ ဒီမှာလဲ လက်ချိုးရတာတမျိုး၊ ရေတွက်ရတာတမျိုး၊ ဒီတော့ နှာသီးဖျား မှာ အသိကပ်ပြီး ထွက်လေ ဝင်လေ သိအောင်လုပ်။

အေး....ထိုင်ရက်က လုပ်နိုင်သလောက်လုပ်၊ မထိုင်နိုင်တော့ ဘူး၊ မထိုင်နိုင်ရင် အိပ်ရက်လုပ်၊ အိပ်ပျော်သွား ပျော်ပေစေ၊ အိပ်ပျော်တာ အပြစ်မဟုတ်ဘူး၊ အိပ်မပျော်ဘဲ လျှောက်ပြီး ဆော့နေတာ အပြစ်၊ လုပ်နေရင်းအိပ်ပျော်တာ ဘာအပြစ်ရှိသလဲ ဟုတ်လား၊ ပျော်ချင်ပျော်ပေစေ၊ ထိုင်နိုင်သလောက် ထိုင်လုပ်၊ မထိုင်နိုင် အိပ်လုပ်၊ လိုရင်းက ဒီအလုပ်ဘဲ လိုရင်းမဟုတ်လား၊ အဲဒီလိုလုပ်လာတော့ ဘာဖြစ်သလဲ၊ ကိုယ့်စိတ်ကိုစစ်ကြည့်၊ ငါ့ စိတ်ဟာ အပြစ်ကင်းကင်း လိုက်လာသလား၊ ငါ့စိတ်မှာ ဘာ အပြစ်တွေ ရှိနေသေးသလဲ၊ စစဦး စိတ်စင်ကြယ်မှု စိတ်အပြစ် ကင်းမှုက စရမှာကိုး။

အဲဒီလိုစစ်ပြီးတော့ ဒီလိုလဲရှိသေးတယ်၊ တရားမလုပ်တဲ့ပုဂ္ဂိုလ် မှာ လောဘဖြစ်လာရင် ဒီလောဘ ဒုက္ခပေးတယ်၊ ဒေါသဖြစ်

လာရင် ဒီဒေါသ ဒုက္ခပေးတယ်၊ တရားမလုပ်တဲ့ပုဂ္ဂိုလ် ဟုတ်လား၊ တရားလုပ်တဲ့ပုဂ္ဂိုလ်မှာ လောဘဖြစ်လာရင် အဲဒီလောဘကို သိ၊ ဒီမှာခဏရပ်ထားပြီးတော့ အဲဒီလောဘကိုသိ၊ ဘယ်ကဖြစ်မလဲ၊ လောဘ ရင်ထဲကဖြစ်ထာ၊ ဒေါသ ဘယ်ကဖြစ်သလဲ၊ ရင်ထဲကဖြစ်တာ၊ စိတ်ဖောက်ပြန်လေသရွေ့ ရင်ထဲကချည်းလာရမယ် ဟုတ်ဘူးလား၊ အေး....ဒီတော့ ဖြစ်လာတဲ့ လောဘ၊ ဖြစ်လာတဲ့ဒေါသ၊ မပျောက်စေနဲ့၊ သူ့ကိုဘဲသိနေ၊ ပျောက်မသွားစေနဲ့နော်၊ ကြာကြာသိရလေ အကျိုးများလေနော်။

ကြာကြာ ဖြစ်လို့ ကြာကြာ သိရတယ်၊ လောဘ ဒေါသဟာ ကြာကြာဖြစ်လို့ ကြာကြာသိရတယ်ဆိုရင် ဒီလောဘဖြစ်တာ ဒီဒေါသဖြစ်တာ မကြာခင် ကင်းသွားမယ်၊ စိတ်သန့်ရှင်းလာလိမ့်မယ်၊ အပြစ် ကင်းလာလိမ့်မယ်၊ တရားလုပ်တဲ့ ပုဂ္ဂိုလ် လောဘ ဒေါသဖြစ်ရင် မလွှတ်စေနှင့် သူ့ကိုဘဲသိနေ၊ ဒါမှ နုပဿနာ သတိပဋ္ဌာန်ခေါ်တယ်၊ လောဘဖြစ်တာကိုဘဲသိ၊ သို့ ပေမယ်လို့ လောဘဒေါသဖြစ်တာ မကောင်းဘူးဆိုပြီး ဖျောက်ပစ်ချင်တယ်၊ အဲဒါ ဖျောက်မပစ်နဲ့၊ ကြာကြာသိရလေ ကောင်းလေဘဲ ဟုတ်လား၊ ဘယ်လိုကောင်းတာလဲ၊ အဲဒီ အပြစ် ကင်း ကင်းသွားလိမ့်မယ်၊ စင်စင်သွားလိမ့်မယ်၊ ပိုသိလာတယ်၊ ဟာ-ငါ့မှာ လောဘမီး လိုက်လာတာ၊ ဒေါသမီး လိုက်လာတာ၊ လောဘနည်းတာ၊ ဒေါသနည်းတာ၊ အပြစ်ကင်းစင်တာ ကိုယ့်ဟာကိုယ် သိလာမယ်၊ အဲဒီလိုအကျိုးများတယ်၊ လောဘ ဖြစ်မှာ မကြောက်ရဘူး၊ ဒေါသဖြစ်မှာ မကြောက်ရဘူး၊ အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်မှာ လောဘ ဒေါသဖြစ်မှာ ကြောက်ရတယ်၊

လောဘဒေါသဖြစ်ရင် ကိုယ့်ဒုက္ခပေးမှာကိုး၊ ခုတော့ လောဘဒေါသငြိမ်းတဲ့နည်းကရှိထားတော့ ကိုယ့်ဒုက္ခမပေးနိုင်တော့ဘူး၊ ဖြစ်ပေစေ ဟုတ်လား။

အဲဒီက သတိလေ့ကျင့်မှု အာနာပါနလေ့ကျင့်မှု လုပ်ထားတာက အဲဒီမှာဖြစ်လာတာကို ဖမ်းဘို့အလုပ်ခိုင်းတာ ဟုတ်လား၊ ခန္ဓာကိုယ်မှာဖြစ်လာတာကို ဖမ်းဘို့အလုပ်ခိုင်းတာ၊ ပကတိစိတ်က အင်မတန်ရိုင်းတယ်၊ ဖမ်းပါဆိုပေးယ်လို့ ဖမ်းလို့မရဘူး၊ ဒါကြောင့် စိတ်ကိုရင့်ကျက်အောင်လုပ်တာနော်၊ ဒီလိုခဏလေးထိုင်ပြီး ရှုလိုက်တော့ ငြိမ်သက်မသွားဘူးလား၊ အေး-ငြိမ်သက်သွားတယ်၊ ငြိမ်သက်သွားတဲ့အခါ ခန္ဓာကိုယ်ထဲကနာရင်လဲ နာတာကိုစိုက်ပြီး သတိထားကြည့်၊ ငါ့စိတ်ဟာ ဘယ့်နှယ် နေသလဲ ဟုတ်လား၊ လောဘနှင့် ဒေါသနှင့် နေသလား၊ ရင်ထဲက ပူဆာဆာနေသလား၊ တစ်ဆို့ဆို့နေသလား၊ အဲဒီဘာဖြစ်ဖြစ် ဖြစ်ထာတခုကို သတိထားကြည့်၊ စိတ်ငြိမ်မသွားဘူးလား၊ ဘယ်လိုသိလာသလဲ၊ ရင်ထဲကဝေဒနာ ပေါ်လာရင်လဲ ရင်နဲ့ဝေဒနာနဲ့ တခြားစီ၊ ဒူးကဝေဒနာ ပေါ်လာရင်လဲ ဒူးနဲ့ ဝေဒနာနဲ့ တခြားစီ၊ ဝေဒနာထဲမှာ ဒူးတို့ရင်တို့ မပါဘူး၊ ဒူးနာတယ် ရင်ပတ်နာတယ်ဆိုတဲ့အသိမဟုတ်ဘူး၊ နာတာဝေဒနာ၊ ဒူးက နာတတ်တဲ့သဘောမရှိဘူး၊ ရှိပါ့မလား၊ မရှိဘူး။

အဲဒီတော့ အာနာပါနလုပ်လိုက်၊ ဝေဒနာထိုင်ကြည့်လိုက်၊ အာနာပါနလုပ်လိုက်၊ ဝေဒနာအာရုံပြုလိုက်၊ လုပ်ပါများတော့ ဘာစဖြစ်သလဲဆိုတော့ အဲဒီအပြစ်ကင်းတဲ့စိတ်က စဖြစ်တယ်၊

တဖြေးဖြေး စိတ်ဟာ အပြစ်ကင်းကင်းလိုက်လာတယ်၊ အေး.... အပြစ်ကင်းတဲ့စိတ်က စဖြစ်ရင် ဘာဖြစ်မလဲ၊ သီလစင်ကြယ်တာပေါ့၊ တရားလုပ်တယ်ဆိုတာ သမထဝိပဿနာလုပ်တယ်လို့ ထင်နေကြတယ်၊ မဟုတ်ဘူး၊ တရားစလုပ်တာဟာ သီလသုတ်သင်တာ ဟုတ်ဘူးလား၊ ဒီ အာနာပါနသတိ၊ ဝေဒနာသတိ အထိအမျိုးမျိုးတွေလုပ်လို့ သတိရင့်ကျက်လာပြီဆိုတော့ စိတ်ဟာအပြစ်ကင်းလိုက်မလာဘူးလား၊ ဒီက သီလဝိသုဒ္ဓိ အပြစ်ကင်းတဲ့ စိတ် မရဘဲနဲ့ စိတ်ငြိမ်တာ သမာဓိမမှန်ဘူး၊ ဒီသမာဓိဟာလမ်းချော်တယ်၊ သမာဓိဟာ အကုသိုလ်လဲရှိတယ် ကုသိုလ်လဲရှိတယ် ဟုတ်လား၊ သီလတို့ သတိတို့က အကုသိုလ် မရှိဘူး၊ ကုသိုလ်သာရှိတာ၊ မှန်ပါဘုရား။

ဗိုလ်မှူး အဂ္ဂိယတ် ထိုးဘူးတယ် မဟုတ်လား၊ ဘယ်လောက်စိတ်ငြိမ်သလဲ၊ မိစ္ဆာသမာဓိမဟုတ်လား၊ မကောင်းတဲ့ အာရုံကိုစူးစိုက်လို့ ရတယ်၊ အဲဒီသမာဓိဟာ အားမကိုးလောက်ပါဘူး၊ ဒီက အပြစ်ကင်းတဲ့စိတ် ရပြီးမှ တက်တဲ့ သမာဓိရမှ အားကိုးလောက်တယ်၊ အပြစ်ကင်းတဲ့စိတ်မရခင် တခုခုကို အာရုံစိုက်လို့ စိတ်ငြိမ်ရင် အဲဒီ သမာဓိလမ်းချော်တယ် မဟုတ်ဘူးလား၊ ဒါကြောင့် သမာဓိအားမကိုးလောက်ဘူး၊ သမာဓိ စမလုပ်နဲ့၊ သတိနဲ့ သီလစင်ကြယ်မှုက စလုပ်ပါလို့ ပြောတာ၊ သတိနဲ့သီလစင်ကြယ်မှုက စလုပ်ရင် အပြစ်ရှိအုံးမလား၊ မရှိနိုင်တော့ဘူး၊ စိတ်ချလက်ချသာလုပ်၊ ဘာမှမဖြစ်ဘူး။

အေး....အပြစ်ကင်းတဲ့စိတ် ရရင် အာရုံမှာ ထားလို့ မရဘူးလား၊ ဒီသမာဓိကျမှ အဘိုးတန်တယ်၊ ကိုယ်အလိုရှိတဲ့ အာရုံ

ပေါ်မှာ စိတ်ချထားလို့ရရင် အသိနှင့်သဘာဝကို မသိနိုင်ဘူးလား၊ အဲဒီဉာဏ်မှ အဘိုးတန်တယ်၊ အေး....ဘာကိုမှလဲ မလုပ်ချင်နဲ့၊ ဘာကိုမှလဲ မပြောချင်နဲ့၊ ဘာကိုမှလဲ မကြံစည် စိတ်မကူးချင်နဲ့၊ လုပ်ထားလဲအပိုဘဲ၊ ပြောတာလဲ အပိုဘဲ၊ ကြံစည်စိတ်ကူးတာလဲ အပိုဘဲ၊ ဟောဒီ ဖြစ်ဆဲအာရုံကို စူးစိုက်နေရရင် ကြံစည်အားပါအုံးမလား၊ ပြောကောပြောအားပါအုံးမလား၊ ဟိုဟာဒီဟာကော လုပ်အားပါအုံးမလား၊ အေး....အဲဒါတရားလုပ်နည်းပေါ့၊ ဟိုဟာဒီဟာလုပ်တာ၊ ပါးစပ်ကပြောတာ၊ စိတ်ကူး ကြံစည်တာ အဲဒါတွေ တရားမဟုတ်ဘူး။

တရားဆိုတာ အာရုံတခု စိုက်နေရမယ် ဟုတ်လား၊ ဘယ်အာရုံမှ စိုက်လို့မရဘူးဆိုရင် ထွက်လေဝင်လေကရှိရမယ်မဟုတ်လား၊ အေး....အဲဒါဘဲစိုက်၊ မဖြစ်နိုင်ဘူးလား၊ ဖြစ်နိုင်ပါတယ်ဘုရား၊ အေး....ဖြစ်နိုင်ပါတယ်၊ ဣရိယာပုတ်လေးပါးလုံး ဘယ်လို လုပ်လုပ် ရတယ်။

သို့သော် ထိုင်ရက်လုပ်တာ သင့်တော်လို့သာပြောတာနော်၊ အိပ်ရက်လဲ လုပ်နိုင်တာဘဲ ဟုတ်လား၊ သို့ပေမယ့် ထိုင်းမှိုင်းလေးလံတတ်တယ်၊ အာနာပါနမျှားမျှားလုပ်ရင် လုပ်တုန်းတော့အကောင်းသား၊ နောက်တော့ စိတ်ထိုင်း ကိုယ်ထိုင်း ဖြစ်လာတတ်တယ်၊ အာနာပါနကလဲ အဲဒီအပြစ်ရှိပြန်တယ်၊ ဒီတော့စကြံန်လျှောက်ပေး၊ ထိ ထိ ထိ ကြမ်းနဲ့ခြေထောက်နဲ့ ချတိုင်းမထိဘူးလား။

အဲဒီထိမှုကို သတိထားပြီးတော့ သိ သိ သိ ဆိုတာ သတိ

ထားခိုင်းတာ၊ ခြေထောက်နဲ့ကြမ်းနဲ့ချတိုင်း ထိမှုမဖြစ်ဘူးလား။ အဲဒီထိမှုကို သတိထားပြီးတော့ များများ လျှောက်ပေး၊ အာနာပါနကြောင့် ထိုင်းမှိုင်းလေးလံမှု ပျောက်သွားလိမ့်မယ်၊ အေး-ဒို့ အလုပ်တော့ ဒါဘဲရှိတယ်၊ စင်္ကြံလျှောက်၊ အာနာပါနရှု၊ ခန္ဓာကိုယ်အာရုံစိုက် ဒီသုံးမျိုးထဲ ဟုတ်လား၊ ဒီတော့ စင်္ကြံလျှောက်တာ၊ အာနာပါနရှုတာ၊ ခန္ဓာကိုယ်ထဲ အာရုံစိုက်တာ ဘာလုပ်ဖို့လဲ၊ စိတ်အပြစ်ကင်းဘို့၊ သတိခိုင်မြဲဘို့၊ သတိခိုင်မြဲရင် အပြစ်ကင်းမယ်မဟုတ်လား။

အဲဒီအပြစ်ကင်းတာလိုချင်လို့ သတိခိုင်မြဲဘို့က ပထမအကျိုး။
အပြစ်ကင်းရင် စိတ်ငြိမ်သက်ဘို့က ဒုတိယအကျိုး။
စိတ်ငြိမ်သက်ရင် မှန်တာသိဘို့က တတိယအကျိုး။

အဲဒီ တတိယအကျိုးကိုတော့ လူကမလုပ်ရတော့ဘူး၊ အလုပ်လဲ မပြောင်းရတော့ဘူး၊ ဒီအလုပ်လုပ်ရင်း ဖြစ်သွားလိမ့်မယ်၊ ပြောင်းလုပ်ရောလဲ မလိုပါဘူး၊ ဒါဘဲလုပ်၊ ဒီထက်ကောပိုလုပ်နိုင်ပါ့မလား၊ ဒါတောင် မနဲလုပ်ရမှာ၊ ကိုင်း....မောသွားပြီ။

ဒီလိုဆို လုပ်ထုံးလဲသိပြီ ဟုတ်လား၊ ဘာလိုသလဲ၊ လုပ်ဘို့ဘဲ လိုပါတယ် ဘုရား၊ ဒီတော့ မှတ်ဉာဏ် ထင်ဉာဏ်မှ မြင်ဉာဏ်သို့ ပေါက်အောင် ကြိုးစား အားထုတ် နိုင်ကြပါစေသတည်း။

သာဓု....သာဓု....သာဓု ပါ ဘုရား။

× × × ×

မြောင်းမြမြို့ ဝေဠုဝတီကမ္မဋ္ဌာန်းတိုက်
ကျေးဇူးထော်ရှင် ဝေဠုဝတီ ဆရာ
တော် ဘုရား၏

## မေတ္တာပို့ ဘာဝနာ

**မေတ္တာ ( ၄ ) ပါး**

၁။ သဗ္ဗေသတ္တာ၊ သတ္တဝါအားလုံး။ အဝေရာ-ဟောန္တု၊ ဘေးရန်ကင်းကြပါစေ။

၂။ အဗျာပဇ္ဇာဟောန္တု၊ စိုးရိမ်ကြောင့်ကြကင်းကြပါစေ။

၃။ အနီဃာဟောန္တု၊ ကိုယ်စိတ်ဆင်းရဲကင်းကြပါစေ။

၄။ သုခီအတ္တာနံ ပရိဟရန္တု၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိ၍ မိမိတို့ကိုယ်ကို ဆောင်နိုင်ကြပါစေ။

**ကရုဏာ**

၁။ ဒုက္ခာမုစ္စန္တု၊ ဆင်းရဲခြင်းဒုက္ခမှ လွတ်မြောက်ကြပါစေ။

**မုဒိတာ**

၁။ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ရမြဲသော စည်းစိမ် ဆုတ်ယုတ်ပျက်စီးခြင်း ကင်းကြပါစေ။

**ဥပေက္ခာ**

၁။ ကမ္မဿကာ၊ ကံသာလျှင် မိမိဥစ္စာရှိကြပေကုန်လိမ့်မည်။

ဤမေတ္တာပို့ဘာဝနာကို အလွတ်ကျက်၍ တကြိမ်လျှင် သုံးခေါက် ရွတ်ဆိုရန် တိုက်တွန်းပါသည်။

× × × ×

# အလှူရှင်များ စာရင်း

| ဘိုကလေးမြို့ | အုပ်ရေ |
|---|---|
| ဦးတင်လှ ဒေါ်စန်းရီ (လက္ခဏာ ဆရာကြီး | ၁၀၀ |
| ဦးလှဝကြီး ဒေါ်သန်းစိန် မိသားစု | ၅၀ |
| ဦးဘစော ဒေါ်ခင်ညွန့် | ၅၀ |
| ״ စိန်မောင်၊ ဒေါ်မြစိန် | ၅၀ |
| ״ တင်ဦး၊ ဦးပေါ်ဦး | ၃၀ |
| ״ လှဖေ ဒေါ်တင် | ၂၅ |
| ״ ရုန် ဒေါ်သိန်းလှိုင် | ၂၅ |
| ״ အုန်းမြင့် ဒေါ်ကြည် | ၂၅ |
| ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် အရာထမ်းအမှုထမ်းများ | ၂၅ |
| ဦးသန်းလှိုင် ဒေါ်သန်းကြည် သားသမီးတစု | ၂၅ |
| ״ မြ ဒေါ်စောအိ | ၂၅ |
| ״ ဘကျော် ဒေါ်ကြည် | ၂၅ |
| ״ ချစ်ညွန့် ဒေါ်သိန်းညွန့် | ၂၅ |
| မြို့နယ်မြေစာရင်း ဦးစီးဌာန | ၂၁ |
| ဦးချို ဒေါ်သန်းကြည် | ၂၀ |
| ״ မောင်လှိုင် ဒေါ်ကျင်စိန် | ၂၀ |

| | |
|---|---|
| ဦးစိန်မောင် ဒေါ်အေးလှ | ၂၀ |
| ။ လှထွန်းရှိန် ဒေါ်ခင်လှိုင် | ၂၀ |
| ။ ပေါ် ဒေါ်သန်းရင် | ၂၀ |
| (ကွယ်လွန်သူ ဦးဘဖေ) ဒေါ်သန်းတင် [မော်ကျွန်း] | ၁၅ |
| ( ။ ဦးကျော်ဒင်) ဒေါ်ကျင် | ၁၅ |
| ဦးထွန်းစီ ဒေါ်ခင်မြင့် | ၁၅ |
| ။ စိန်ထွန်း ဒေါ်သိန်းမိ | ၁၅ |
| အဆွေတော်ထီဆိုင် သားသမီးတစု | ၁၀ |
| အမိဒေါ်သဲညွန့်အားအမှူးပြု၍ သမီးဆရာမ ဒေါ်ခင်အေး | ၁၀ |
| မစန်းရီ [သဒ္ဓမ္မဝတီ] ယောဂီ | ၁၀ |
| ဦးအောင်မြင့် ဒေါ်ကျင်အေး | ၁၀ |
| ။ မောင်ရှင် ဒေါ်ကျင်ရွှေ | ၁၀ |
| ဒေါ်လှသာ၊ သား မောင်ဝင်းမြင့်၊ မောင်အောင်စိုး | ၁၀ |
| ကိုလှမြင့် မခင်ကြည် | ၁၀ |
| ဦးမြသိန်း ဒေါ်တင်သန်း | ၁၀ |
| ။ ဘဆောင် ဒေါ်သန်းကျင် | ၁၀ |
| ။ သန်းထွန်း (မြို့နယ်အခွန်ဌာနမှူး) | ၁၀ |
| ။ ကျော်ရှိန် ဒေါ်ကျင်ယုံ၊ သား မောင်ကျော်စိုး | ၁၀ |
| ဦးဘသော် ဒေါ်နွယ် သားသမီးတစု | ၁၀ |
| (ကွယ်လွန်သူ ဒေါ်ရှူ၊ ဒေါ်တုံ) ဒေါ်နှု၊ တူ ကိုတင် | ၁၀ |
| ဒေါ်စိန်လှိုင် သမီး မသန်းငွေ | ၁၀ |
| (ကွယ်လွန်သူ ဦးဘိုးစိန်) ဒေါ်ကျင်ရွှေ | ၁၀ |
| (ကွယ်လွန်သူ ဦးထူး) ဒေါ်မကြီး | ၁၀ |
| ဦးညွန့် ဒေါ်သောင်း | ၁၀ |

| | |
|---|---|
| ဦးဘမောင် ဒေါ်ဖွားရင် | ၁၀ |
| ဦးချစ်လှ ဒေါ်ထိုက် | ၁၀ |
| ဦးဘိုးခွေး ဒေါ်နီ | ၁၀ |
| မလှမြင့် | ၁၀ |
| ဆရာမောင်(အကြောဝိဇ္ဇာ) | ၁၀ |
| ဒေါ်ခင်စော ညီမ ဒေါ်မြိုင်ကြီး | ၁၀ |
| (ကွယ်လွန်သူ ဦးစိန်ခက် ဒေါ်ကျင်ပု) သမီးမကျင်သိန်း | ၁၀ |
| (ကွယ်လွန်သူ မိဘများ ရည်စူး၍) မစန်းမြင့်နှင့်မောင်နှမတစု | ၁၀ |
| (ကွယ်လွန်သူ မိဘများရည်စူး၍)ကိုစံတင် မလှရွှေ | ၁၀ |
| (ကွယ်လွန်သူ ဦးသိန်း)ဒေါ်မြရင် | ၁၀ |
| ဦးကိုကြီး ဒေါ်မြစိန်(ဓမ္မပီယဆန်စက်) | ၁၀ |
| ဒေါ်နု(သဒ္ဓမ္မဝတီ ယောဂီ) | ၁၀ |
| ဒေါ်အုန်းသင် မခင်လှ | ၁၀ |
| ဒေါ်စောသွင် သမီးအေးအေးသန်း | ၁၀ |
| (ကွယ်လွန်သူ ဒေါ်စောတင်)ဦးတင်မောင် သားသမီးတစု | ၁၀ |
| ဒေါ်အုန်းကျင် မောင် ကိုအေးဖေ | ၁၀ |
| မသန်းလှ မရင်မြိုင် ယောဂီများ | ၁၀ |
| မောင်လှကို မတင်တင် | ၁၀ |
| ဦးမြစိန် ဒေါ်ကျင်မြ | ၁၀ |
| ဦးသန်း ဒေါ်ထွေး | ၁၀ |
| ဒေါ်ဘီ ဒေါ်ရီနှင့်တူမများ | ၁၀ |
| ဦးအုန်းကောက် ဒေါ်ကျင်ဝိုက် | ၁၀ |
| ဦးကျော်သိန်း ဒေါ်သောင်းညွန့် ဇော်ဦး မမမွန် | ၁၀ |
| (ကွယ်လွန်သူ ဦးဌေးခိုင် ဒေါ်စိန်) သမီးမသင်းထုံ | ၁၀ |

| | |
|---|---|
| ဦးတင်မောင် ဒေါ်ကျင်လှိုင် သားသမီးတစု | ၁၀ |
| ဦးသီ ဒေါ်အေးရီ | ၁၀ |
| ဦးကြည် ဒေါ်ကြည် စက်ဆန်းကျေးရွာ | ၁၀ |
| ဦးငွေခဲ ဒေါ်လှတင် သားသမီးတစု | ၁၀ |
| ဦးချစ်လှိုင် ဒေါ်ချို | ၁၀ |
| အထက(ခ)ဆရာမများ | ၆ |
| ဦးသန်း ဒေါ်ခင်မြင့် သာပေါင်းဘိုကလေး | ၅ |
| ဦးထွန်း ဒေါ်ဖွားခင် သားသမီးတစု | ၅ |
| ဦးသန်းဦး ဒေါ်ရီရီမြင့်(စိုက်ပျိုးရေး မန်နေဂျာ) | ၅ |
| ဦးဘရင် ဒေါ်ခင်နု | ၅ |
| ဦးမောင်မြင့် ဒေါ်မြရီ | ၅ |
| ဦးပျောင်း ဒေါ်ကျင်ညွန့် | ၅ |
| ဦးမြ ဒေါ်မြ | ၅ |
| ဦးမျိုးသိန်းထွန်း(သိပ္ပံနည်း ဇာတာဖွဲ့သူ) | ၅ |
| ဦးစံမြင့် ဒေါ်ကျင်စိန် | ၅ |
| ဦးမျိုးပိုင် ဒေါ်ညွန့်ဝင်း | ၅ |
| ဦးတင်ဦး ဒေါ်သောင်းကြည် | ၅ |
| ဦးခင်မောင် ဒေါ်ပိုက် | ၅ |
| ဦးဟောလှိုင် ဒေါ်သန်းရီ | ၅ |
| (ကွယ်လွန်သူ ဦးအေးမောင်)ဒေါ်အေးကြွယ် | ၅ |
| ဦးမြင့်သိန်း ဒေါ်ကျော့စိန် | ၅ |
| ဦးဝေလှိုင် ဒေါ်ခင်မေနွဲ့ (ဘဏ်မန်နေဂျာ ဖျာပုံမြို့) | ၅ |
| မြန်မာ့ရေနံကော်ပိုရေးရှင်း အမှုထမ်းများ | ၅ |
| ဒေါ်ကျင်ယုံ ယောဂီ | ၅ |

သီလရှင် ဒေါ်မာလာ မော်ကျွန်း ၅
(ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍) ဦးသင် ဒေါ်ရွှေရင် ၅
(ကွယ်လွန်သူ ဦးချစ်)ဒေါ်လှဆင် ၅
ဦးလှ ဒေါ်ခင်လှ သားသမီးတစု ၅
ဦးညွန့် ဒေါ်မြိုင် ၅
ဦးခွေး ဒေါ်ကျင်စီ ၅
ဒေါ်ထွေးဆင် ၅
ဦးသန်းမောင် ဒေါ်ကျင်ပိုင် သားသမီးတစု ၅
(ကွယ်လွန်သူ သမီးမစိန်ညွန့်)ရည်စူး၍ ဒေါ်ငြိမ်းလှ ၅
ဦးမြသီး ဒေါ်သန်းရှင် ၅
ဦးပြား ဒေါ်အေးမို ၅
ဒေါ်အေးတင် သမီးမသန်းရီ တူမမအုန်းရင် ၅
(ကွယ်လွန်သူ ဦးညွန့် ရည်စူး၍)ဒေါ်ထွေးမြင့် ၅
(ကွယ်လွန်သူ ဦးကတုံး ရည်စူး၍)ဒေါ်အုန်းညွန့် ၅
ဦးအုန်းဖေ ဒေါ်ကြည် ၅
ဦးကျစ်စိန် ဒေါ်လှမြိုင် ၅
ဦးဖိုးရှင် ဒေါ်သင်းပြန့် ၅
ဦးလှရင် ဒေါ်လှငြိမ် ၅
သစ်တောဦးစီး အမှုထမ်းများ ၅
(ကွယ်လွန်သူ ဒေါ်စန်းရင်)သမီးမလှခင် ၅
ကဒုံကန်ရွာ အလက ဆရာ ဆရာမများ ၅
ဦးအငြိမ်း ဒေါ်ဆိုင် ၅
ဦးဘဇံ ဒေါ်ငွေ ၅
ဦးမြအေး ဒေါ်အေးစိန် ၅

ဦးကျင်မောင် ဒေါ်စိန်စိန် ၅
ဦးလှကြည် ဒေါ်တင်လုံး မိသားစု ၅
မမြရွှေ မမြ[illegible]အေး ၅
ဒေါ်ဆယ် ၅
ဦးဘခိုင် သားသမီးတစု ၅
ဦးသောင်းဖေ ဒေါ်ကြည် ၅
ဦးဘသက် ဒေါ်လှရင်မိသားစု ၅
ဒေါ်အေးရှင် ၅
ဦးဘိုးကျား ဒေါ်ချစ် ၅
ဦးဘစော ဒေါ်သိန်းမိသားစု ၅
ဒေါ်စိန်ခိုင် ဒေါ်အေးချို ၅
ဒေါ်ဆယ် သမီးမတင်အေး ၅
ခင်ဆွေရီ ၅
ဦးအပိ ဒေါ်တင်ကြည်မိသားစု ၅
ဦးလှ ဒေါ်ကြည် သားမောင်ထိန်ဝင်း ၅
မောင်ညွန့်တင် မတင်လှ သားသမီးတစု ၅
ဦးမောင်ရင် ဒေါ်စိန်ပု ၅
ဦးအောင်တင် ဒေါ်စိန်လှိုင် ၅
ဦးသန့် ၅
(ကွယ်လွန်သူ ဦးဘတင်) ရည်စူး၍ ဒေါ်သာလိ ၅
ကိုအောင်သိန်း မခင်လှ ၅
ဒေါ်စိန်မြ၊ တူ-တူမ၊ မြေး ၅
ဦးကျော်အေး၊ ဒေါ်စိန်ရင် ၅
ဦးတင်အောင် ၅

ဦးထွန်းလှိုင်၊ ဒေါ်အကြိုင် ၅
ဦးကြည်၊ ဒေါ်သိန်း မိသားစု ၅
ဦးလှသိန်း၊ ဒေါ်ခင်နွဲ့ ၅
ဒေါ်ဝင်းစိန်၊ သား မောင်အောင်တိုး၊
မောင်အောင်မိုး၊ မောင်အောင်ဖြိုး ၅
ဒေါ်ခင်စော သား ဦးကျော်၊ သမီး ဒေါ်မြစိန် မြေးတစု ၅
(ကွယ်လွန်သူ ဦးစိန်)၊ ဒေါ်ခင်မေ သားသမီးတစု ၅
ဦးမြင့်သူ၊ ဒေါ်ခင်ရှိန် ၅
ဒေါ်ကျေးယုံ၊ သမီး ဒေါ်ခင်မကြီး၊ မော်မော် ၅
(ကွယ်လွန်သူ ဒေါ်အေးတင်) ညီမ ဒေါ်အေးကြည် ၅
ဒေါ်တင် ၃
ဦးအောင်ဇေယျ၊ ဒေါ်ရင်မေ ၃
အမျိုးသားမှတ်ပုံတင် လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အား ဦးစီးမှူးများ ၃
(ကွယ်လွန်သူ ဦးကံထူး) မညွန့်ရီ သားသမီးတစု ၂
အမ ဒေါ်တင်ညွန့်၊ မောင် ကိုဉာဏ် ၂
ဦးဘိုးမြင့်၊ ဒေါ်ငွေနှစ် ၁
ဦးကုလား၊ ဒေါ်သိန်း ၁
ဦးတင်ဦး ၁
ဒေါ်လေး ၁
မစောမိ ၁
မတင်ဟုန် ၁
ဒေါ်ဖွားစိန် ၁
ကိုသံချောင်း ဇနီး သားသမီးတစု ၁

ဦးပါတူ၊ ဒေါ်လှတင် ၁

## မော်လမြိုင်ကျွန်းမြို့

မဟာဝတ္ထုကာရုံကျောင်းတိုက်
မဟာသတိပဋ္ဌာန်ရိပ်သာ
ယောဂီများအဖွဲ့ ၅၀၀

## မြောင်းမြမြို့

ဦးသိန်းမောင်၊ ဒေါ်စောမြ သားသမီးများနှင့်)
ဦးလှဝင်း၊ ဒေါ်တင်မေလတ်
ဦးသန်းဝင်း၊ မြေး မောင်ရဲမင်းဝင်း ၁၂၀
ကျောင်းအမကြီး ဒေါ်ကျင်လှိုင် သားသမီးတစု ၁၀၀
ဦးခိုင်ခန့်၊ ဒေါ်စောရိန်၊ သား မောင်သန်းနိုင် ၁၀၀
ဦးဘိုးအောင်ရ၊ ဒေါ်အေးပု သားသမီးတစု ၁၀၀
မိဘများအမှူးထား၍ ဦးလှရှိန်၊ ဒေါ်သန်းခင် ၁၀၀
ဒေါ်ကျင်ခိုင်နှင့် ညီမများ ၅၀
ဦးမောင်လှ၊ ဒေါ်စိန်ပု သားသမီးတစု၊ ရန်ကုန် ၅၀
ဦးဘညွန့်(ဒေးဒရဲ) ၅၀
ဦးမြရှိန်၊ ဒေါ်ရင်နု သားသမီးတစု ၅၀
ဦးထင်ကျော်၊ ဒေါ်ခင်ရှိန် သားသမီးတစု ၅၀
ဦးလှအေး၊ ဒေါ်ဝင်းကြည် သားသမီးတစု ၅၀

| | |
|---|---|
| ဦးမောင်ခိုနှင့် ဇနီး | ၅၀ |
| ဦးတင်မြင့်၊ ဒေါ်ညွန့်ရီ ဥက္ကဋ္ဌ၊ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ | ၃၀ |
| ဦးသော်၊ ဒေါ်စန်း | ၂၅ |
| ဒေါ်ဟန်နှင့် ညီမ ဒေါ်မြကြည် (ဓူဝံစာပေ) | ၂၅ |
| ဦးထွန်းသောင်း၊ ဒေါ်ခင်တင့် မိသားစု (ရဲရင့်စာပေ) | ၂၅ |
| ဦးစိန်ရွှေ(မြို့နယ်ဆရာဝန်ကြီး) | ၂၅ |
| ဦးမြကြွယ်၊ ဒေါ်ဝဲ သားသမီးတစု | ၂၀ |
| ဒေါ်သန်းစိန် သားသမီးတစု | ၂၀ |
| ဦးဘိုးကွန်းနှင့် ဇနီး | ၂၀ |
| ဒေါ်ကျင်မွေး | ၂၀ |
| ဦးအောင်ပွင့်၊ ဒေါ်တင် သားသမီးတစု | ၂၀ |
| ဒေါ်ကြော့ မိသားစု | ၂၀ |
| ဦးကျော်ခင် (စာပေဗိမာန်) | ၂၀ |
| ဦးတင်ကြီး၊ ဒေါ်မြ မိသားစု | ၂၀ |
| ဦးလှစိန်၊ ဒေါ်လှလှ မိသားစု(ရန်ကုန်) | ၂၀ |
| ဦးသိန်းဖေ၊ အစ်မ ဒေါ်သိန်းတင်နှင့် တူ တူမများ | ၂၀ |
| ဦးယုံ ဟိုး၊ ဒေါ်ယုံစွမ် မိသားစု | ၁၅ |
| ဦးဘသန်း၊ ဒေါ်ကျန် သမီး မတင်ညွန့် | ၁၅ |
| ဒေါ်လှတင်နှင့် သားသမီးများ | ၁၅ |
| ဦးနက်နှင့် တူ တူမ မြေးများ | ၁၅ |
| ဦးသိန်းထွန်း၊ ဒေါ်ကြည်ကြည်မိသားစု(ရန်ကုန်) | ၁၀ |
| ဦးခေတ်ကြား၊ ဒေါ်တင်ညွန့် | ၁၀ |
| ဦးဘမောင်၊ ဒေါ်ဝိုင်းစိန် | ၁၀ |

| | |
|---|---|
| ဦးထွန်းလှိုင် မိသားစု | ၁၀ |
| ဒေါ်နန္ဒာ၊ ဒေါ်ဣန္ဒစာရီ | ၁၀ |
| ဦးဘိုးလှ၁၊ ဒေါ်စိန်ညွန့် | ၁၀ |
| အမေသိန်း | ၁၀ |
| ဒေါ်အေး၊ ဒေါ်ကြိုင် | ၁၀ |
| ဒေါ်အုန်းမြ၊ မသိန်းနု မောင်နုမ တစု | ၁၀ |
| ဒေါ်အေးရှင်(ဆရာမကြီး) | ၁၀ |
| ဦးမောင်စိန်၊ ဒေါ်သန်းခင်၊ သမီး မြင့်မြင့်သိန်း | ၁၀ |
| ဦးကျန်၊ ဒေါ်ငွေဆိုင် | ၁၀ |
| ဦးသာလှိုင်၊ ဒေါ်သန်းတင်၊ သား နှင့် သမီး | ၁၀ |
| ဦးထွန်းရှိန်၊ ဒေါ်ကြည် သားသမီးတစု | ၁၀ |
| ဦးမောင်တင်၊ ဒေါ်တင်စီ သားသမီးတစု | ၁၀ |
| ဦးဘိုးသန်း၊ ဒေါ်ညိုပု၊ သမီး မတင်အေး | ၁၀ |
| ဦးလှရွှေ၊ ဒေါ်ခင်စီ သားသမီးတစု | ၁၀ |
| ဒေါ်လှမင်း၊ ဒေါ်သောင်းမေ | ၁၀ |
| ဦးသန်းခင်၊ ဒေါ်ဖွားဆင့် သားသမီးတစု | ၁၀ |
| ဒေါ်ဝိလာသီ၊ ဒေါ်စန္ဒာရီ(ဘိုကလေး) | ၁၀ |
| ဒေါ်ဓမ္မာ၊ မဥတ္တမစာရီ | ၁၀ |
| ဦးမောင်ရွှေ၊ ဒေါ်သန်း | ၁၀ |
| ဦးမြသန်း၊ ဒေါ်ခင်လှ သားသမီးတစု၊ ဟသ်ာတမြို့ | ၁၀ |
| ဦးမြဟန်၊ ဒေါ်နုတင် မိသားစု | ၁၀ |
| ဦးသိန်းဝေ၊ ဒေါ်အေးအေးမူ | ၁၀ |
| ဦးအောင်သန်း၊ ဒေါ်ခင်ကျော့ မိသားစု | ၁၀ |
| ဦးဘသိန်း၊ ဒေါ်ခ၊ သား မောင်ထွန်းဦး | ၁၀ |

| | |
|---|---|
| ဦးသန်း၊ ဒေါ်ဝမ်းကြည်၊ သား ကျော်ကျော် | ၁၀ |
| ဦးမောင်ရွှေ၊ ဒေါ်ခင်လေး | ၁၀ |
| ဒေါ်ရိမ် မိသားစု | ၁၀ |
| ဦးမြမောင်၊ ဒေါ်ဝိုင်း | ၁၀ |
| ဦးချစ်မောင်၊ ဒေါ်အုံးမြ မိသားစု | ၁၀ |
| ဦးထွန်းဝေ၊ ဒေါ်ထွေး သားသမီးတစု | ၁၀ |
| ဆရာမ ဒေါ်ခင်လှနှင့် သမီးများ | ၁၀ |
| ဦးဖေသင်၊ ဒေါ်ကျင်စိန် | ၁၀ |
| ဦးမောင်တူး၊ ဒေါ်သောင်း မိသားစု | ၁၀ |
| ဒေါ်ခင်သန်း၊ ဒေါ်အုံးမြိုင် | ၁၀ |
| ဒေါ်အုံး သားသမီးတစု | ၁၀ |
| ဒေါ်စောခင်၊ ဒေါ်မြကျင် မိသားစု(သုဝဏ္ဏ) | ၁၀ |
| ဒေါ်အေးကြည် | ၁၀ |
| ဦးမောင်ကြိုင်၊ ဒေါ်သန်းမြင့် | ၁၀ |
| ဦးဖူးညို၊ ဒေါ်အေးတင် | ၁၀ |
| ဦးဘိုနီ၊ ဒေါ်စိန်မြိုင်(ဝါးခယ်မ) | ၁၀ |
| ဒေါ်ဒါန၊ ဒေါ်တင်ကြည် | ၁၀ |
| ဒေါ်ငွေရီ(ကြီးနီစု) | ၁၀ |
| ဒေါ်စောသိန်းနှင့် ၄ ဦး | ၁၀ |
| ဦးစံဒွေး၊ ဒေါ်ခွေးမ | ၁၀ |
| ဦးမောင်မြ၊ ဒေါ်ခင်မြင့် | ၁၀ |
| အဘ ဦးမောင်မြ၊ အမိ ဒေါ်ခင်မြင့် အမှူးထား၍ | |
| မောင်ထွန်းရှိန်၊ မစန်းရီ | ၁၀ |
| ဦးစိန်အေး၊ ဒေါ်ရင် မိသားစု | ၁၀ |

| | |
|---|---|
| ဒေါ်ကျင်မြ၊ ဒေါ်တင်နု | ၁၀ |
| ဒေါ်ရုံး၊ ဒေါ်စောကြည် | ၁၀ |
| ဦးကုလား၊ ဒေါ်ခင်အေး၊ သား မောင်တင်ဝင်း | ၁၀ |
| ဒေါ်စိန်မေ | ၇ |
| ဒေါ်ဥမ္မာ | ၅ |
| ကိုအေးမြင့်၊ မတင်မြင့် မိသားစု | ၅ |
| ဒေါ်သုန္ဒရီ | ၅ |
| ဒေါ်ပညာ၊ ဒေါ်ထေရီ | ၅ |
| ဒေါ်ထွေး၊ ဒေါ်ညွန့် | ၅ |
| ဒေါ်ကြည်၊ ကိုစိုးတင်၊ မခင်စန်း သားသမီးတစု | ၅ |
| ဦးစံဝင်း၊ ဒေါ်စော မိသားစု | ၅ |
| ဦးကျော်ကောင်း၊ ဒေါ်ကဲ မိသားစု | ၅ |
| ဦးသာဒွန်း | ၅ |
| ဦးမောင်နီ၊ ဒေါ်ခွေးမ | ၅ |
| ဦးစွံကြို၊ ဒေါ်ကျင်ထွေး | ၅ |
| ဒေါ်ခင်ရီ၊ ဒေါ်လှိုင် | ၅ |
| ဦးရွှေမောင်လေး၊ ဒေါ်တင်မြ | ၅ |
| ဒေါ်မြကြည် | ၅ |
| ဒေါ်သန်းကြည် | ၅ |
| ဦးလှစိန်၊ ဒေါ်တင် | ၃ |
| ဆရာမ ဒေါ်ခင်မိ | ၅ |
| ဒေါ်သိန်းကြည် | ၅ |
| ဒေါ်နန္ဒီ | ၅ |
| မဥာဏစာရီ | ၅ |

| | |
|---|---|
| ဒေါ်ပုညစာရီ | ၅ |
| ဦးထွန်းတင်(လယ်ဝန်) | ၅ |
| ဦးမောင်သာ၊ ဒေါ်စော | ၅ |
| ဒေါ်ကြူကြူ၊ သမီး မရူပစာရီ | ၅ |
| ဒေါ်ပြန့်၊ ဒေါ်ညိမ်း | ၅ |
| ဒေါ်မွှေရှော သားသမီးတစု | ၅ |
| ဦးတင်၊ ဒေါ်သန်းမျှင် သားသမီးတစု | ၅ |
| ဦးဘိုးဟိန်၊ ဒေါ်သိုက်မေ သားသမီးတစု | ၅ |
| ဦးမြိုင်၊ ဒေါ်ညိမ်းချစ် မိသားစု | ၅ |
| ဦးအောင်သိန်း၊ ဒေါ်မြကြည် မိသားစု | ၅ |
| ဒေါ်လှတင်၊ ကိုအုံးကြည် | ၅ |
| ကိုခင်ကြည်၊ မသန်းရှင် | ၅ |
| ဒေါ်သန်း မိသားစု | ၅ |
| ဒေါ်စိန်မယ်၊ ဒေါ်စိန်မေ(ဝါးခယ်မ) | ၅ |
| ဦးသန်း၊ ဒေါ်မြရင်၊ သမီး အေးအေး | ၅ |
| ဦးဘခင်၊ ဒေါ်စောမျှင် မိသားစု | ၅ |
| ဦးအုံးမောင်၊ ဒေါ်တင်မြင့် မိသားစု | ၅ |
| ဦးအောင်ဇင်၊ ဒေါ်စောမြင့် မိသားစု | ၅ |
| ဦးမောင်စိန်၊ ဒေါ်စိန်ရင် မိသားစု | ၅ |
| ဒေါ်လှခင်၊ ဒေါ်စန်းရင် မိသားစု | ၅ |
| ဦးအေး၊ ဒေါ်ငွေ မိသားစု | ၅ |
| ဒေါ်ဝဏ္ဏ | ၅ |
| မသန်းကျင် | ၅ |
| မသိန်းကျင်၊ မမြကျင် | ၅ |

| | |
|---|---|
| ဦးအောင်သန်း၊ ဒေါ်ကျင်မြ | ၅ |
| ဒေါ်ငွေနှင့် သမီးများ | ၅ |
| မစမ်းစမ်း | ၅ |
| ဒေါ်ငွေရင်၊ သမီး မတင်ရွှေ | ၅ |
| ဒေါ်အုံးမြင့်၊ ဒေါ်အုံးရင် | ၅ |
| ဒေါ်ပန်း သားသမီးတစု | ၅ |
| ဦးဘရင် (ဝေဠုဝတီ) | ၅ |
| ဦးမြင့်သိန်း မိသားစု(သံရုံး) | ၅ |
| ဦးသန့်စင် | ၅ |
| ဒေါ်နန်းဆိတ်၊ မရှုဘီ | ၂ |
| ဦးကျော်လှိုင်၊ ဒေါ်ဆိုင်ငွေ မိသားစု | ၂ |
| ဒေါ်ရှုဝါ | ၂ |
| ဒေါ်ဖွားစိန် | ၂ |
| ဒေါ်စိုးမယ်၊ ဒေါ်စိုးညွန့်၊ ဒေါ်မြမယ်၊ (ဒေးဒရဲ) | ၂၅ |
| ဦးကျော်ငြိမ်း ဒေါ်သန်းညွန့် မိသားစု (ရန်ကုန်) | ၂၅ |
| ဒေါ်လှခင်၊ ဒေါ်မြသွင် (ဒေးဒရဲ) | ၂၀ |
| ဦးသိန်းတင် ဒေါ်ခင်ရှိန် (ရန်ကုန်) | ၂၀ |
| ဒေါ်လှရင်၊ ဒေါ်လှခင် မိသားစု (ဒေးဒရဲ) | ၁၀ |
| မောင်ဝင်းထိန်၊ မရင်မြ (ရန်ကုန်) | ၁၀ |
| ကိုကျော်မင်း မဝင်းဝင်းမြင့် (ရန်ကုန်) | ၅ |
| ဒေါ်ခင်စော (ရန်ကုန်) | ၅ |